
# ကြိုပါဒစေတိယ
# ရွှေစက်တော်
## သမိုင်းကြီး

ပြုစုသူ၊ ဆရာဦးတင်ရှိန်


ပွဲတော်ရှုခင်း
အထက်စက်တော်ရာမြင်ကွင်း




မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်



စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား



ရတနာခဏ္ဍသိမ်တော်



ကလျာဏီသိမ်တော်



နဂါးတောင်းပန်ပုံ




နဂါးရုံဘုရား





မဟာဗောဓိပင်နှင့်ဘုရား



မဘိုမယ်





ကြိပါဒစေတီယ

# ရွှေစက်တော်သမိုင်းကြီး

ဗုဒ္ဓဝင်၊ ရာဇဝင်၊ သမိုင်း၊
ပကာသနီ၊ ဒီပနီ၊ ကျမ်းအစောင်စောင်တို့နှင့်
ကိုးကားညှိနှိုင်း၍
စကုမြို့
ကျောင်းဆရာ ဦးတင်ရှိန်
ပြုစုရေးသားသည်။

မူပိုင်ရှင် ဦးတင်ရှိန်
စကုမြို့
ကောဇာ–၁၃၄၄ ခု၊ ၁၉၈၃ ခု၊ ဖေဖော်ဝါရီလ
သမိုင်းကြီး (၁၄)ကြိမ်

ရွှေစက်တော်သမိုင်းကြီး (၁၄)ကြိမ်    တြိပါဒစေတီယ

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် (   )
စုဒ္ဒသမအကြိမ်

၁၉၈၃ ... နိုဝင်ဘာလ
အုပ်ရေ ... ၃၀၀၀
ပန်းချီ ... တင်ထွန်းကျော်
ဘလောက် ... ရောင်နီဦး
အဖုံးရိုက် ... နေယဉ်းပုံနှိပ်တိုက်
စာအုပ်ချုပ် ... သန်းသန်းယဉ်စာအုပ်ချုပ်လုပ်ငန်း

ထုတ်ဝေသူ။ ။ဦးသောင်းလွင် မှတ်ပုံတင်အမှတ်(၁၈၁၄)
နည်းသစ်စာအုပ်တိုက်၊ အမှတ်–၂၂၈၊
ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း ရန်ကုန်မှ
ထုတ်ဝေသည်။

ပုံနှိပ်သူ။ ။ဒေါ်တင်လှ မှတ်ပုံတင်အမှတ်(၀၂၀၃၀)
နေလင်းပုံနှိပ်တိုက်၊ အမှတ်–၁၁၊
၁၂၅–လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မှ
ရိုက်နှိပ်သည်။

တြိပါဒစေတီယာ

# ရွှေစက်တော်သမိုင်းကြီးကို

ပြုစုရေးသားသူ



ပြုစုရေးသားသူ ဦးတင်ရွှေနဲ့
အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ စကုမြို့။

# မာတိကာ

အခန်း　　　　အကြောင်းအရာ　　　　စာမျက်နှာ


နိဒါန်း

ပထမပိုင်း

ခြေတော်ရာ(ပါဒစေတီ)နှင့်စပ်လျဉ်း၍မှတ်သားဖွယ်အပိုင်း

၁။ ခြေတော်ရာသုံးဆူချထားတော်မူသည်ကို အကျဉ်းချုပ်ပြဆိုခြင်း ... ၁၅

၂။ ၁၀၈–ကွက်သော လက္ခဏာတော်များကို ရေတွက်ပြဆိုခြင်း ... ၂၂

၃။ စက်တော်၏တည်နေပုံကို ပြဆိုခြင်း ... ၂၅

၄။ မြတ်စွာဘုရား ခြေဖဝါးတော်ပမာဏ ... ၂၇

၅။ မြတ်စွာဘုရားကြွလှမ်းတော်မူပုံကိုရှင်းပြခြင်း ... ၂၈

၆။ ခြေတော်ရာမထင်ခြင်း၏အကြောင်းသုံးပါး ... ၃၀

၇။ ထင်အပ်သောခြေတော်ရာ ၂–မျိုး၂–စားကိုပြခြင်း ... ၃၁

၈။ ဇမ္ဗူမှာဒွေး ရာမှာဇ စကားကိုရှင်းပြခြင်း၍ ... ၃၃

၉။ မန်းစက်တော်ရာသည် မြတ်စွာဘုရား၏ခြေတော်ရာ အစစ်ဖြစ်သည်ကိုရှင်းပြခြင်း ... ၃၅

ဒုတိယပိုင်း

ပါရမီဖြည့်ပုံအလုံးစုံကို (အကျဉ်းချုပ်) ပြဆိုသောအပိုင်း

၁၀။ စိန္တိတံသတ္တသင်္ချေယျံစသည်တို့ကိုရှင်းလင်းဖော်ပြခြင်း ၃၈

၁၁။ သုမေဓာ သတို့သားအကြောင်း (ဒူရေနိဒါန်း) ... ၄၂

၁၂။ သုမေဓာတောထွက်ခန်း ... ၄၄

၁၃။ သုမေဓာရသေ့ချာန်နှင့် မွေ့လျော်ခန်း ... ၄၆

၁၄။ ဒီပင်္ကရာမြတ်စွာဘုရား ရမ္မာဝတီပြည်သို့ကြွခြင်း ... ၅၀

**အခန်း** **အကြောင်းအရာ** **စာမျက်နှာ**

၁၅။ နိယတဗျာဒိတ်ကို ခံယူတော်မူခြင်း ... ၅၃
၁၆။ သုမိတ္တာသဌေးသမီးအကြောင်း ... ၅၅
၁၇။ သုမိတ္တာယသော်ဓရာအလောင်းဆုတောင်းခြင်း ... ၅၇
၁၈။ ပါရမီဆယ်ပါးကို ဆင်ခြင်တော်မူခြင်း ... ၆၁
၁၉။ ၃၂–ပါးသောနိမိတ်ကြီးများ ... ၆၆
၂၀။ နောက် နှစ်ကျိပ်သုံးဆူသောဘုရားရှင်တို့ထံတွင်
ထပ်မံ၍ ဗျာဒိတ်ခံယူသောအကြောင်း ... ၇၀
၂၁။ ဘုရားအလောင်းပဋိသန္ဓေနေခြင်း(အဝိဒူရေနိဒါန်း)... ၇၉
၂၂။ ဘုရားအလောင်းဖွားမြင်တော်မူခြင်း ... ၈၂
၂၃။ ဖွားဖက်တော် ၇–ဦးအကြောင်း ... ၈၅
၂၄။ ကာဠဒေဝီလရသေ့အကြောင်း ... ၈၆
၂၅။ မောနေယျအကျင့်အကြောင်း ... ၈၉
၂၆။ အလောင်းမင်းသားကို လက္ခဏာဖတ်၍အမည်မှည့်ခြင်း ၉၁
၂၇။ သုဒ္ဓေါဒနမင်းကြီးလယ်ထွန်မင်္ဂလာပြုခြင်း ... ၉၄
၂၈။ အလောင်းမင်းသား လေးမြားအတတ်ပြခြင်း ... ၉၅
၂၉။ အလောင်းတော်နိမိတ်ကြီးလေးပါးကိုမြင်ခြင်း ... ၉၇
၃၀။ သားတော်ရာဟုလာကို ဖွားမြင်ခြင်း ... ၁၀၀
၃၁။ ဘုရားအလောင်းမင်းသားတောထွက်တော်မူခြင်း ... ၁၀၂
၃၂။ အလောင်းမင်းသားမာရ်နတ်နှင့်တွေ့ခြင်း ... ၁၀၄
၃၃။ ဆံတော်ပယ်၍ ရဟန်းပြုတော်မူခြင်း ... ၁၀၆
၃၄။ ဆန္နအမတ်အားပြည်တော်သို့ပြန်ရန်စေလွှတ်ခြင်း ... ၁၀၈
၃၅။ ဘုရားအလောင်းရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်း ... ၁၁၀
၃၆။ ဘုရားအလောင်း ဒုက္ကရစရိယာကျင့်တော်မူခြင်း ... ၁၁၂
၃၇။ အလောင်းတော်အိပ်မက်ကြီးငါးပါးမြင်မက်ခြင်း ... ၁၁၄
၃၈။ အမိဋ္ဌာန်ပြု၍ ရွှေခွက်ကိုမျှောခြင်း ... ၁၁၆



**အခန်း** **အကြောင်းအရာ** **စာမျက်နှာ**

၃၉။ မဟာဗောဓိပင်သို့ကြွတော်မူခြင်း ... ၁၁၇
၄၀။ မာရ်နတ်သားကိုအောင်တော်မူခြင်း ... ၁
၄၁။ ဘုရားအဖြစ်သို့ရောက်တော်မူခြင်း ... ၁၂၄
၄၂။ အဝိဒူရေနိဒါန်းအကျဉ်းချုပ်လင်္ကာ ... ၁၂၅

## တတိယပိုင်း

## ခြေတော်ရာသုံးဆူချထားတော်မူသည်ကိုပြဆိုသောအပိုင်း

၄၃။ သီဟိုဠ်ကျွန်းသို့ မြတ်စွာဘုရား ပထမအကြိမ်ကြွခြင်း ၁၃၁
၄၄။ မြတ်စွာဘုရားသီဟိုဠ်ကျွန်းသို့ဒုတိယအကြိမ်ကြွခြင်း ၁၃၃
၄၅။ မြတ်စွာဘုရားသီဟိုဠ်ကျွန်းသို့တတိယအကြိမ်ကြွခြင်း ၁၃၆
၄၆။ သီဟိုဠ်ကျွန်း၌(ပဌမ)ခြေတော်ရာချတော်မူခြင်း ... ၁၃၇
၄၇။ မဟာပုဏ္ဏသူကြွယ်အကြောင်း ... ၁၃၉
၄၈။ မဟာပုဏ္ဏမြတ်စွာဘုရားထံရဟန်းခံခြင်း ... ၁၄၁
၄၉။ မဟာပုဏ္ဏမထေရ်ဝါဏိဇ္ဇဂါမသို့ပြန်ရန်
မြတ်စွာဘုရားထံခွင့်ပန်ခြင်း ... ၁၄၄
၅၀။ သုနာပရန္တတိုင်း၌မဟာပုဏ္ဏမထေရ်နေရာ
ဌာနများကိုပြဆိုခြင်း ... ၁၄၉
၅၁။ စူဠပုဏ္ဏသူကြွယ်အကြောင်း
၅၂။ စန္ဒကူး(ဂန္ဓာရုံ)ကျောင်းတော်ဆောက်လုပ်ကြခြင်း ... ၁၅၂
၅၃။ ကျောင်းတော်ရာစေတီကြီးတည်ထားကိုးကွယ်ခြင်း ... ၁၅၆
၅၄။ ထူးဆန်းထွေလာငါးသတ္တဝါ ... ၁၆၄
၅၅။ သစ္စဗန္ဓ၏နောက်ဘဝကိုဝေဖန်ရှင်းလင်းပြဆိုခြင်း ... ၁၆၇
၅၆။ သစ္စဗန္ဓ၏ဘဝဖြစ်စဉ်ကိုဖော်ပြခြင်း ... ၁၇၀
၅၇။ မြတ်စွာဘုရားစန္ဒကူးကျောင်းတော်ကို
အလှူခံကြွတော်မူခြင်း ... ၁၈၀

အခန်း အကြောင်းအရာ စာမျက်နှာ

၅၈။ နဂါးမင်းတောင်းပန်၍ခြေတော်ရာ
(အောက်ခြေတော်ရာ)ချထားတော်မူခြင်း ... ၁၈၇
၅၉။ နဂါးတို့ပြည်တည်ရာဌာနကိုပြဆိုခြင်း ... ၁၈၉
၆၀။ မန်းမြစ်၏အံ့ဖွယ်ကိုးဖြာ ... ၁၉၀
၆၁။ သစ္စဗန္ဓရဟန္တာတောင်းပန်၍ခြေတော်ရာ
(အထက်ခြေတော်ရာ)ချထားတော်မူခြင်း ... ၁၉၃
၆၂။ ပုဏ္ဏ ပွတိုင်းမြို့လယ်ကိုင်းဟူသည်ကိုရှင်းပြခြင်း ... ၁၉၅
၆၃။ မန်းစက်တော်နှစ်ဆူချထားတော်မူသော
အချိန်အခါကို ဝါတော်နှင့်ဆုံးဖြတ်ခြင်း ... ၁၉၈

**စတုတ္ထပိုင်း**

**ပါဒစေတီတော်အားကြည်ညိုရန်အပိုင်း**

၆၄။ ရတနာသုံးပါးကိုပူဇော်ခြင်း၏အကျိုးကိုပြဆိုခြင်း ... ၂၀၂
၆၅။ သတ္တကောရဏ္ဍာပ္ပိတမထေရ်ဝတ္ထု ... ၂၀၃
၆၆။ ကောရဏ္ဍာပ္ပိတမထေရ်ဝတ္ထု ... ၂၀၅
၆၇။ သကောသကကောရဏ္ဍာဒါယကာမထေရ်ဝတ္ထု ... ၂၀၆
၆၈။ စတုရင်္ဂဗလအမတ်ကြီး၏ တစ်ရာ့ရှစ်ကွက်
စက်လက္ခဏာတော်ဘုရားရှိခိုး(ပါဠိအနက်) ... ၂၀၈
၆၉။ မန်းစက်တော်ရာနှစ်ဆူဘုရားရှိခိုးအတိုချုပ် ... ၂၁၂
၇၀။ မြန်မာဘာသာလင်္ကာသွားဖြင့်ရေးသားအပ်သော
တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော်ဘုရားရှိခိုး ... ၂၁၃
၇၁။ အောက်စက်တော်ရာကိုရပ်ဝေးမှရှိခိုးနည်း ... ၂၁၅
အထက်စက်တော်ရာကိုရပ်ဝေးမှရှိခိုးနည်း ... ၂၁၆
၇၂။ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး ... ၂၁၈
ာပ်ကျော်ဖြစ်တော်ပေါင်းအင်းဘုရားရှိခိုး ... ၂၂၁
န်းစက်တော်ရာသမိုင်းဝင်ရှစ်လုံးဘွဲ့ကဗျာများ ... ၂၂၂



အခန်း အကြောင်းအရာ စာမျက်နှာ

**ပဥ္စမပိုင်း**

**ရှေးမြန်မာမင်းတို့၏ကုသိုလ်တော်စာရင်းကို ဖော်ပြသောသမိုင်း**

၇၅။ မန်းစက်တော်ရာကို ဦးစွာဖူးမြော်ရသောမင်းသုံးပါး ... ၂၂၇
၇၆။ သီရိဓမ္မာသောကမင်းကြီးကောင်းမှုတော်များ ... ၂၂၈
၇၇။ မန်းစက်တော်ရာပထမတိမ်မြုပ်ရသောခေတ် ... ၂၃၂
၇၈။ ပုဂံမင်းများ၏အလှူတော်စာရင်း ... ၂၃၃
၇၉။ ခြေတော်ရာဒုတိယအကြိမ်တိမ်မြုပ်ရသောခေတ် ... ၂၃၅
၈၀။ အင်းဝမင်းဆက်တို့၏အလှူတော်စာရင်း ... ၂၃၇
၈၁။ ခြေတော်ရာတတိယအကြိမ်တိမ်မြုပ်ရသောခေတ် ... ၂၃၈
၈၂။ တောင်ဖီလာဆရာတော်ဘုရား၏ထေရုပ္ပတ္တိ ... ၂၃၉
၈၃။ တောင်ဖီလာဆရာတော်အဖွဲ့ခြေတော်ရာရှာထွက်ခြင်း ၂၄၁
၈၄။ သာလွန်မင်းတရား၏ကြည်ညိုမှုကိုအတုယူသင့်ကြောင်း ၂၄၈
၈၅။ အင်းဝမင်းဆက်တို့၏အလှူတော်စာရင်းများ ... ၂၅၀
၈၆။ အရံစောင့်များဖြစ်ပုံကိုပြဆိုခြင်း ... ၂၅၁
၈၇။ ရှင်သုဓမ္မစာရီစက်တော်ရာကိုရွှေ့ပြောင်းခြင်း ... ၂၅၃
၈၈။ မီးလောင်ရေစားဖြစ်ပုံများကိုပြဆိုခြင်း ... ၂၅၅
၈၉။ မင်းတုန်းမင်းနှင့်သီပေါမင်းတို့၏အလှူတော်စာရင်း ၂၅၆
၉၀။ မုဆိုးဆက်ဆယ့်တစ်ပါးဘုရင်များကိုပြဆိုခြင်း ... ၂၅၈
၉၁။ ကုန်းဘောင်မင်းဆက်များ၏အလှူတော်စာရင်း ... ၂၅၉
၉၂။ ဘုရားဖူးမလာသည့်မုဆိုးမင်းဆက်ဘုရင်တစ်ဦး ... ၂၆၀
၉၃။ မဘို့မယ်ကိုသမိုင်းတွင်ထည့်သွင်းရခြင်းအကြောင်း ... ၂၆၁
၉၄။ ရှင်ဘို့မယ်အကြောင်း သောင်းပြောင်းထွေလာသိစရာ ၂၆၂

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆဋ္ဌမပိုင်း** | |
| | **အထွေထွေဗဟုသုတများကိုဖော်ပြသောအပိုင်း** | |
| ၉၅။ | ခြေတော်ရာ၏ သခ်ါရှုသဘောတရားကိုပြဆိုခြင်း | ... ၂၇၀ |
| ၉၆။ | စကုမြို့သက်တော်ရှည်ဆရာတော်ဘုရားကြီးက ဆက်လက်ဆောင်ရွက်တော်မူခြင်း | ... ၂၇၂ |
| ၉၇။ | ဦးပညာသာစေနှင့် မန်းစက်တော်တောင် | ... ၂၇၃ |
| ၉၈။ | အထက်စက်တော်ရာတန်ဆောင်းမီးလောင်ခြင်း | ... ၂၇၅ |
| ၉၉။ | ရသေ့ကြီးဦးခန္တီ၏ ထေရုပ္ပတ္တိ | ... ၂၇၇ |
| ၁၀၀။ | ဦးခန္တီ၏အဆောက်အုံလုပ်ငန်းထူးများကို ပြဆိုခြင်း | ... ၂၇၉ |
| ၁၀၁။ | ဘုရားဆရာတော် (ဦးဝိသုဒ္ဓ)၏ ထေရုပ္ပတ္တိ | ... ၂၈၂ |
| ၁၀၂။ | ဘုရားဆရာတော် (ဦးဝိသုဒ္ဓ) ဆောင်ရွက်မှုများ | ... ၂၈၅ |
| ၁၀၃။ | ဂေါပကလူကြီးများခန့်ထားခြင်းအကြောင်း | ... ၂၈၈ |
| | **သတ္တမပိုင်း** | |
| | **မန်းစက်တော်ရာခရီးစဉ်ကိုဖော်ပြသောအပိုင်း** | |
| ၁၀၄။ | ခရီးလမ်းပြမြေပုံ ရှင်းလင်းပြဆိုခြင်း | ... ၂၉၁ |
| ၁၀၅။ | ဆည်တော်စခန်းအကြောင်း | ... ၂၉၅ |
| ၁၀၆။ | ဆည်တော်စခန်းမှ မန်းစက်တော်ရာဘုရားကြီး အရောက်ခရီးစဉ်ကို အကျွာအဝေးဖြင့်ပြဆိုခြင်း | ... ၂၉၈ |
| ၁၀၇။ | ရှေးပညာရှိကြီးများ၏စာမူများကို ဖော်ပြခြင်း | ... ၃၀၀ |
| ၁၀၈။ | နောက်ဆက်တွဲသမိုင်းများ | ... ၃၀၆ |
| | နိဂုံးချုပ်လင်္ကာ | ... ၃၁၆ |


**တြိပါဒစေတီယ ရွှေစက်တော်သမိုင်းကြီးကို**

**ရေးသားရာ၌**

**အကိုးအကားပြုသော ကျမ်းစာအုပ်များ**

၁။ ပါဒစေတီယ ဒီပနီကျမ်းဟောင်း

၂။ စွယ်စုံကျော်ထင်ကျမ်း

၃။ ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

၄။ ဇိနတ္ထပကာသနီကျမ်း

၅။ စေတီယပကာသနီကျမ်း

၆။ ကျောင်းသုံးရာဇဝင်အမျိုးမျိုး

၇။ ပုဏ္ဏောဝါဒသုတ်

၈။ ကျောင်းတော်ရာသမိုင်းစာစောင်

၉။ ဗုဒ္ဓဘာသာဆရာလက်စွဲ

၁၀။ မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာ(ဒုတိယစာစောင်)

၁၁။ အပဒါန်ကျမ်း

၁၂။ ဋီကာကျော်စသည်တို့မှ ထုတ်နုတ်ရေးသားဖော်ပြခြင်း ဖြစ်ပါကြောင်း။

## တြိပါဒစေတီယ
## ရွှေစက်တော်သမိုင်းကြီး

### နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သမ္မာသမ္ဗုဒ္ဓဿ - သစ္စာလေးပါးတရားစုံကို အကုန်အစင် သိမြင်တော်မူပေထသော၊

အရဟတော - တစ်ထောင့်ငါးရာကိလေသာမှ ကင်းကွာတော်မူခြင်းကြောင့် လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ကိုးကွယ်ရာ အထူးကိုခံယူတော်မူထိုက်သော၊

ဘဂဝတော - ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပေထသော၊

တဿ - ထိုရှင်တော်မြတ်ဘုရားကို၊

နမော - ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။



ဤသို့ ဘုရားအမှူးထား၍ ပေါကြားဓမ္မ မြတ်သံဃနှင့် မိဘဆရာကျမ်းဂန်လာသည့် ငါးဖြာသော ကျေးဇူးရှင် တို့ကို ချစ်ခင်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပြီးကာ ဤမည်သော (တြိပါဒစေတီယ ရွှေစက်တော်သမိုင်းကြီးကို) ရေးသားပါအံ့။ ထိုသို့ ရေးသားပြုစုရာတွင်-

(က) စက်တော်ရာ(ပါဒစေတီ၏ အံ့ဖွယ်မခန်းလွန်ထူးဆန်းသည်တို့ကို)မှန်းဆကြည်ညိုနိုင်ကြစေခြင်းငှာ လည်းကောင်း၊

(ခ) မြမြဲအထူးဖြည့်ဆည်းပူးအပ်သော ပါရမီတော်အဖုံဖုံ၊ အလုံးစုံတို့ကိုအာရုံစွဲငင်ထင်မြင်ကြည်ညိုနိုင်ကြပေခြင်းငှာလည်းကောင်း၊

(ဂ) မန်းစက်တော်ရာသမိုင်းနှင့် သက်ဆိုင်သမျှ ဗဟုသုတအဝဝကို ကျနစုံလင် သိမြင်နိုင်ကြစေခြင်းငှာလည်းကောင်း၊ အထက်ပါ ရည်ရွယ်ချက်ကြီးသုံးချက်ကို အဓိကထားလျက်-

၁။ ခြေတော်ရာ(ပါဒစေတီ)နှင့် စပ်လျဉ်း၍ မှတ်သားဖွယ်များကို ဖော်ပြသော "ပထမပိုင်း"၊

၂။ ပါရမီဖြည့်ပုံအလုံးစုံမှ မကျဉ်းမကျယ်သိသာ လွယ်အောင် ရေးသား ဖော်ပြခြင်းတည်းဟူသော "ဒုတိယပိုင်း"၊

၃။ မြတ်စွာဘုရားကိုယ်တော်တိုင် ခြေတော်ရာသုံးဆူချထားတော်မူသည်ကို ဖော်ပြသော "တတိယပိုင်း"၊

၄။ ခြေတော်ရာ(ပါဒစေတီ)တို့ကို ကြည်ညို လေးစားကြရန် တိုက်တွန်းရေးသားဖော်ပြခြင်းတည်းဟူသော "စတုတ္ထပိုင်း"၊

၅။ သာသနာ့ ဒါယကာမင်းများ၏ ကုသိုလ်တော်စာရင်းများကို ရေးသားဖော်ပြခြင်းတည်းဟူသော "ပဉ္စပိုင်း"၊

၆။ မန်းစက်တော်တောင်နှင့် ပတ်သက်သမျှ အထွေထွေဗဟုသုတ များကို ဖော်ပြသော "ဆဋ္ဌမပိုင်း"၊

၇။ မန်းစက်တော်ရာဘုရားသို့ သွားရာလမ်းခရီးစဉ်နှင့် သမိုင်းဝင် နောက်ဆက်တွဲများကို ဖော်ပြခြင်းတည်း ဟူသော "သတ္တမပိုင်း"၊

ဤကဲ့သို့ အပိုင်းကြီး၇-ပိုင်း ခွဲခြားထားပြီးလျှင် မြတ်စွာဘုရား ၏တစ်ရာ့ရှစ်ကွက်သော စက်,လက္ခဏာတော်အား ရည်မှတ်သား၍ အခန်းငယ်ပေါင်း (၁၀၈) တစ်ရာ့ခန်းမျှကို ကျမ်းဂန် အကိုးအကား များနှင့် ရေးသားဖော်ပြခြင်းတည်းသာလျှင် "တြိပါဒစေတီယ ရွှေစက်တော်သမိုင်းကြီး"ဟူသော ဘဝင်နှင့် အဆင်ပြေမှု ရှိလိမ့် မည်ဟု ယုံကြည်စွဲမှတ်ခြင်း ရှိပါကြောင်း ဂါရဝတရားရှေ့ထားလျက် ပမာဏစကား ရေးသားဖော်ပြလိုက်ရပါသတည်း။

ဦးတင်ရှိန်
ကျောင်းဆရာကြီး
စကုမြို့။

# တြိပါဒစေတီယ ရွှေစက်တော်သမိုင်းကြီး

## ပထမပိုင်း

## ခြေတော်ရာ ပါဒစေတီနှင့် စပ်လျဉ်း၍ မှတ်သားဖွယ်ရာအပိုင်း

### အခန်း-၁

### ခြေတော်ရာသုံးဆူချထားတော်မူသည်ကို အကျဉ်းချုပ်ပြခြင်း

"အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား သည် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာရသော ကိစ္စအဝဝ ကြောင့် လည်းကောင်း၊ နောင်လာနောက်သား ဝေနေယျအများကို သနားတော်မူလှ၍ ကိုယ်တော်မြတ်နှင့် ထပ်တူပူဇော်ကြစိမ့်သောငှာ လည်းကောင်း၊ သာသနာငါးထောင် ကာလပတ်လုံး ထင်ရှားစွာ တည်စေနိုင်သောအားဖြင့် ချထားတော်မူအပ်သော ခြေတော်ရာ (ပါဒစေတီကား--)

သုံးဆူထင်ရှားရှိတော်မူပါသည်။

# ပထမခြေတော်ရာ

သီဟိုဠ်ကျွန်းအခေါ် စေတီပါဒ

"မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်ပြီးနောက် ရှစ်ဝါမြောက်တွင် မဏိအက္ခိက နဂါးမင်းကပင့်၍ နောက်ပါသံဃာငါးရာနှင့် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသော အကြိမ်တွင် သုမန (သမန္တကုဋ) တောင်ထိပ်၌ သုမနနတ်မင်း တောင်းပန်၍ ရှေးဦးစွာ ပထမခြေတော်ရာတစ်ဆူချထားတော်မူသည်။"

(အကျယ်ကို အခန်း ၄၅–၄၆ တို့၌ ဖော်ပြထားပါသည်။)



သုမနတောင်ထိပ်၌ စေတီပါဒ ခြေတော်ရာချထားရန်
သုမန နတ်မင်း တောင်းပန်နေပုံ

# ဒုတိယခြေတော်ရာ

**ဓမ္မဒီပ်ကျွန်း ပါဒစေတီ**

မြတ်စွာဘုရားသခင်သည် ဝါ ၂၀–ကျော်တွင် ရှေးအခေါ် သုနာပရန္တ ယောနကတိုင်းတို့သို့ ကြွမြန်းရာတွင် ယခုအခေါ် မကွေးတိုင်း စကုမြို့နယ် အနောက်ပိုင်း အုံ့မှိုင်းကာဆီး တောတောင်ကြီးအတွင်း စီးဆင်းအပ်သော နာမန္တာမည်တွင် မန်းမြစ်စဉ်၏ အသွင်ဆန်းထူး ကမ်းနဖူးကျောက်ဖျာပေါ်၌ နမ္မဒါနဂါးမင်း တောင်းပန်ခြင်းကြောင့် ချထားတော်မူအပ်သော ခြေတော်ရာတစ်ဆူ။

( အောက်စက်တော်ရာ )




နမ္မဒါမြစ်ထူး ကမ်းနဖူး၌ ခြေတော်ရာချထားရန် နဂါးမင်းတောင်းပန်နေပုံ

# တတိယခြေတော်ရာ

**ဇမ္ဗူဒိပ်ကျွန်း ဒွိပါဒစေတီ**

မြတ်စွာဘုရားသခင်သည် အောက်စက်တော်ရာကို ချထားတော်မူပြီးနောက် ထိုနမ္မဒါမြစ် ခွေရစ်ပတ်ဝိုက် သုံးကြိမ်တိုင်တိုင် ဦးခိုက်ရသော နမ္မဒါမြစ်အနီး သစ္စဗန္ဓ တောတောင်ကြီး၌ (ဝါ) မကုလတွင်ခေါ် မြတ်တောင်တော်၌ သစ္စဗန္ဓ ရဟန္တာမြတ် တောင်းပန်အပ်သဖြင့် ချထားတော်မူသော ခြေတော်ရာတစ်ဆူ။

**(အထက်စက်တော်ရာ)**



## အခန်း-၂

## တစ်ရာ့ရှစ်ကွက်သော လက္ခဏာတော်ကို ရေတွက်ပြခြင်း

တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်ဟု လူတို့ရောထွေး ပြောဆိုနေကြသော်လည်း တစ်ရာ့ရှစ်ကွက်သော လက္ခဏာတော်နှင့် စက်တော်မှာ တစ်သီးတစ်ခြားတည်သည်ဟု မှတ်ယူကြစေလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားသည် (အတိုင်းမသိ ကျေးဇူးရှိသား) အစချီသော မြန်မာလင်္ကာဖြင့် လည်းကောင်း၊

အတွင်းဝန် သီရိမဟာ စတုရင်္ဂဗလအမတ်ကြီးကလည်း သတ္တိစသီရိ ပဉ္စေစ-အစချီသော ဘုရားရှိခိုး ၁၁-ဂါထာဖြင့် လည်းကောင်း၊

ထို့ပြင်တစ်ဖြာသုတ်မဟာဝါ အဋ္ဌကထာနှင့် ဇိနလက္ခဏာဒီပနီ ကျမ်း၊ ပါဒစက္ကလာရကျမ်း၊ စက္ကင်္ကဝိနိစ္ဆယကျမ်း စသည်တို့၌လည်း တစ်ရာ့ရှစ်ကွက်သော လက္ခဏာတော်နှင့် စက်တော်ကို တစ်သီး တစ်ခြား ရေးသားဖော်ပြထားသည်ကို တွေ့ရှိရလေသည်။

ဤကဲ့သို့ ပညာရှိကြီးအသီးသီးတို့၏ အယူအဆကျမ်းဂန်ပါဠိ လာရှိသည်မှန်သမျှတို့ကို လူအတန်းအစားမရွေး၊ ကျကျနန နားလည် စေခြင်းငှာ မြန်မာဘာသာသက်သက်ဖြင့် ရေတွက်ပိုင်းခြား ဖော်ပြ ပါအံ့။



## လက္ခဏာတော် တစ်ရာ့ရှစ်ကွက်မှာ

(၁) လုံမ၊ (၂) အိမ်မွန်၊ (၃)ဇလပ်ပန်း၊ (၄)လည်ရေးသုံးဆင့်၊ (၅) ဦးဆောက်ပန်း၊ (၆)ထမင်းပွဲ၊ (၇) ရွှေသလွန်၊ (၈) ချွန်းတောင်း (၉) ပြာသာဒ်၊ (၁၀) တံခါးတိုင်၊ (၁၁)ထီးဖြူ၊ (၁၂) သန်လျက်၊ (၁၃) ထန်းရွက်ယပ်၊ (၁၄) ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျစ်၊ (၁၆) ပတ္တမြား၊ (၁၇) သပိတ်၊ (၁၈) ပန်းဆိုင်း၊ (၁၉) ကြာညို၊ (၂၀) ကြာနီ၊ (၂၁) ကြာဖြူ၊ (၂၂) ကြာပဒုမ္မာ၊ (၂၃) ကြာပုဏ္ဍရိတ်၊ (၂၄) မုန်ညင်းပြည့်ယောအိုး၊ (၂၅) မုန်ညင်းပြည့်ဖလား၊ (၂၆)သမုဒ္ဒရာ၊ (၂၇) စကြဝဠာ၊ (၂၈) ဟိမဝန္တာတောင်၊ (၂၉) မြင်းမိုရ်တောင်၊ (၃၀) နေဗိမာန်၊ (၃၁) လဗိမာန်၊ (၃၂) နက္ခတ်တာရာ၊ (၃၃)တောင်ကျွန်း၊ (၃၄) အနောက်ကျွန်း၊ (၃၅) မြောက်ကျွန်း၊ (၃၆) အရှေ့ကျွန်း၊ (၃၇) စကြာမင်း၊ (၃၈) ခရုသင်း၊ (၃၉) ရွှေငါးအစုံ၊ (၄၀) စကြာလက်နက်။

လက္ခဏာအမှတ် ၄၁–မှ ၄၇–ထိ သီတာ ၇–တန်။

လက္ခဏာအမှတ် ၄၈–မှ ၅၄–ထိ တောင်စဉ် ၇–ထပ်။

လက္ခဏာအမှတ် ၅၅–မှ ၆၁–ထိ အိုင်ကြီး ၇–အိုင်။

(၆၂) ဂဠုန်မင်း၊ (၆၃) မိကျောင်း၊ (၆၄) တံခွန်၊ (၆၅) ကုဋ္ဌား (၆၆) ရွှေသန်လျင်း၊ (၆၇) ရွှေသားမြီးယပ်၊ (၆၈) ကေလာသတောင်၊ (၆၉) ခြင်္သေ့မင်း၊ (၇၀)ကျားမင်း၊ (၇၁) ဝလာဟကမြင်း၊ (၇၂)ဥပေါသထဆင်မင်း၊ (၇၃) နဂါးမင်း၊ (၇၄) ရွှေဟင်္သာမင်း၊ (၇၅) ဥသဘနွားမင်း၊ (၇၆) ဧရာဝဏ်ဆင်မင်း



(၇၇) ရွှေမကာန်း၊ (၇၈) ရွှေလှေ၊ (၇၉) မျက်နှာလေးခုဗြဟ္မာ၊ (၈၀) သားငယ်ရှိသော နွားမ၊ (၈၁) ကိန္နရာဖိုမ၊ (၈၂) ကရဝိက်ငှက်၊ (၈၃) ရွှေဥဒေါင်းမင်း၊ (၈၄) ကြိုးကြာမင်း၊ (၈၅) စက္ကဝိတ်ငှက်မင်း၊ (၈၆) ဇီဝဇိုးငှက်မင်း။

လက္ခဏာအမှတ် ၈၇–မှ ၉၂–ထိ နတ်ပြည်ခြောက်ထပ်။

လက္ခဏာအမှတ် ၉၃–မှ ၁၀၈–ထိ ဗြဟ္မာတစ်ဆယ့်ခြောက်ဘုံ။ သို့အားဖြင့် ရေတွက်ပိုင်းခြား မှတ်သားစေလိုပါသည်။

## အခန်း–၃

### စက်တော်၏ တည်နေပုံ

တစ်ရာ့ရှစ်ကွက်လက္ခဏာတော်နှင့် တစ်သီးတစ်ခြားဖြစ်သော စက်တော်သည် မြတ်စွာဘုရား၏ ခြေဖဝါးတော် အလျားပမာဏကို လေးဖို့ပြု၍ အရင်းတစ်ဖို့မှာ ဖနောင့်တော်၊ ဒုတိယတစ်ဖို့မှာ ဖမျက်တော်၊ တတိယတစ်ဖို့မှာ ခြေချောင်းတော်၊ စတုတ္ထတစ်ဖို့မှာ ခြေဖျားတော်ဟု လေးဖို့ပြု၊ စတုတ္ထတစ်ဖို့ဖြစ်သော ခြေဖျားတော်မှ ပြန်၍ ရေတွက်လျှင် သုံးခုမြောက်ဖမျက်တော်၏ တည်ရာအလယ်တစ်ဖို့၌ စက်တော်တည်သည်ဟု ဆုံးဖြတ်မိန့်ဆိုကြ၏။

**စက်တော်၏ အရောင်အဆင်း။** ။စက်တော်အလယ် ပုံတောင်း(ပဒေါင်း)သည် ဣန္ဒနီလာ မြအဆ[illegible]ကာန်ရှိသည်။ ပုံတောင်းဝအလယ်အကွက်ကားငွေအဆင်းရှိ၏။ပုံဟော[illegible]ဂိပ်အတွင်းအပြင်များတွင် ငွေအဆင်းကဲ့သို့ ရွှဲကြိုးရှိသည်။ အကန့်တစ်ထောင်ကား သန္တာအဆင်းတွင် ရတနာခုနစ်ပါး ခြယ်လှယ်၏၂။ တစ်ကန့်နှင့်တစ်ကန့်အကြားတွင် ရတနာခုနစ်ပါး အဆင်းရှိသော ရွှဲကြိုးခြားသည်။ အကွပ်ကားရွှေကြဲဆစ်ခြယ်လှယ်ထားသော သန္တာအဆင်းရှိသည်။ အကန့်ဆယ်ခု ဆယ်ခုအကြားတွင် လက်ဝဲလက်ယာပန်းဆိုင်းဆွဲလျက် သန္တာရိုးတပ်သော ထီးဖြူရှိသည်။ အကွပ်၏အနားပုံတောင်း(ပဒေါင်း)ပေါက်အနားတွင် ခြသေ့်၏ခံတွင်းသဏ္ဍာန်စီလျက်ရှိသည်ဟု ကျမ်းဂန်တို့၌ လာရှိသည်။ စက်တော်၏ထက်ဝန်းကျင်၌ တစ်ရာ့ရှစ်ကွက်သော လက္ခဏာတော်သည် တည်၏ဟု ဆိုသည်။

**မှတ်ရန်။** ။ ယင်းစက်တော်ရာပုံကို ယခုတစ်ဖန်အတုထုလုပ်ရေးဆွဲကြသော ပုံတော်များ၌ စက်တော်ရာ၏ ပြင်ဝန်းတွင် "ကြိုးကြာ ၁၆–ခါ၊ ဟင်္သာ ၉–ဖြစ်"စသော ဖြစ်တော်ပေါင်းတို့ကို ထည့်သွင်းဖော်ပြခြင်းသည် ကျမ်းဂန်တို့၌ မလာရှိ။ သို့သော်လည်း မြတ်စွာဘုရားအလောင်းတော်၏ ကပ်ကျော်ဖြစ်တော်ပေါင်းကို ဘေးရန်လွတ်ကင်းစေလိုသော ဆန္ဒဖြင့် ထုလုပ်ရေးသားကြသည်ဟု ယူဆတော်မူကြပါရန်။



## အခန်း–၄

## မြတ်စွာဘုရား၏ ခြေဖဝါးတော် ပမာဏ

ဤကဲ့သို့ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ခြေဖဝါးတော် အလျားအနံ ပမာဏကို ထိုထိုဤဤအလီလီသော ကျမ်းဂန်တို့၌တိုက်ရိုက်မလာ မပါမရှိသော်လည်း ကျမ်းတတ်အကျော် ဖြစ်တော်မူသော ပညာရှိကဝိခေါ်လတ်ပုဂ္ဂိုလ်မြတ်ကြီး အသီးသီးတို့က–

### ခြေဖဝါးတော်၏အလျားပမာဏသည်

မြတ်စွာဘုရား၏အထွာတော်ဖြင့် တစ်ထွာသုံးသစ်၊ မဇ္ဈိမပုရိသပမာဏအားဖြင့် တစ်တောင့်ထွာနှင့်ကိုးသစ်၊ ပကတိပုရိသပမာဏအားဖြင့် ၂–တောင့်ထွာ ၇–သစ်၊ ၂–မုယောရှိသည်ဟု ဆုံးဖြတ်တော်မူကြသည်။

### ခြေဖဝါးတော်၏ အနံပမာဏမှာ

အထူးဆုံးဖြတ်ချက် မလာမရှိ။ အလျားပမာဏတော်နှင့် သင့်လျော်လျောက်ပတ်အောင် ဆင်ခြင်ဝေဖန်၍ မှတ်ယူရန်ရှိပါသည်။

စာစောင်တစ်ခု၌ အလျား ခြောက်ထွာ၊ ခြောက်သစ်သား၊ စကြာခြေတော်မြတ်၊ ထောင့်နှစ်မိုက်မှာ၊ လေးသစ်သား၊ ဖီလာအဦးမှတ် ဖနောင့်တော်ဝယ်၊ ထွာနှစ်သွယ်၊ ဘုန်းကြွမြတ်ဥက္ကာ၌ဟု တွေ့ရှိဖူးပါသည်။

## အခန်း–၅

### မြတ်စွာဘုရား ကြွလှမ်းတော်မူပုံကို [illegible]

မြတ်စွာဘုရားသည် မြေမနင်းဘဲ အဘယ့်ကြောင့် ကြွသနည်းဟူသော ကျည်းကန်ကိုရင်ကြီး၏ အမေးပုစ္ဆာကို ကျမ်းတတ်အကျော်ကျီးသဲလေးထပ်ဆရာတော်က ဖြေကြားရာ၌–

ဤပုစ္ဆာသည် အနန္တဂုဏမည်သော ကျမ်းငယ်တစ်ခု၌ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သော ဘုရားသခင်တို့သည် စတုရင်္ဂုလေဃေဝ၊ မြေမှလက်လေးသစ်ကွာ ကောင်းကင်၌သာလျှင်၊ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ ဂမနံ၊ သွားခြင်းသည်၊ ဟောတိဖြစ်၏ဟု ပြဆိုသည်ကို ကိုးကား၍ မေးခြင်းဖြစ်သည်။

**သာရတ္ထ ဒီပနီ၌ကား**–မြတ်စွာဘုရား ကြွတော်မူရာ၌–

(၁) နူးညံ့သော အောက်ခြေဖဝါးတော်အပြင် သည်မြေ၌ ညီညီညွတ်ညွတ် ကောင်းစွာထိခြင်းသည်ဖြစ်၏။

(၂) နိမ့်သောအရပ်မှ မြေကြီးသည် မြင့်လျက်ခံ၏။

(၃) မြင့်သောအရပ်မှ မြေကြီးသည် ညီညွတ်လျက်ခံ၏။

(၄) ကျောက်ဆောင် ကျောက်ခဲ အိုးခြမ်းကွဲနှင့် တနဲသစ်ငုတ် ဆူးငြောင့် ခလုတ်တို့သည် ခရီးမှဖဲကြဉ်ကြလေကုန်သည်ဟု အခိုင်အမာလာရှိခြင်း။



အာင်္ဂုတ္တရ အဋ္ဌကထာ၌လည်း– ဘုရားသခင်တို့ နင်းရာဌာန၌ အကြောင်းသုံးပါးကြောင့် ခြေတော်ရာမထင်ဟု ပြဆိုထားခြင်း၊ ထို့ပြင်တဝ–လက္ခဏာတော်ငယ်ရှစ်ဆယ်ကို ရေတွက်ရာ၌–

ခြင်္သေ့မင်းနှင့်တူသော သွားခြင်းရှိ၏။ နွားလားဥသဘနှင့်တူသော သွားခြင်းရှိ၏။ ဆဒ္ဒန်ဆင်မင်းနှင့်တူသော သွားခြင်းရှိ၏။ ဟင်္သာမင်းနှင့်တူသော သွားခြင်းရှိ၏ဟု မြေကိုနင်း၍ သွားခြင်းတူသည်ကို ဥပမာတင်စား ရေတွက်ဖော်ပြထားခြင်းတို့ကြောင့် ဘုရားရှင်သည် မြေကိုနင်းလျက်ပင် ကြွကြောင်း မှတ်ယူသင့်၏။

ဤသို့ဖြစ်လျှင် "မြေမနင်းဘဲကြွစမြဲ စော်ကဲဘယ့်ကြောင့် ကြွနိုင်သနည်း"ဟု အမေးပုစ္ဆာ ပြုလုပ်သော အနန္တဂုဏသာရကျမ်းစကားကို အမှားဟု ပယ်မည်လောဟုငြားအံ့၊ မပယ်သင့်၊ မပယ်သင့်သော် အဘယ်သို့ ယူဆမည်နည်းဆိုလျှင် မြတ်စွာဘုရား ကြွတော်မူရာ၌ ဖဝါးတော်ကို ကြွချီသောအခါ မြေမှ လက်လေးသစ်ကွာရုံသာ အထက် (ကောင်းကင်) သို့ ကြွချီတော်မူသည်ကို ရည်ရွယ်၍ စတုရင်္ဂုလဂမနဆိုကြောင်းကို မှတ်ယူလျှင် ဂင်္ဂါရေနှင့် ယမုံနာရေ ရောဘိသကဲ့သို့ နှီးနှောညွတ်မည်ဖြစ်ကြောင်း ဖြေကြားတော်မူလေသည်။

## အခန်း–၆

## ခြေတော်ရာမထင်ခြင်း၏အကြောင်းသုံးပါး

လူသာမန်တို့၏ ခြေဖဝါး ခြေဖနှောင့် ခြေဖဝါးနှစ်ခုမောက်၍ အလယ်ဟိုက်ခြင်းကြောင့် နင်း၍သွားလျှင် ဖနှောင့်ခြေဖဝါးနှစ်ခုမျှသာ ထင်ပါသည်။

မြတ်စွာဘုရား ခြေဖဝါးတော်မှာကား သင်္ကနိုက်စစ် ဇမ္ဗူရစ်ရွှေစင်ဖြင့် သွန်းလုပ်အပ်သော ကောင်းစွာနူးညံ့ပြန့်ပြား ပြည့်တင်းရွှေခြေနင်းသွင် ပါရမီဈော်ကြောင့် ဖဝါးတော်ညီညွတ်လွတ်လပ်သော အရာမထင်တစ်ပြင်လုံးထိတော်မူ၏၊ ဤသို့မြေပြင်၌ အညီအညွတ်လွတ်လပ်သောအရာမရှိ တစ်ပြင်လုံးထိသော်လည်း ခြေတော်ရာမှာ အစဉ်သဖြင့်မထင်ပါ။ ထင်စေတော်မူလိုသော အရပ်၌သာထင်ရ၏။ ခြေတော်ရာအစဉ်မထင်ခြင်း အကြောင်းကို အင်္ဂုတ္တရဋီကာနိပါတ်၌–

(၁) **သုခုမတ္တာစ**–အလွန်တရာ သိမ်မွေ့နူးညံ့သော အသားအရေတော်ရှိခြင်း။

ဥပမာ။ ။ဝါဂွမ်းလဲတို့ ကျရာအရပ်၌ အရာမထင်သကဲ့သို့ မှတ်ယူရမည်။

(၂) **မဟာဗလစတာစ**–ဆင်မည်း ကုဋေတစ်ထောင်ဗိုလ်ခြေ ကုဋေတစ်သိန်းအားကို ဆောင်နိုင်သည့်အားတော်ရှိခြင်း။



ဥပမာ။ ။ကြီးမားသောအားရှိသည့် သိန္ဓောမြင်းသည် ပဒုမ္မာကြာရွက်ပေါ်၌ ခွာချင်းယှက်သွား၊ စိုင်းနှင်ပြေးလည်း လှုပ်ရှားခြင်း မရှိသကဲ့သို့ ထိုနည်းအတူမှတ်ယူရာ၏။

(၃) **မဟာစနော နုဂ္ဂဟောန**–လူအပေါင်းတို့ကို ချီးမြှင့်ခြင်း အမှုပြုတော်မူလိုခြင်း။

ဥပမာ။ ။မြတ်စွာဘုရား၏ ခြေတော်ရာများသည် အစဉ်အမြဲထင်စွဲနေပါက မြေ၌သွားလာကျက်စားကြကုန်သော သတ္တဝါအများတို့သည် ခြေတော်ရာ(ပါဒစေတီ)ကိုနင်းအံ့သောငှာ မဝံ့သဖြင့် ရှောင်ရှားဖယ်လွှဲ အသွားအလာ ရပ်စဲရာ၏။ ဤသို့သတ္တဝါများအားဆင်းရဲခြင်းသို့မရောက်၊ ချီးမြှောက်တော်မူလိုခြင်းဟူသောအကြောင်းသုံးပါးကိုပြဆိုလေသည်။

## ထင်အပ်သော ခြေတော်ရာ ၂–မျိုး ၂–စားပြဆိုခြင်း

မြတ်စွာဘုရားသခင်သည် ခြေတော်ရာကို ထင်စေတော်မူလိုသော စိတ်ဖြင့်နင်းလျှင်အလွန်တစ်ရာမာကြောခက်ထန်သည့် ကျောက်ဖျာကျောက်တောင် ကျောက်ဆောင်ထက်တို့၌ပင် ဖြစ်လင့်ကစား နူးညံ့ပျော့ပျောင်း ပျားဖယောင်းအပြင်ဝယ် ရွှေစင်တံဆိပ်ခတ်နှိပ်ဘိသကဲ့သို့ အကန့်တစ်ထောင် ပုံတောင်အချက်နှင့်တကွသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော် အထူးတို့သည် မကူးမယှက်ဘဲ တစ်ခဲနက် ထင်ရလေကုန်၏။

ဤသို့ထင်ရသော ခြေတော်ရာ ၂-မျိုး ၂-စားရှိရာ-

၁။ အခိုက်အတန့်သာ အကြောင်းအားလျော်စွာ အရိပ်၊ အယောင်မျှ တစ်ခဏထင်ရှားလျက် အကြောင်းကင်းလျှင် ဝင်းဝင်းရောင်ဖိတ် မိုးတိမ်ရိပ်ကဲ့သို့ ကွယ်မိတ်ပျောက်ကင်းစေကုန်သော ခြေတော်ရာမျိုး။

ဥပမာ။ ။တစ်ခုသော လိုဏ်ဂူ၌ သမာပတ် ဝင်စားနေသော ရှင်သာရိပုတ္တရာမထေရ်အား သတိရစေရန်ပြသော ခြေတော်ရာမျိုးနှင့် ဘုရားမှန်းသိစေရန် ကုက္ကုဋမိတ္တမုဆိုး၊ မာဂဏ္ဍီပုဏ္ဏားတို့အား ခေတ္တပြသသော ခြေတော်ရာမျိုးများဖြစ်သည်။

၂။ ဘုရားရှင်ကိုယ်တော်မြတ်ကို မျက်ဝါးထင်ထင် မဖူးမြင်ကြရသော နောင်လာ နောင်သား ဝေနေယျအများတို့ ကိုသနားတော်မူလှ၍ ကိုယ်တော်မြတ်နှင့် ထပ်တူပူဇော်ကြစိမ့်သောငှာ ကာလရှည်ကြာ သာသနာ ငါးထောင်တိုင်မြဲမြဲခိုင်ခံ့စွာ ချထားတော်မူအပ်သော ခြေတော်ရာမျိုး။

ဥပမာ။ ။သုမနနတ်မင်း တောင်းပန်၍ ချထားတော်မူအပ်သော သီဟိုဠ်ခြေတော်ရာ (စေတီပါဒ) တစ်ဆူနှင့် ဇမ္ဗူဒိပ်ကျွန်း၌ မုဆိုးနဂါးတောင်းပန်ထားသဖြင့် ချထားအပ်သော (မန်းစက်တော်ရာ) ခြေတော်ရာ ၂-ဆူမျိုးများဖြစ်ပါသည်။



## အခန်း-၈

## ဇမ္ဗူမှာဒွေး ရာမှာဧ ဟူသောစကားကိုရှင်းပြခြင်း

အစိန္တေယျ အနန္တဂိုဏ်းဝင် ဘုရားရှင်သည် သာသနာတော်ငါးထောင် ကာလပတ်လုံးတည်၍ ဗုဒ္ဓဘာသာ သတ္တဝါအများတို့ ကိုးကွယ်မှီခိုရာ လူ့ရွာနတ်ထံ နိဗ္ဗာန်ရောက်ကြောင်း ကောင်းစွာပိုင်းခြား ချထားအပ်သော ခြေတော်ရာ (ပါဒစေတီ)စေတီတော်မြတ်တို့သည် လက်ကဒီပမည်သော သီဟိုဠ်ကျွန်း၌ တစ်ဆူ၊ ဇမ္ဗူဒီပါ မြန်မာတို့ဌာန ယောနကတိုင်း၌ ၂-ဆူ၊ ဤသုံးဆူသာ ထားရှိပါသည်။

အချို့သောသူတို့က "ဇမ္ဗူမှာဒွေး၊ ယာမှာဧ"ဆိုရိုးစကားသတ်ပုံမှားပြုလျက် မြတ်စွာဘုရားသခင်၏ခြေတော်ရာသည် ဇမ္ဗူဒီပါ မြန်မာတို့ဌာန ယောနကတိုင်း ခြေတော်ရာ ၂-ဆူ၊ အထက်နတ်ဘုံဖြစ်သော ယာမာနတ်ပြည်၌ တစ်ဆူရှိသည်ဟု အမှားမှား အယွင်းယွင်း ပြောဆိုခြင်း ပြုကြလေတော့သည်။

ဤကဲ့သို့ ယာမာနတ်ပြည်၌ မြတ်စွာဘုရား၏ ခြေတော်ရာရှိကြောင်းကို မည်သည့်ကျမ်းဂန်ကမျှ ရေးသားဖော်ထုတ်ခြင်းမရှိပါ။

အကယ်၍ ထိုသူများယူဆသကဲ့သို့ ယာမာနတ်ပြည်တွင် ခြေတော်ရာ ပါဒစေတီတစ်ဆူရှိက ကျမ်းဂန်တို့၌ အထူးတလည် ရေးသားကြမည် ဖြစ်သည်။

ဥပမာ။ ။**အပဒါန် အဋ္ဌကထာ၌**–သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် အနောမာသောင်ဝယ် ဆံတော်ပယ်ပြီးသောကာလ မကုဋ်နှင့်တကွသော ဆံတော်ကို ကိုင်၍ ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည်မှန်ပါက ကောင်းကင်၌ တည်စေသတည်းဟူ၍ အဓိဋ္ဌာန်ပြုလေသော် ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်၍ သိကြားမင်းက ရတနာပန်းတောင်းဖြင့် ခံယူပြီး တာဝတိံသာနတ်ပြည်တွင် စူဠာမဏိစေတီ တည်ထား ကိုးကွယ်သည်ဟု ဖော်ပြထားခြင်း၊ **ဗုဒ္ဓဝင်အဋ္ဌကထာ၌**–ဃဋိကာရ ဗြဟ္မာကြီးသည် မိမိကပ်သော ကြာသကိန်းဖြင့်ဘုရားလောင်းရဟန်းပြုလေသော် ချွတ်လဲတော်မူသော ကိုယ်ဝတ်ပုဆိုးကို ယူဆောင်၍ မိမိနေရာ အကနိဋ္ဌဗြဟ္မာ့ဘုံ၌ တစ်ဆယ့်နှစ်ယူဇနာရှိ "ဒုဿစေတီ"ကို တည်ထား ကိုးကွယ်သည်ဟု ပြဆိုခြင်း။

ထို့ကြောင့် "ဓမ္မူမှာ ဒွေး၊ ရာမှာ ဧ"အရ ဓမ္မုဒ္ဒိပ်ကျွန်းမှာ စက်တော်ရာ ၂–ဆူရှိကြောင်း၊ ဤကဲ့သို့ အထက်စက်တော်ရာ အောက်စက်တော်ရာဟု ၂–ဆူရှိသော်လည်း ခြေ(ရာ)မှာလက်ဝဲ (ဘယ်ဖက်) ခြေရာ တစ်မျိုးတည်းသာရှိကြောင်းကို ရည်ရွယ်ရေးသား ပြောကြားခြင်းဖြစ်သည်ဟု ယူဆမှသာ သင့်လျော်မည်ဖြစ်ပါကြောင်း။

* * *



## အခန်း–၉

## မန်းစက်တော်ရာသည် မြတ်စွာဘုရား၏ ခြေတော်ရာအစစ်(ပါဒစေတီ) ဖြစ်သည်ကိုပြဆိုခြင်း

အချို့သော ဘာသာဝင်ကို့က ယခုမြန်မာတို့ဌာန်န ယောနက တိုင်း၌ တည်ရှိသော စက်တော်ရာ ၂–ဆူသည် မြတ်စွာဘုရား၏ ခြေတော်ရာအစစ်အမှန် မဟုတ်ဟုလည်းကောင်း၊ မြတ်စွာဘုရား၏ ခြေတော်ရာ အစစ်မှာ အိန္ဒိယပြည့် ဘုံဘိုင်အရပ်၌သာလျှင်ရှိကြောင်း ဖြင့် တိမ်းပါး မှားယွင်းပြောဆိုခြင်း ပြုကြ၏။

ထိုသူတို့စကားကို မမှတ်ထိုက် မမှတ်အပ်ပါ။ အဘယ့်ကြောင့် ဆိုသော်–

၁။ ဘုံဘိုင်အရပ်၌ မြတ်စွာဘုရားခြေတော်ရာ ချတော်မူကြောင်းကို ကျမ်းကြီးကျမ်းခိုင်တို့၌ မဖော်ပြခြင်း။

၂။ ယခုဘုံဘိုင်အရပ်မှာ ရှေးအခါက ဘာရုကစ္ဆဆိပ်ဟု ခေါ်တွင်ကြောင်းကို ဖြို့ဟာတ်၊ သံပဟိတာစသော ကျမ်းတို့၌ ဖော်ပြပါရှိခြင်း။

၃။ ငါတို့ မြတ်စွာဘုရားလက်ထက်တော်က ထိုဘာရုကစ္ဆဆိပ်မှ အရှင်ဒါရုစိရိယ မထေရ် အလောင်းတော်သည် ယူဇနာ ၁၂၀ ကွာသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့လာ၍ တရားတော်ကို နာရသဖြင့် ရဟန္တာဖြစ်ကြောင်းကိုသာ ဓမ္မပဒ အဋ္ဌကထာ၊ အရှင်ဒါရုစိရိယ

မဇ္ဈိမဒေသ(မဇ္ဈိမပဒေသ)တို့၌ တိုက်ရိုက်ပါရှိ၍ မြတ်စွာဘုရား ထိုအရပ်သို့ ကြွတော်မူသည်ဟု မပါမရှိခြင်း။

၄။ ထိုဘုံဘိုင်အရပ်၌ မြတ်စွာဘုရား၏ ခြေတော်ရာ(ပါဒစေတီ)အစစ်ရှိသည်ဟူ၍ မည်သည့်မင်း၊ ဆင်းရဲသား၊ အများပြည်သူ ရှင်ရဟန်းတို့ သွားလာရောက်ပေါက် ဖူးမျှော်ဆည်းကပ်ကြောင်းကို အရိပ်အမြွက်မျှ ကျမ်းဂန်တို့၌ မပါ မရှိခြင်း။

၅။ သာရတ္ထသင်္ဂဟကျမ်း၌ သီဟိုဠ်ကျွန်း သုမနံတောင်၌ ခြေတော်ရာတစ်ဆူ၊ မြန်မာတို့ဌာန ယောနကတိုင်း နမ္မဒါ(မန်း) မြစ်ကမ်း၌တစ်ဆူ၊ သစ္စဗန္ဓတောင်ထိပ်၌တစ်ဆူ၊ ဤသုံးဆူမှတစ်ပါး အခြားဘယ်နေရာမှ ခြေတော်ရာချတော်မမူကြောင်း ဖွင့်ဆိုထားခြင်း။

၆။ "မြန်မာတို့ဌာနယောနကတိုင်း"ရှိ စက်တော်ရာ၂–ဆူကိုကားပါဠိ၊အဋ္ဌကထာ၊ဋီကာ၊ရာဇဝင်၊သမိုင်း၊ကျောက်စာအဖြာဖြာတို့၌ ထင်ရှားစွာ ရေးသားဖော်ပြကြခြင်း။

၇။ "မနန္နမင်း၊ သီရိဓမ္မာသောကမင်း၊ ဒုတ္တပေါင်မင်းစသော မင်းစဉ်မင်းဆက်နှင့်တကွ ရဟန်းရှင်လူပြည်သူအပေါင်းတို့ပါ ယနေ့တိုင် အစဉ်မပြတ် ကိုးကွယ်ဆည်းကပ်လျက်ရှိခြင်းတို့ကြောင့် ဤမန်းစက်တော်ရာသည် မြတ်စွာဘုရား၏ ခြေတော်ရာအစစ်အမှန်ဖြဲ်သည်ဟု မမိုတ်မသုန် ယုံကြည်လေးမြတ်ကိုးကွယ်ဆည်းကပ်သင့်ကြပါကြောင်း။



ဤသို့ ချီးကျူးအံ့ဩ ပြောပမဆုံး သုံးဘုံသူတို့၏ ပူဇာပူဇနိယ အမှန်ပင် ဖြစ်တော်မူထိုက်သော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်အဖုံဖုံနှင့် အလုံးစုံတင့်တယ် အလွန်တစ်ရာ သပ္ပာယ်တော်မူထသော မြတ်စွာဗုဒ္ဓ သုံးလူ့ဘ၏ မုချမှန်စွာ ချထားတော်မူရှာသော ဤသို့ စက်တော်ရာ(ပါဒစေတီ) သည် လွယ်လင့်တကူ အကြောင်းမဲ့ဖြစ်ပေါ်လာသည်ဟု မယူဆစေလိုပါ။ သုံးလူ့ထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ မရောက်မီ ငါတို့ ဘုရားအလောင်းတော်သည် ဤရွေ့ ဤမျှဟု ဂဏန်းချ၍ မရနိုင်သို့ အတိုင်းမသိလေအောင် များဘိရှည်ကြာ ကမ္ဘာကမ္ဘ လေးသင်္ချေကိန်း ကပ်တစ်သိန်းက ထိန်းသိမ်းစုဆောင်းပါမီတော် အပေါင်းတို့သည် ဖြစ်ပျက်ဖန်ခါ သံသရာမှာ ခန္ဓာကိုယ်ရေး(သိဒ္ဓတ္ထဘုရားဖြစ်မည့်ဘဝ၌) အဆုံးစွန် အကျိုးပေးသောအားဖြင့် ထင်ရှားစွာ သူ့အကျိုး၊ ငါ့အကျိုးဟု အမျိုးမျိုးစေ့ဆော် အလုအယက် ဖြစ်ပေါ်လာကြရသည်ဟု မှတ်ယူသင့်၏။

ထိုထိုပါရမီဖြည့်ပုံ အလုံးစုံမှ စိုးစဉ်းမျှသိရလျှင် စိတ်စေတနာ သဒ္ဓါတရား တိုးပွားကြည်လင်၍ အမှန်ပင် အကျိုးရှိလိမ့်မည် ယူဆပါသောကြောင့် မကျဉ်းမကျယ် သိသာလွယ်သောစကားဖြင့် ပါရမီဖြည့်ခန်းကို ရေးသားပါအံ့သတည်း။

* * *

# ဒုတိယပိုင်း

## ပါရမီဖြည့်ပုံ အလုံးစုံကို (အကျဉ်းချုပ်) ပြဆိုသောအပိုင်း

### အခန်း–၁၀

### စိန္တိတံ သတ္တသင်္ချေယျံ စသည်ကို ရှင်းလင်းဖော်ပြခြင်း

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ၊
ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ–

ဟူသော ပါဠိအရ မြတ်စွာဘုရားအလောင်းသည် နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဍရီကအသင်္ချေတည်းဟူသော ခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူကြသည့် ဗြဟ္မာဒေဝအစရှိသော တစ်သိန်းနှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရ၍ ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သော အာသာဆန္ဒ စိတ်ရှိလှ၍ ပါရမီဆယ်ပါးစွန့်ခြင်းကြီးငါးပါးတို့ကို တစ်စတစ်စ ဖြည့်ကျင့်တော်မူသည်။ (စိတ်ဖြင့် ခုနစ်သင်္ချေ ဘုရားဆုကိုပန်သည်။)



ထို့နောက် (သဗ္ဗဘဒ္ဒ အသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတန အသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ ခန္ဓုတ္တမအသင်္ချေ၊ မဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ပဒုမအသင်္ချေ၊ သဗ္ဗသလ္လအသင်္ချေ) တည်း ဟူသော ကိုးအသင်္ချေအတွင်း၌ ပွင့်တော်မူကြသော ပေါရာဏသကျဂေါတမ အစရှိသည့် သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံပြန်လျှင်လည်း ထိုဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ကာ တရားတော်ကိုနာ၍ နောင်သောအခါ ငါလည်းထို့သွင် လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်ပါစေသောဟု နှုတ်ရောစိတ်ပါ ပတ္ထနာ၍ ပါရမီသုံးဆယ် ငါးသွယ်သော ပရိစာဂ စရိယတို့ကို နိစ္စကြီးကုတ်အားထုတ်တော်မူသဖြင့် တစ်စတစ်စ ပါရမီပြည့်ဝ၍ သုမေဓာရှင်ရသေ့ ဗုဒ္ဓအလောင်းတော် ဖြစ်လာရလေသည်။ (နှုတ်ဖြင့်မြွက်၍ ကိုးသင်္ချေ ဘုရားဆုကိုပန်သည်။)

ဤသုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာထွတ်ချာမှန်ကင်းတရားမင်းရှေ့တော်တွင်ပင် နိဗ္ဗာန်ကိုဝင်နိုင်သော်လည်း မှောင်မြူကိလေ ဖိ၍ကြသော ဝေနေယျသတ္တဝါများတို့ကို သနားတော်မူခြင်းတည်း ဟူသော မဟာကရုဏာတော်လှုံ့ဆော်တိုက်တွန်းရကား (သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဓေယျအသင်္ချေ၊ ရုစိယျအသင်္ချေ)တည်းဟူသော လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ပွင့်တော်မူကြကုန်သောဘုရားရှင်တို့ထံတွင်လည်း ဗောဓိသမ္ဘာရ ပါရမီအဝဝကို ကိုယ်ရောစိတ်ပါဖြည့်ကျင့်ဆည်းပူးရာရသည်ဟု အရှင်စူဠဗုဒ္ဓဃောသ မထေရ်က "ဇာတတ္ထကီနိဒါန်း၊ သောတတ္တကီကျမ်း"များတွင် ဖွင့်ဆိုရေးသားတော်မူ၏။ (ကိုယ်ရောစိတ်ပါလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းဘုရားဆုကိုပန်သည်။)

ထိုအရှင်စုဋ္ဌဗုဒ္ဓဃောသမထေရ်သည် မဟာအဋ္ဌကထာ၌ ကျယ်ဝန်းစွာသော စကားကိုချုံး၍ အကျဉ်းရုံးကာ ဘုရားဆုကို ပန်လိုသော ပုဂ္ဂိုလ်များ စိတ်အားတက်ကြွစေခြင်းငှာ စေတနာရှေ့ထား၍ အဋ္ဌကထာသစ်ကို စီရင်ရာ၌ ရေးသားထည့်သွင်းသည်ဟု ယူဆရန်ရှိပါသည်။

အမှန်အားဖြင့် "ယသော်ဓရာ"ပင်လျှင် ဘုရားလောင်း၏ အလုပ်အကျွေးဖြစ်ရပါလိုကြောင်းကို "သုံးသိန်းခြောက်သောင်း သုံးရာ ရှစ်ဆယ့်ခုနစ်ကုဋေ" သော ဘုရားအပေါင်းတို့ထံ၌ လည်းကောင်း၊ "ခြောက်ဆယ့်လေးကုဋေ"သော ပစ္စေကဗုဒ္ဓါတို့ထံ၌ လည်းကောင်း၊ "အသင်္ချေသော ရဟန္တာအပေါင်းတို့"ထံတွင် လည်းကောင်း ဆုပန်ခဲ့ရသည်ဟု ကျမ်းဂန်၌လာရှိခြင်း။

ထို့ပြင်တဝ ဗုဒ္ဓဝစနဖြစ်သော "အပဒါန်" ပါဠိတော်၌–

အဟာမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တံ အဘိပတ္ထယိံ။

**အနက်ကား။** ။ အာနန္ဒ၊ ချစ်သား အာနန္ဒာ၊ အဟမ္ပိ၊ ငါဘုရားသည်လည်း၊ ပုဗ္ဗဗုဒ္ဓေသု၊ ရှေးရှေးသောဘုရားရှင်တို့၏ အထံတို့၌။ မနသာယေဝ၊ စိတ်ဖြင့်သာလျှင်။ အဓိဋ္ဌိတံ၊ ဆောက်တည်သည်။ ဟုတ္ဝာန၊ ဖြစ်၍၊ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ အဘိပတ္ထယိံ၊ ဘုရားအပေါင်းတို့သည်။ "အသင်္ချယာ" ရေတွက်ခြင်းငှာ မတတ်နိုင်ရာကုန်ပြီ။

---



ဤသို့ နှုတ်နှစ်ပါးဖြင့် ဘုရားဆုကို မပန်မီ စိတ်ဖြင့်တောင့်တ၍သာ ပါရမီဖြည့်ရသော ဘဝအသင်္ချေရှိကြောင်း၊ ဘုရားအသင်္ချေနှင့် တွေ့ကြုံဆုတောင်းရခြင်းကို ဘုရားရှင်ကိုယ်တော်မြတ် ဟောမြွက်တော်မူခြင်း။

**အနာဂတဝင် အဋ္ဌကထာ၌–** အာယုကပ်ပေါင်း ခြောက်ထောင်ငါးရာ ပါရမီဖြည့်သဖြင့် သုမေဓာရှင်ရသေ့အဖြစ်သို့ ရောက်ရှိတော်မူလေသည်ဟု ပါရှိခြင်း။

ထိုသို့သော အကြောင်းကြောင်းတို့ကို ထောက်ရှု၍ ဘုရားအလောင်းတော်သည် ဘုရားဖြစ်ရမှုအတွက် ဆုပန်ခဲ့ရသော ဘဝ၊ ပါရမီဖြည့်ခဲ့ရသော ဘဝတို့သည် မရေမတွက်နိုင်လောက်အောင်များပြားလှသည်ဟု မှတ်ယူရမည်။

ထိုမျှ ဘဝအသင်္ချေ မရေမတွက်နိုင်လောက်အောင် များပြားလှသော ပါရမီဖြည့်ပုံ အလုံးစုံတို့မှ ဤမည်သော **"ရွှေစက်တော်အမိုင်းကြီး"** တွင်–

၁။ သုမေဓာရှင်ရသေ့ဘဝ နိယတ ဗျာဒိပန်း ပန်ဆင်တော်မူခြင်းအကြောင်း "ဒူရေနိဒါန်း" ကိုလည်းကောင်း၊

၂။ သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းအကြောင်း "အဝဒူရေနိဒါန်း" ကိုလည်းကောင်း၊

မကျဉ်းမကျယ် သိသာလွယ်သော စကားတို့နှင့် ရေးသားထည့်သွင်းခြင်းဖြင့် ပါဒစေတီတော်ကို ကြည်ညိုပူဇော်ရာ၌ စေတနာတိုးပွား အကျိုးများလိမ့်မည်ဟု မမှိတ်မသုန် ယုံကြည်မျှော်လင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

---

## အခန်း–၁၁

## (ဒူရေနိဒါန်း)

## သုမေဓာသတို့သားအကြောင်း

ဤဘဒ္ဒကပ်ကမ္ဘာမှပြန်၍ လှည့်လည်ရေတွက်သည်ရှိသော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်သောကာလ၌ ကျုံး၊ မြောင်း၊ တံတိုင်း၊ မစွင်၊ ရင်တား၊ သူရဲခိုဟူသော မြို့၏အင်္ဂါ ၆–ပါးနှင့် တကွ (ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ ကြေးစည်သံ၊ လက်ခုပ်သံ၊ ခရုသင်းသံ၊ စားလှည့်ပါ သောက်လှည့် ပါဟူသော ကြွေးကြော်သံ။) ၁၀–ပါးသော အသံတို့ဖြင့် ဆူညံမဆိတ် စိတ်နှလုံးပျော်မွေ့ဖွယ်ရာဖြစ်ပြီးလျှင် အလွန်တရာအေးမြချမ်းသာ လှသည့်အတွက် ဖအမရဝတီ"ဟူ၍ အမည်အားဖြင့် ထင်ရှားကျော် စောသော မြို့တစ်မြို့ရှိ၏။

ထိုမြို့၌ မိဘက် ဖဘက် နှစ်ဘက်ဥစ္စာပေါများ ကြွယ်ဝလှ၍ တင့်တယ်သော ဂုဏ်အင်္ဂါ ဉာဏ်ပညာ၊ ရုပ်အဆင်းနှင့် တကွ ပြည့်စုံသဖြင့် "သုမေဓာ"ဟု နာမပြုသော ပုဏ္ဏားလုလင်သည် ရှိ၏။

သုမေဓာသည် တစ်စုံတစ်ခုအမှုဘ်ကိစ္စ ပြုလုပ်ဖွယ်ဟူသမျှ တို့၌ ကြောင့်ကြမှုမရှိဘဲ အမြဲထာဝစဉ်ပညာကိုသာလျှင် (ပုဏ္ဏားတို့ အတတ်ပညာ) ကြိုးစားအားထုတ်သင်ကြားမှု ပြုလုပ်နေရပါသည်။



ထိုသို့နေရာ မျှားမကြာမီနှစ်ဖြာသောမိဘတို့ကား ဘုရားသော် မှ လွန်ဆန်၍မရပြားသည့် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန် ကြလေကုန်၏။

မိဘနှစ်ပါးတို့ ကွယ်လွန်သွားသောအခါ ဥစ္စာ၊ ရတနာ၊ ဘဏ္ဍာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရသော စာရင်းကိုင်အမတ်သည် စာရင်းပုရိပိုက်တို့ကို ယူဆောင်ပြီး ရတနာတိုက်ခန်းကြီးကို ဖွင့်လျက် "အရှင်သုမေဓာ၊ ဤတိုက်ခန်းဆောင်ဝယ် အရှင်၏ အမိပိုင်ဆိုင်ရာ ဥစ္စာကား ဤမျှဤမျှ၊ အဘ၏ပိုင်ဆိုင်ရာဥစ္စာကား၊ ဤမျှဤမျှ စသည်ဖြင့် ညွှန်ကြားပြသပြီးလျှင် အရှင်သုမေဓာ၏ သဘောအတိုင်း ကြည့်ရှုစီမံပါလော့"ဟု ပြောဆိုလွှဲပြောင်းအပ်ခြင်း အမှုပြုလေတော့ သည်။

## အခန်း–၁၂

### သုမေဓာတောထွက်ခန်း

သုမေဓာပညာရှိသည်လည်း ထိုပစ္စည်းဥစ္စာများကို ကြည့်ရှုကာ ငါ၏မိဘ အဘိုးအဘွား စသည်များသည် ဤမျှလောက်များပြားသော ပစ္စည်းဥစ္စာများကို စုဆောင်းသိုမှီးထားလျက် အချည်းနှီးဗလာ အသပြာတစ်ပြားတစ်ချပ်ကိုမျှ မိမိနောက်သို့ပါအောင် မယူဆောင်နိုင်ကြပဲ အလုံးစုံပစ်ထား၍ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ကြရလေတော့သည်။ ငါမူကား ဤပစ္စည်းများကို မိမိနောက်သို့ပါအောင် ယူဆောင်၍သွားနိုင်သော နည်းလမ်းကို ရှာကြံပြုလုပ်မှ သင့်တော်မည် ဟူသော အကြံသည် ဖြစ်လေ၏။

ထိုသို့ အကြံဖြစ်ပြီးသောအခါ တိုင်းပြည့်ရှင်ဘုရင်မင်းတရားထံသို့ အကြောင်းစကား ပန်ကြားပြီးလျှင် မင်းကြီး၏ခွင့်ပြုချက်သဘောတူညီချက်ဖြင့် အမရဝတီ မြို့တော်ကြီးကို စည်လည်တီးခတ်စေ၍ အယုတ်အလတ်အမြတ်မရွေးဘဲ အလွယ်တကူ ယူလိုရာ ယူကြလေတော့ဟု ဥစ္စာတိုက်ခန်းကို ဖွင့်၍ စွန့်ကြဲလေတော့သတည်း။

ထိုနောက်တဖန် ဆင်ခြင်မိပြန်သည်မှာ ငါသည် ဇာတိမကောင်းသူဖြစ်၍ ဇရာ၊ ဗျာဓိတို့နှင့်လည်း မုချမကင်းနိုင်ရာ၊ ထို့ကြောင့် ဇာတိစသော ဘေးဒုက္ခတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရှာမှ သင့်ပေမည်။ ဤငါ၏ ခန္ဓာကိုယ်ရုပ်ကြီးသည်လည်း အပုပ်အထိ ပိုးလောက်



တို့ဖြင့် ပြည့်လျက်ရှိ၏။ သို့အတွက် ခန္ဓာကိုယ်ကြီးကို ငဲ့ကွက်တွယ်တာခြင်းမရှိဘဲ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်သွားရာလမ်းခရီးကို တွေ့အောင်ရှာမှ သင့်ပေတော့မည်။ လောက၌ ဆင်းရဲရှိလျှင် ချမ်းသာလည်းရှိရမြဲ၊ အပူရှိလျှင် အအေးလည်းရှိရမြဲ၊ ထိုနည်းတူ သတ္တဝါတို့အား လောင်မြိုက်တတ်သည့် "ရာဂ၊ ဒေါသ၊ မောဟ"မီးသုံးပါးသည် အထင်အရှားရှိသည်ဖြစ်၍ ထိုမီးတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်သည်လည်း ဧကန်အမှန်ရှိ၏။

ဥပမာ။ ။မစင်ဖြင့် လိမ်းကျံလူးလည်လျက်ရှိသူသည် ရေဖြင့်ပြည့်သော တစ်ဖက်ဆည်ကန်ကြီးကို တွေ့မြင်ရပါလျက်နှင့်ဆေးကြောခြင်းမပြုလုပ်ပါမူ ရေကန်၏အပြစ်မဟုတ်သကဲ့သို့ကိလေသာတည်းဟူသောချေးညှော်တို့ဖြင့် လိမ်းကျံလူးလည်လျက်ရှိသူသည် ထိုကိလေသာချေးညှော်ကို ဆေးကြောရာဖြစ်သည့် အမြိုက်နိဗ္ဗာန်တည်းဟူသော ရေကန်ကြီးကိုတွေ့အောင်မရှာမှီးခဲ့သော် ရေကန်ကြီးတည်းဟူသော နိဗ္ဗာန်၏ အပြစ်မဟုတ်ဘဲ မရှာမှီးမဆေးကြောသူ၏အပြစ်သာ ဖြစ်ချေတော့သည်။

ဤသို့ စသည်ဖြင့် ဆင်ခြင်ပြီးလျှင် ရွှေငွေ ရတနာ ဥစ္စာပစ္စည်းစသော ဝတ္ထုကာမတို့ကို တပ်နှစ်သက်ခြင်း စသောကိလေသာကာမတို့ကိုပယ်လျက် အမရဝတီမြို့မှ တစ်ကိုယ်တည်း ထွက်ခွာခဲ့၍ ဟိမဝန္တာတောအတွင်းဝယ် တရားနှင့်လျော်စွာ ကျင့်ကြံနေထိုင်ဖွယ်

ကောင်းသော "ဓမ္မိက"အမည်တွင်သည့် တောင်ကို အမှီပြုကာ သိကြားမင်း စေခိုင်းတိုက်တွန်းချက်အရ ဝိသကြုံ နတ်သားဖန်ဆင်းထားသည့် ကျောင်းသင်္ခမ်း၌ တစ်ဆယ့်နှစ်ပါးသော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံသော လျော်တေသက်နှင်းကို ဝတ်ရုံပြီးလျှင် ရသေ့ရဟန်းအဖြစ်နှင့် နေလေသည်။

* * *

## အခန်း–၁၃

## သုမေဓာရသေ့ရှာန်နှင့် မွေ့လျော်ခန်း

ဤကဲ့သို့ လူဝတ်ကို မဆင်မြန်း၊ ရသေ့ရဟန်းအသွင်ယူပြီးနောက် ဝိသကြုံနတ်မင်း ဖန်ဆင်းအပ်သော အတောင် ၆၀–မျှရှိသည့် စင်္ကြံ၌ စင်္ကြံလျှောက်ရင်းမိမိအသွင်ကို ဆင်ခြင်ကြည့်ရိုကာ ငါ၏နှလုံးအလိုသည် အထွတ်အထိပ်သို့ ရောက်ရပေပြီဟု ဝမ်းမြောက်သော စိတ်နှင့်တကွ ညအခါတွင် အအေးမှ ကာကွယ်ရန်အတွက် ကျောင်းတွင်းသို့ ဝင်၍ အိပ်စက်လေ၏။

ထိုနေ့မှ နောက်မိုးသောက်သောအခါ၌ မြို့မှထွက်လာခဲ့သော မိမိ၏ မူလစိတ်ထားရင်းအကြောင်းကို ဆင်ခြင်လျက် မုက်, ခြင်ဟူသော ကိလေသာမိစ္ဆာဝိတက်၏ ကိုက်ခဲ ထိုးကျင်ခြင်းမှ လွတ်ကင်းအောင် အားထုတ်တော့မည်ဟု အတည်တကျ စိတ်ကိုဆုံးမပြီး



လျှင် ကျောင်းသင်္ခမ်းနှင့်တကွ စင်္ကြံကိုပါစွန့်ပယ်ကာ သစ်ပင်ရင်းသို့ ကပ်၍မြတ်သော ကမ္မဋ္ဌာန်းနှင့် ယှဉ်လျက်နေလေသည်။

တဖန်မိုးသောက်အရုဏ်ရောက်တွင် ရွာတွင်းသို့ဆွမ်းခံဝင်သောအခါ ဒါယကာ၊ ဒါယကာမအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာ မြိန်မြတ်ကောင်းမွန်သော ဆွမ်းဘောဇဉ် အာဟာရတို့ကိုလောင်းလှူလိုက်ကြသဖြင့်ပြန်ကြွ၍ ဆွမ်းစားပြီးသော့အခါ ဆင်ခြင်ပြန်သည်မှာ–

ငါသည်အာဟာရငတ်မွတ်၍ ရသေ့ရဟန်းပြုလုပ်သည် မဟုတ်၊ ဤကဲ့သို့ မွန်မြတ်သော ဘောဇဉ်တို့မည်သည် မာန် ယစ်ခြင်းကို ဖြစ်ပွားအားပေးတတ်သော သဘောရှိတတ် လေသည်။

ထို့ကြောင့် ယနေ့မှစ၍ ဒါယကာ၊ ဒါယကာမတို့ စိုက်ပျိုးအပ်သော စပါး၊ ပဲ၊ ပြောင်းတို့မှဖြစ်သော အာဟာရတို့ကို မသုံးဆောင်တော့ပြီ။ အလိုအလျောက် တော၌ ပေါက်သော သစ်သီးသစ်ဥ ဆွမ်းတို့ဖြင့်သာ ရောင့်ရဲ၍ အားခဲကာ ကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးစားတော့မည်–

ဟု စိတ်ကိုဆုံးမကာ သစ်သီးသစ်ဥတို့ကို ဘုန်းပေး၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာ ၇–ရက်အတွင်းမှာပင် လောကီအဘိညာဉ် ငါးပါး တို့ကို ရလေသတည်း။

**လောကီအဘိညာဉ် ငါးပါးကား–**

၁။ ဣဒ္ဓိဝိဓအဘိညာဉ်–အထူးထူးအပြားပြားတန်ခိုးအားဖြင့် ဖန်ဆင်နိုင်ခြင်း။

၂။ ဒိဗ္ဗသောတ အဘိညာဉ်–နတ်၏နားကဲ့သို့ ကြားနိုင်ခြင်း။

၃။ ပရစိတ္တ ဝိဇာနန အဘိညာဉ်–သူတစ်ပါး၏ စိတ်အလိုအကြံကို သိနိုင်ခြင်း။

၄။ ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဉ်–ရှေးရှေးဘဝဖြစ်ဖူးနေသော ခန္ဓာကိုယ်အစဉ်ကို သိမြင်နိုင်ခြင်း။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ်–နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း။

**မှတ်ရန်**။ ။ သုမေဓာရှင်ရသေ့သည် ဤလောကီအဘိညာဉ် ငါးပါးကိုသာရသည်။ အကယ်၍အာသဝေါတရား ကုန်းခန်းစေနိုင်သော အာသဝက္ခယ (လောကုတ္တရာ–အဘိညာဉ်) အဘိညာဉ်ကို ရခဲ့ပါလျှင် ထိုဘဝ၌ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ရောက်သွားရာသည်

**သမာပတ် ရှစ်ပါးကား**

၁။ ရူပါဝစရ ပဌမဈာန်၊

၂။ ရူပါဝစရ ဒုတိယဈာန်၊

၃။ ရူပါဝစရ တတိယဈာန်၊

၄။ ရူပါဝစရ စတုတ္ထဈာန်၊

၅။ အရူပါဝစရ အာကာသာနဉ္စာယတနဈာန်၊



၆။ အရူပါဝစရ ဝိညာဏဉ္စာယတနဈာန်၊

၇။ အရူပါဝစရ အာကိဉ္စညာယတနဈာန်၊

၈။ အရူပါဝစရ နေဝသညာ နာသညာယတန ဈာန်များ ဖြစ်သည်။

ဤ၌ ဈာန်ဟူသည် မကောင်းမှု အကုသိုလ်တရားတို့ကို လောင်မြိုက်ဖျက်ဆီးတတ်သောတရားဖြစ်၍ ဆိတ်ငြိမ် အေးမြခြင်း ရှိပေသည်။

သုမေဓာရှင်ရသေ့သည် လောကီအဘိညာဉ် ၅–ပါး၊ သမာပတ် ၈–ပါးတို့ကို ရရှိပြီးသောအခါ ဈာန်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေလျက် နှစ်သက်စွာနေထိုင်ခဲ့လေရာ ဒီပင်္ကရာမြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေနေခြင်း၊ ဖွားတော်မူမြင်း၊ သစ္စာလေးပါးကို သိမြင်၍ ဘုရားဖြစ်တော်မူခြင်း ဓမ္မစကြာတရား ဟောတော်မူခြြင်းဟု ဆိုအပ်သော အခါထူး အခါမြတ်တို့၌ တစ်သောင်းသော စကြဝဠာ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ ချာချာလည်မြည်ဟိန်းလျက် ၃၂–ပါးသော နိမိတ်ကြီးများ ဖြစ်ပေါ်သည်ကိုမျှ မကြားမသိ မတွေ့မမြင်ဘဲ ရှိလေသည်။

* * *

## အခန်း–၁၄

## ဒီပင်္ကရာ မြတ်စွာဘုရား ရမ္မာဝတီသို့ကြွခြင်း

ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသောဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာလေးသိန်း အခြံအရံနှင့်တကွ ဒေသစာရီ လှည့်လည်တော်မူသောအခါ ရမ္မာဝတီမြို့သို့ ရောက်သဖြင့် သုဒဿန မဟာဝိဟာရ ကျောင်းတော်ကြီး၌ သီးတင်းသုံးနေတော်မူလေသည်။

မြို့သူမြို့သား လူအများတို့သည် ပျား၊ ထောပတ်၊ သကာ၊ ဆွမ်းဘောဇဉ် အရသာတို့နှင့်တကွ ပန်းနံ့သာတို့ကိုပါ လက်၌စွဲကိုင်ကြလျက် ဘုရားရှေ့မှောက်သို့ သွားရောက်ကာ တရားတော်ကို နာယူကြကုန်၏။

တစ်နေ့သောအခါ မြို့သူမြို့သားတို့သည် ဝမ်းသာအားရ ရွှင်ရွှင်ပျပျနှင့် ကြီးစွာသောအလှူကို စီရင်ကြပြီးလျှင် မြို့ကိုပါ တန်ဆာဆင်၍ ဘုရားရှင်ကြွလာမည့်လမ်း၌ ဆန်ပန်း ပေါက်ပေါက် ကြဲမြှောက်ဖြန့်ခင်း တွင်းကျင်းရေနေ ရှိသမျှကိုလည်း ညီညွတ်အောင် ဖို့ယူကြလျက် သူ့ထက်ငါသာ ညီညာအားသွန် တံခွန်ကုက္ကား မုလေးပွား ကြက်လျှာတို့ကိုလည်း တင့်တယ်စွာ ဆွဲဆင်ခြင်းအမှု ပြုလုပ်ကြလေကုန်၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့် ချာန်ဟုန်စီး၍ ကြွလာလေရာ များစွာသော လူအပေါင်း သောင်းသောင်းဖျဖျ လုံ့လအားထုတ် ပြုလုပ်နေကြသည်ကို တွေ့



မြင်ရသဖြင့်ကောင်းကင်မှ သက်ဆင်း၍ ခင်းကျင်းစီရင် လမ်းပြုပြင်နေကြခြင်း၏ အကြောင်းရင်းကို ထင်လင်းအောင် မေးမြန်းလေ၏။ ရမ္မာဝတီပြည်သူတို့ကလည်း ကြည်ဖြူစွာနှင့် သဘောပေါက်အောင် လျှောက်ထားပြောဆိုလေလျှင် သုမေဓာရှင်ရသေ့သည် ဤသို့အကြံဖြစ်လေ၏။

လောက၌ ဘုရားဟူသော အသံကို ကြားရုံမျှပင် အလွန် ခဲယဉ်း၏။ ယခုကဲ့သို့ ဘုရားပွင့်သောအခါမျိုးနှင့် ကြုံကြိုက်ဖို့ရာမှုကား ပြောကြားဖွယ်မရှိ၊ ပကတိ ခဲယဉ်းကြီးမက ခဲယဉ်းလှပေ၏။ ထို့ကြောင့် ငါသည် အခါကောင်းနှင့်ကြုံတွေ့ရသော ဤနေ့တွင် ဒီပင်္ကရာမြတ်စွာဘုရား ကြွတော်မူလာမည့် လမ်းခရီးကို အများနည်းတူ တစ်ပါးတည်း ကူညီပြုပြင် တန်ဆာဆင်တော့မည်ဟူသော အကြံပေါ်လာလေ၏။

ထိုသို့ အကြံဖြစ်သည့်အားလျော်စွာ လူအများအား မိမိအတွက် လုပ်ကွက်မြေရာလမ်းတာ တစ်ခုခုပေးပါရန် ခွင့်တောင်းလေ၏။ လူအပေါင်းကလည်း တန်ခိုးရှင်ဖြစ်သည်ကိုသိသဖြင့် ရွှံ့ဗွက်များရာ ဌာနကို ညွှန်ကြားချပေး၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် ဘုရားတည်းဟူသော အာရုံကိုယူကာ ဤလမ်းတာကို ငါ၏တန်ခိုးဖြင့် ပြုပြင်၍ တန်ဆာဆင်ရလျှင် အဆောတလျင် ပြီးစီးနိုင်၏။ ထိုသို့ ပြုပြင်ခြင်းဖြင့် ငါ၏စိတ်၌ နှစ်သိမ့်ခြင်း မဖြစ်နိုင်ချေ။ ကာယဝေယျာဝစ္စကို ပြု၍ တန်ဆာဆင်မှသာလျှင် ငါ၏ စိတ်နှလုံး၌ နှစ်သိမ့်ခြင်းဖြစ်

နိုင်မည်ဟု ကြံစည် ဆင်ခြင်ပြီးလျှင် တန်ခိုးအားကို အသုံးမပြုတော့ဘဲ အများနည်းတူ မြင့်ရာက မြေစိုက်ကို ပေါက်ယူ သယ်ပိုးလျက် နိမ့်ခွက်ချိုင့်ဝှမ်းရာကိုဖို့၍ ဝမ်းမြောက်သော ပီတိအဟုန်ဖြင့် အားကုန်ကြိုးပမ်း မြတ်ဘုရားကြွလာမည့်လမ်းကို ရှင်လန်းစွာ ပြုပြင်လုပ်ကိုင်နေလေသတည်း။

ထိုသို့ ပြုပြင်လုပ်ကိုင်နေဆဲ သုမေဓာရှင်ရသေ့၏ တာဝန်ကျသော နေရာက မပြီးစီးမီပင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာလေးသိန်း ခြံရံလျက် ကျောင်းတော်မှ ထွက်ကြွလာတော်မူလေ၏။ ထိုအခါ များစွာသောင်းသောင်း နတ်လူအပေါင်းတို့သည်လည်း ညွှတ်ပျောင်းကော်ရော် ပန်းနံ့သာ အမျိုးမျိုးတို့ဖြင့် ရှိပူဇော်ကာ လိုက်ပါကြကုန်၏။

သုမေဓာရှင်ရသေ့ကား ကိုယ်တော်အားဖြင့် ပူဇော်ရန်အတွက် ရွှံ့ဗွက်ညွှန်စေးတို့ကို ပြုပြင်နေခိုက်ဝယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်တော်မူသော ကိုယ်တော်၏ အသရေတော်နှင့်တကွ ၃၂-ပါးသော လက္ခဏာတော်ငယ်တို့ဖြင့် လပြည့်ဝန်းအသွင် သံဃာတော်အပေါင်းတည်းဟူသော ကြယ်ဘာရာတို့ ဝန်းရံလျက် မျက်လွှာချကာ ကြွလာတော်မူသော ဘုရားရှင်ကို ဖူးမြင်ရလေသောအခါ သဒ္ဓါပီတိ ဝမ်းဆီထိမျှ ရွှမ်းအိနှစ်လို ကြည်ညိုလှသော စိတ်ဓာတ်ဖြင့် မြတ်စွာဘုရားနှင့်တကွသော တပည့်သားတို့သည် ရွှံ့ညွှန်ပေါ်ကို မနင်းမလျှောက်ရလေ‌ေ ာင် ငါ့အသက်ကိုပင် စွန့်တော့မည်။ ထိုသို့ပြုပြင်ခြင်းဖြင့် ထင်လင် ည့်ကြာ ငါ၏အကျိုး စီးပွားများပြားခြင်းဖြစ်ပေလိမ့်မည်ဟု အတည်စိတ်သန် ရည်ဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်



တိုင်အောင် အာရုံမျှော်လျက် ကိုယ်တော်ကို အလျားမှောက်ပြီး ဘုရားလျှောက်ရန် တံတားပြု၍ အိပ်လေ၏။

ထိုသို့ မှောက်လျက်အိပ်ရင်းက စိတ်တွင်း၌ အကြံဖြစ်သည်မှာ ငါသည် ယခုလက်ငင် သံသရာဝဋ်အတွင်းက ထွက်ခြင်းကို ပြုလိုကပြုနိုင်၏။ သို့ရာတွင် ဒီပင်္ကရာ မြတ်စွာဘုရားနည်းတူ ဝေနေယျသတ္တဝါတွေကို နိဗ္ဗူတာသောင်ကမ်းသို့ တက်လှမ်းမိအောင် ကယ်တင်တော်မူလိုသောစိတ်နှင့် မမှိတ်သောမျက်စိဖြင့် ဘုရား၏ အသရေတော်ကို ကြည့်ပြီးလျှင် မိမိတစ်ကိုယ်တည်း မထင်မရှား နိဗ္ဗာန်သို့မသွားလိုပါ၊ 'ဟိုခါတစ်နေ့ ငါရသေ့လည်း ခုတွေ့သည့် ဒီပင်္ကရာထွတ်ချာမှန်ကင်းတရားမင်းကဲ့သို့ ထင်လင်းမသွေ သဗ္ဗညုဘုရားဖြစ်ပါစေသား'ဟု အားသစ်ကာ ဓိဋ္ဌာန်မှုဖြင့် တောင်းဆုယူပြုလေတော့သတည်း။

* * *

## အခန်း-၁၅

## နိယတဗျာဒိတ်ကို ခံယူတော်မူခြင်း

ဒီပင်္ကရာထွတ်ချာမှန်ကင်း တရားမင်းသည်လည်း သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တန့်တော်မူလျက် ဤရသေ့ကား ဘုရားဆုကို ပြည့်စုံမည်လော၊ မပြည့်စုံမည်လောဟု အနာဂတံသ

ဘုရားတော်ရှင်ဖြင့် ရှုမျှော်ဆင်ခြင်တော်မူသောအခါ ဤကမ္ဘာမှ နောက်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်မြောက်လျှင် ကပိလဝတ် ပြည်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် သီရိမဟာ မာယာဒေဝီမိဖုရားကြီးတို့၏ ရင်နှစ်သည်းခြား သားရတနာ(သိဒ္ဓတ္ထ မင်းသား)ဖြစ်၍ ထိုအခါ၌ပင်လျှင် ရှင်ဂေါတမအမည်တော်ရသော ဘုရားစင်စစ်ဧကန်ဖြစ်ကတ္တံ့သည်ကို မြင်တော်မူ၏။

ဤသို့မြင်တော်မူသဖြင့် ဤရသေ့ကား ဘုရားအညွန့် အစွန့် ရှည်ကြာ ဤကမ္ဘာမှ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအလွန်ဝယ် မယ် ဘော်မာယာ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးတို့၏သား (သိဒ္ဓတ္ထ မင်းသား)ဖြစ်ပြီးလျှင် စင်စစ်မသွေ ညောင်ဗုဒ္ဓေဟပင်ကို အမှီပြုကာ သစ္စာလေးဘော် တရားတော်နှင့် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဦးခိုက်ပူဇော်ရာ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဝစီထုတ်ဟ ဗျာဒိတ်တော်ရသော စကားကို မိန့်တော်မူလေသတည်း။

**ပဿထ ဣမံ တာပသံ စဋိလံ ဥဂ္ဂတာပနံ၊ အပရိမေယျ ဣတော ကပ္ပေ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။ ။**

ဘိက္ခဝေ =ငါ၏ချစ်သားရဟန်းများတို့၊
တုမှေ =သင်တို့သည်၊
စဋိလံ =ညှိမှောင်စုရုံး ဆံကျစ်ကို ထုံးပေသော၊
ဥဂ္ဂတာပနံ =အဝတ်အစား ဝင့်မကြွားဘဲ ခြိုးခြံသော အကျင့်ရှိထသော၊



ဣမံ တာပသံ =တံတားလျှောက်ရန် အလျားမှောက်၍ နေသောဤရသေ့ကို၊
ပဿထ =ကြည့်ရှုကြကုန်လော့၊
အယံတာပသော =ဤရသေ့မြတ်သည်၊
ဣတော =ဤသာရမဏ္ဍကမ္ဘာမှ၊
အပရိမေယျေ =အတိအကျ မှန်းဆပိုင်ပိုင် ရေတွက်၍ မရနိုင်သော၊
ကပ္ပေ =လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဘဒ္ဒကမ္ဘာ၌၊
လောကေ =လောကသုံးပါး ထင်အရှားတွင်၊
ဗုဒ္ဓေါ =ဂေါတမမည်ထား မြတ်ဘုရားပင်၊
ဘဝိဿတိ =စင်စစ်မသွေ ဖြစ်ရချေမည်တကား၊

* * *

## အခန်း-၁၆

## သုမိတ္တာ သူဌေးသမီးအကြောင်း

ထိုအမရဝတီ မင်းနေပြည်တော်တွင် ဂုဏ်သတင်းကြွယ်ဖြိုး (ဗြဟ္မာဏမဟာသာလ) သူဌေးမျိုး၌ ကုဋေပေါင်းရှစ်ဆယ် ကြွယ်ဝသော သူဌေးသမီးသုမိတ္တာသည် အင်္ဂါရုပ်ဆင်းချို့ယွင်း

မမြင် အလွန်ပင်ပြေပြစ်၍ ရွှေအနှစ်ကို ထုထားအပ်သည့် ယမင်းရုပ်သဖွယ် တင့်တယ်လှပသော အမျိုးသမီးကလေး ဖြစ်ပေသည်။

ယင်းသို့ ဥစ္စာပေါ ရုပ်ချော နှုတ်ပြေပြအလိမ္မာ၊ တစ်ကြိမ်တစ်ခါမျှ ကြောင့်ကြမှုမရှိ ပိပိရိရိ အခြေပိုင်ပိုင် နေထိုင်နိုင်ဖြစ်ခြင်းကြောင့် ထိုအမျိုးသမီး သုမိတ္တာအား သတင်းပင်ကြီးပြားသော်လည်း ခရီးသွားနည်းပါးလှ၍ တွေ့မြင်ဖူးသူ ရှားသောဟူ၏။

တစ်ရံခါသော် ထိုအမျိုးသမီးကလေး သုမိတ္တာသည် အမရဝတီမင်းနေပြည်တစ်ခုလုံးတွင် အုံးအုံးကြွက်ကြွက် ရှိသမျှလူကုန်ထွက်၍ မင်းထက်မင်း ဖြစ်တော်မူသော မြတ်စွာဘုရား ဒီပင်္ကရာကို စီစဉ်ကာ အကြိုအဆိုပြုသော ပွဲကြီး၌ ဘုရင်မင်းပါမကျန် အားလုံးပင် ပျော်ရွှင်အားရ သွားလာကြသည်ကို မြင်လေသော် ရှုလေတိုင်းတင့်တယ်၍ တကယ်ပင် မြင်ရသူတို့စိတ်ကို ယိုဖိတ်စေအောင် စွမ်းဆောင်နိုင်သော ရံရွှေဘော် အပျိုတော်ငါးရာတို့ ခြံရံပြီးလျှင် ယာဉ်ရထားစီးလျက် ဘုရားကြိုဆိုပွဲသို့ နွဲဖို့ရာ ထွက်လာလေသည်။

အမျိုးသမီးသုမိတ္တာ အခြွေအရံငါးရာနှင့် ထွက်လာသော အချိန်၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ၏ ဦးခေါင်းနားတွင် တန့်ရပ် တည်နေတော်မူသည်ဖြစ်၍ လူထုပရိသတ်ကတင်းကျပ်စွာ တိုးဝှေ့နေသည်ကို သုမိတ္တာမြင်လေလျှင် အနီးသို့ဝင်၍ ဖူးမြင်လိုသော အာသာဆန္ဒ ပြင်းပြလှ၍ မုချပိုင်ပိုင် ကြာရှစ်ခိုင်ကို စွဲကိုင်ကာ ဝပ်တွား မြတ်စွာဘုရားအား ပူဇော်မည်ဟု



ရည်ရွယ်ပြုလျက် ရထားထက်မှ ဆင်းသက်ကာ မဟာလူထုအတွင်းသို့ ဖောက်ထွင်း၍ ဝင်လာလေ၏။

ဂုဏ်ကြီးရှင် သဌေးသမီးဖြစ်သည့် အားလျော်စွာ သုမိတ္တာကညာအကျော့တို့ လာပေါ့ဟုဆိုလျှင် အရေးတကြီး သဌေးသမီးအသွင်ထူးသည်ကို မမြင်ဖူးသူ လူအပေါင်းတို့က အကြောင်းအားလျော်စွာ ကြုံကြိုက်ခဲလှသည့် ဤပွဲမျိုးမှာ ကြိုးစား၍ ကြည့်လိုက်မည်။ စိတ်တွင်းမှကြံစည်၍ ဤမည်သော သုမိတ္တာသတို့သမီး တို့အနီးသို့လာပါစေ၊ သဒ္ဓါတွေဝေကာပို၍ နေရာကို ဖယ်ရှင်း လမ်းဖွင့်ခြင်းပြုကြသဖြင့် အတုလဒီပင်္ကရာနှင့် စီစဉ်ကာ တံတားလျှောင်းသည့်ဘုရားလောင်း၏အနီးအနားသို့ သုမိတ္တာတို့လူသိုက် အပြီးသားဆိုက်ရောက်ကြလေတော့သတည်း။

* * *

## အခန်း–၁၇

### သုမိတ္တာ–ယသော်ဓရာအလောင်း ဆုတောင်းခြင်း

သုမိတ္တာ သဌေးသမီးမှာ အရေးတကြီး ဒီပင်္ကရာ ဘုရားရှင်အား ညွှတ်တွားပူဇော်ရန် လာသောအခါ အလျားစင်း၍ တံတားခင်းနေသော သုမေဓာရှင်ရသေ့ကို မြင်လျှင် စိတ်ထဲတွင်

တစ်မျိုးတွက်ပြီး ခြေဘ်. . ရွံ့ညွှန်ဗွက်အိုင်ထဲမှာ အသက် ပင်သေသေ အရေပင်စုတ်စုတ် အဟုတ်ပ အလှူမောက်၍ တံတား လျှောက်ရန် ပြုလုပ်နေတာ သနားစရာပါကလ... ရုပ်ရည်နဲ့ သူ့အဆင်းနဲ့ တံတားခင်းနိုင်တဲ့ စေတနာဟာ အံ့စရာပါကလား လောကကြီးအလယ်တွင်တကယ်ပင် ကြည်ညိုစရာကောင်းတဲ့ ရသေ့ထူးကလေးပါပဲ။ ဤရသေ့ကလေး နုနုနယ်နယ်ကို အကယ် ၍များ ဒီပင်္ကရာဘုရားကြီးတစ်ပါးတည်း နင်းလျှင် တော်ပါသေး၏။ နောက်တော်ပါး သံဃာလေးသိန်းတို့ကလည်း တစ်ပါးပြီးတစ်ပါး နင်းတက်သွားကြပါလျှင် ရသေ့ ကလေး အမျိုးသားမှာ အရိုး အသားရှာ၍ပင် တွေ့နိုင်စရာ အကြောင်းမမြင်၊ သနားစရာပင် ဖြစ်နေတော့တာပဲဟု မေတ္တာနှင့်ကရုဏာ ယှဉ်တွဲလျက် စိတ်ထဲ၌ ဖြစ်ပေါ်နေစဉ် ဘုရားမြတ် ဒီပင်္ကရာက အလောင်းတော် သုမေဓာ အား မြွက်ကြားသော ဗျာဒိတ်စကားကို နားနှင့်ဆတ်ဆတ် ကြား လတ်သော်အခါ 'လသာတုန်းဖိုင်းငင်' ဆိုသကဲ့သို့ ထိုဘုရား ထံတော်တွင် ငါလိုချင်သည့်ဆုကို ယူဖို့ရာ သင့်သည်ဟု ကြံစည် တွေးတောမိလေ၏။

ထိုသို့ တွေးတောမိသည်နှင့် တပြိုင်နက် မိမိလက်တွင် အသင့်ပါလာသော ကြာရှစ်ခိုင်ကို ပိုင်ပိုင်ကြီး လှူတော့မည်ဟု ရည်ရွယ်ချက် ပြုသည်တွင် ယခုဘုရားနှင့် နောင်ဘုရား သုမေဓာ အား ဝေမျှကာ လှူဒါန်းပါတော့မည်၊ အကယ်၍ သုမေဓာ ရသေ့ကလေးအား မလှူငြားဘဲ ချန်ထားခဲ့ပါလျှင် သူ့ခမျာမှာ မျက်နှာငယ်ရှာတော့မည်၊ သို့ဖြစ်သည်ကြောင့် တစ်ဝက်စီခွဲခြမ်း လှူဒါန်းရန် စိတ်ကူးနဲ့ ထူးလှသည့် ကြာရှစ်လက်ကို တစ်ဝက်စီခွဲ



ဒီပင်္ကရာ မြတ်ဘုရားထံ သုမေဓာရသေ့နှင့်သုမိတ္တာတို့ ဗျာဒိတ်ပန်းဆင်ပုံ

သောအခါ သုမိတ္တာစေတနာကြောင့် "သုမေဓာ ကြာငါးလက် ဒီပင်္ကရာဘုရားအတွက် ကြာသုံးလက်သာ ကျန်လေသည်။" ?

ထိုနောက်များစွာ ခွဲဝေပါလည်း ရွှေ[illegible] ရသေ့ဘက်သို့ သုံးလက်အကျန် ဘုရားထံတည့် ကြံဖန်ဖြစ်ရ ဤဒါနတွက် ဝစီထွက်၍ မြွက်ဟသည်မှာ–အို…သုမေဓာ ရသေ့မြတ်၊ တပည့်တော်မသည် အရှင်ရသေ့မြတ်အတွက် ကြာငါးလက်လှူပါသည်။ ယခုပြုရသော ကုသိုလ်ကြောင့်–

၁။ ဘဝနောင်ခါ သံသရာတွင် မကွာအစဉ် ဖြစ်စေချင်၏။

၂။ ဤတွင်လှူဒါန်း ကုသိုလ်ပန်းကြောင့် မျှော်မှန်းအဓိဋ္ဌာန် ဗောဓိဉာဏ် ရင့်သန်စေကြောင်း ဆုမွန်တောင်း၏။

ဤသို့ နှစ်ဘက်ရစကား စတင်၍ ပြောကြားပြီးမှ ဘုရားမြတ် ဒီပင်္ကရာနှင့် သုမေဓာရှင်ရသေ့တို့အား ကြာပန်းကိုလှူလေ၏။

ဤသည်ကို ရည်ရွယ်၍ ရှေးပညာရှိကြီး အသီးသီးတို့က ဘုရားလောင်းနှင့် ယသော်ဓရာ အလောင်းတို့အား "မေတ္တာအစ ကြာပန်းက"ဟု မြွက်ဟမိန့်ဆိုတော်မူကြလေသည်။

သုမေဓာရှင်ရသေ့ကလည်း သုမိတ္တာ၏လက်ဆောင် နှုတ်ဆက် ဆုပန်ချက်ကို နှစ်သက်တော်မူလှလျက် မိမိအတွက် ရသော ကြာပန်းငါးခိုင်ကိုလည်း ဘုရားရှင်ကိုပင် လှူဒါန်းပြီးကာ ဤသုမိတ္တာအမျိုးသမီးကလေးသည် ဘဝ နောင်ခါ သံသရာဝယ် ပါရမီပြည့်ဖက် ဖြစ်ပါစေသားဟု ပတ္ထနာဆု ထပ်မံပြုသည်တွင် ဒီပင်္ကရာဘုရားရှင်က "အို– ရသေ့မြတ်သုမေဓာ၊ ယခုနေအခါ သဒ္ဓါတရားပြောင်းလျက် ဆုတောင်း၍ နေရှာသော သုမိတ္တာသည် သင်ဘုရားမဖြစ်မီ ကျင်လည်ရာဘဝ ဘုံလောက



တို့တွင် သင်၏အကျိုးကိုသာ မျှော်ကိုးရည်သန် အပင်ပန်းခံလျက် အမှန်ပင် ဖြည့်ကျင့်ရမည်ဖြစ်သော ပါရမီတော်အခက်ပန်းတို့ကို တစ်ဘက်တစ်လမ်းက ကူညီမည့်သူပေတည်းဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း။

* * *

## အခန်း–၁၈

## ပါရမီဆယ်ပါးကို ဆင်ခြင်တော်မူခြင်း

အလောင်းတော် သုမေဓာရှင်ရသေ့လည်း ဘုရားရှင်တို့၏ ဗျာဒိတ်တော် စကားမည်သည် လွဲမှားချွတ်ချော်ရိုးမရှိ၊ နိယတ အမှန်ဧကန်ပင် ငါဘုရားဖြစ်ရပေတော့မည်ဟူ၍ ကြည်ရွှင်သော စိတ်ထားဖြင့် ဘုရားဖြစ်ထိုက်သော အဆောက်အဦတို့ကို မှတည်၍ ဆင်ခြင်တော်မူသောအခါ ရှေးဦးစွာ ဒါနပါရမီကို သိမြင်၍ မိမိကိုယ်ကို ဤသို့ ဆုံးမ၏။

၁။ အချင်းသုမေဓာ၊ သင်သည် ယနေ့မှစ၍ ဒါနပါရမီကို ဆည်းပူးပါလေ။ ရွှေငွေရတနာ ဥစ္စာပစ္စည်းတို့နှင့် စပ်လာလျှင် ဥပမာအားဖြင့် သွန်မှောက်၍ ချအပ်သော ရေအိုးအလား တွယ်တာကပ်ငြိခြင်း သဘောတရား မထားဘဲ အားသစ်၍ စွန့်လှူ ဆည်းပူးပါလေ၊ ရွှေငွေပစ္စည်းတွင်မက ဇနီးမယား သမီးသားတို့ကိုလည်းကောင်း၊ မျက်စိ၊ နား၊ နှာ၊ ခြေလက်အင်္ဂါ အစိတ်

အပိုင်းကိုလည်းကောင်း၊ ဦးခေါင်းနှင့်တကွ တစ်ကိုယ်လုံးသော် လည်းကောင်း၊ အသက်ကိုလည်းကောင်း ငဲ့ကွက် တွယ်တာခြင်း မရှိဘဲ ဖုန်းတောင်းယာစကာအလှူခံတို့ ရောက်လာလျှင် ရဲရင့်စွာစွန့်လွှတ် ဆည်းပူးပါလေ။ ထိုသို့စွန့်လွှတ် ဆည်းပူးမှ သဗ္ဗညုတရွှေဉာဏ်ကို ဧကန်ရ၍ သတ္တဝါဝေနေယျတို့အား သံသရာဝဲစလုတ်မှ ကယ်ထုတ်ဆောင်ယူ နိုင်ပေလိမ့်မည်ဟု တည်ကြည်မြဲမြံသော စိတ်ဓာတ်ဖြင့် မိမိကိုယ်ကိုဆုံးမ၍ ရှေးဦးစွာ ဒါနပါရမီကို ဆောက်တည်လေ၏။

၂။ ထို့နောက်တစ်ဖန် ဘုရားဖြစ်ရန်အကြောင်းကား ဤမျှသာလောဟု တွေးတောဆင်ခြင်ပြန်သော် သီလပါရမီကို မြင်တော်မူပြန်၍ ထပ်မံကာ မိမိကိုယ်ကို ဤသို့ဆုံးမ၏။

သုမေဓာပညာရှိ၊ သင်သည်ယနေ့မှစ၍ သီလပါရမီကို ဆည်းပူးပါလေ၊ ကိုယ်ရေးကိုယ်သား အသက်ကိုပင် ပဓာန မထားဘဲ ဥပမာအားဖြင့် စာမရီအမည်ရှိသော သားကောင်သည် မိမိ၏ အမွေးအမြီးတစ်ပင်ကိုသော်လည်း မကျွတ်ထွက်ရန် အသက်ကို အသေခံ၍ စောင့်ရှောက်သည့်အလား ဘုရားဖြစ်လိုသော သင်သည်လည်း သီလကိုလုံခြုံအောင် စောင့်ထိန်းဆည်းပူးပါလေဟု နှစ်ခုမြောက်သော သီလပါရမီကို တည်ကြည်ထက်သန် မြဲမြံသော စိတ်ဓာတ်ဖြင့် မိမိကိုယ်ကို ဆုံးမ၍ဆောက်တည်လေ၏။

၃။ ထိုမှတစ်ဖန် ဆက်လက်၍ ဆင်ခြင်ပြန်သော် နိက္ခမပါရမီကို မြင်တော်မူပြန်၍ သုမေဓာပညာရှိ၊ ဥပမာအားဖြင့် ရက်လရှည်ကြာစွာ နှောင်အိမ်အတွင်း၌ ပျက်စီးငြီးငွေ့ မပျော်မွေ့နိုင်ဘဲ နှောင်အိမ်တွင်းမှ လွတ်ကင်းထွက်မြောက်ဖို့ နိက္ခမ



ပါရမီကို ကြိုးစား အားထုတ်ကာ ဆည်းပူးပါလေဟု မြဲမြံစွာ မိမိကိုယ်ကို ဆုံးမ၍ တတိယမြောက် ဖြစ်သော နိက္ခမပါရမီ ဆောက်တည်လေ၏။

၄။ ထိုမှတစ်ဖန် ဆက်လက်၍ ဆင်ခြင်လေပြန်သော် ပညာပါရမီကို မြင်တော်မူပြန်၍ သုမေဓာပညာရှိ၊ သင်သည် ယနေ့မှစ၍ ပညာပါရမီကို ဆည်းပူးဖြည့်ကျင့်ပါလေ။ ဥပမာအားဖြင့် အိမ်စဉ်ကို လှည့်လည်၍ ဆွမ်းခံသောအရှင်သည် အယုတ်အလတ် အမြတ်မရွေး ခရီးစဉ်တစ်လျှောက် ဆိုက်ရောက်တွေ့မြင်ရာအိမ်တိုင်း၌ဆွမ်းရပ်ပါလျှင် တစ်ထပ်စာအမြန် ပြည့်စုံရသကဲ့သို့ သင်သည်လည်း တွေ့မြင်ရာ ပညာရှိဟူသမျှကို ဆည်းကပ် မေးမြန်းနှီးနှော၍ သဘောပိုက်မိအောင် ကြိုးစားဆည်းပူးပါလျှင် ပညာပါရမီ အမြန်ပြည့်ဝ၍ သဗ္ဗညုတအစစ် ဘုရားအဖြစ်သို့ ရောက်နိုင်ပေလိမ့်မည်ဟု တည်ကြည်ထက်သန် မြဲမြံစွာ မိမိကိုယ်ကို ဆုံးမ၍ ပညာပါရမီကို ဆောက်တည်လေ၏။

၅။ ထိုမှတစ်ဖန် 'ဝီရိယပါရမီ'ကို မြင်တော်မူ၍ သုမေဓာပညာရှိ၊ ဥပမာအားဖြင့် သားရဲအပေါင်းတို့၏ ဘုရင်အရှင်ခြင်္သေ့မင်းသည် ဣရိယာပုတ် ၄-ပါးတွင် တစ်ပါးပါး၌ ဝီရိယကိုမလျော့မပျက်စေဘဲ အခါခပ်သိမ်း လုံ့လပြုသည့်နည်းတူ သင်သည်လည်း ဣရိယာပုတ် ၄-ပါး၌ ဝီရိယတရားကို မယုတ်စေဘဲ မဆုတ်မနစ် အားသစ်၍ ဆည်းပူးဖြည့်တင်းပါလေဟု မြဲမြံသော ဝိတ်ဓာတ်ဖြင့် မိမိကိုယ်ကို ဆုံးမလျက် 'ဝီရိယပါရမီ'ကို ဆောက်တည်လေ၏။

၆။ ထိုနောက် တစ်ဖန် 'ခန္တီပါရမီ'ကို မြင်တော်မူပြန်၏။ သုမေဓာ ပညာရှိ၊ ဥပမာအားဖြင့် မဟာပထဝီ မြေကြီးသည် မစင်၊ ခွေးသေကောင်ပုပ်မှစ၍ ယုတ်မြတ်မကြွင်း မိမိအပေါ်သို့ တင်ခြင်း၊ နင်းခြင်းတို့ကြောင့် တစ်စုံတစ်ရာ ထူးခြားစွာမရှိဘဲ မတုန်မလှုပ် သည်းခံသည့်အလား ဘုံရားဖြစ်လိုသော သင်သည်လည်း ကြီးငယ် မဟူ ခပ်သိမ်းသောသူတို့၌ အကျင့်သီလရှိသူ ဖြစ်စေ၊ လူဆိုးလူမိုက် တို့အပေါ်၌ဖြစ်စေ ထူးထွေသောစိတ်ကို မထားဘဲ သည်းခံခြင်းပါရမီ တရားကိုသာ ကြိုးစားကာ ဖြည့်ကျင့်ဆည်းပူးပါလေဟု မိမိကိုယ်ကို ဆုံးမ၍ 'ခန္တီပါရမီ'ကို ဆောက်တည်လေ၏။

၇။ ထိုနောက်တစ်ဖန် 'သစ္စာပါရမီ'ကို မြင်တော်မူပြန်၍ သုမေဓာပညာရှိ၊ ဥပမာအားဖြင့် ကောင်းကင်အလယ် သောက် ရှူးကြယ်သည် မိမိ၏သွားရိုးလမ်းစဉ်မှလွဲ၍ သွားရိုးမရှိ၊ ပကတိ သွားမြဲလမ်း၌သာ ဖြောင့်တန်းစွာ သွားသည့်အတူ သင်သည်လည်း ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေကြောင့် ဖြစ်စေ၊ ဆွေမျိုး ဉာတိတို့ကြောင့်ဖြစ်စေ၊ အဂတိလေးပါးကို မလိုက်စားဘဲ ပကတိ တည်မြဲဖြောင့်မှန်သော သစ္စာကို သုံးပါလေ၊ အသက်ကိုအသေခံလျက် မဟုတ်မတရား မုသားစကားကို မသုံးမူ၍ သဗ္ဗညုတဉာဏ်ကို ရကြောင်းဖြစ်သော 'သစ္စာပါရမီ'ကိုသာလျှင် တည်ကြည်စွာ ဆောက် တည်ပါလေဟု မိမကိုယ်ကို ဆုံးမလျက် ဆောက်တည်လေ၏။

၈။ ထိုမှတစ်ဖန် 'အဓိဋ္ဌာန်ပါရမီ'ကို မြင်တော်မူပြန်၍အချင်း သုမေဓာပညာရှိ၊ ဥပမာအားဖြင့် ကျောက်အတိပြီးသော တောင်



ကြီးသည် လေကြမ်းမုန်တိုင်း စသည့်တို့ တိုက်ခတ်ခြင်းကြောင့် လှုပ်ရှားယိမ်းယိုင် မခိုင်မမြဲ ပြိုကွဲပျက်စီးခြင်း မဖြစ်နိုင်သည့် အလားဘုရားဖြစ်လိုသော သင်သည်လည်း တစ်စုံတစ်ခုကို စိတ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း တည်ဆောက်မိဋ္ဌာန်မိပါ လျှင် တည်ကြည်ခိုင်မြဲစွာထား၍ လှုပ်ရှား ပျက်ပြယ်ခြင်း မဖြစ် စေရန် အဓိဋ္ဌာန်ပါရမီကို ဆည်းပူးပါလေဟု မိမိကိုယ်ကိုဆုံးမ၍ "အဓိဋ္ဌာန်ပါရမီ"ကို ဆောက်တည်လေ၏။

၉။ ထိုမှတစ်ဖန် မေတ္တာပါရမီကိုမြင်တော်မူပြန်၍ သုမေဓာ ပညာရှိ၊ ဥပမာအားဖြင့် ရေတို့မည်သည် အကျိုး စီးပွားများသူ မများသူဟု ခွေးယူခွဲခြား သဘောမထားဘဲ အားလုံးသော သတ္တဝါအပေါင်းတို့ကို အေးမြစေသည့် အသွင် သင်ပညာရှိသည် လည်း သတ္တဝါများကို တစ်သားတည်း မေတ္တာနှင့်ယှဉ်လျက် ယနေ့ကစ၍ မေတ္တာပါရမီ ဖြည့်ကျင့် ဆည်းပူးပါလေဟု မိမိ ကိုယ်ကို ဆုံးမလျက် မေတ္တာပါရမီကို ဆောက်တည်လေ၏။

၁၀။ ထိုနောက်တစ်ဖန် ဆင်ခြင်ပြန်သော် ဥပေက္ခာ ပါရမီကို မြင်တော်မူပြန်၍ အချင်း...သုမေဓာပညာရှိ၊ ဥပမာအားဖြင့် ဤ မဟာပထဝီမြေကြီးသည် စိမ်းကျက်မရွေး အလေးအပေါ့နှင့်တကွ ဣဋ္ဌ–အနိဋ္ဌ အလုံးစုံကို အကုန်ညီညာစွာ ဥပေက္ခာပြုသကဲ့သို့ သင်ပညာရှိသည်လည်း ယုတ်လတ်မဟူ မည်သူကိုမဆို အမျိုး အဆွေကိုသော်လည်း မထူးခြားစေဘဲ ဒုက္ခ၊ သုခ နှစ်ပါး၌ ဥပေက္ခာနှလုံးထား၍ အားသစ်ကာ ဆည်းပူးဖြည့်ကျင့်ပါလေဟု မိမိကိုယ်ကိုဆုံးမလျက် 'ဥပေက္ခာပါရမီ'ကို ဆောက်တည်လေ၏။

ထိုမှတစ်ဖန် ဆင်ခြင်ပြန်ရာ ပါရမီ ၁၀–ပါးမှတစ်ပါး အခြားသောအရာကို ဉာဏ်တော်မတွေ့သောကြောင့် ထိုပါရမီ ၁၀–ပါးကိုလျှင် ထပ်မံသုံးသပ် ဆင်ခြင်တော်မူပြန်သောအခါ ပစ္စည်း ဥစ္စာ ရွှေ ငွေ အထွေထွေသော အပဝတ္တုတို့ကို စွန့်ကြဲလှူဒါန်းခြင်းကား ဒါနပါရမီသာမည်၍ မျက်စိ၊ နား၊ နှာ၊ ခြေလက် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူခြင်းကား ဒါနဥပပါရမီမည်ကြောင်း၊ ကိုယ့်အသက်ကို ငဲ့ကွက်မထား စွန့်လှူခြင်းသဘောတရားကား ဒါနပရမတ္ထပါရမီမည်ကြောင်း ကောင်းစွာဆင်ခြင်တော်မူမိသဖြင့် ထိုနည်းပမာ အတူသာလျှင် (သီလပါရမီ၊ သီလဥပပါရမီ သီလပရမတ္ထပါရမီ) စသည်ဖြင့် ဆယ်ဖြာသုံးလီသော ပါရမီ တို့ကို ဆင်ခြင်တော်မူမိလေ၏။ ဤသို့ အလောင်းတော် ရသေ့မြတ်၏ ပါရမီဆယ်ပါး အပြားသုံးဆယ် အသွယ်သွယ်ကို စိတ်ဝယ်ဆင်ခြင်မိသော တရားတန်ခိုးကြောင့် မြေမိုးတုန်ဟည်းလျက် ၃၂–ပါးသော နိမိတ်ကြီးတို့သည် ထူးခြားစွာ ဖြစ်ပေါ်လာရလေသည်။

* * *

## အခန်း–၁၉

## ၃၂–ပါးသောနိမိတ်ကြီး

၁။ ထိုအချိန်၌ တစ်လောကလုံး အအေးဓာတ်မှ ကင်းခြင်း၊
၂။ ထိုနည်းတူ အပူဓာတ်မှငြိမ်းအေးခြင်း၊



၃။ လောကဓာတ်အလုံး အသံမှဆိတ်သုဉ်းခြင်း၊
၄။ တစ်သောင်းသော လောကဓာတ်၌ အနှောက်အယှက်မှကင်းခြင်း၊
၅။ ပြင်းထန်သော လေ မတိုက်ခြင်း၊
၆။ စီးသောမြစ်ရေတို့ တန့်ရပ်ခြင်း၊
၇။ ရှိရှိသမျှ ပန်းမျိုးအလုံးစုံတို့ ပွင့်ခြင်း၊
၈။ သီးတတ်သော နွယ်ပင်သစ်ပင်တို့အားလုံး သီးခြင်း၊
၉။ ကောင်းကင်နှင့် မြေတွင်း၌ ရှိသောရတနာတို့ တောက်ပခြင်း၊
၁၀။ လူ့ပြည်နတ်ပြည်၌ရှိသော တူရိယာတို့ အလိုလိုမြည်ခြင်း၊
၁၁။ ကောင်းကင်မှ ဆန်းကြယ်သော ပန်းမိုးရွာခြင်း၊
၁၂။ မဟာသမုဒ္ဒရာ ချာချာလည်ခြင်း၊
၁၃။ စကြဝဠာအလုံး တုန်လှုပ်ခြင်း၊
၁၄။ ထိုအချိန်တွင် ငရဲပြည်၌ ငရဲမီးငြိမ်းအေးခြင်း၊
၁၅။ နေမင်းသည် အညစ်အကြေးမှ ကင်းစင်ခြင်း၊
၁၆။ နေ့အခါဖြစ်လျက် ကြယ်တာရာတို့ အကုန်ပေါ်ခြင်း၊
၁၇။ ရေမိုးမစွတ်ဘဲလျက် မြေကြီးမှ အလိုလိုဆားပွင့်ပေါ်ခြင်း၊
၁၈။ နက္ခတ်တာရာတို့သည် ကောင်းကင်ပြင်၌ တောက်ပခြင်း၊
၁၉။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ခြင်း၊
၂၀။ တောင်အောက်ချောက်ကြား၌ နေကုန်သော သတ္တဝါတို့သည် မိမိတို့နေရာမှ အားလုံး ထွက်လာကြခြင်း၊
၂၁။ ပျင်းရိ၍ မမွေ့လျော်သူ တစ်စုံတစ်ယောက်မျှမရှိခြင်း၊

၂၂။ သတ္တဝါအားလုံး အလိုဆန္ဒအတိုင်း ပြည့်ဝ၍ ရောင့်ရဲ တင်းတိမ်ကြခြင်း၊

၂၃။ ရောဂါဝေဒနာဟူသမျှ ပျောက်ငြိမ်းခြင်း၊

၂၄။ ဆာလောင်မွတ်သိပ်ခြင်းမှ ပျောက်ကင်းခြင်း၊

၂၅။ ရာဂဓါင်းပါး၍ ဒေါသ၊ မောဟဝဲ့မှ ပျောက်ကင်းခြင်း၊

၂၆။ ထိုအချိန်မှာ ဘေးရန်တစ်စုံတစ်ရာမရှိခြင်း၊

၂၇။ ထိုအချိန်၌ မြူမှုန်တို့ မထမကြွ ငြိမ်သက်ခြင်း၊

၂၈။ မကောင်းသော အနံ့များ ကင်းပျောက်၍ အမွှေးနံ့တို့ ပျံ့လှိုင်ခြင်း၊

၂၉။ ရုပ်မရှိသော အရူပလေးဘုံရှိ ဗြဟ္မာတို့မှတစ်ပါး အားလုံး နတ်ဗြဟ္မာတို့ကို ထင်ရှားစွာ တွေ့မြင်ရခြင်း၊

၃၀။ ငရဲပြည်အလုံးကိုလည်း ထင်ရှားစွာ တွေ့မြင်ရခြင်း၊

၃၁။ တံတိုင်း နံရံစသော အကွယ်အကာအားလုံးတို့ ဟင်းလင်း ပွင့်လင်းလျက် ကောင်းကင်ပြင်သဖွယ်ဖြစ်ခြင်း၊

၃၂။ ထိုအချိန်၌ ကွယ်လွန်သေပျောက်သူ၊ အမိဝမ်း၌ ပဋိသန္ဓေ ကိန်းအောင်းနေသူ တစ်စုံတစ်ယောက်မျှမရှိခြင်း၊

မှတ်ချက်။ ။ဤနိမိတ်ကြီး ၃၂-ပါးတို့သည် ယခုကဲ့သို့ ပါရမီဆယ်ပါး တရားဆင်ခြင်သောအခါမှသာ ဖြစ်ပေါ်လာသည် မဟုတ်၊ ဘုရားအလောင်းတို့ ပဋိသန္ဓေနေသောအခါ၊ ဖွားတော်မူသောအခါ၊ ဘုရားဖြစ်သောအခါနှင့် ဓမ္မစကြာ တရားတော်ကို ဟောသောအခါတို့၌လည်း ထိုနိမိတ်ကြီး ၃၂-ပါးတို့ ထင်ရှားစွာ ဖြစ်ပေါ်လာမြဲတည်း။



ရမ္မာဝတီပြည်သူပြည်သား လူအများတို့လည်း မကြုံစဖူး နိမိတ်ထူးကြောင့် သည်းအူဖိုလှိုက် အဘယ်အကြောင်း ဆိုက်မည် ကို သိလောဇောအားကြီး၍ မြေကြီးတွင် ဝပ်ပြားကြလျက် ဒီပင်္ကရာ မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားရာ သုမေဓာရှင်ရသေ့၏ ပါရမီဆယ်ပါး ဆင်ခြင်သောတရားတန်ခိုးကြောင့် မြေမိုးတုန်ဟည်း နိမိတ်ကြီးများ ပြခြင်းဖြစ်သည်။ တစ်စုံတစ်ရာ ဘာကိုမျှ သင်တို့ ထိတ်လန့် စိုးရိမ်ဖွယ်ရာ မရှိဟု မိန့်တော်မူလေ၏။

ထိုအခါ လူအပေါင်းတို့သည် ဝမ်းသာအားရ ပန်းနံ့သာ စသည်တို့ဖြင့် သုမေဓာရသေ့အား ဝပ်တွားကော်ရော် ပူဇော် ခြင်းအမှု ပြုကြလေသည်။ နတ်ဗြဟ္မာအပေါင်းတို့ကလည်း နတ်၌ ဖြစ်သော ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြပြီးမှ ဤရသေ့ ဘုရားလောင်းမှာ အန္တရာယ်အပေါင်း မကောင်းသော ဟူသမျှ အကြားမညှပ်ဘဲ "ဘုရားမြတ်" စင်စစ်မသွေ ဖြစ်နိုင်ပါစေဟူ၍ လည်း ဆုတောင်းပတ္ထနာ ပြုကြလေကုန်၏။

အလောင်းတော် သုမေဓာသည် ဤသို့ ပါရမီအရပ်ရပ်ကို သုံးသပ် စီစဉ်တော်မူပြီးလျှင် မိမိပျော်စံရာ ဌာနသို့ ပြန်ကြွ တော်မူလေ၏။ သုမိတ္တာ သူဌေးသမီးလည်း အဝေးခရီး မျက်စိ တစ်ဆုံး သုမေဓာ ထွတ်ဘုန်းကို ဖူးမြော်ကာ မျက်ခြည်ပြတ်သော အခါမှ အချွေအရံ ငါးရာနှင့်အတူ ယာဉ်စီး၍ အိမ်ဘက်ခရီးသို့ ပြန်ရာလေသည်။

ထိုဘဝ၌ကား သုမေဓာသည် ရသေ့ဘဝနှင့်သာ ကိစ္စကုန် ဆုံး၍ "သုမိတ္တာနှင့် လုံးလုံး မပေါင်းသင်းရသော်လည်း နောက်

နောင်သော ဘဝတို့တွင်ကား တစ်ဦးနှင့်တစ်ဦး အချင်းချင်း တွေ့ဆုံ မေတ္တာငွေ့လျှံကြရာ ယသော်ဓယာ ဘဝအထိ ပါရမီကူညီဖြည့်ရလေသည်။

* * *

## အခန်း-၂၀

### နောက် နှစ်ကျိပ်သုံးဆူသော ဘုရားတို့ထံတွင် ထပ်မံ၍ ဗျာဒိတ်ခံယူသောအကြောင်း ဒီပင်္ကရာပရိနိဗ္ဗာန်စံပြီးနောက် အသင်္ချေလွန်မြောက်သောအခါ

၁။ 'ကောဏ္ဍည မြတ်စွာဘုရားလက်ထက် အလောင်းတော်မှာ 'ဝိဇိတာဝီ'မည်သော စကြဝတေးမင်း ဖြစ်၏။ ကုဋေတစ်သိန်း အရေအတွက်ရှိသော သံဃာတော်နှင့်တကွ ကောဏ္ဍညမြတ်စွာဘုရားအား ဝါတွင်းသုံးလပတ်လုံး 'အသဒိသဒါနကြီး' ပြုလုပ်တော်မူရာ နောင်အခါ ဤစကြာမင်းသည် 'ဂေါတမဘုရား' ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ထပ်မံ၍ မိန့်ကြားတော်မူလေ၏။

၂။ ထိုမှ နှစ်သင်္ချေလွန်မြောက် 'သုမင်္ဂလဘုရား' လက်ထက် အရောက်တွင် အလောင်းတော်သည် 'သုရုစိပုဏ္ဏား' ဖြစ်၍ မြတ်ဘုရားကို အမှူးထားပြီး ကုဋေ တစ်သိန်းသော သံဃာတော်တို့အား ၇-ရက်တိုင်တိုင် အလှူကြီးပေးပြီး



သော အဆုံး၌ ဤပုဏ္ဏားကား နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း အလွန်တွင် "ဂေါတမဘုရား" ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၃။ ထို့နောက် "သုမနဘုရား" ပွင့်တော်မူသော အခါတွင် "အတုလနဂါးမင်း" ဖြစ်၍ ဆွေမျိုးအပေါင်း ခြံရံကာ နဂါးပြည်မှ ထွက်လာပြီးလျှင် ဘုရားအမှူးပြုသော ကုဋေတစ်သိန်းသော သံဃာတို့အား ဒွိစုံသင်္ကန်းနှင့်တကွ အလှူကြီးပေးသောအခါ၌ ဤနဂါးမင်းသည် နောင်အခါ (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားပြန်၏။

၄။ ထိုမှတစ်ဖန် (ရေဝတဘုရား) ပွင့်တော်မူပြန်သော အခါ (အတိဒေဝပုဏ္ဏား) ဖြစ်၍ အဖိုးတစ်သောင်းထိုက်သော (ကေသီ) ကိုယ်ပတ်သင်္ကန်း လှူဒါန်းသောအခါ၌လည်း နောင်အခါ (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၅။ ထိုမှနောက် (သောဘိတ) ဘုရားလက်ထက်ရောက်သော အခါ အလောင်းတော်သည် သုဇာတ (အဇိတ)ပုဏ္ဏားဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး ကြီးစွာသော အလှူကြီးကို ပြုသဖြင့် ဤပုဏ္ဏားသည် နောင်အခါ (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၆။ ထိုမှ အသင်္ချေလွန်မြောက် (အနောမဒဿီဘုရား) လက်ထက်တော် အရောက်တွင် နတ်ဘီလူး၏ အကြီးအမှူး

(ဘီလူးစစ်သူကြီး) ဖြစ်၍ ၇–ရက် တစ်ပတ်လုံး ဘုရားအမှူးပြုသော သံဃာတော်မြတ်အား အလှူကြီး ပေးသောအခါ ဘီလူးစစ်သူကြီးသည် နောင်အခါ (ဂေါတမဘုရား) ထင်ရှားဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၇။ (ပဒုမဘုရား) လက်ထက်တော်၌ကား ဘုရားအလောင်းတော်သည် (ခြင်္သေ့မင်း) ဖြစ်၍ မြတ်စွာဘုရား နိရောဓသမာပတ်ဝင်စား၍ နေတော်မူသည်ကို ကြည်ညိုသော စိတ်ဖြင့် ၇–ရက်ပတ်လုံး အစာရှာမသွားဘဲ ဘုရားတည်းဟူသော အာရုံကိုယူကာ သုံးကြိမ်တိုင် ခြင်္သေ့သံဖြင့် ဟောက်လျက် ပူဇော်၏။ မြတ်စွာဘုရားလည်း သမာပတ်မှ ထတော်မူသောအခါ ခြင်္သေ့ကိုမြင်လျှင် သံဃာတော်ကိုပါ ကြည်ညိုစေရန် သံဃာတော်များ ရောက်ကြစေသတည်းဟု အဓိဋ္ဌာန်ပြုလျှင် ကုဋေမက များလှစွာသော သံဃာတော်များ ကြွတော်မူသည်ကို ဤခြင်္သေ့မင်း မြင်ရာက များစွာကြည်ညိုခြင်းဖြစ်၏။ ထိုအခါမှ ပဒုမမြတ်စွာဘုရားရှင်က ဤခြင်္သေ့ကား နောင်သောအခါ (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြန်၏။

၈။ (နာရဒဘုရား) လက်ထက်တော်၌ကား အဘိညာဉ် ငါးပါး၊ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ရသေ့ကြီး ဖြစ်၍ ဘုရားနှင့်တကွ ကုဋေရှစ်ဆယ်သော ရဟန္တာ ကုဋေ တစ်ရာသော အနာဂါမ် ဥပါသကာ ပရိသတ်ပါ



နေထိုင်နိုင်လောက်အောင် ကျောင်းတော်ကြီးကို ဖန်ဆင်းလျက် ၇–ရက် ပတ်လုံး ကြီးစွာသော အလှူကို ပေးခြင်း၊ ထို့နောက် အဖိုးအတိုင်း မသိထိုက်သော စန္ဒကူးနီကို ဟိမဝန္တာမှ ဆောင်ယူ၍ ဘုရားရှင်အား လှူဒါန်းခြင်း ပြုလျှင် ထိုရသေ့မြတ်အား နောင်အခါ (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

၉။ ထိုမှ အသင်္ချေလွန်မြောက် (ပဒုမုတ္တရဘုရား) လက်ထက် အရောက်တွင် ဘုရားအလောင်းသည် (ဇဋိလသူဌေး)ကြီး ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် တို့အား ဆွမ်းကပ်လှူခြင်း၊ သင်္ကန်းအစုံပေါင်းများစွာ လှူခြင်းတို့ ပြုလျှင် နောင်သောအခါ (ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၀။ ထိုမှနောက် (သုမေဓာဘုရား) လက်ထက် တော်တွင် (ဥတ္တရ) လုလင်ဖြစ်၍ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို စွန့်လွှတ်လျက် ဘုရားအမှူးရှိသော သံဃာ တို့အား အလှူကြီး ပေးပြီးလျှင် ရဟန်းပြုသောအခါ နောင်အခါ (ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၁။ (သုဇာတဘုရား) လက်ထက်တော်၌ကား (စကြာ မင်းကြီး) ဖြစ်၍ ရတနာ ခုနစ်ပါးနှင့် တကွ စကြာမင်း၏ စည်းစိမ်ကိုပါ မြတ်စွာဘုရားနှင့် တကွ သံဃာတော်မြတ်များအား ပြတ်သားစွာ လှူဒါန်း၍ ဘုရားထံတွင် ရဟန်းပြုလေ၏။

ဤရဟန်းကား နောင်အခါတွင် (ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြ[illegible]မူလေသည်။

၁၂။ (ပိယဒဿီဘုရား) လက်ထက်တော်၌ [illegible]င်သုံးပုံကို ဆောင်နိုင်သော (ကဿပလုလင်) ဖြစ်၍ ကုဋေတစ်သိန်းမျှသော ဥစ္စာတို့ကို စွန့်လွှတ် မြတ်စွာဘုရားအား ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းသဖြင့် နောင်(ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

၁၃။ ထို့နောက် (အတ္ထဒဿီဘုရား) ပွင့်သောအခါ အလောင်းတော်သည် တန်ခိုးကြီးသော (သုသီမရသေ့ကြီး) ဖြစ်နေ၍ နတ်ပြည်မှ နတ်ပန်းတို့ကို ယူဆောင်ပြီးလျှင် နတ်ပန်းမိုးရွာချပူဇော်ခြင်း၊ နတ်ပန်းထီးဖြင့်ဆောင်း၍ ကောင်းစွာ ပူဇော်ခြင်းတို့ကိုပြုလျှင် နောင်အခါ (ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု မိန့်ကြားတော်မူပါသည်။

၁၄။ (ဓမ္မဒဿီဘုရား) လက်ထက်တော်တွင် အံလောင်းတော်မှာ(သိကြားမင်း)ဖြစ်၍ နတ် တူရိယာတို့ကို တီးမှုတ်လျက် နတ်ပန်းတို့ဖြင့် ဘုရားရှင်အား လှူဒါန်းပူဇော်ရာတွင်(ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၅။ ထို့နောက် (သိဒ္ဓတ္ထဘုရား) လက်ထက်တော် ရောက်သောအခါ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော မင်္ဂလရသေ့ကြီး ဖြစ်၍ ဇမ္ဗူသဲပြေပင်ကြီးမှ အသီးကိုဆောင်ယူကာ ဘုရားရှင်



နှင့်တကွ ကိုးကုဋေသော သံဃာအပေါင်းတို့ကို ကပ်လှူပူဇော်သဖြင့် နောင်အခါ (ဂေါတမဘုရား) ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

၁၆။ ထိုမှတစ်ဖန် (တိဿဘုရား) ပွင့်တော်မူရာတွင် ခတ္တိယနွယ်ဝင် (သုဇာတဘုရင်) ဖြစ်၍ ထီးနန်းကို စွန့်လှူ ရသေ့ရဟန်း ပြုတော်မူ၍ အဘိညာဉ်သမာပတ် ရလတ်သောအခါ နတ်တို့နေရာ စိတ္တလတာ ဥယျာဉ်မှ ပင်လယ်ကသစ်ပန်း၊ ပဒုမ္မာကြာပန်း စသော နတ်ပန်းတို့ဖြင့် ပူဇော်ခြင်းပြုပြီးလျှင် ရတနာအတိပြီးသော ထီးကို မြတ်စွာဘုရားအား ဆောင်း(မိုး)ခြင်းအမှု ပြုလေ၏။ ဤတွင် နောင်အခါ ထင်ရှား(ဂေါတမ)ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြန်သည်။

၁၇။ (ဖုဿဘုရား)လက်ထက်တော်မှာလည်း (ဝိဇိတာဝီဘုရင်) ဖြစ်၍ တိုင်းပြည်နှင့် ထီးနန်းကိုစွန့်ပယ်ကာ မြတ်စွာဘုရားထံ၌ ရဟန်းပြုခြင်း၊ တရားဓမ္မပြောပြခြင်း သီလပါရမီကို ဆည်းပူးခြင်းတို့ပြုရာတွင် နောင် 'ဂေါတမဘုရား' ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြား၏။

၁၈။ (ဝိပဿီဘုရား) လက်ထက်တော်၌ကား (အတုလနဂါးမင်း) ဖြစ်၍ ရတနာအမျိုးမျိုး တောက်ပြိုးထိန်ညီးမဏ္ဍပ်ကြီးဝယ် နတ်သုဒ္ဓါ ဘောဇဉ်ဆွမ်း တို့ကို ရွှေအင်းပျဉ် အခင်းကို လှူလျှင် ဘုရားရှင်က ဤ နဂါးသည်

(ဂေါတမဘုရား) ထင်ရှားနောင်ခါ ဖြစ်ဖို့ရာကို ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

၁၉။ (သိခီဘုရား) ပွင့်သောအခါ (အရိန္ဒမမင်း) ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းသင်္ကန်း ကပ်လှူပြီးလျှင် ရတနာ ခုနစ်ပါးဖြင့် ကကြိုးတန်ဆာ ဆင်အပ်သော မင်္ဂလာဆင်မင်းကိုလည်း ကပ္ပိယ ဘဏ္ဍာ အစုံတို့ဖြင့် စုပုံကာ လှူဒါန်းသည်တွင် နောင်အရိန္ဒမ မင်းရာဇာသည် ငါကဲ့သို့ပင် အထင်အရှား (ဂေါတမဘုရား) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

၂၀။ (ဝေဿဘူဘုရား) လက်ထက်၌ကား သုဒဿန စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဂန္ဓကုဋိ တိုက်ကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းရုံမျှမက ရသမျှ အခွန်ဘဏ္ဍာတို့ကိုပါ လှူဒါန်းပြီးကာ မြတ်ဘုရားထံတော်တွင် ရဟန်းအဖြစ် ခံယူ၍ ကမ္မဋ္ဌာန်း ခုတင်ကျင့်ဆောင်သဖြင့် နောင်အခါ ထင်ရှား (ဘုရားဂေါတမ) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

**ထို့နောက် ဤဘဒ္ဒကမ္ဘာတွင်**

၂၁။ (ကကုသန်ဘုရား) ပွင့်တော်မူသော အခါ၌ ဂေါတမဘုရားအလောင်းတော်သည် တန်ခိုးအာဏာ ပြင်း၍ ဘယကင်းသော (ခေမမင်း) ဖြစ်တော်မူလျှင် ကကုသန်ဘုရား



ရှင်နှင့်တကွ သံဃာတော်တို့အား သပိတ်သင်္ကန်းနှင့် တကွသော အလှူကြီးကိုပေး၍ ရဟန်းပြုသောအခါ ထိုရဟန်းကား ဤဘဒ္ဒကမ္ဘာမှာပင် 'ဂေါတမဘုရား' ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၂၂။ 'ကောဏာဂုံဘုရား' ပွင့်တော်မူသော အခါ၌လည်း ပဗ္ဗတမင်းဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို နာရသောကြောင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး ဆွမ်းသင်္ကန်းစသော အလှူကြီးကို ပေးတော်မူသဖြင့် ထိုရာဇသေနင်း ပဗ္ဗတမင်းသည် ဤဘဒ္ဒကမ္ဘာ အတွင်းမှာပင် အထင် အရှား ဘုရားဂေါတမ ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၂၃။ 'ကဿပဘုရား' ပွင့်တော်မူသော အခါကား ဗေဒင်သုံးပုံကိုဆောင်သော ဇောတိပါလလုလင်ဖြစ်၍ ဇာတိမာန်၊ ဓနမာန်၊ ပညာမာန်တို့ဖြင့် ခက်ထန်နေရကား မြတ်ဘုရားသို့လည်း မကိုးကွယ် မခစား၊ မိဘဘိုးဘွားကစ၍ ကိုးကွယ်လာသော ဗြဟ္မာဏ ဗိဿနိုးတို့ကိုသာ ကိုးကွယ်ချဉ်းကပ် အလေးအမြတ်ပြုနေ၏။

သို့သော်လည်း ဇောတိပါလ လုလင်၏ မိတ်ဆွေကောင်း (ဃဋိကာရ) အိုးထိန်းသည်ကြီးမှာ ကဿပ မြတ်စွာဘုရားသခင်၏ အလုပ်အကျွေး အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သောကြောင့် မိတ်ဆွေကောင်းတို့၏ ဝတ္တရားအတိုင်း ဘုရားရှင်ထံပါးသို့ ချဉ်းကပ်၍ တရားတော်မြတ်ကို နာကြားရန် သုံးကြိမ်တိုင်တိုင် ဟောပြော၍ ခေါ်ပါသော်လည်း ဘယ်နည်းနှင့်မျှ မလိုက်၊ ရိုင်းမိုက်စွာ

သဘောပြောဆိုခြင်းကြောင့် ဆံပင်ကိုဆွဲ မြီလှသည့် မေတ္တာစာတ်နှင့် ဘုရားထံ ရွှတ်အတင်း ချဉ်းကပ်ခိုင်းလေရာ မြတ်စွာဘုရား၏ တရားတော်ကို နာရလျှင်ပင် ယခင်စိတ်ဓာတ်တွေ ကျဆင်း ဝမ်းမြောက်ခြင်းအမှုဖြင့် မြတ်ရဟန်းပြုသောအခါ ထိုရဟန်းတော် ဇောတိပါလသည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ဤဘဒ္ဒကမ္ဘာအတွင်းမှာပင် (ဂေါတမဘုရားရှင်) ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

(ဤယင်္ဂကာရ အိုးထိန်းဆရာကြီးမှာ မျက်မမြင် မိဘ-၂ ပါးကို ငဲ့ကွက်၍ ရဟန်းမပြုဘဲ အနာဂါမ်လောက်ဖြင့်သာ စုတေသေလွန်သောအခါ အဏ္ဏနိဋ္ဌဘုံ၌ သက်န်းထိန်းဗြဟ္မာကြီး ဖြစ်လေ၏။ နောက် သိဒ္ဓတ္ထမင်းသား တောထွက်သောအခါမှ သင်္ကန်းပရိက္ခရာကို လာရောက်ဆက်သခြင်းအမှု ပြုရလေသည်။)

ထိုသို့ပင် ဂေါတမဘုရားအလောင်းတော်သည် (ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကဿပမြတ်စွာဘုရား လက်ထက်တော်အထိ ၂-ကျိပ် ၄-ဆူသော ဘုရားရှင်)တို့၏ ဗျာဒိတ်စကား ထပ်ကာထပ်ကာ မိန့်ကြားခြင်းကိုခံယူလျက် ပါရမီဆယ်ပါးကို မဆုတ်မနစ်အားသစ်ဖြစ်ကျင့် ဆည်းပူးတော်မူခဲ့လေရာ ဝေဿန္တရာမင်းအဖြစ်သို့တိုင် ရောက်တော်မူခဲ့လေသတည်း။

ဝေဿန္တရာမင်းဘဝ၌လည်း အလှူခံရောက်လာလျှင် နောင်အခါ ဘုရားဖြစ်ရေးကိုသာ ငဲ့တွေးတော်မူလျက် ရက်စက်သောသဘောဖြင့် နှမြောမတွန့် ပေးစွန့်လှူဒါန်း ဒါနခန်းကို ကြိုးပမ်းတော်မူလေသည်။



## အခန်း-၂၁

## (အဝိဒူရေ နိဒါန်း)

### ဘုရားအလောင်း ပဋိသန္ဓေနေခြင်း

ဂေါတမဘုရားအလောင်းတော်သည် ဝေဿန္တရာမင်းအဖြစ်မှ စုတေခဲ့သော် တုသိတာနတ်ပြည်၌ (သေတကေတု) အမည်ပြုသည့် နတ်သားဖြစ်လေရာ နတ်အရေအတွက်အားဖြင့် အနှစ်လေးတောင် "လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းတို့ကာလပတ်လုံး ရွှင်ပြုံးစွာ နတ်စည်းစိမ်ကို မွေ့သိမ်ခံစား၍နေစဉ် လူ့ပြည်တွင် အနှစ်တစ်ထောင်ကာလကပင် ဘုရားပွင့်မည်ဟူသော ဂယက်သံသည် ဘဝဂ်လျှံအောင်ကျော်ကြားနေသည်ဖြစ်၍ ထို (ဗုဒ္ဓကောလာဟာလကို အစွဲပြုပြီး) စကြာဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးရောက်လာကြပြီးလျှင် ဘုရားဖြစ်ချိန်တန်ပါကြောင်းနှင့် အလောင်းတော်နတ်သားအား တောင်းပန်ကြလေသော် အလောင်းတော်နတ်သားကလည်း-

၁။ **ကာလ** - ဘုရားဖြစ်ထိုက်သောအချိန်၊
၂။ **ဒီပ** - ဘုရားဖြစ်ရသောကျွန်း၊
၃။ **ဒေသ** - ဘုရားဖြစ်ရာအရပ်၊
၄။ **ကုလ** - ဘုရားဖြစ်ရာအမျိုး၊
၅။ **အာယုပရိစ္ဆေဒ** - မယ်တော်၏အသက်အပိုင်းခြား၊

ဤငါးပါးသော ကြည့်ခြင်းကို ကြည့်တော်မူပြီးလျှင် နတ်ဗြဟ္မာအပေါင်းတို့အား ကောင်းပြီဟု ဝန်ခံတော်မူလေ၏။

ထို့နောက်မှ နတ်အပေါင်းခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့ ဝင်၍ စုတေခဲ့ပြီးသော မဇ္ဈိမဒေသ သက္ကတိုင်း ကပိလဝတ်ပြည် သာကီဝင်မျိုးဖြစ်သော (သုဒ္ဓေါဒနမင်းကြီး၏) မိဖုရားကြီး ဖြစ်သည့် (မဟာမာယာ) ဝမ်းတိုက်၌ ဘိုးတော် အဉ္စနမင်းကြီးသည် ရှိရင်း (သက္ကရာဇ်–၈၆၄၅)ကို ဖြို၍ ၂–ခုအကြွင်း ထားရာမှ တက်ပွားသော (သက္ကရာဇ် ၆၇–ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့) ဥတ္တရာသန်နက္ခတ်နှင့် လနတ်ယှဉ်စံသော သန်းခေါင်ယံအချိန်တွင် ပဋိသန္ဓေတည်နေတော် မူလေသတည်း။ ဤအခါတွင် ဖော်ပြပြီးသော နိမိတ်ကြီး ၃၂–ပါး အထင်အရှား ဖြစ်ပေါ်ကုန်၏။

မယ်တော်၌လည်း ကြီးစွာသော အိပ်မက်ကို မြင်မက်တော်မူ၏။ (အိပ်မက်ကား) စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့သည် မိဖုရားကြီး မဟာမာယာကို အိပ်ရာသလွန်နှင့်တကွ ချီ၍ ဟိမဝန္တာတောသို့ ယူဆောင်ပြီးလျှင် ယူဇနာ ခြောက်ဆယ်ကျယ်သော ဆေးဒန်း မြင်းသီလာ ကျောက်ဖျာအပြင် အင်ကြင်းပင်အောက်၌ ချထားသောအခါ နတ်မိဖုရား ၄–ပါး လာ၍ အနောတတ် ရေအေးဖြင့် ချိုးပေးကြပြီးလျှင် နတ်တို့၏ ပန်းနံ့သာတန်ဆာတို့ကို ဆင်မြန်းလျက် ပင်ပန်းခြင်း မရှိအောင် ငွေတောင်ထွတ် အထက်ရှိသော ပြောင်လက် ထိန်လင်းသည့် ဗိမာန်ကြီးအတွင်းသို့ ဆောင်ယူကာ ချမ်းသာစွာ အိပ်စေပြန်၏။ ထိုသို့ အိပ်နေစဉ် ဘော်သာခွာ အဆင်းကဲ့သို့ ဖြူသော ဆင်ပြောင်



ရတနာသည် မြောက်အရပ်မှလာ၍ မိဖုရားကြီး၏ လက်ယာနံပါးကို ဖွင့်ဖောက်ကာ ဝင်လေသည်ဟု အိပ်မက်မြင်မက်တော်မူ၏။

ထိုသို့ သန္ဓေတည်သောအခါမှစ၍ ဤစကြာဝဠာမှ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့သည် သန်လျက်တို့ကို ကိုင်စွဲလျက် ရွှေနန်းတော်တိုက်ခန်း၌ စောင့်လာကုန်၏။ စကြာဝဠာတစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း ကောင်းစွာ စောင့်ရှောက်လာကြရကုန်သည်။ မယ်တော်ကြီးအတွက် ထူးခြားပုံတစ်ချက်မှာ ယောကျ်ားတို့၌ တပ်ငြိသော ရာဂရမ္မက်ဖြင့် နှောင့်ယှက်ခြင်းမရှိ အဖြိုက်အတိဖြင့် နှစ်သက်အပ်သော မင်းစည်းစိမ်ကို ခြွေရံသင်းပင်းတို့နှင့်သာလျှင် သန့်ရှင်းစွာ ခံစားတော်မူလေသည်။ အလောင်းတော် ပဋိသန္ဓေနေသည်ကို ကြည်လင်လှစွာသော ပတ္တမြားရတနာ၌ သီသောသန္တာကြိုးကဲ့သို့လည်းကောင်း၊ ဖန်ချိုင့်အတွင်း၌ သွင်းထားသော ပုလဲစစ်ထု အရုပ်ကလေးကဲ့သို့ လည်းကောင်း၊ တရားဟောပလ္လင်ထက်၌ ထိုင်နေသော တရားဟော ပုဂ္ဂိုလ်ကဲ့သို့ လည်းကောင်း မယ်တော်၏ဝမ်း၌ ထက်ဝယ်ရှေးရှုတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ပါ ထင်မြင်ကြရလေကုန်သည်။

* * *

## အခန်း–၂၂

### ဘုရားအလောင်း ဖွားမြင်တော်မူခြင်း

အလောင်းတော် ပဋိသန္ဓေတည်နေပြီး၍ ဆယ်လစေ့ရောက်သော် (မယ်တော်မဟာမာယာ)သည် ကပိလဝတ်ပြည်မှ ငါးယူဇနာခန့်ဝေးသော ခမည်းတော် မယ်တော်နှင့် ဆွေတော်မျိုးတော်တို့ စံနေတော်မူရာ (ဒေဝဒဟပြည်သို့) သွားလိုသောဆန္ဒကြောင့် မင်းကြီးအား လျှောက်ထားရာ မင်းကြီးခွင့်ပြုချက်အရ စစ်အင်္ဂါလေးပါး ခြံရံလျက် ရွှေထမ်းစင်ကိုစီးကာ ထွက်ကြွတော်မူလေ၏။

လမ်းခရီးအကြား လုမ္ဗိနီဥယျာဉ်တော်သို့ ရောက်သောအခါ ပင်လုံးကျွတ်ပွင့်လျက် တင့်တယ်စွာသော အင်ကြင်းပင်ကို မြင်၍ ဝင်ရောက်ဆွတ်ခူးလိုသောစိတ် ပေါ်လာသဖြင့် ရွှေထမ်းစင်မှ ဆင်းသက်၍ မင်္ဂလာရှိသော အင်ကြင်းခက်ကို လက်တော်ဖြင့် ကိုင်ဆွဲစဉ် ၃၂–ပါးသော နိမိတ်ကြီးများ ထင်ရှားစွာပြလျက် ကမ္ဘာလေ လှုပ်လေသော် အထိန်းအယူ ကိုယ်လုပ်တော်တို့အား အကြောင်းကြား၍ ထိုအင်ကြင်းပင်၏ အပါးတွင်ပင် တင်းတိမ်အကာအရံတို့ကို ပြုပြင်နေစဉ် သက္ကရာဇ် ၆၈–ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ နံနက် ၁–ချက်တီးအချိန် သိဟ်လက်ဗြိစ္ဆာစန်း ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ဖွားမြင်တော်မူ၏။

ယင်းသို့ဖွားမြင်လေလျှင် ကောင်းကင်မှ ရေယာဉ်နှစ်သွယ်တို့သည် မယ်တော်မာယာနှင့် အလောင်းတော်မင်းသားအပေါ်သို့ ချမ်းမြကြည်သာ ဝေဒနာမရှိစေ[illegible]မှာ စီးဆင်းကြလေကုန်၏။



အလောင်းမင်းသားမှာလည်း အညစ်အကြေးယှက်သန်း ပင်ပန်းခြင်း မရှိ။ အမိဝမ်းဗိုက်မှ ခြေလက်တို့ကို ဆန့်လျက် မတ်ရပ်သာလျှင် ကာသိကရာဇ်တိုင်းဖြစ်ပုဆိုးတွင် အဖိုးထိုက်သော ပတ္တမြားရတနာကို ကောင်းစွာထုစည့်ထားသကဲ့သို့ လည်းကောင်း၊ ရွှေသားအသွင် ရတနာ မြတ်ရှင်ကဲ့သို့ လည်းကောင်း သန့်ရှင်းစွာ ဖွားမြင်တော်မူ၏။

အလောင်းမင်းသားကို သုဒ္ဓါဝါသဘုံသား ရဟန္တာမဟာဗြဟ္မာကြီး လေးပါးတို့သည် "ရွှေကွန်ရွက်ကို" ဖြန့်လျက် ခံယူကြကုန်၏။

ထိုနောက်မှ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့သည် အလွန်တစ်ရာ မင်္ဂလာရှိသော "သစ်နက်ရေဖြင့်" ခံလာကုန်၍ ၎င်းတို့မှ တစ်ဖန် "လူမင်းသားလေးပါးတို့က အဖိုးအတိုင်း မသိထိုက်သော ဘွဲ့ဖြူမုဆိုးဖြင့် ခံယူကြကုန်၏။

ထိုမင်းသားလေးပါးတို့လက်မှ မြေပေါ်သို့ ဆင်းသက်ပြီးလျှင် အလောင်းမင်းသားသည် အရှေ့အရပ်သို့ မျက်နှာပြုလျက် ရပ်တော်မူသော် စကြဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးပေးကာ ပူဇော်ကြကုန်၏။ ထို့နောက်မှ မဟာဗြဟ္မာကြီးသည် ထီးဖြူကိုအုပ်မိုးလျက် သုယာမနတ်မင်းကြီးသည် သားမြီးယပ်ကို ကိုင်ဆွဲလျက်၊ တခြားနတ်ဗြဟ္မာတို့သည် ပန်းနံ့သာဖြင့် ပူဇော်ခြင်းကို ခံယူလျက် အရှေ့အရပ်မှ မြောက်အရပ်သို့ လှည့်တော်မူပြီးလျှင် ခုနစ်ဖဝါးသွား၍ မတ်မတ်ရပ်တန့်ပြီးသော်–

အဂ္ဂေါဟမသ္မိ လောကဿ၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
သေဋ္ဌောဟမသ္မိလောကဿ၊

ငါသည် လောကအားလုံး၌ (အမြတ်ဆုံး)ပုဂ္ဂိုလ်ဖြစ်၏။

ငါသည် လောကအားလုံး၌ စိုးမိုးနိုင်သည့် (အကြီးဆုံး) ပုဂ္ဂိုလ်ဖြစ်၏။

ငါသည် လောက၌ အတုမရှိ (အထွတ်အထိပ်) ပုဂ္ဂိုလ်ဖြစ်၏" ဟူသော သုံးခွန်းသောစကားကို ကြုံးဝါးမြွက်ဆိုတော်မူသည်။

* * *



## အခန်း-၂၃

## ဖွားဘက်တော် ခုနစ်ဦးအကြောင်း

၁။ (ဘဒ္ဒကစ္စနာမင်းသမီး) ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓမင်း၏ မိဖုရား အမိတ္တာဒေဝီမ မွေးဖွားသည်။

၂။ (အနန္ဒာမင်းသား) ဘထွေးတော် အမိတ္တောဒနမင်းကြီးမှ ဖွားမြင်သည်။

၃။ (ဆန္နအမတ်ကြီး)ကို ဖွားမြင်သည်။

၄။ (ကာဠုဒါယီအမတ်ကြီး)ကိုလည်း ဖွားမြင်သည်။

၅။ (ခဏ္ဍကမြင်းတော်)ကို ဖွားမြင်သည်။

၆။ (မဟာဗောဓိပင်) ပင်စည်လုံးပတ် ၃၂ တောင်၊ အမြင့် သံတောင်တစ်ရာ၊ ခက်မငါးဖြာရှိသော မဟာဗောဓိပင်မြတ်သည် မဇ္ဈိမဒေသ အလယ်ဗဟိုတည့်တည့်တွင် ပေါက်သည်။

၇။ (ရွှေအိုးကြီးလေးလုံး) စံနန်းတော်အတွင်း၌-

(က) တစ်ဂါဝုတ် ပမာဏရှိ "သင်္ခ"မည်သော ရွှေအိုးကြီး၊

(ခ) ယူဇနာဝက်ရှိသော "ဧဠ"မည်သော ရွှေအိုးကြီး၊

(ဂ) သုံးဂါဝုတ် ပမာဏရှိ "ဥပ္ပလ"မည်သော ရွှေအိုးကြီး၊

(ဃ) တစ်ယူဇနာရှိသော "ပုဏ္ဍရိက"မည်သော ရွှေအိုးကြီး၊

တို့သည် တစ်ပြိုင်နက် ပေါ်လာကြ၍ ၃၂ ပါးသော နိမိတ်ကြီးများသည်လည်း ထင်ရှားစွာ ဖြစ်လျက် နတ်ဗြဟ္မာအပေါင်းတို့ကလည်း ရွှင်လန်းမြူးတူးစွာ ချီးကျူးစကား ပြောကြားကုန်၏။

## အခန်း–၂၄

## ကာဠဒေဝီလ ရသေ့အကြောင်း

သုဒ္ဓေါဒနမင်း၏ ခမည်းတော် သီဟာနုမင်းကြီး၏ ပုရောဟိတ်ဆရာပုဏ္ဏားတွင် "အသိတလုလင်"ဟုခေါ်သော သားတစ်ယောက်ရှိ၏။ ထို(အသိတလုလင်) ပုဏ္ဏားသည် သုဒ္ဓေါဒနမင်းအားငယ်စဉ်ကပင် အတတ်ပညာသင်ပေးသောဆရာဖြစ်ခဲ့၏။ သီဟာနုမင်းကြီးလွန်၍ သားတော်သုဒ္ဓေါဒနမင်း ဘိသိက်ခံပြီး နန်းစံသောအခါ ထိုအသိတလုလင်ကို "ကာဠဒေဝီလ"ဟူသောအမည်နှင့် ပုရောဟိတ်အရာ၌ထား၏။ သာကီဝင်မင်းတို့ ဓမ္မတာမှာလည်း ဘိသိက်ခံပြီးမင်းဖြစ်သောအခါမှစ၍ မိဘနှစ်ပါးမှတစ်ပါး အခြားသောလူတို့အားညွတ်တွားရိုကျိုး ရှိခိုးမြဲမဟုတ်ရကား သုဒ္ဓေါဒနမင်းကလည်း ဆရာကာဠဒေဝီလပုဏ္ဏားအား ညွတ်တွားခြင်းမပြု၊ ပစ္စည်းပရိက္ခံ အထိုက်အလျောက် ပေးကမ်းချီးမြှောက်မှုကိုသာပြု၏။

ကာဠဒေဝီလပုဏ္ဏားလည်း ဤမင်းသားသည် မင်းမာန်ပွား၍ ငါ့အားရိုသေခြင်းမရှိပြီ။ ဤမင်းသား ရှိခိုးရအောင် လူ့ဘောင်မှခွာ၍ ရဟန်းပြုလေ၏။ မင်းကြီးလည်း ရဟန်းဖြစ်သောအရှင်မြတ်အား တစ်နေ့မပြတ်ပင် ဖူးမြော်လိုပါသည်။ အကျွန်ုပ်ဥယျာဉ်၌ သီတင်းသုံးတော်မူ၍ အကျွန်ုပ်အား သင်ကြားဆုံးမပါဟု လျှောက်ထား၏။



ကာဠဒေဝီလဆရာလည်း ကောင်းပြီဟု ဝန်ခံလျက် မင်းကြီး၏ ဥယျာဉ်၌နေ၍ ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာ အားထုတ်သဖြင့် သမာပတ္တိ်ရှစ်ပါး အဘိညာဉ်ငါးပါး တရားထူးကို ရ၍ ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်၊ ပေါင်းကမ္ဘာရှစ်ဆယ်ကို မြင်နိုင်စွမ်းသော တန်ခိုးနှင့်ပြည့်စုံ၏။

ထိုသို့ တရားထူးရသည်မှစ၍ မင်းအိမ်၌ ဆွမ်းခံမှုပြုပြီးလျှင် ရံခါရံခါ ဟိမဝန္တာတော၌၊ ရံခါရံခါ စတုမဟာရာဇ် တာဝတိံသာနတ်ပြည်တို့၌ လှည့်လည်ကာ နေ့သန့်တော်မူ၏။ ဘုရားအလောင်းဖွားသောနေ့မှာ တာဝတိံသာတွင် နေ့လှည့်ကျနေသည်နှင့် ကြွတော်မူရာ တာဝတိံသာနတ်တို့ မြူးတူးရွှင်ပျခြင်းကို တွေ့မြင်၍ နတ်အပေါင်းတို့အား အကြောင်းရင်းကို စုံစမ်းသောအခါ လူ့ပြည်၌ အလောင်းတော် ဖွားမြင်ကြောင်းကို လျှောက်ထားကြသဖြင့် ကာဠဒေဝီလရသေ့သည် နတ်ပြည်မှ ဆင်းသက်ခဲ့၏။ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဝင်လေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်းစသော ပဋိသန္ထာရပြုပြီးသော် ရှင်ရသေ့၏အနီး၌နေ၏။

ကာဠဒေဝီလရသေ့လည်း တကာတော်မင်းတရား၌ ဘုရားလောင်းဖြစ်သော သားရတနာကို ယနေ့ဖွားသည်ဟု တာဝတိံသာနတ်တို့ပြောစကားကို ကြားသိရ၍ တကာတော်ထံ လာခဲ့သည်၊ ဟုတ်မှန်ပါ၏လားဟု မေး၏။

မင်းကြီးလည်း ဟုတ်မှန်ကြောင်းကို လျှောက်ကြားသော် ထို သားရတနာကို ငါရှုမြင်လိုသည်ဟု ဆိုရာ သားတော်ကို ယူဆောင်ခဲ့၍ မင်းကြီး၏ ရင်ခွင်ထက်၌ ထားမြဲမှ ရသေ့အား

ရှိခိုးစိမ့်သောငှာ လက်နှစ်ဖက်ကို ယှက်စေသော် လက်တော်အား မယှက်၊ ခြေတော်နှစ်ဖက်သာလျှင် လျှပ်စစ်ပြက်သကဲ့သို့ ချက်ချင်းပင် ရသေ့ကြီး၏ ဦးထိပ်ပြင်ထက်၌ တည်လေသည်။ ဤသို့အံ့ဖွယ်သရဲ ထူးကဲသော အခြင်းအရာကို တွေ့မြင်သောအခါ ကာဠဒေဝီလရသေ့သည် အလောင်းတော်မင်းသားအား ဝပ်တွားဦးတိုက်၍ ရှိခိုးလေ၏။ ခမည်းတော်မင်းကြီးလည်း သားတော်အား "ပထမအကြိမ်" ဦးတိုက်ရှိခိုးခြင်းကို ပြုလေသည်။

ထို့နောက် ဆရာရသေ့လည်း ယနေ့ဖွားစ ဘုရားလောင်းမင်းသား၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ကို ကြည့်ရှုလျက် ရှေ့နောက်ကို ဆင်ခြင်တော်မူလေသော် ဘုရားစင်စစ် ကေန်ဖြစ်မည့် အသက်ထင်ရှား ဘုရားလောင်းသူမြတ်ကို တပ်အပ်ထင်ထင် ဖူးမြင်ရပေသည်ဟု ကြည်ရွှင်ဝမ်းမြောက်သောနှလုံးဖြင့် "ပြုံးရယ်ခြင်း" ပြု၏။

ထို့နောက်တစ်ဖန် ဆင်ခြင်ပြန်ရာ အလောင်းမင်းဘုရားမဖြစ်မီအခါကပင် မိမိမှာ ဤလူ့ပြည်မှ စုတေ၍ ရုပ်မရှိသော အရူပဘုံ၌ ဖြစ်ရမည်ကို မြင်ရသဖြင့် ဘုရားလောင်းကို ကောင်းစွာတွေ့ကြုံရပါလျက် ဘုရားစင်စစ် ဖြစ်သောအခါနှင့်မူ ဖူးမြင်ရန်မကြုံကြိုက်ဘဲ လွဲရမည်ကို စဉ်းစား၍ ဝမ်းနည်းသဖြင့် ငိုလေသည်။

ထိုသို့ "ရယ်ခြင်း"၊"ငိုခြင်း"အကြောင်းရင်းနှစ်ပါးကို မင်းကြီးက မေးမြန်းလျှောက်ထားသဖြင့် အထက်ပါအတိုင်း ပြန်ကြားမိန့်မြွက်တော်မူရာ သုဒ္ဓေါဒနမင်းကြီးထံလည်း သားတော်သည်



အဘယ်အရွယ်ရှိမှ ဘုရားဖြစ်လတ္တံ့နည်းဟု လျှောက်ထားမေးမြန်းသော် ၃၅–နှစ်အရွယ်တွင် ဘုရားဖြစ်မည်ဟု မိန့်တော်မူ၏။ ထိုသို့ပြောဟောပြီးမှ ကာဠဒေဝီလရသေ့သည် မိမိနေရာ ကျောင်းသခ်မ်းသို့ ကြွလေသည်။

* *

## အခန်း–၂၅

## မောနေယျ အကျင့်အကြောင်း

ကာဠဒေဝီလရသေ့လည်း ကျောင်းသခ်မ်းသို့ ရောက်လေလျှင် မိမိနှမတော်၏ သားဖြစ်သော နာဠကသူကြွယ်ကို ခေါ်ပြီးသော် ငါ့တူနာဠက၊ သုဒ္ဓေါဒနမင်းကြီး၏သားသည် ၃၅ နှစ်တိုင်လျှင် ဘုရားစင်စစ် ကေန်ဖြစ်မည်၊ ထိုအခါ တရားတော်ကိုနာ၍ ချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရအောင် ယနေ့ပင် သင်ရဟန်းပြုလေတော့ဟု တိုက်တွန်းလေ၏။

တူတော်နာဠကလည်း ငါ့ဦးရီသည် အကျိုးမဲ့ကို မဆိုပေရာ၊ ကောင်းကျိုး ရှိ၍သာ တိုက်တွန်းသည် ဖြစ်လတ္တံ့ဟု ယုံကြည်သည်ဖြစ်၍ ရှစ်ဆယ့်လေးကုဋေကြွယ်ဝသော ရွှေ၊ ငွေ၊ ဥစ္စာ၊ လယ်ယာ၊ ကျွန်၊ နွား၊ သား မယားတို့ကို စွန့်ပစ်၍ ထိုနေ့ပင်

ရဟန်းပရိက္ခရာကို ရှာဖွေလျက် ဘုရားလောင်းရှိရာ အရပ်သို့ ရှိခိုး ရည်မှန်း ရဟန်းပြုလေတော့သည်။

ထိုနာဋ္ဌာကမထေရ်ကား မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားပြီးနောက် ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားသခင်နှင့် တွေ့၍ မောနေယျအကျင့် မေးမြန်းလျှောက်ထားပြီးလျှင် ဘုရားရှင် ဟောကြားသည့်အတိုင်း အားထုတ်ကျင့်သဖြင့် ကျင့်သည့်နေ့မှ ခုနစ်လပြည့်သောနေ့တွင် တစ်ခုသော ရွှေတောင်ကိုမှီလျက် ပရိနိဗ္ဗာန် ပြုလေသည်။

## ဘုရားတစ်ဆူတွင် မောနေယျကျင့်သူ တစ်ယောက်သာရှိမြဲ

ဤနာဋ္ဌာကမထေရ်ကား ဥက္ကဋ္ဌကျင့်သောကြောင့် ကျင့်သည့် နေ့မှ ခုနစ်လသာ အသက်ရှည်သည်။ မဇ္ဈိမကျင့်သော် ခုနစ်နှစ် သာ အသက်ရှည်၍ မုဒုကျင့်သော်တစ်ဆယ့်နှစ်နှစ် အသက်ရှည် သည်။

**စကားချပ်။** ။စာရေးသူငယ်စဉ် အင်္ဂလိပ်အစိုးရလက်ထက် က ယခု စကု-လယ်ကိုင်းစသော မြို့များနှင့် မန်းစက်တော်ရာ ဘုရားကြီးတည်ရှိရာ အရပ်ဌာနသည် နေရာထူး နေရာမြတ် မှန် သောကြောင့် လာရောက်နေထိုင်သည်ဟု အကြောင်းပြလျက် မောနေယျဆိုသူ 'လူ'တစ်ယောက်ပေါ်ပေါက်လာပြီး စကုမြို့၌ လည်းကောင်း၊ လယ်ကိုင်းမြို့၌လည်းကောင်း၊ မန်းစက်တော်ရာ



ဘုရားလမ်း အုံးနဲ့ စခန်း၌လည်းကောင်း၊ မန်းစက်တော်ရာဘုရားစခန်း လှေတင်မန်း၌ လည်းကောင်း၊ ဘုရားတောင်ခြေ၌ လည်းကောင်း၊ အိမ်ဖြူကြီးများ ဆောက်လုပ်ကာ လာရောက်နေထိုင်သည်ကို တွေ့မြင် ကြားသိခဲ့ရ ဖူးပါသည်။ ထို့နောက် မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ကျပြီး မိန်းမမှာ စကုမြို့မြောက်ဘက် ဥယျာဉ်ဇင်ရွာတွင် သေဆုံးသွားသည်။ ထို(လူ) မောနေယျလည်း စကုမြို့ မန်းချောင်း မြောက်ဘက် ဥယျာဉ်ဇင်ရွာ နေအိမ်တွင်ပင် သေဆုံးသွားကြောင်း သိရ၏။

* * *

## အခန်း-၂၆

## အလောင်းမင်းသားကို လက္ခဏာဖတ်၍ အမည်မှည့်ခြင်း

အလောင်းမင်းသားကို ဖွားမြင်ပြီးနောက် ငါးရက်မြောက် အမည်မှည့်အံ့သောနေ့သို့ ရောက်သောအခါ အကျော်၊ ဇလပ်၊ ပရုတ်၊ စန္ဒကူးဟူသော နံ့သာမျိုး လေးပါးဖြင့် အလုံးစုံသော မင်းအိမ်တော်ကို ပက်ဖျန်း လိမ်းကျံလျက် မုလေးပန်း၊ ဇလပ် ပန်းစသည့် ပန်းမြတ် အမျိုးမျိုး တို့ကိုလည်း မင်းအိမ်တော် ပြည့်မျှ ဖြန့်ကြဲလျက် သားတော်ကို နံ့သာရေ တို့ဖြင့် ရေချိုးစေပြီး

ကိုးပါးသော ရတနာအစုထက်၌ နေစေ၍ ဗေဒင်သုံးကျမ်း ကမ်းတစ်ဖက်ရောက် တတ်မြောက်စွာသော ပုဏ္ဏား ပ... ...ရစ်ယောက်တို့ကို ခေါ်၍ ထမင်းအဖျော် ကျွေးမွေးပြီးသော် များမှာ...ာ ပူဇော်သက္ကာရကို ဆောင်နှင်း၍ မင်းသား၏ လက္ခဏာနိမိတ်ကို စစ်ဆေးကြည့်ရှု ဖတ်ကြားစေသည်။

ထိုအခါ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ဦးစီး ခေါင်းဆောင်ဖြစ်သော ပုဏ္ဏားရှစ်ယောက်တို့အနက် ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဗောဒ၊ သုယာမ ဟူသော ပုဏ္ဏားခုနစ်ယောက်တို့က လက်နှစ်ချောင်းကိုမြှောက်၍ အရှင့်သားမြတ်သည် လေးကျွန်းသနင်း စကြာမင်းသော်လည်း ဖြစ်လတ္တံ့၊ လူတွင်ထင်ရှား ဘုရားဖြစ်သော်လည်းဖြစ်လတ္တံ့ဟူ၍ ဒွိဟစကားဖြင့် နှစ်မျိုးစီ လျှောက်ထားကုန်၏။

သို့ရာတွင် ကောဏ္ဍညအနွယ်အငယ်ဆုံးလည်းဖြစ်သော သုဒတ္တပုဏ္ဏားမှုကား အရှင့်သားသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်အံ့ဖွယ်တစ်ဆယ့်နှစ်ဖြာတို့နှင့်တကွ "တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်" အစုံတို့ ပါရှိလေသည်။ ထို့ကြောင့် ဘုံသုံးခွင်တစ်လွှားတွင် တုဘက်တော်ကင်းကြားသော "ဘုရားစင်စစ်ဖြစ်လတ္တံ့ ဟု တစ်ခွန်းတည်းသော စကားဖြင့် လက်ညှိုးတစ်ချောင်းကိုသာ မြှောက်၍ လျှောက်ကြားလေသည်။

ခမည်းတော်မင်းကြီးကလည်း ထိုပုဏ္ဏားအား ငါ၏သားသားတော်သည် ဘုရားဖြစ်လတ္တံ့ဟူ၍ဆိုသော် အဘယ်အကြောင်းကိုမြင်၍ လူ့ဘောင်တွင် မပျော်ရွှင်ဘဲ ရှောင်လွဲ တောထွက်လတ္တံ့



သည်းဟု မေးမြန်းရာ သူအို၊ သူနာ၊ သူသေ ရဟန်းတည်းဟူသော မိတ်ကြီးလေးပါးကို မြင်သောအခါ တောထွက်လတ္တံ့ဟု လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးသည် စကြာမင်းဖြစ်သည်ကိုသာ မြင်လိုသောကြောင့် သားတော်အား ထိုနိမိတ်ကြီးလေးပါး မမြင်မတွေ့စေရန် ၁ပိလဝတ်ပြည်တော်မှ တစ်ဂါဝုတ်မျှလောက်သော အရပ်ထက်ဝန်းချင်၌ ကြပ်တည်းစွာ အစောင့်အရှောက်ထား၍ ပိတ်ပင်တားမြစ်တော်မူ၏။

အလောင်းမင်းသား၏ အမည်နာမကို ရွေးချယ်စေပြန်ရာ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းနှင့်တကွ နတ်၊ လူ၊ ဗြဟ္မာသတ္တဝါအများတို့၏ အလိုကိုပြည့်စေ၍ ဖွားမြင်တော်မူခြင်းအကြောင်းကို့ကြောင့် "သိဒ္ဓတ္ထကုမာရ" အမည်ကိုမှည့်လေ၏။

မယ်တော် "မဟာမာယာဒေဝီ"မိဖုရားကြီးသည်လည်း ဘုရားလောင်းကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်တွင် အာယုသက်တမ်းစေ့ကုန်လေသောကြောင့် တစ်စုံတစ်ရာရောဂါ ထန်ပြင်းကပ်ငြိခြင်းမရှိဘဲ အိပ်သောယောကျ်ား နိုးသောလားသို့ "ဘုရားလောင်းမယ်တော်"တို့ စံပျော်ရာ (တုသိတာနတ်ပြည်၌ သန္တုသိတနတ်သား) ဖြစ်လေ၏။

မိဖုရားကြီး နတ်ပြည်လားပြီးသောအခါ ညီမတော် မဟာပဇာပတိဂေါတမီသည် သားရင်းဖြစ်သော နန္ဒမင်းသားကို နို့ထိန်းတို့အား သွဲ့အပ်ထားပြီးလျှင် အလောင်းမင်းသားကိုပင် သားရင်းအသွင် ပြုပြင်ကားမေး ပိုက်ထွေးကြည့်ရှုလေသည်။

## အခန်း-၂၇
## သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုခြင်း

အလောင်းတော်ကို ဖွားမြင်ပြီးနောက် တစ်လမြောက်တွင် ခမည်းတော်မင်းကြီးသည် ဗိုလ်ပါအပေါင်းခြံရံလျက် လယ်ထွန်မင်္ဂလာပြုရန် ထွက်တော်မူ၏။ ထိုအရပ်အနီး ကြီးစွာပေါက်အပ်သော ဇမ္ဗူသပြေပင်ရင်းဝယ် ခင်းကျင်းကာရံ စီမံအပ်သော ကောင်းမြတ်သည့်နေရာ၌ အလောင်းတော်မင်းသားကို သိပ်ထား၍ အထိန်းအယတို့အား စောင့်ရှောက်စေပြီးလျှင် မင်းကြီးသည် လယ်ထွန်မင်္ဂလာကို ပြုတော်မူ၏။

အထိန်းတော်တို့လည်း မင်းကြီး၏ လယ်ထွန်မင်္ဂလာကို မက်မောစွာကြည့်ရှုနေရင်း မင်းသားငယ်ကို မေ့လျော့နေကြခိုက်တွင် အလောင်းမင်းသားသည် သိပ်ထားသောနေရာထက်၌ပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် အနာပါနကမ္မဋ္ဌာန်းကို ဆင်ခြင်ကာ ပထမဈာန်ကို ဝင်စားတော်မူလေ၏။ ထိုကမ္မဋ္ဌာန်း၏ တန်ခိုးအစွမ်းနှင့် အလောင်းတော်၏ အာနုဘော်တို့ကြောင့် နံနက်ကာလမှစ၍ ညနေမွန်းစောင်းသည့်တိုင်အောင် အခြားသစ်ပင်တို့၏ အရိပ်များ လှည့်စောင်းရွေ့ပြောင်းသော်လည်း ဇမ္ဗူသပြေပင်၏ အရိပ်သည် မရွေ့မပြောင်းဘဲ အလောင်းတော်ကို ထီးဖြူဖြင့် အုပ်မိုးသကဲ့သို့ တည်မြဲတိုင်း တည်၍နေ၏။

အချိန်အတန်လင့်မှ မင်းသားကိုသတိရကြ၍ အထိန်းအယတို့ ပြန်လာကြည့်ရှုကြသောအခါ ထူးခြားစွာ သပြေရိပ်နေပုံနှင့်တကွ



ပထမဈာန်ဝင်စား၍ ဘုရားကဲ့သို့ တင့်တယ်စွာထိုင်နေသော မင်းသားကို မြင်လေလျှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မင်းကြီးလည်း အထိန်းအယတို့စကားဖြင့် မင်းသားထံလာ၍ ကြည့်ရှုသောအခါ အံ့ဖွယ်သောအခြင်းအရာကို တွေ့မြင်ရသဖြင့် ဒုတိယအကြိမ် "လက်အုပ်ချီမိုး ရှိခိုးခြင်း" ပြုလေသတည်း။

* * *

## အလောင်းမင်းသား လေးမြားအတတ်ပြခြင်း

အလောင်းမင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် ဘေးတော် ဘိုးတော်အဆက်ဆက်တို့ တစ်ကြိမ်တစ်ရံမျှ မခံစားဘူးသော ထူးမြတ်လှသည့် ဥတုသုံးရပ်နှင့် သင့်တင့်အောင် စီမံထားသော-

ရမ္မ - ဘုံငါးဆင့်ရှိသော နန်းဆောင်၊

သုရမ္မ - ဘုံခုနစ်ဆင့်ရှိသော နန်းဆောင်၊

သုတ - ဘုံကိုးဆင့်ရှိသော နန်းဆောင်၊

အထက်ပါ နန်းမသုံးဆောင်ကို ဆောက်လုပ်စေ၍ မင်းသားအား အပ်နှင်းသည်။ ဤရွှေနန်းသုံးဆောင်ကို အပ်ပြီးမှ သုဒ္ဓေါဒန

မင်းကြီးက ငါ၏ သားမြတ်သည် လျောက်ပတ်သောအရွယ်သို့ ရောက်ပြီဖြစ်၍ မယား၊ သားတို့နှင့် ပျော်ပါးကပ်ငြိခြင်းရှိမှ သတိသံဝေဂ။ မသတ် တောထွက်၍ ရဟန်းမပြုဘဲ လူ့စည်းစိမ်၌ မွေ့လျော်ကာ စကြာမင်းဖြစ်သည်ကို ငါမြင်ရမည်။ ငါလည်း "စကြာမင်း"အဘ ဖြစ်လိမ့်မည်ဟု အကြံရှိ၍ အသီးသီးသော ဆွေတော်မျိုးတော်တို့၏ အထံသို့ ရာဇသံ ရွှေပေလွှတ်၍ သမီးရတနာ ပို့ဆက်ရမည့်အကြောင်းနှင့် တောင်းတော်မူလေသည်။

ထိုရာဇသံကိုကြားသော် အချို့သော ဆွေတော်မျိုးတော်အပေါင်းတို့က ဤသိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်လတ္တံ့ဟု ပုဏ္ဏားတို့ မြွက်စားသော စကားကိုမှီ၍ ဂုဏ်မာန်တက်သဖြင့် မည်သည့် အတတ်ကိုမျှ မသင်ကြား၊ ကိုးစားယုံမှတ်လောက်အောင် အဋ္ဌာရသ။ တတ်သိပ္ပတွင် တစ်ခုခုမျှ မတတ်ချေ။ အဆင်းအဝါသာလှ၍ စွမ်းပကားပညာ ကင်းရကား မြို့တွင်း၌ပေါက်သော ပေါက်ပင်ကဲ့သို့သာ ဖြစ်ချေသည်။ ပြည်ထောင်ချင်းချင်း မင်းတစ်ပါးတို့က အကယ်၍ ရန်မူလာလျှင် လဲဝါငွမ်းကဲ့သို့ လွင့်ဖို့ရာသာရှိသည်။ ငါတို့ရင်သွေးကို ပေး၍ မလျော်ဟု ဆိုကြကုန်၏။

ထိုသို့ မင်းတို့ဆိုလိုက်သောစကားကို မှူးမတ်တို့က ပြန်ကြား လျှောက်ထား၍ သုဒ္ဓေါဒနမင်းကြီး ကြားလေသော် ဘုရားအလောင်းသို့ ပြောကြားလျှင် အလောင်းတော်မင်းသားက တစ်ပါးသူထံ သင်ကြားရန်မရှိ။ မင်္ဂိုသန္ဓေကပင် တတ်မြောက်ပြီး ဖြစ်သည်ဟု ပြော ဆိုပြီး မင်းကြီးထံ ခွင့်ပန်၍ မင်းရင်ပြင်၌ ကြီးကျယ်သော တလင်း၊



မင်းကွန်းကိုပြုလုပ်စေ၍ ဗိုလ်တထောင်တင်ထိုက်သော လေးတော်ဖြင့် ဝက်ဝေဓိ၊ ခဂ္ဂဝေဓိ၊ ဝါလဝေဓိ၊ ဥဒကဝေဓိ၊ သဒ္ဒဝေဓိ စသော အထူးအခြား လေးမြားအတတ်တို့ကို သူမတူအောင်ပြတော်မူလေ၏။

ထိုအခါမှ မဟာဆွေတော်မျိုးတော်အပေါင်းတို့သည် ချီးမွမ်း စကားလွှန်ပြောကြားလျက် များပြားသော လက်ဆောင်ပဏ္ဏာတို့နှင့် သမီးကညာကို ဆက်သရန်လာကုန်၏။ ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓမင်းကလည်း သမီးတော် (ဘဒ္ဒကစ္စနာ)ကို မောင်းမမိဿံ အခြွေအရံနှင့်တကွ ပို့လေသည်။ ကပိလဝတ်ပြည်သို့ရောက်လျှင် အသီးသီး ရွေးကောက်တော်မူ၍ လေးသောင်းသော မောင်းမနှင့်တကွ ဘဒ္ဒကစ္စနာကို "ယသော်ဓရာ ဗိမ္ဗာဒေဝီ"အမည်နှင့် အဂ္ဂမဟေသီ အရာထား၍ ပကတိနတ်စည်းစိမ်နှင့်မခြား ခံစားတော်မူလေသတည်း။

* * *

## အခန်း-၂၉

## အလောင်းတော်နိမိတ်ကြီးလေးပါးကိုမြင်ခြင်း

ဤသို့ နတ်စည်းစိမ်တမျှ ခံစား၍နေခဲ့ရာ သက်တော် ၂၈- နှစ်မြောက်တွင် ဥယျာဉ်တော်သို့ ထွက်စံတော် မူလိုသော စိတ်

ရှိရကား နဝရတ်ကိုးပါးဖြင့်စီခြယ်အပ်သည့် "ဝေဇယန်"ရထားဝယ့် သိန္ဓောမြင်းလေးစီးကို ကစေလျက် ထွက်တော်မူ၏။

ဥယျာဉ်တော်အနီးသို့ ရောက်လုနီးတွင် တုသိတာနတ်အပေါင်းတို့က အလောင်းမင်းသားသည် ရဟန်းပြုရာသော အချိန်သင့်ပြီ။ သတိသံဝေဂရအောင် ငါတို့ပြတော့မည်ဟု ကြံ၍ ဝေဇယန်ရထား၏ ရှေ့တူရူ၌ ဆံဖြူသွားကြေ အရေတွန့်တို အိုမင်းစွာသော "သူအို" အသွင်ကို ဖန်ဆင်း၍ပြလေသည်။

(ဤ သူအိုနိမိတ်ကို အလောင်းမင်းသားနှင့် ရထားမှူးမှတစ်ပါး အခြားသူတို့ မမြင်ရချေ။)

ဘုရားအလောင်း။ ။အချင်းရထားမှူး၊ ဤလမ်းခရီး၌ ထူးကဲယိုယွင်းသော အဆင်းသဏ္ဍာန်ဖြင့် အလွန်ပင်ပန်းစွာလာသူကား အသူနည်း။

ရထားမှူး။ ။အလွန်ပင်ပန်းစွာလာသူကား သူအိုဖြစ်ပါသည်ဘုရား။

ဘုရားအလောင်း။ ။ငါတို့သည်လည်း ဤကဲ့သို့"အို"ရဦးအံ့လော။

ရထားမှူး။ ။ဇာတိရှိသူမှန်သမျှ မုချ အိုရပါမည်ဘုရား။

ထိုအခါဘုရားလောင်းသည် လွန်စွာထိတ်လန့်သော သံဝေဂစိတ်ဖြင့် ထိုနေရာကပင် တုံ့ပြန်ကာ နန်းတော်သို့ဝင်လေ၏။

ခမည်းတော်လည်း ထိုအကြောင်းကိုသိလျှင် ရှေးကထက်ပင် အစောင့်အရှောက်များ တိုးချဲ့ခန့်ထားခြင်း၊ နန်းတော်တွင်း၌လည်း ပျော်ပွဲရွှင်ပွဲများကို ကျင်းပခြင်းဖြင့် ဘုရားထွက်လိုစိတ် ပျောက်ကင်းရန် စီမံတော်မူလေသည်။



ထိုနေ့မှနောက် လေးလမြောက်တွင် ဥယျာဉ်တော်သို့ ထွက်တော်မူပြန်ရာ ယခင်နတ်တို့ပင် သူနာဟန်ဖန်ဆင်း၍ ပြပြန်သဖြင့် ရထားမှူးအား ရှေးနည်းအတူမေးတော်မူသော် ဤသူနာကဲ့သို့ နာရဦးမည်ကို လျှောက်တင်၍ သိမြင်တော်မူ[illegible] တိုးတက်ထိတ်လန့်သော သံဝေဂစိတ်တို့ဖြင့် ထိုနေရာကပင် လှည့်၍ နန်းတော်သို့ ဝင်ခဲ့လေသည်။

(ခမည်းတော်လည်း ရှေးကထက် တိုးချဲ့စောင့်ရှောက် ပျော်ရွှင်စေ၏။)

ထိုနေ့မှနောက် လေးလမြောက်တွင် ယခင်နည်းတူ ဥယျာဉ်တော်သို့ ထွက်တော်မူပြန်ရာ ထိုတုသိတာနတ်တို့ပင် သူသေအဟန်ဖန်ဆင်းပြပြန်သဖြင့် ရထားမှူးအားမေးတော်မူပြန်ရာ ဤသူသေကဲ့သို့ပင် မချွတ်မလွဲ အမြဲသေရပါဦးမည်ဟု လျှောက်တင်၍ တိုးတက် ထိတ်လန့်သော စိတ်ထားဖြင့် နန်းတော်သို့ ပြန်လည်၍ ကြွတော်မူပြန်၏။

(ခမည်းတော်လည်း ရှေးကထက် တိုးချဲ့စောင့်ရှောက် ပျော်ရွှင်စေ၏။)

ထိုနေ့မှနောက် လေးလမြောက်တွင် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူပြန်ရာ ယခင်နတ်တို့ပင် ရဟန်းအသွင်ကို ဖန်ဆင်း၍ပြသဖြင့် ထိုအခါတွင်မှ လွန်စွာရွှင်ပြ စိတ်နှလုံးကြည်လင်လှ၍ ဥယျာဉ်သို့အရောက် ကြွတော်မူပြီးလျှင် မွေ့လျော်စွာဖြင့် ဥယျာဉ်ဖွင့် အချိန်ကုန်စေ၏။

အသက်ရှည်သောဘုရားအလောင်းတို့မှာ အနှစ်တစ်ရာ၊တစ်ရာ ရှိမှ နိမိတ်တစ်ပါးကို မြင်ရသည်။ ဂျွန့်ပ်တို့ ဘုရားလောင်းမှာကား

အသက်တိုသောကာလ၌ ဖြစ်ရ၍ လေးလတစ်ခါ နိမိတ်ကြီးများ မြင်ရခြင်းဖြစ်သည်။

ထို့နောက်မှ အလောင်း[illegible]တော်သည် ကိုယ်တော်ကိုတန်ဆာဆင်လိုစိတ်ရှိသဖြင့် ဥယျာဉ်တော်အတွင်း နတ်တို့ဖန်ဆင်းအပ်သော မင်္ဂလာရေကန်၌ ရေသုံးသပ်တော်မူပြီးလျှင် မင်္ဂလာရှိသော ကျောက်ဖျာအပြင်ဝယ် စံပယ်တော်မူသောအခါ ပဏ္ဍုကမ္ဗလာ ဘင်းသဖြင့် သိကြားမင်းသိသောကြောင့် ဝိသကြုံနတ်သားသည်လည်း ထင်ရှားသောအသွင်ဖြင့် လာလတ်၍ အလောင်းတော်မြတ်အား နတ်ဝတ်ပုဆိုးတန်ဆာတို့ကို ဆင်မြန်း၍ ပေးလေ၏။

အလောင်းမင်းသားလည်း မိမိအား ထိကိုင်သောအတွေ့ဖြင့် ဤသူကား နတ်သားဟု ထင်ရှားစွာသိ၍ နတ်ဝတ်တန်ဆာတို့ကို ဆင်ယင်ပြီးလျှင် ဥယျာဉ်တော်တွင် တစ်နေ့လုံး စံပယ်ကာနေတော်မူ၏။

* * *

## အခန်း–၃၀

## သားတော်ရာဟုလာကို ဖွားမြင်ခြင်း

အလောင်းမင်းသားသည် တ[illegible]နေ့ပတ်လုံး ဥယျာဉ်တော်တွင် စံပယ်တော်မူပြီးမှ ညနေချမ်းကာလဝယ် နန်းတော်သို့ ပြန်ကြွရန်



ဝေဇယန်ရထားထက်သို့ တက်စီးတော်မူသောအခါ ယသော်ဓရာ မိဖုရားမှ သားရတနာ ဖွားမြင်တော်မူကြောင်းကို မှူးမတ်တို့လာရောက်သံတော်ဦးတင်ကြ၍ ကြားသိတော်မူသောအခါ စိတ်ဝယ်ညှိုးနွမ်းမလန်းမရွှင် သို့ဖြစ်အင်ကြောင့်–

"ရာဟုလာ ဇာတော၊ ဗန္ဓနံဇာတံ"ဟု ညည်းညူတော်မူရှာလေ၏။ အဓိပ္ပာယ်ကား လ,ကို ရာဟုဖမ်းသကဲ့သို့ မယားဟူသော အနှောင်အဖွဲ့တစ်ခုတွင် သားကထပ်မံ၍ နှောင်ဖွဲ့ပြန်သည်ဟု မိန့်လိုရင်းဖြစ်၏။

အလောင်းတော်မြတ် ဤကဲ့သို့ ညည်းညူတော်မူအပ်သည်ကို အကြောင်းပြု၍ သုဒ္ဓေါဒနမင်းကြီးက မြေးတော်၏အမည်ကို "ရာဟုလာ"ဟု မှည့်ခေါ်လေသည်။

ထိုသတင်းစကားကို ကြားပြီးသောအခါ အမြံအရံများစွာတို့ဖြင့် နန်းတော်သို့ ဝင်တော်မူခဲ့ရာ မင်းလမ်းမကြီး၏ အနီး ကြီးစွာသော အိမ်တော်ထက်မှ ဘုရားလောင်း၏ နှမတော်ဖြစ်သော "ကိသာဂေါတမီ"က ဘုရားလောင်း၏ တင့်တယ်သောအသရေကို မြင်သဖြင့် ရွှင်လန်းသောစိတ် ရှိလှ၍ "နိဗ္ဗုတာနူနသာမာတာ" စသည်ဖြင့် ငြိမ်းအေးခြင်းနှင့်စပ်လျဉ်းပြီး ပြောကြားသောစကားကို ကြားရလျှင် အားရနှစ်ခြိုက်တော်မူလှသောကြောင့် ကြားရသောစကားအရ "နိဗ္ဗုတာအစစ်" ငြိမ်းချမ်းရာအဖြစ်ကို ငါရအောင်ရှာတော့မည်ဟုနှလုံးထားလျက် မိမိလည်တွင်တပ်ဆင်အပ်သော "ပုလဲသွယ်"ကို ချွတ်ပြီးလျှင် ကိသာဂေါတမီအား ဆရာစားအနေပြု၍ လက်ဆောင်ပေးပို့ကာ နန်းတော်သို့ ဝင်ခဲ့လေသည်။

## အခန်း-၃၁

## ဘုရားအလောင်း တောထွက်တော်မူခြင်း

အလောင်းမင်းသားသည် ရွှေနန်းပြသာဒ်သို့ တက်တော်မူ၍ အသရေရှိသော မင်းနေရာ၌ စံစားတော်မူလျှင်ပင် ထက်ဝန်းကျင် ရံခ၍ နေကြကုန်သော ကချေသည်မင်းသမီးတို့သည်လည်း အထူးထူးသော စည်၊ စောင်း၊ ငြင်း စသည်တို့ကို သာယာနာပျော်ဖွယ် သီဆိုကခုန် တီးမှုတ်လျက် ဘုရားအလောင်းကို မငြီးမငွေ့စေကြောင်း ဖျော်ဖြေကြကုန်၏။

ဘုရားအလောင်းလည်း ကိလေသာ၌ အသာကင်းတော်မူ၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူလေ၏။ အတီးအက မောင်းမအပေါင်းတို့သည်လည်း စောင်းငြင်းတို့ကို ပိုက်၍ အိပ်စက်ကြလေ၏။ ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးကား ထွန်းညှိလျက်ပင်ရှိ၏။ ညဉ့်သုံးယံလွန်သော အလောင်းတော်မြတ် နိုးလတ်၍ နဝရတ်ကိုးပါးဖြင့် စီခြယ်အပ်သော သလွန်တော်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် တစ်နန်းတော်လုံးကို သိမ်းကြုံးကြည့်ရှုတော်မူရာ အမျိုးမျိုးဖောက်ပြန်သော အမူအရာဖြင့် အိပ်ပျော်နေကြသော မောင်းမအပေါင်းကို မြင်တွေ့ရလေလျှင် မိမိစံတော်မူသော နန်းတော်ကြီးကိုပင် မစင် ဘင်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်တို့ဖြင့် ပြည့်အပ်သည့် "သုသာန်တစ သင်္ချိုင်းဝ"ကဲ့သို့ ထင်မှတ်၍ ကာမဂုဏ်၌ အတိုင်းထက်အလွန် ငြီးငွေ့တော်မူပြီးလျှင် ယနေ့ညပင် တောထွက်တော်မူအံ့ဟု စိတ်ဆုံးဖြတ်တော်မူ၏။



ထို့နောက် ဖွားဘက်တော်ဆန္နအမတ် အိပ်နေသည်ကို နှိုး၍ တိုးတိုးသာသာ မိန့်ကြားလျက် ဖွားဘက်တော် "ကဏ္ဍက"စီးတော်မြင်းအား ကကြိုးတန်ဆာများကိုဆင်ရန် စေလွှတ်တော် မူ၏။ ကဏ္ဍကမြင်းတော်လည်း ကကြိုးတန်ဆာ ဆင်သောအခါ အလောင်းမင်းသား တောထွက်အံ့သည်ကို သိ၍ ဝမ်းမြောက်ဝမ်းသာ ပြင်းထန်စွာ ဟီလေ၏။ ထိုမြင်းဟီသံကား တစ်ပြည်လုံး နိုးကြားလောက်အောင် ကျယ်သော်လည်း အသင့်စောင့်ဆိုင်းနေသော နတ်များက တန်ခိုးဖြင့် ဖန်တီးပိတ်ဆို့၍ ထားကြလေသည်။

ထိုအခိုက်မှာပင် အလောင်းတော်သည် ယနေ့မှ ဖွားမြင်သော သားတော်ကို ရှုမြင်လိုသောစိတ် ရှိပြန်သဖြင့် ယသော်ဓရာ၏ ရွှေနန်းတော်သို့ဝင်၍ ကြည့်တော်မူလျှင် နံ့သာဆီမီးရောင်ထွတ် ရတနာသလွန်တော်ပေါ်ဝယ် သားငယ်၏ထိပ်ထက်၌ လက်တင်ကာ အိပ်ပျော်နေရှာသော ယသော်မိဖုရားကို မြင်တော်မူ၏။ ထိုအခါ ငါသည် သားတော်ကိုယူ၍ ကြည့်လျှင် ယသော်မိဖုရား အိပ်ရာမှ နိုး၍ ငါ့အား ကြိုးရည်ဆောင်ထားသော တောထွက်အံ့အကြံ ပျက်တော့မည်။ သို့ဖြစ်သည်ကြောင့် နောင်ဘုရားဖြစ်မှ ကြည့်ရှုတော့မည်ဟု သားတော်ကိုကြည့်လိုသောစိတ် ရပ်သိမ်းလျက် အပြင်သို့ ထွက်ကြွတော်မူလေသည်။

ဖွားဘက်တော် မောင်ဆန်နှင့် ကဏ္ဍကမြင်းတော်တို့လည်း လှေခါးရင်းမှ အသင့်စောင့်နေကြသဖြင့် ထိုနေရာသို့ အရောက် ဖြည်းညှင်းစွာ လျှောက်ပြီးလျှင် အလျား တစ်ဆယ့်ရှစ်တောင် အရပ် ရှစ်တောင်မြင့်သော ကဏ္ဍကမြင်းတော်၏ ကျောကုန်း၌

တက်စီး၍ ဆန္ဒအမတ်ကို အမြီးမှ ကိုင်စေပြီးလျှင် ကျွန်အရှင်သုံးဘော်တို့ သက်တော် ၂၉–နှစ်၊ သက္ကရာဇ် ၉၈–ခု၊ ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံအခါ ဥတ္တရာသန် နက္ခတ်နှင့် စန်းမြတ်ယှဉ်ခိုက် တောထွက်တော်မူ၏။

(မြင်းတော်၏ခြေသံကို ပြည်သူပြည်သားတို့ မကြားစေရန် နတ်လေးယောက်တို့က လက်ဝါးဖြင့် ခံကုန်သည်။ ခမည်းတော်က တောထွက်မည်စိုး၍ လုံခြုံစွာပိတ်ထားသော မြို့တံခါးကြီးများကို နတ်များက အသင့်ကြိုတင် ဖွင့်လှစ်ထားသဖြင့် အလောင်းတော်တို့မှာ မင်္ဂလာရှိသော တံခါးကြီးမှထွက်၍ မြို့ပြင်သို့ ရောက်ကြလေသတည်း။)

* * *

## အခန်း–၃၂

## အလောင်းတော်မင်းသား မာရ်နတ်မင်းနှင့်တွေ့ခြင်း

ကျွန်အရှင် သုံးဘော်တို့ မြို့အပြင်သို့ ရောက်ကြလေသော် ဝသဝတ္တီနတ်ပြည်မှ "မာရ်နတ်မင်း" ချက်ချင်းထွက်ပေါ်လာပြီးလျှင် သိဒ္ဓတ္ထမင်းသား၊ အဘယ့်ကြောင့် ဆင်းရဲဒုက္ခကို ခံစားလိုသနည်း။ ဤနေ့မှနောက် ခုနစ်ရက်မြောက်တွင် သင်၏အလို့ငှာ စကြာရတနာဆိုက်ရောက်လာတော့မည်။ ထိုအခါ သင်မင်းသားသည်



လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး ဖြစ်ရလိမ့်မည်။ သို့အတွက် ဆင်းရဲမည့်တောသို့ မထွက်ဘဲ ဤနေရာကပင် ပြန်လှည့်ကာ နန်းတော်သို့ ဝင်ပါဟု ပြောဆိုတားမြစ်လေသည်။

အလောင်းတော်သည် မာရ်နတ်၏စကားကို ကြားလျှင် ငါကား စကြာမင်းအဖြစ်ကို မလိုလား ဘုရားစင်စစ်ကေန်ဖြစ်အောင် အားသစ်ကြိုး၍ သတ္တဝါအများကို ကယ်တင်ရန်သာအလိုတော်ရှိ၏။ သင့်စကားကြောင့် ငါတောမထွက်ဘဲ နောက်သို့တစ်ဖန် တုံ့ပြန်မည်မဟုတ်ချေ။ ငါ့ရှေ့မှာ သင်မနေနှင့်။ ယခုပင် ဖဲကြဉ်ရှောင်ရှားလေဟု မိန့်တော်မူ၏။

မာရ်နတ်သားလည်း စိတ်အားလျှော့ကာ နောင်ခါမှ သိစေမည်ဟု စိတ်ထဲတွင် ကြုံးဝါးလျက် ချက်ချင်းကွယ်ပျောက်သွားလေ၏။

မြို့နှင့်သင့်ရုံ အကွာသို့ ရောက်လတ်ပြန်သော် မဟာကပိလဝတ်ပြည်ကြီးကို ပြန်ကြည့်လိုသောဆန္ဒ ဖြစ်ပေါ်လာစဉ် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်သဖွယ် လှည့်လည်ပြ၏ ရှေ့၌ပင်မြင်ရလေ၏။

(ထိုဌာနတွင် နောင်ကာလ၌ "ကဏ္ဍက" အနိဝတ္တနစေတီတည်သတည်း။)

* * *

## အခန်း-၃၃

## ဆံတော်ပယ်၍ ရဟန်းပြုတော်မူခြင်း

ဤကဲ့သို့ ကျွန်အရှင်သုံးဘော်တို့ [illegible]တော်မူခဲ့ကြရာ "ကပိလဝတ်ပြင်မှ ယူဇနာ သုံးဆယ်အကွာ" အနော်မာအမည်ရှိသော မြစ်သို့ တစ်ညတွင်းချင်းပင် ရောက်ကြလေ၏။ အချင်းဆန္န၊ ဤမြစ်ကား အဘယ်အမည်တွင်သနည်းဟု မေးလျှင် အနော်မာမြစ် ဖြစ်ပါကြောင်းကို လျှောက်ထားသဖြင့် ငါ ရဟန်းပြုခြင်းသည် မယုတ်မာ မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်လတ္တံ့ဟု နိမိတ်ယူ၍ မြစ်ကိုကူးစေ၏။ မြင်းတော် ကဏ္ဍက ကလည်း လေ၏လျင်မြန်ခြင်းကဲ့သို့ ဆန္နအမတ်နှင့်တကွသော ဘုရားအလောင်းကိုဆောင်၍ ရှစ်ဥသဘကျယ်သည့် အနော်မာမြစ်ကို ခုန်ရာ တစ်ဘက်ကမ်းသို့ ရောက်လေ၏။

အနော်မာမြစ် တစ်ဘက်ကမ်းသို့ ရောက်ကြလျှင် စင်ကြယ်သန့်ရှင်း ငွေပြားကိုခင်းသကဲ့သို့ ဖြူဝင်းသစ်လွင် ငွေသဲပြင်ဝယ် တင်ပျဉ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးမှ လက်စွဲတော် သန်လျက်ဖြင့် ဆံတော်ကို ကိုယ်တော်တိုင် ဖြတ်ပယ်တော်မူကာ ငါသည် ကေန် ဘုရားဖြစ်မည်မှန်လျှင် ငါ၏ဆံတော်သည် ကောင်းကင်၌ တည်စေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပေါင်းတော် (မကိုဋ်)နှင့် တကွသော ဆံတော်ကို ပစ်မြှောက်တော်မူလိုက်ရာ မကိုဋ်နှင့်တကွသော ဆံတော်အစုသည် တစ်ယူဇနာခန့်မြင့်သော ကောင်းကင်ဝယ် ပန်းဆိုင်ဆွဲသကဲ့သို့ တည်လေ၏။ ထိုဆံတော်အစုကို မြင်သော



သိကြားမင်းသည် ရတနာပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာ နတ်ပြည်၌ စေတီတည်တော်မူလေသည်။

(ထိုစေတီတော်ကို စူဠာမဏိဟု ခေါ်တွင်ကြသည်။)

ဘုရားလောင်း၏ ဦးခေါင်းတော်၌ ကျန်ရစ်ခဲ့သော လက်နှစ်သစ်မျှ ပမာဏရှိသည့် ဆံတော်များကား ဦးခေါင်းတော်ကို လက်ယာရစ်၍ ကပ်ပြီးလျှင် သပ်ရပ်တင့်တယ်စွာ အသက်ထက်ဆုံး တည်တော်မူ၏။

ဆံတော်ကို ပယ်ပြီးသောအခါ ငါဝတ်ဆင်၍ ထားသော ကာသိတိုင်းဖြစ် ပုဆိုး စသည်တို့သည် ရသေ့ရဟန်းတို့နှင့် မလျော်ပတ်ချေတကားဟု အကြံတော်ဖြစ်သည်နှင့် တပြိုင်နက် ကဿပမြတ်စွာ ဘုရားလက်ထက်က မိတ်ဆွေရင်းဖြစ်ခဲ့သော အဋ္ဌနိဋ္ဌဘုံရှိ ဃဋိကာရ ဗြဟ္မာကြီးသည် ကမ္ဘာတည်စကပင် ပုဗ္ဗနိမိတ်ဖြစ်သည့် ကြာပင်တွင် အစုံပါရှိတော်မူသော-

(၁) ဒုကုဋ် နှစ်ထပ်သင်္ကန်း၊ (၂) ကောသီကိုယ်ရုံသင်္ကန်း၊ (၃) သင်းပိုင်ကိုယ်ဝတ်သင်္ကန်း၊ (၄) ခါးပန်းကြိုး၊ (၅) သပိတ်၊ (၆) ပဲကွပ်၊ (၇) ရေစစ်၊ (၈) အပ် ဟူသော ပရိက္ခရာရှစ်ပါးကို ယူဆောင်သိမ်းဆည်း၍ ထားသဖြင့် ဘုရားလောင်း၏ အလိုတော်ကို သိသောကြောင့် ချက်ချင်းပင် လာရောက်ဆက်ကပ်လေသည်။

ဘုရားအလောင်းလည်း ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုပယ်၍ ဗြဟ္မာကြီးကပ်လှူသော ပရိက္ခရာရှစ်ပါးကို ခံယူဆင်မြန်း ဝတ်ရုံတော်မူကာ ရဟန်းပြုတော်မူ၏။

ပယ်စွန်းအပ်သော ဝတ်လဲတော်ပုဆိုး စသည်တို့ကိုလည်း ဃဋိကာရဗြဟ္မာမင်းကြီးပင် ယူဆောင်သွားပြီးလျှင် အကနိဋ္ဌဗြဟ္မာဘုံ၌ ဌာပနာ၍ စေတီဘုရား တည်ထားကိုး [illegible]၏။

(ထိုစေတီကို "ဒုဿစေတီ"ဟု ခေါ်တွင်ခြင်း ပြု၏။)

* * *

## အခန်း–၃၄

## ဆန္နအမတ်အား ပြည်တော်သို့ ပြန်စေလွှတ်ခြင်း

ဘုရားအလောင်းသည် ရဟန်းပြုပြီးကြောင်း ခမည်းတော်နှင့်တကွသော ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့ သိစေရန် ကဏ္ဍကမြင်းတော်နှင့်အတူ ဆန္နအမတ်အား ကပိလဝတ်ပြည်သို့ ပြန်သွား၍ လျှောက်ထားပြောကြားရမည်ဟု မိန့်တော်မူ၏။

ဆန္နအမတ်ကိုလည်း အရှင်နှင့်တကွသော ရေပူရေချမ်း ကမ်းလှမ်း လုပ်ကျွေးကာ နေရမည့်အကြောင်းကို ဖန်ခါခါ ခွင့်တောင်းသော်ငြားလည်း အခွင့်မရသောကြောင့် သောကလှိုက်ဖို အရှင်ကို တမ်းတလျက် ကဏ္ဍကမြင်းတော်နှင့်အတူ ပြန်လာကြရာ ဖွားဘက်တော် ကဏ္ဍကမှာလည်း ဆန္နအမတ်အား ဘုရားအလောင်းမိန့်ကြားသော အခါကပင် အရှင်၏စကားကို နားလည်ပြီး ဖြစ်သောကြောင့်



နောင်အခါတွင် ငါ၏အရှင်ကို ဖူးမြင်ခွင့်မရတော့ပြီဟု တုန်လှုပ်ချောက်ချား များစွာ ဝမ်းနည်းသော်ငြားလည်း ဘုရားအလောင်းထံသို့လည်း ပြန်လှည့်ရန်မရဲ။ မလွှဲသာလွှဲသာ ခွဲခွာ၍လာခဲ့ရာ အနော်မာမြစ်ကမ်းတစ်ဘက်သို့ ရောက်လျှင်ပင် မီးတောက်သည့်အသွင် အရှင်ကို လွမ်းဆွတ်သောစိတ် ပြင်းထန်လှရကား နှလုံးသားကို လေဖြတ်၍ မတ်တပ်မှတီမ်းလည်း ကွယ်လွန်လေရာ တာဝတိံသာ နတ်ပြည်၌ "ကဏ္ဍကနတ်သား" ဟု အထင်အရှားဖြစ်လေသည်။

အမတ်မောင်ဆန်မှာမူ အတူလာ ရဲဘော်ကဏ္ဍကမြင်းတော်ကို အနော်မာမြစ်သဲခုံပေါ်၌ သဂြိုဟ်ခြင်း ပြုလုပ်ပြီးမှ ကကြိုးတန်ဆာကို ထမ်းလျက် လမ်းတစ်လျှောက်လုံး အရှင်နှင့်ကင်းကွာ၊ အတူလာသော ကဏ္ဍကမြင်းတော်မှာလည်း သေပြန်သဖြင့် အထွေထွေသော ပူဆွေးခြင်းတို့ဖြင့် ငိုယိုကာ ပြန်လာခဲ့ရာ နန်းတော်သို့ ရောက်လျှင် ဘုရားလောင်း၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့အား အကြောင်းစုံ ပြန်ကြားလျှောက်ထားသဖြင့် မောင်းမမိဿံများနှင့် နန်းသူနန်းသား ဆွေတော်မျိုးတော်များပါ ဗျာပါလိှုက်ဆွေး ငိုကြွေးမြည်တမ်းခြင်းအမှု ပြုကြလေတော့သည်။

* * *

## အခန်း–၃၅

## ဘုရားအလောင်း ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်း

ဘုရားအလောင်းသည်လည်း ထိုရဟန်းပြုရာအရပ်၏ အနီးရှိ အနုပီယ သရက်တောကြီးသို့ ဝင်တော်မူ၍ ခုနစ်ရက်လွန်သောအခါမှ ယူဇနာသုံးဆယ်ကွာဝေးသော ရာဇဂြိုဟ်ပြည်သို့ ခြေကျင်တစ်နေ့ချင်း အရောက်ကြွရောက်တော်မူ၏။ ရာဇဂြိုဟ်မြို့ အရှေ့တံခါးမှ မြို့တွင်းသို့ ဝင်တော်မူကာ အိမ်စဉ်တစ်လျှောက် လှည့်လည်ဆွမ်းခံတော်မူလေ၏။

မြို့သူမြို့သားအပေါင်းတို့ကလည်း ဘုရားအလောင်းကို တွေ့မြင်ကြသောအခါ ထူးခြားစွာသော အသွင်အပြင်ကြောင့် လူပင်ဖြစ်သလော၊ နတ်ပင်ဖြစ်သလောဟု တွေးတောစဉ်းစား မြို့အလုံးချောက်ချားလျက် ရှိသည်ကို ဗိမ္ဗိသာရမင်းကြီး ကြားသိလျှင်သိရခြင်း မင်းချင်းယောကျ်ားတို့အား ဘုရားလောင်း၏နောက်ပါးမှ လိုက်လံစုံစမ်းရန် စေလွှတ်လိုက်လေ၏။

အလောင်းတော်လည်း ခရီးစဉ်အတိုင်း ကြွတော်မူ၍ မြို့၏ အရှေ့မျက်နှာရှိ ပဏ္ဍဝတောရိပ်သို့ ကပ်ပြီးလျှင် ထိုင်တော်မူပြီးသော် အိမ်စဉ်အတိုင်း ခံယူရရှိသော ဆွမ်းကိုဘုဉ်းပေးရန် ကြည့်ရှုတော်မူသောအခါ သန့်မသန့်နှောလျက် အရောရောရှိသော ဆွမ်းကို မြင်တော်မူရလျှင် အူအသည်းပင် ပြောင်းပြန်လှန်၍ ပျို့အန်လုမတတ် ရှိလေ၏။ ထို့နောက်မှ ကိုယ်တော်နှင့် စိတ်တော်ကို ဆုံးမလျက် ဘုဉ်းပေးတော်မူရလေ၏။ ထို အချင်း အရာကို



မင်းချင်းတို့ မြင်သောအခါ (ဗိမ္ဗိသာရ)မင်းကြီးအား အကြောင်းစုံကို ပြန်ကြားလျှောက်ထားလေ၏။

မင်းကြီးလည်း အလျင်အမြန် နန်းတော်မှ ထွက်ပြီးလျှင် အလောင်းတော်ရှိရာသို့ သွားရောက်ချဉ်းကပ်၍ မေးမြန်းစုံစမ်းရာ သုဒ္ဓေါဒနမင်းကြီး၏သား ဘုရားလောင်း၏အဖြစ်ကို သိရလေသော် အရှင်၏အသက်အရွယ် ငယ်ပါသေးသည်။ တိုင်းပြည်ကို တစ်ဝက်ခွဲ၍ ပေးပါမည်။ ဤရာဇဂြိုဟ်ပြည်တွင် အေးမြစွာ စံနေတော်မူပါဟု ဖိတ်ကြားလျှောက်ထားလေသည်။

ထိုအခါ ဘုရားအလောင်းက ဒါယကာမင်းမြတ်၊ လွှဲအပ်သဖြင့် ရအပ်သော မင်း၏စည်းစိမ်ချမ်းသာသည် ရေပေါ်၌တက်အပ်သော ရေပွက်ပမာ တစ်သက်စာမျှသာ ဖြစ်ချေသည်။ ထိုစည်းစိမ်ကိုမှီ၍ ကိလေသာပွားသဖြင့် များသောအကုသိုလ်ဒုစရိုက်ဖြစ်၍ သံသရာ၌ နစ်မွန်းရခြင်း၏ အကြောင်းသာဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏ စည်းစိမ်ကို ဘင်အိမ်၌ လောက်ရံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါ စွန့်ခွာထွက်ခဲ့သည်။ သို့ဖြစ်သောကြောင့် မင်းကြီး၏ဖိတ်ကြားခြင်းကို အလျဉ်းအလိုမရှိဟု ပယ်တော်မူ၏။

ထိုအခါ မင်းကြီးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးလျှင် ယခုဖိတ်ကြားချက်ကို လက်မခံပါလျှင် နောင်ခါငင်စစ် ဘုရားဖြစ်သောအခါ ဤရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူလာရန် ဝန်ခံချက်တောင်းပြန်သဖြင့် ကောင်းပြီဟု ဝန်ခံတော်မူကာ ထိုနေရာမှ တစ်ဖန် ကြွတော်မူပြန်လေသည်။

## အခန်း–၃၆

## ဘုရားလောင်းဒုက္ကရစရိယာကျင့်တော်မူခြင်း

ထိုသို့ အစဉ်သဖြင့် ကြွတော်မူခဲ့ရာ တစ်ခုသော တောအုပ်၌ လောကီဈာန်ကို စီးဖြန်း၍နေသော ကာလာမ အမျိုးဖြစ်သော အာဠာရ ရသေ့ထံသို့ ချဉ်းကပ်၍ ဈာန်သမာပတ်ကို နှီးနှောအားထုတ်သဖြင့် လောကီဈာန် ခုနစ်တန်ကို ရတော်မူ၏။

ထို့နောက်မှ ဥဒကရသေ့ထံသို့ ချဉ်းကပ်၍ အထက်ဈာန်ကို စီးဖြန်းသော် ရှစ်တန်သော သမာပတ်ကို ရတော်မူ၏။ သို့ရာတွင် ဤရှစ်ပါးသော သမာပတ်တို့သည်ကား မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်း မဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချိမ့်မည်ဟု အကြံတော်ဖြစ်ပြန်၍ တစ်ဖန် ဥရုဝေလတောသို့ တင်ကိုယ်တည်း ကြွတော်မူ၏။

(ဥရုဝေလတော)သို့ ရောက်သောအခါ ဤ အရပ်ကား ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာ သင့်လျော်သော အရပ်ပေတည်းဟု နှလုံးပြု၍ နေတော်မူစဉ် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ပဥ္စဝဂ္ဂီတို့၏ အလုပ်အကျွေးကို ခံယူကာ ၆ နှစ်ကြာအောင် တရားကို အားထုတ်တော်မူ၏။

ထိုသို့ အားထုတ်ရာ၌ တစ်နေ့လုံးကို ဆွမ်းတစ်လုတ်ဖြင့်သာ လည်းကောင်း၊ သစ်သီးတစ်လုံးဖြင့်သာ လည်းကောင်း၊ နှမ်းတစ်စေ့ ဆန်တစ်စေ့ဖြင့်သာ လည်းကောင်း၊ နေ့ရက်ကို ကုန်လွန်စေခြင်း၊ အလျဉ်းပင် အာဟာရကို မမှီဝဲတော့ဘဲ ဖြတ်ခြင်း စသည်တို့ကိုပြု၍ ကျင့်တော်မူ၏။ ထိုအခါ နတ်များစွာ



တို့က နတ်တို့၏တန်ခိုးဖြင့် မွေးညင်းတွင်းမှ အာဟာရကို သွင်းကြရကုန်၏။

ဤသို့ အာဟာရကို ဖြတ်သဖြင့် အာဟာရနှင့် စပ်သော ကိုယ်တော်၏ ရုပ်ခန္ဓာသည် တစ်နေ့တစ်ခြား ညှိုးနွမ်းတော်မူလျက် လက္ခဏာတော် ကြီးငယ်တို့သည် အလုံးစုံ ပျောက်ကွယ်ကုန်၏။ တစ်နေ့သောအခါ အာဟာရကင်းသော ကိုယ်တော်သည် ညှိုးလျော်ရုံမက စင်္ကြံဦး၌ မိန်းမောကာ လဲတော်မူ၏။ ထိုအခါ အချို့သော နတ်တို့သည် သိဒ္ဓတ္ထမင်းသား သေပြီဟုထင်၍ ခမည်းတော်မင်းကြီးထံသို့ သွားရောက် ပြောကြားလေကုန်၏။

မင်းကြီးက သားတော်သည် ဘုရားဖြစ်မှ သေလေသလော၊ ဘုရားမဖြစ်မီ သေလေသလောဟုမေးရာ ဘုရားဖြစ်ရန် အားထုတ်ဆဲပင် သေကြောင်းကို ပြောကြားကြကုန်၏။ သုဒ္ဓေါဒနမင်းကြီးကလည်း ဒေဝိလရသေ့ မိန့်ကြားသောစကားနှင့် ဇမ္ဗူသပြေပင်ရိပ်တွင် ထူးခြားသော တန်ခိုးနိမိတ်များကို တွေ့မြင်ယုံကြည်ပြီး၍ သားတော်သည် ဘုရားမဖြစ်ဘဲ မသေနိုင်ချေ။ ဧကန် ဘုရားဖြစ်မည်။ ထို့ကြောင့် သင်တို့စကားကို မယုံနိုင်ဟု မိန့်တော်မူ၏။ အလောင်းတော် မိန်းမောရာမှ ထလာသောအခါ ထိုနတ်များပင် မင်းကြီး၏သား မသေသေးဟု တစ်ဖန် ပြောကြားကြပြန်သည်။ အလောင်းတော်သည် မိန်းမောလဲကျရာမှ သတိရ၍ ထတော်မူပြီးသော် ငါသည် ၆–နှစ်တိုင်အောင် ဆင်းရဲပင်ပန်းစွာ ကျင့်အပ်သော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ သတ္တဝါတို့ ခမ္မတာ (သဒ္ဒါလွန်လျှင် ကွန့်သည်။ ပညာလွန်လျှင် ဆွံ့

သည်လည်း ဝီရိယလွန်လျှင် ပြန့်သည်။ သမာဓိလွန်လျှင် တွန့်သည်။ သတိသာလျှင် လွန်သည်မရှိ။" လိုသည်သာရှိ၏။) ထို့ကြောင့် ယခုငါသည် အာဟာရကို မှီစေလျက် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိတို့ကို မျှစေတော့အံ့ဟု ကြံ၍ ထိုထိုရွာနိဂုံးတို့သို့ လှည့်လည်ကာ ခံအပ်သော ဆွမ်းဘုဉ်းပေးတော်မူပြန်၏။

(ထိုအခါတွင် လက္ခဏာတော်ကြီးငယ်တို့သည် တင့်တယ်စွာ ပြန်၍ ပေါ်လာကုန်၏။)

ပဥ္စဝဂ္ဂီတို့ကလည်း သိဒ္ဓတ္ထမင်းသားသည် အာဟာရကို ဖြတ်လျက် အလွန် ခြိုးခြံစွာကျင့်သည်ကိုမျှ ဘုရားမဖြစ်နိုင်။ ယခုတစ်ဖန် အာဟာရကို မှီဝဲပြန်မူကား ဘုရားအဘယ်မှာ ဖြစ်တော့အံ့နည်း။ ထို့ကြောင့် ငါတို့သည် ဤမင်းသားကို အားထားမှီခို၍ နေခြင်းအားဖြင့် တရားထူးရနိုင်မည်မဟုတ်ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင် မိမိတို့၏ သပိတ်သင်္ကန်းများကို ယူဆောင်၍ တစ်ဆယ့်ရှစ်ယူဇနာဝေးကွာသော မိဂဒါဝုန်တောသို့ ထွက်သွားကြလေကုန်၏။

*   *   *

## အခန်း-၃၇

## အလောင်းတော် အိပ်မက်ကြီးငါးပါး မြင်မက်ခြင်း

ထိုနောက်မှ အလောင်းတော်သည် မဇ္ဈိမပဋိပဒါ ဟူသော အလယ်အလတ် လမ်းအားဖြင့် ... ယ်တော်တစ်ပါးတည်း ကျင့်နေ



တော်မူရာ (သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက်) အင်္ဂါနေ့ ညဉ့်အခါတွင် ကြီးစွာသော အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူ၏။

၁။ ဇမ္ဗူဒိပ်မြေပြင်ကို အိပ်ရာပြုလျက် မြောက်ဟိမဝန္တာတောင်မင်းကို ခေါင်းအုံးပြုပြီးလျှင် အနောက်သမုဒ္ဒရာကို လက်ယာ လက်တော်၊ အရှေ့သမုဒ္ဒရာကို လက်ဝဲလက်တော်၊ တောင်သမုဒ္ဒရာကို ခြေတော်တင်လျက် အိပ်စက်တော်မူရခြင်း။

၂။ ဝင်ရိုးပမာ သဏ္ဌာန်အဆင်းရှိသည့် တိရိယ မည်သော မြက်သည် ချက်တော်မှပေါက်၍ ဘဝဂ်ထိအောင် တက်ခြင်း။

၃။ အဆင်းဖြူသော ပိုးမျိုးတို့သည် ခြေတော်မှ ပုဆစ်ဒူးတိုင်အောင် လွှမ်း၍တက်ခြင်း။

၄။ ဖြူနီ၊ ကြောင်ကျား၊ အထူးထူးအပြားပြား အဆင်းရှိသော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာလတ်၍ ခြေတော်ရင်းသို့ ရောက်သောအခါ အဆင်းညီတူ အလုံးစုံ အဖြူချည်းသာဖြစ်ခြင်း။

၅။ ကြီးစွာသော မစင်ဘင်ပုပ်တောင်သို့ တက်၍ စင်္ကြံကြွသော်လည်း ကိုယ်တော်အား အနည်းငယ်မျှ မစင်လိမ်းကပ်မှု မရှိခြင်း။

ဤငါးပါးသော အိပ်မက်ကြီးကို မြင်မက်တော်မူသဖြင့် ဆင်ခြင်တော်မူသောအခါ (ငါသည် ဧကန်ဘုရား ဖြစ်ရတော့မည်)ဟု စိတ်တော်၌ ယုံကြည်ဆုံးဖြတ်တော်မူမိလေသည်။

## အခန်း–၃၈

## အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကိုမျှောခြင်း

အိပ်မက် မြင်မက်ပြီးနောက် မိုးသောက်ထရောက်သောအခါ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက်တွင် ဆွမ်းခံကြွရန်အချိန်ကို ငံ့ထောက်မူရာ အချိန်စောသေးသည်ဖြစ်၍ သေနနိဂုံး၏အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ရွှေဆင်းတုအသွင် တင်ပျဉ်ဖွဲ့ခွေ ထိုင်နေတော်မူလေ၏။ ထိုညောင်ပင်ရင်း၌ပင် မဟာသေနသူကြွယ်၏ သမီး (သုဇာတာ)က သားဆုကိုပေးသော ညောင်ပင်စောင့် နတ်မင်းအမှတ်ဖြင့် ကပ်လှူ အပ်သည့် နို့ဃနာဆွမ်းကို အဖိုးတစ်သိန်းထိုက်သော ရွှေခွက်နှင့်တကွ အလှူခံတော်မူပြီးလျှင် ညောင်ပင်ကို လက်ယာရစ်လှည့်ပြီးမှ နေရဉ္ဇရာမြစ်ကမ်းသို့ ကြွတော်မူလေ၏။

**မှတ်ရန်**။ ။ထိုအခါ၌ ဃဋိကာရဗြဟ္မာကြီး လှူသော သပိတ်တော်ကွယ်ပြီးဖြစ်၍ ရွှေခွက်နှင့်အတူ အလှူခံခြင်း ဖြစ်၏။ ဘုရားလောင်းတို့သည် ဘုရားဖြစ်သည့်နေ့ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ရမြဲဓမ္မတာတည်း။

နေရဉ္ဇရာမြစ်ကမ်းသို့ ရောက်သောအခါ ကိုယ်တော်ကို ရေသုံးသပ်တော်မူပြီးမှ မြစ်ကမ်းစပ်တွင် ရေမရောသော နို့ဃနာဆွမ်းကို ၄၉ လုတ် မယုတ်မလွန် ဘုဉ်းပေးတော်မူလေ၏။ ထို့နောက် 'ငါသည် ကေန်စင်စစ် ဘုရားဖြစ်မည်မှန်ပါက ဤရွှေခွက်သည် ဆန်တက်ရေအညာသို့ ဆန်၍တက်စေသတည်း'ဟု အဓိဋ္ဌာန်ပြုတော်မူပြီးလျှင် ရွှေခွက်ကို ရေသို့ ချတော်မူလိုက်၏။

ရွှေခွက်သည် ရေစီးကို ဖီလာဖြတ်ကာ ရေလယ်သို့သွားပြီးမှ သိန္ဓောမြင်းနှင်သည့်အလား' အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်သွားလေ၏။ ထို့နောက် လက်ယာရစ်လျက် မြုပ်ပြီးလျှင် (၁) ကကုသန်၊ (၂) ကောဏာဂုံ၊ (၃) ကဿပ ဟူသော ရှေးဘုရားရှင်သုံးဆူတို့၏ ရွှေခွက်များတည်နေရာ ကာလနဂါးမင်း၏ ဦးခေါင်းရင်း၌ ရွှေခွက်များထိ၍ တည်လေ၏။

ထိုအခြင်းအရာဖြင့်ပင်လျှင်ပင် လူ့ပြည်တွင် ဘုရားပွင့်ပြန်လေပြီဟု ကာလနဂါးမင်း သိသောကြောင့် ချီးမွမ်းထောပနာမှုကို ပြုလေသည်။

* * *

## အခန်း–၃၉

## မဟာဗောဓိပင်သို့ ကြွတော်မူခြင်း

ရွှေခွက်မျှောပြီးသောအခါ နေရဉ္ဇရာမြစ်အနီး အင်ကြင်းတော၌ ရေသန့်စင်တော်မူ၍ ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်တော်မူပြီးလျှင် ညနေချမ်းအခါ ဗြဟ္မာသိကြား နတ်အများတို့ ဖန်ဆင်းအပ်သော ရှစ်ဥသဘကျယ်သည့် နတ်လမ်းခရီးဖြင့် မဟာဗောဓိပင်ရှိရာဌာနသို့ ကြွတော်မူလေသည်။


ဤကဲ့သို့ ဗောဓိပင်ရှိရာ ကြည့်တော်မူသောအခါ သောတ္တိယ အမည်ရှိသော မြက်ထမ်းယောက်ျားသည်မြက်ထမ်း၍အလာ ခရီးတွင် ရင်ဆိုင်တွေ့ကြုံလေသော် ဘုရားလောင်း၏ မြက်အလိုရှိဟန်ကိုသိ၍ ရှစ်ဆုပ်သောမြက်တို့ကို လှူလေ၏။

ဘုရားလောင်းသည် မြက်ရှစ်ဆုပ်ကို အလှူခံတော်မူ ပြီးလျှင် မဟာဗောဓိပင်၏ တောင်မျက်နှာအရပ်သို့ကြွ၍ မြောက်အရပ်သို့ မျက်နှာပြုကာ ရပ်တော်မူ၏။

ထိုအခါ တောင်စကြာဝဠာမှာ အဝီစိအထိ ကျုံနစ်လျက် မြောက်စကြာဝဠာမှာ ဘဝဂ်အရောက်ထောင်၍ တက်မည့်အသွင် မြင်ရလေလျှင် ဤအရပ်ကား ဘုရားအဖြစ်သို့ရောက်ရန် ဌာနမဟုတ်သေးဟု မြော်တွေးအောက်မေ့လျက် လက်ယာရစ် မဟာဗောဓိပင်ကို လှည့်ကာ အနောက်အရပ်သို့ ကြွတော်မူ၍ အရှေ့ဘက်သို့ မျက်နှာပြုရပ်သောအခါ ရေးနည်းဖြစ်ပြန်လေ၏။

တစ်ဖန်မြောက်မျက်နှာသို့ ကြွသွားတော်မူပြန်၍ တောင်အရပ်သို့ မျက်နှာပြု ရပ်တော်မူပြန်ရာ ရေးနည်းတူပင် ဖြစ်ပြန်သောကြောင့် မဟာဗောဓိပင်၏ အရှေ့မျက်နှာအရပ်သို့ ကြွတော်မူပြန်၍ အနောက်အရပ်သို့ မျက်နှာပြုကာ ရပ်တော်မူသောအခါမှ စကြာဝဠာ မဟာပထဝီမြေကြီး ငြိမ်သက်သဖြင့် ဘုရားအလောင်းသည် ဤအရပ်ကား ခပ်သိမ်းသော ဘုရားရှင်တို့အား မစွန့်သောအရပ်၊ တုန်လှုပ်ခြင်းမရှိသောအရပ်၊ ကိလေသာကို ဖြိုဖျက်သောအရပ်တည်းဟု သိတော်မူ၍ ထိုရှစ်ဆုပ်သောမြက်တို့ကို အဖျားမှကိုင်လှုပ် ကြဲဖြန့်တော်မူ၏။

ထိုခဏ၌ပင် ကျွမ်းကျင်လှသော ပန်းချီ၊ ပန်းပုတို့ ရေးထုခြင်းငှာ မတတ်ကောင်းသော အလွန် လှပ တင့်တယ် ဆန်းကြယ်လှသည့်



"အပြန်အားဖြင့်" တစ်ဆယ့်လေးတောင် ကျယ်ဝန်းသော ပလ္လင်တော် ပေါ်ပေါက်လာလေ၏။

ထိုအခါမှ အလောင်းတော်သည် မြတ်သောပလ္လင်တော်၌ မဟာဗောဓိပင်ကို ကျောခိုင်းလျက် အရှေ့အရပ်သို့ မျက်နှာပြုကာ တက်ဝေယ်ဖွဲ့ခွေ နေတော်မူပြီးမှ (ဘုရားမဖြစ်သမျှ ဤနေရာက ငါမထ)ဟု လုံ့လပြုကာ အာနာပါန ကမ္မဋ္ဌာန်းကို ဆင်ခြင်အားထုတ်၍ နေတော်မူလေသည်။

* * *

## အခန်း-၄၀

## မာရ်နတ်သားကို အောင်တော်မူခြင်း

ထိုအချိန်တွင် "ဝသဝတ္တီမာရ်နတ်သား"သည် များပြားသော စစ်သည်ဗိုလ်ပါ လက်ဝဲလက်ယာ တစ်ဆယ့်နှစ်ယူဇနာစီ နောက်အဖို့မှာ စကြာဝဠာတံတိုင်းအထိ အထက်အဖို့မှာ ကိုးယူဇနာတိုင်တိုင်ရှိသော ဗိုလ်ထုနှင့်တကွ မာရ်နတ်မင်းမှာ ယူဇနာတစ်ရာ့ငါးဆယ်ကြီးသော "ဂီရိမေခလာ" အမည်ရှိသည့် ဆင်ကြီးကိုစီးလျက် လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်း၍ လက်နက်အမျိုးမျိုး စွဲကိုင်ပြီးကာ များလှစွာသော စစ်သည်ဗိုလ်ပါတို့၏ ဟစ်ကြွေးဆူလျှံ ပွဲတင်သံတို့ကို ဖြစ်စေလျက် လာလတ်၏။



မာရ်နတ်မင်း မလာမီ ရှေးအဖို့၌ ဘုရားအလောင်း၏အနီးတွင် "သိကြားမင်း"သည် တစ်ကြိမ်မှုတ်လျှင် လေးလရှိမှ အသံစဲသော အတောင် တစ်ရာ့နှစ်ဆယ်ရှိသည့် ဝိဇယုတ္တရ ခရုသင်းကို မှုတ်လျက် ပူဇော်နေ၏။ "မဟာကာလနဂါးမင်း"သည် အလွန်များစွာသော ပုဒ်ပဒေတို့ဖြင့် ဘုရားလောင်း၏ ကျေးဇူးကို ချီးမွမ်းလျက်နေ၏။ "ဗြဟ္မာကြီး"သည် ထီးဖြူကို ဆောင်းလျက်နေ၏။

မာရ်နတ်၏ စစ်သည်တို့လည်း မဟာဗောဓိပင်အနီးသို့ ကပ်ရောက်လာသောအခါ သိကြား၊နဂါး၊ဗြဟ္မာကြီးတို့သည် တစ်ယောက်မျှ ရပ်တည်၍နေခြင်းငှာ မတတ်နိုင်ရကား မိမိတို့ရှေးရှုရာအရပ်သို့သာ ပြေးကြလေကုန်၏။

ဘုရားအလောင်းသည် ဤမျှလောက်သော စစ်သည်အပေါင်းသည် ငါတစ်ယောက်တည်းကိုသာရည်၍ ကြီးစွာသော လုံ့လကို ပြုကြ၏။ ငါ၌ကား ဆည်းပူးအပ်သော ပါရမီများကိုသာ လက်နက်သဖွယ် အသုံးပြု၍ မာရ်နတ်စစ်သည်အပေါင်းကို ဖျက်ဆီးရသော်ကောင်း၏ဟု "ပါရမီဆယ်ပါး" တရားတို့ကိုသာ ဆင်ခြင်လျက် နေတော်မူ၏။

မာရ်နတ်မင်းသားလည်းဘုရားလောင်းကို လေဖြင့်လွင့်စေမည်ဟု ကြီးစွာသောလေပွေကြီးကို တိုက်၏။ သို့ရာတွင် ပါရမီတော်ကြောင့် သင်္ကန်းတော်စွန်းမျှ မတုန်လှုပ်ချေ။

ရေဖြင့် လွှမ်းမိုး၍ သေစေအံ့ဟု သည်းထန်စွာသော မိုးကြီးကို ရွာစေ၏။ ပါရမီတော်ကြောင့် သင်္ကန်းတော်၌ နှင်းပေါက်မျှ မစိုမစွတ်နိုင်ချေ။

ထို့နောက် ကျောက်ခဲမိုးရွာစေ၏။ သို့ရာတွင် ကျောက်ခဲမိုးတို့သည် ဘုရားလောင်းထံရောက်လျှင် နတ်ပန်းကုံးဖြစ်၏။

ထိုနည်းတူ သန်လျက်၊ လှံ၊ ဓား၊ [illegible] မီးပေါက်၊ အမြောက်၊ သေနတ် အစရှိသော လက်နက်မိုးတို့ကို ရွာစေသော်လည်း ဘုရားလောင်း၏ ပါရမီတော်တန်ခိုးကြောင့် ဘုရားလောင်းထံသို့ ရောက်သောအခါ မုလေး၊ ကြက်ရုံး စသော နတ်ပန်းကုံးချည်း ဖြစ်ရလေ၏။

ထို့နောက်တစ်ဖန် ထပ်မံ၍ မီးကျီမိုး၊ ပြာပူမိုး၊ သဲမိုး၊ ညွန်ပျောင်းမိုး အမျိုးမျိုးနှင့်တကွ အမိုက်တိုက်ကိုပြုခြင်းဟု ဆိုအပ်သည့် ကိုးပါးသော မိုးကြီးတို့ဖြင့် ဘုရားလောင်းကို ပြေးခြင်းငှာ မတတ်နိုင်ရကား အနီးသို့ ချဉ်းကပ်၍-

မာရ်နတ်။ ။ သိဒ္ဓတ္ထမင်းသား၊ ဤပလ္လင်မှ ထလော့၊ ဤပလ္လင်သည် သင်၏အဖို့ ဖြစ်လာမည်မဟုတ်၊ ငါ့အဖို့ဖြစ်ပေါ်လာသည်ဟု ဆို၏။

ဘုရားလောင်း။ ။ ဟယ်-မာရ်နတ်၊ သင်သည် ပါရမီဆယ်ပါး အပြားအားဖြင့် သုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ ရှိသည့်အနက် တစ်ပါးကိုမျှ ဖြည့်ကျင့်သည်မဟုတ်။ သင်မာရ်နတ်ယုတ်အတွက် ဤပလ္လင်သည် မပေါ်ထွက်နိုင်ဟု ဆိုလေ၏။

ထိုအခါ မာရ်နတ်သားသည် အမျက်ထွက်၍ ထက်လှစွာသော အသွားရှိသည့် နတ်စစ်လက်နက်တို့ကို လွှတ်ပြန်လေ၏။ သို့ရာတွင် ဘုရားလောင်းထံသို့ရောက်လျှင် နတ်ပန်းချည်းဖြစ်ကုန်၏။



ဘုရားလောင်း။ ။ဟယ်-မာရ်နတ်၊ ပါရမီဖြည့်ပြီးသော ဘုရားလောင်းတို့အား ဘုရားဖြစ်မည့်နေ့တွင် ပေါ်ပေါက်မြဲဖြစ်သော ပလ္လင်တော်ကို သင့်ပလ္လင်တော်ဟု သင်ဆိုသည်။ ဤပလ္လင်ကိုလို၍ သင်အလှူပေးသည်ကို အဘယ်သူသက်သေရှိသနည်းဟု မေးတော်မူပြန်၏။

ထိုအခါ မာရ်နက်စစ်သည်အပေါင်းတို့က "ငါ-သက်သေ၊ ငါ-သက်သေ"ဟု သက်သေခံကြသော အသံသည် ဆူညံစွာ ထွက်ပေါ်လာ၏။

ဘုရားလောင်း။ ။ဟယ်-မာရ်နတ်၊ သင်ကဲ့သို့ အဝိညာဏက ဖြစ်သော သက်သေတစ်ယောက်မျှမရှိ။ သို့ရာတွင် အခြားသောဒါန ပါရမီတို့ကို ထားဘိဦး။ ဝေဿန္တရာမင်းကြီးဖြစ်သော ဘဝမှာပင် ခုနစ်ကြိမ် ခုနစ်လီ ငါအလှူကြီးပေးသောအဖြစ်၌ အဝိညာဏက ဖြစ်သော ဤမြေကြီးပင် သက်သေဖြစ်တော့သည်ဟု သင်္ကန်းတော်တွင်းမှ လက်ယာလက်တော်ကိုထုတ်၍ မြေကြီးကို ရှေးရှုညွှန်လတ်သော် "မဟာပထဝီမြေကြီး"သည် ဝေဿန္တရာဘဝ အလှူပေးသမျှတို့၌ "ငါ-အသိ၊ ငါသက်သေပဲ"ဟု ပြောဆိုဘိသကဲ့သို့ အရာအထောင်အသိန်းမက မြည်ဟည်း၍ သက်သေခံလျှင် ယူဇနာတစ်ရာ ငါးဆယ်ရှိသော ဂိရိမေခလာဆင်သည် ပုဆစ်တုပ်လျက် ဝပ်လေ၏။

မာရ်နတ်သားသည်လည်း ကိုးကွယ်ရာမရ၊ ဝသဝတ္တီနတ်ပြည်သို့ ပြေးလေတော့၏။ မာရ်စစ်သည်ဗိုလ်ပါတို့လည်း အထူးထူးသော အရပ်ရှစ်မျက်နှာတို့သို့ ဦးတည်ရာ ပြေးလွှာပျောက်ကွယ်ကြကုန်သဖြင့် နေမဝင်မီ မာရ်စစ်သည်ကို အောင်မြင်တော်မူလေသတည်း။

## အခန်း–၄၁

## ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဤကဲ့သို့ မာရ်စစ်သည်ကို အောင်မြင်တော်မူသောအခါ နတ်များစွာတို့လည်း ပန်းနံ့သာကိုင်စွဲလျက် နှစ်သက် အားရစွာဖြင့် လာရောက်စည်းဝေး ပူဇော်ကြလေကုန်၏။

ထိုနောက်မှ 'ပထမညဉ့်ဦးယံ'တွင် 'ရှေး၌ဖြစ်ခဲ့ဖူးသော (ခန္ဓာ) အစဉ်ကို အောက်မေ့နိုင်ခြင်း'ဟု ဆိုအပ်သည့် 'ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ ဒုတိယ 'မဇ္ဈိမသန်းခေါင်ယံ'၌ နတ်မျက်စိနှင့် အမြင်တူသော 'ဒိဗ္ဗစက္ခုဉာဏ်'ကို ရရှိတော်မူ၏။ တတိယ ပစ္ဆိမမိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အပြန်အလှန် သုံးသပ်ဆင်ခြင်တော်မူကာ အာနာပါန စတုတ္ထဈာန်ကိုဝင်စား၍ ဝိပဿနာကို ပွားတော်မူသောအခါ အစဉ်အတိုင်း ရအပ်သည့် 'အာသဝက္ခယဉာဏ်'ဖြင့် အလုံးစုံသောတရားကို အတားအဆီး အပိတ်အပင်မရှိ ပွင့်လင်းစွာ သိမြင်တော်မူသော 'သဗ္ဗညုတဘုရား'အဖြစ်သို့ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ကုန် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ခိုက်တွင် ကောင်းစွာ ရောက်တော်မူလေသတည်း။

ထိုအချိန်တွင် စကြာဝဠာ မြေမိုး ရိုက်ကျိုးတုန်ဟည်း မြေကြီးငလျင် ပဲ့တင်ထပ်ကာ လှုပ်ရှား၏။ သီးကောင်း ပွင့်ကောင်းသောအပင်တို့သည် အသီးအပွင့်ကို ဆောင်ခြင်း၊ လောကန္တရိတ် ငရဲတွင်အလင်းရောင်ဖြစ်ခြင်း၊ စီးဆင်းသောမြစ်ရေများ တန့်ရပ်ခြင်း၊ ဆွံ့၊ အ၊ နားပင်သူတို့ ပကတိ လူကောင်းဖြစ်ခြင်း၊ အချုပ်အနှောင်ခံရသော



လူအားလုံးနှင့်တကွ တိရစ္ဆာန်သတ္တဝါများလည်း အနှောင်အဖွဲ့မှ လွတ်ကုန်ခြင်း စသော ထူးကဲလှစွာ အံ့ဖွယ်ရာများကို ဖြစ်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ "အနေကဇာတိသံသာရံ" စသော ဥဒါန်းကို ကျူးရင့်တော်မူလေသတည်း။

* * *

## အခန်း–၄၂

## "အဝိဒူရေ"နိဒါန်းအကျဉ်းချုပ်လင်္ကာ

ဤရွှေဉာဏ်မျှ၊ များပြားလှသည့်၊ ဗုဒ္ဓဖြစ်စဉ်၊ အကြောင်းအင်ကို၊ သိမြင်လွယ်ကူ၊ အာရုံယူ၍၊ ပူဇော်နိုင်ခြင်း၊ ရည်ရွယ်ရင်းဖြင့်၊ အကျဉ်းလင်္ကာ၊ ရေစီပါအံ့။

သေလ ဘာသ၊ ခေါ်နာမနှင့်၊ ဓေယျ,ရစိ၊ မည်ရှိလေးထွေ၊ အသရေချိတွင်၊ ယခင်သေလ၊ သချေယျမှာ၊ သာရမဏ္ဍ၊ ကမ္ဘာ၊ မထက်၊ ဈာနလာဘီ၊ ဝသီငါးအင်၊ အဘိညာဉ်ဖြင့်၊ ကောင်းကင်ပျော်မွေ့၊ ဈာန်ပြန်လေ့သည့်၊ ရသေ့ဖြစ်ရှာ၊ (သုမေဓာက)၊ရမ္မဝတီ၊ မင်းနေပြည်၌၊ (ဒီပင်္ကရာ) စော့မြတ်စွာနှင့်၊ ကြုံလာခိုက်တွင်း၊ ရွှံ့ညွံပြင်ဝယ်၊ ဦးတင်ကာရွက်၊ ဗျာဒိတ်တော် နက်သည်မှ၊ ဘဒ္ဒကမ္ဘာ၊ အဝစ္စာတွင်၊ ဥက္ကာကရာဇ်၊ နွယ်စစ်

မတိမ်း၊ နှစ်သိန်းငါးသောင်း၊ ငါးထောင် ဆောင်းပြ၊ ငါးရာ ငါးဆယ်၊ ခြောက်ယောက် ဆွယ်ဖြာ၊ ထို့နောက် လာသော ဥက္ကာမုခ၊ မင်းမှစ၍၊ နှမနှင့် မောင်၊ ပြန် တည်ထောင်စဉ် မပျက်ဘဲ၊ စိုးဆက်ကာ စံကြသည့်၊ ဒေဝဒဟ၊ ကောလိယနှင့်၊ ကပိလနန်း၊ သိမ်းမြန်းစိုးအုပ်၊ ထီးနန်းချုပ်သည့်၊ (သုဒ္ဓေါဒန)၊ မင်းမြတ်လှနှင့်၊ နန်းမတော်ညာ၊ မယ်မာယာ)မှ ရှင်းချာသားလှ၊ (သိဒ္ဓတ္ထ)ဟု၊ နာမထင်ရှား၊ လောင်းမင်းသားသည်၊ မြောက်မြား မောင်းမ၊ လေးသောင်းမျှနှင့်၊ နန်းမပေါ်တွင်၊ (ယသော်ခင်)တို့၊ ရှေ့တွင်ထားလျက်၊ များပြားစည်းစိမ်၊ နန်းရိပ်ငြိမ်ကို၊ မွေ့သိမ် ပျော်ပါး၊ စံစားနေကြ၊ ချိန်ကာလ၌၊ သုဒ္ဓဝါစံ၊ အနာဂါမ်တို့က၊ လောင်းသိဒ္ဓ မင်းသားသည်၊ သတိမရှင်၊ ဉာဏ်မဝင်၊ သမ္ဗဇဉ် ကင်းငြားပြီဟု၊ ဥယျာဉ်တော် ထွက်အသွား၊ သံဝေဂဖြစ်ပွား အောင်၊ နတ်ဒေဝါအများတို့က၊ သူအိုတစ်ဖြာ၊ သူနာတစ်ထွေ၊ သူသေတစ်ခန်း၊ ရဟန်းဘဝ၊ အတန်တန်မယွင်း၊ ဖန်ဆင်း၍ ပြကြပြီးလျှင်၊ ရွှေစိတ်တော်မရှင်၊ ဘယဉာဏ်ဆင်ခြင်၍၊ ဥယျာဉ်တော်သလွန်နန်း၊ စံမြန်း၍ နေစဉ်အခါ၊ သားတော်မြတ် ရတနာ၊ ယခုနေ့ ဖွားမြင်ပါမည် ဘုရားဟု လျှောက်ထား သံတော်ဦးတင်လာရာ–

ညိုးငယ်သောမျက်နှာနှင့်၊ ငွေစန္ဒာယုန်ရုပ်၊ အသူရိန် လွှမ်းအုပ်သို့၊ ရတ်တရက်အမြန်၊ ရွှေနန်းဝသို့ဝင်ပြန်ရာ၊ ညဉ့်ဗဟိုပြောင်း၊ နာရီညောင်း၍၊ သန်းခေါင်ယံအကျ၊ ကိုယ်



တော်တိုင် ထပြီးလျှင်၊ တွေးဆ စဉ်းစား၊ မှူးသား မတ်ရံ၊ စော်ခံစော်ဘွား၊ ခစားအိပ်ဖန်၊ ကိုယ်ရံအပေါင်း၊ လေး သောင်းသော မောင်းမ၊ နှမယသော်၊ သားတော်ရာဟု၊ ကြည်ဖြူနှစ်သက်၊ ကာမဂုဏ်ငါးစုံမက်လျှင်၊ နှစ်ဖက်ခြေချင်း ခတ်ခြင်းအမှန်၊ ကိလေသာနိုင်ငံမှ၊ လွတ်ဖို့ရာမမြင်၊ ဘယ ဉာဏ်ဆင်ခြင်၍၊ အပါးတွင် ဆန္နအမတ်၊ ဖွားဘက်တော် ကဏ္ဍကာ၊ ကြိုးဇက်စုံဆင်သလို၊ ခေါ်ခဲ့ပါပအမြန်၊ ယနေ့ သန်းခေါင်ယံ၊ နိက္ခမပါရမီဉာဏ်၊ ထွက်ချီကြွရန်၊ အမိန့် တော်ပြန်ပြီးလျှင်၊ မြမျိုးတင့်ချယ်၊ သလွန်လယ်မှာ၊ သားမယ် နှစ်ဖော်၊ တူစုံဖက်လို့၊ စက်တော်ခေါ်၊ ရှုမျှော်ကြည့်ရန်၊ ကြာခြည်ကို လှန်မိလျှင်–

ဉာဏ်သတိရဖို့အရေး၊ တွေးကာဆသည်မှာ၊ နှမ ယသော် နိုးသော်အခက်၊ ကြွက်ကြွက်ဆူလျှံ၊ နိက္ခမပါရမီဉာဏ် သည် ပျက်ပြန်တော့မည်၊ ရွှေစိတ်တော်ကြံစည်၍၊ ကြာခြည် ကိုချ၊ ကဏ္ဍကကျောတက်၊ ဆန္နတော် ဖွားဖက်နှင့် နန်းမလာ လှမ်းထွက်လေသော်၊ မြို့ထွက်တံခါး၊ ဒေဝါနတ်အများတို့က၊ မီးဝါမီးဖြူ၊ ကြည်ဖြူညွှတ်ခ၊ ပူဇော်ကြအလျောက်၊ ပေါက်ပေါက် ဆန်ပန်း၊ နတ်လမ်းခရီး၊ ထိန်ညီဝင်းဝါ၊ ထွက်ကြွလာသော်၊ (ဝသဝတ္တီမာရ်နတ်သား)လည်း၊ ဟန့်တားဆီးကာ၊ လောင်းဗုဒ္ဓ မြတ်လျာ၊ ရက်သတ္တကြာ စကြာငါးပါး ဆိုက်ရောက်ငြားမည်၊ ပြန်သွား၍သာ၊ တိုင်းအောင်ချာကို၊ ဆိုပါဦးလေ၊ တားမြစ် ချေသော်–

ပရမေတစ်ဆူ၊ ဗုဒ္ဓကူလောင်းမင်းလှက၊ လောက စည်းစိမ်၊ ရွှေအိမ်ရွှေနန်း၊ ယသော်မိဖုရား၊ ရာဟုလာသား၊

စွန့်ကြဉ်းပယ်ခွာ၊ နစ်မွန်းသော သတ္တဝါကို၊ ငါရှေ့ဆောင် ကယ်ယူ၊ ကျွန်းအောင်မြေနိဗ္ဗူသို့၊ ပို့ဆောင်မူမည်ဟု၊ တူရူမျက်မြင်၊ စီးတော်မြင်းကို၊ ချက်ချင်းနှင်သော်–

ငွေစင်သဲခုံ၊ နော်မာဘက်သို့၊ ရွှေစက်တော်လှုံမိလျှင်၊ ကျွန်ယုံမှုန်လှ၊ မတ်ဆန္ဒတို့ကို၊ ဒေဝလမ်းမြေ၊ ပြန်လည်စေ၍၊ မဟေဗိမ္ဗာ၊ လက်ပင့်ရုံးတဲ့ ထုံးစူဠာ ကေသာတော်မြတ်၊ သန်လျက်ဓားနှင့် ပယ်ရှားဖြတ်လျက်၊ ဃဋိကဗြဟ္မာ၊ ဆပ်ကပ်လာသည့်၊ ကမ္ဘာ့တန်ဆာ၊ ရွှေကြာသက်န်း၊ ဝတ်ဆင်မြန်းပြီး၊ ရဟန်းအသွင်ပြု အနုဝိယသရက်တောတွင်၊ ခုနစ်ရက်စံရွှင်၊ ရာဇဂြိုဟ်ပြည်ခွင်၊ ဆွမ်းခံဝင်၊ မြို့ပြင်ထွက်ကြ၊ ပဏ္ဍဝ တောင်ထိပ်၊ သပိတ်တော်မှာ၊ ပါလာသမျှ ဆွမ်းအာဟာရ တို့ကို၊ သပ္ပာယ်ယမျှတလျက်၊ နတ်လမ်းမခရီးစဉ်၊ မြိုင်ဝသို့ ဝင်၊ ဈာန်ယာဉ်နှင့် ပျော်ကြ၊ ဥဒ္ဒထအာဠာရတို့ လေ့ကြသော ရူပဈာန်၊ အရူပနှင့် အတန်တန်ပျော်မွေ့လျှင်၊ လေးသစ္စာ မြဲမမွ၊ မြင်ဖို့ရာ မရ၍၊ ထိုအခါမှခွာ၊ မိဂဒါဝ၊ ဝင်ကာ ကြွသော်၊ ပဉ္စဝဂ္ဂီတို့နှင့်၊ သေ့ကျင့်သောစရိယ၊ ခြောက်နှစ် တိုင် ကြာလှ၍၊ ရွာသေနညောင်ရင်း၊ သီတင်းသုံးနေတော် မူသောအခါ–

ဘုရားသို့ ဓမ္မတာ၊ ကပ်လှူလာသော၊ နို့ဃနာဆွမ်း မြတ်၊ ခံလတ်၍သာ၊ နေရဉ္ဇရာမြစ်နားဝယ်၊ လေးဆယ်ကိုး လုပ် မယုတ်စေရ၊ ဘုဉ်းပေးလျက်၊ ဃနာရွှေခွက်၊ မိဋ္ဌာန်ချက် ဖြင့် ရေထက်သို့ ဆန်စေတော်မူရာ၊ နောင်တော် သုံးပါ ရွှေခွက်ခြင်း ထိကြား၍၊ ကာလနဂါး လျှောက်ထားအံ့၊ နာခံပြီးကာ၊ ကြွလှမ်းရာတွင်၊ သောတ္ထိယမောင်ဝင်၊ ရှစ်ဆုပ်



သောမြက်ပင်ကို လှူလေလျှင်၊ မြညောင်တော်ပင်ရင်း၊ ရွှေကိုယ် တော်ခင်းလျှက်၊ ရေးပြုရင်းပါရမီ၊ ဓာတ်ဘာဝစုံညီမှု၊ ငါပြုသည့် အရာသည်၊ မြေပထဝီဘူချက်က၊ ပေါ်ထွက်၍ လာစေသားဟု။ မြက်ကိုကြဲကြားသော်၊ ကြီးမားစာဂ၊ ပါရမီညီမျှ၍၊ အပရာဇိတ ရွှေပလ္လင်၊ ချက်ချင်းကြီးပေါ်လေလျှင်၊ ဆင်ခြင်တွေးဆ၊ ထောက် အဦး သမ္ဘာရ၊ ရွှေပလ္လင် ဤဋ္ဌာနက၊ ဘုရားဖြစ်မှ ငါထမည်ဟု၊ အာနာပါန၊ အဿာသ၊ ပဿာသ၊ ထွက်သက်ဝင်သက်၊ ရှုဆလျက်၊ ချမ်းမြေ့စွာစံနေတော်မူရာ၊ ဗြဟ္မာသိကြား၊ ခြောက်ဘုံသားတို့နှင့်၊ နဂါးဂဠုန်၊ ကုမ္ဘာဏ်ယက္ခ၊ ဂန္ဓဗ္ဗတဖြာ၊ ဘုမ္မာရက္ခ၊ နတ်ဒေဝါ အပေါင်းတို့က၊ သောင်းသောင်းဖျဖျ၊ ပူဇော်ကြ အနည်းနည်း၊ ထီးတံခွန်ကြက်လှျာ၊ မြူတာရေချမ်း၊ ဆန်ပန်း ပေါက်ပေါက်၊ ကြဲမြှောက်ကာ၊ ပူဇနီယ၊ ပြုကြသောအသံ၊ ကြွက်ကြွက်ကြီးဆူညံ အောင်၊ ကောင်းချီးပေးစဉ်၊ ပွဲတင်သံရိုက်ဟည်းသည်သံကို၊ ဝသဝတ္တီ စုံ၊ ဒေဝမာရ်သည်၊ ကောဓံအပြင်း၊ ဒေါမာန်သွင်းလျက်၊ ငါ့အရင် ပင်၊ ညောင်နန်းသို့ဝင်၊ ပလ္လင်နှင့်ပျော် မသင့်လျော်ဟု၊ လက်နက် အမျိုးမျိုး၊ ချွဲကိုင်ပြီးကာ၊ ဂီရိမေခလာ၊ အမည်ရှိဆင်ကို စီးပြီး၊ စစ်သည်တော်ကျင်း၍၊ ညောင်ရင်းသို့ကပ်၊ မအပ်သည့် ဖြစ်ခြင်း သိဒ္ဓတ်မင်း၊ ဆင်းပအမြန်၊ ပလ္လင်ပျံမစံနှင့်လေ၊ ကောဓံပြင်းလျက် မာန်တင်းကာ ဆိုလေ့သော်၊ ပရမေအတုလက၊ ခုရသည့် ပလ္လင်၊ အသင့်ဒါန၊ ငါ့ဒါနဟု၊ မုချဧကန်၊ ရှင်းလင်းရန်ကို၊ သက်သေခံ ထုတ်ပါဟု၊ ကုမုဒ်ကြာ ရွှေနှုတ်က၊ ချွေထုတ်၍ မိန့်ဟလေသော် မာရ်ဒေဝ မသူတော်က၊ စစ်သည်တော်အများသည်၊ ငါဒါနပြုရာ ပါရမီဖြည့်၊ သိကြသည်တကားဟု၊ ထိုကဲ့သို့ ဆိုကြားသော်၊ လောင်း

ဗုဒ္ဓတစ်ဆူက သင့်လိုလူသာမက၊ ငါများစွာမပြနိုင်ဟု ဒါနအကျင့် စာဂအခွင့်၊ အဆင့်ဆင့်ပါရမီ၊ အလီလီအဝဝ၊ လေးသင်္ချေကာလ၊ ပြုသမျှအခင်းသွား၊ ဥပေက္ခာထားခဲ့ပ၊ မင်းဖျားဝေဿန္တရာဇာ်ဘဝ ထိုအခါတွင်၊ ပုတ္တာဘရိယာ၊ ဓိဝိတနှင့်၊ ဒါနမက္ခာ၊ စွန့်ကြဲသည့်အရာ မှာ၊ ခုနစ်ခါ ခုနစ်ကြိမ်၊ ဘူမဟိန် လှုပ်ရှားလျက်၊ သိကြားသော သက်သေကို၊ ဖော်ထုတ်ကာပြမည်ဟု၊ လက်ညှိုးတော်ညွှန်း သုန္ဒရီ ဘုမ္မဟိ၊ ကျင်လည်လှုပ်ရှား၊ ရောက်ချိန်ငြား၍၊ ထင်ရှားထွက်ပေါ် လာရာ၊ မာရ်နတ်စစ်သည်အများတို့ ဦးတည်ရာပြေးသွားကြလျှင်၊ ဝသဝတ္တီမာရ်နတ်သားလည်း ပြန်သွားထွက်ပြေးလျက်၊ နေမဝင်မီ စောစွာတွင်၊ ဒေဝပုတ္တ မာရ်ကိုအောင်မြင်၊ ညဦးဦးတွင် ပုဗ္ဗေ၊ မဇ္ဈေ ဒိဗ္ဗ၊ အာသဝက္ခယ အဆုံးတိုင်ရပြီးလျှင်၊ ၁၀၃–ခုအကြို၊ ကဆုန် လပြည့်နေ့နံနက်၊ အတိဆန်းနှင့် ဝိသာခါနက္ခတ်အပူး၊ ဗုဒ္ဓဟူးနေ့ အဝင်၊ ဘုံသုံးခွင်တလွှားတွင်၊ တုဖက်တော်ကင်းငြားသောဘုရား ဖြစ်တော်မူသတည်း။

# တတိယပိုင်း

## ခြေတော်ရာသုံးဆူ ချထားတော်မူသည်ကို ပြဆိုသောအပိုင်း

### အခန်း–၄၃

### သီဟိုဠ်ကျွန်းသို့ မြတ်စွာဘုရား ပဌမအကြိမ်ကြွခြင်း

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၉–လမြောက်ဖြစ်သော ပြာသိုလပြည့်နေ့တွင် ဥရုဝေလတောမှ သီဟိုဠ်ကျွန်းသို့ ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍ သီဟိုဠ်ကျွန်း၏ အလယ်တွင် အလျား သုံးယူဇနာ အနံတစ်ယူဇနာရှိသော မဟာနာဂဝန်ဥယျာဉ်၌ များစွာ သော ဘီလူးတို့၏ အစည်းအဝေးတွင် ကောင်းကင်၌ ရပ်တော်မူ၍ ကမ္ဘာပျက်သောအခါ ရွာလေ့လာလေ့ရှိသော မိုးကြီး၊ လေကြီးတို့ကို ဖြစ်စေခြင်း၊ လောကန္တရိတ် ငရဲနှင့်တူသော အမိုက်တိုက်ကို ဖြစ်စေ ခြင်းတို့ကို တန်ခိုးတော်ဖြင့် ပြုလုပ်၍ပြရာ ဘီလူးအပေါင်းတို့ ထိတ်လန့်တကြား ဖြစ်လျက်နေစဉ် ကိုယ်တော်ကို အထင်အရှားပြ

တော်မူလျက် အစည်းအဝေးလာကြသော ဘီလူးအပေါင်းတို့က အရှင်ဘုရား ဤကြောက်မက်ဖွယ်ကောင်းသော မိုးကြီးလေကြီးကို ငြိမ်းစေတော်မူပါဟု တောင်းပန်ကြကုန်၏။

ဘုရားရှင်လည်း တန်ခိုးတော်အားဖြင့် ဘေးမရှိခြင်းကို ပြုပြီးသော် ငါ့အား နေရာပေးကြလော့ဟု မိန့်၏။ ဘီလူးတို့လည်း အားလုံးညီညွတ်ကြည်ညိုကြ၍ ဤကျွန်းမြေ၌ နေတော်မူပါဟု အပ်နှင်းကြ၏။ ထိုအခါမှ မြတ်စွာဘုရားလည်း ကောင်းကင်မှ သက်တော်မူ၍ 'မဟီယင်္ဂဏစေတီ' တည်ရာအရပ်၌ စမ္မခဏ်ကို ဖြန့်လျက် ထိုင်နေတော်မူ၏။

ထိုအခါများစွာသော ဘီလူးတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ စည်းဝေးလာရောက်ကြသော် ဘုရားသခင် ထိုင်တော်မူသော စမ္မခဏ်မှ အလျှံပြောင်ပြောင်တောက်၍ ကြောက်မက်ဖွယ်သော အသံကိုဖြစ်စေလျှင် ဘီလူးအပေါင်းတို့ ကြောက်လန့်ကုန်လျက် သမုဒ္ဒရာနားသို့ချည်း ပြေးကြလေကုန်၏။

မြတ်စွာဘုရားလည်း ကျွန်း၏ဝင်းကျင်သို့ လက်ယာရစ်လှည့်တော်မူ၍ ဘီလူးကြမ်းတို့ကို 'ဂိရိဒီပ'သို့ ရောက်အောင်ပို့ဆောင်တော်မူပြီးမှ သီဟိုဠ်ကျွန်း၌လည်း ပရိတ်အရံ အတားကိုပြုပြီးလျှင် ယခင်စေတီရာ၌ သမာပတ်ဝင်စား၍ နေတော်မူ၏။

ထိုအခါ များစွာသောနတ်တို့သည် စည်းဝေး၍ ဖူးမြော်လာကုန်သည်ကို မြတ်စွာဘုရားသည် ကရုဏာ ဓမ္မ ဟောပြောခြင်းဖြင့် အချို့ကို သောတာပန်၊ အချို့ကိုသရဏဂုံ ပဉ္စသီလ တည်စေကုန်၏။



သုမနကုဋ္ဋတောင်၌နေသော မဟာသုမန နတ်မင်းသည်လည်း ထိုအခါ သောတာပတ္တိဖိုလ်သို့ရောက်၍ မြတ်စွာဘုရားထံရင်းသို့ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရား၊ ကျွန်ုပ်နှင့် တကွသော သတ္တဝါ အပေါင်းတို့အား သနားတော်မူပါသဖြင့် ရှည်မြင့်စွာ ကိုးကွယ်ရအောင် ကိုယ်တော်မှဖြစ်သော အမွေအနှစ်ကို ထားတော်မူပါဟု တောင်းပန်သော် မြတ်စွာဘုရားသခင်သည် ဦးခေါင်းတော်ကို သပ်၍ ပါလာလတ်သော 'ဆံတော်ဓာတ်'တစ်ဆုပ်ကို ပေးအပ်တော်မူပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း ဥရုဝေလတောသို့ ပြန်ကြွတော်မူ၏။

## အခန်း–၄၄

## မြတ်စွာဘုရား သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ်ကြွခြင်း

ဘုရားဖြစ်သည်မှ ၅–နှစ်မြောက် ဇေတဝန် ကျောင်းတော်သို့ ရောက်သောအခါတွင် သီဟိုဠ်ကျွန်း၌ တူဦးရီတော်ကြကုန်သော 'စူဠောဒရနှင့်မဟောဒရနဂါး'တို့သည် ရန်စစ်ကြီးစွာ ဖြစ်ကြကုန်၏

ထိုသို့ စစ်ဖြစ်ရခြင်းအကြောင်းကား ရာစနမည်သော မြစ်၏ အလယ် နာဂဒီပကျွန်းငယ်၌နေသော စူဠောဒရသည် တောင်ခေါင်း မြေ့ထဲတို့၌နေသော မြေနေနဂါးမျိုးတည်း။ မဟောဒရ၏ မိခင် ဖခင်တို့သည် သမီးဖြစ်သော ဂဏ္ဍာဒေဝီကို စူဠောဒရ၏ အဘ တောင်နေ နဂါးမင်းနှင့် ထိမ်းမြားသတည်း။ ထိုစဉ်အခါ ရတနာ ခုနစ်ပါးဖြင့်ပြီးသော စိမ်းညိုရောင်အဆင်းရှိသည့် မဏိပလ္လင်ကို လက်ဖွဲ့၏။

မိဘများကွယ်လွန်၍ သား'မဟောဒရ'မင်းဖြစ်လျှင် ထိုမဏိ ပလ္လင်ကို လိုချင်သောကြောင့် နှမနှင့်ယောက်ဖတို့အား အကြိမ် အနူးတောင်းပါသော်လည်း နှမနှင့်ယောက်ဖတို့က မပေးချေ။

ထိုနှမနှင့်ယောက်ဖတို့ ကွယ်လွန်လေ၍ သားစူဠောဒရမင်း ဖြစ်လျှင် ဦးရီးတော် မဟောဒရက ငါ့နှမအား ငါ့မိဘတို့က ပေး လိုက်သော ပတ္တမြားပလ္လင်ကို ငါလိုချင်သည်၊ ပေးရမည်ဟု အတင်း အကြပ်တောင်း၏။

စူဠောဒရကလည်း ငါ့ဘိုးဘွား ငါ့မိဘအမွေကို ငါဆိုင်သူ ဖြစ်သည်။ မပေးနိုင်ကိုဆိုသည်က အစပြု၍ ရန်စစ်ကြီးစွာဖြစ်ကုန် သဖြင့် များစွာသော နဂါးတို့ သေကြေပျက်စီးကုန်ကြ၏။

မြတ်စွာဘုရားလည်း ထိုအကြောင်းကို ဒိဗ္ဗစက္ခုဖြင့် မြင်တော် မူ၍ ဆင်ခြင်လတ်သည်ကား ငါဘုရားကြွ၍ ဤသူတို့ခိုက်ရန်ကို ဖြန်ဖြေဆုံးမရသော် များစွာသောသတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ကြ ကုန်လတ္တံ့။ ငါ၏သာသနာလည်း ဤကျွန်းဤဌာန၌ ကာလအရှည် ပွန်းတောက်လတ္တံ့ဟု ကြံတော်မူ၍ သာဝတ္ထိပြည်အနီး တစ်ခုသော



လင်းလွန်းပင်ကြီး၌ အခြွေအရံစည်းစိမ်ချမ်းသာနှင့် ပြည့်စုံစွာနေ သော'သမိဒ္ဓိသုမန' ရုက္ခစိုးနတ်ကို သီဟိုဠ်ကျွန်း နာဂဒီပသို့ ငါနှင့် အတူလိုက်ခဲ့ပါဟုခေါ်၍ ၁၀၈–ခု၊ တန်ခူးလကွယ်နေ့ နံနက်အခါ ကြွတော်မူလေ၏။ နတ်သားလည်း မိမိဗိမာန်ဖြစ်သော လင်းလွန်းပင် ကို နုတ်လျက် ထီးပြုလုပ် မိုးကာ၍လိုက်၏။

မြတ်စွာဘုရားလည်း နဂါးတို့နှစ်ဦး စစ်ဆိုင်နေကြသောဌာန၏ အလယ်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက်ပင် ထက်ဝန်း ကျင်သော အရပ်မှ မိုးကြီး၊ လေမိုး၊ မိုးကြိုး၊ တိမ်ခိုး၊ မုန်တိုင်း မှိုင်းကြီးမှောင်တို့ကို ဖြစ်စေလျက် နဂါးတို့ကို ကြောက်လန့်စေပြီးသော် ထိုအမိုက်ကို လင်းစေရန် နေမင်းတစ်ထောင် အရောင်လက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် တောက်လောင်သော ရောင်ခြည်ခြောက်သွယ်တို့ကို လွှတ်လျက် ကြည်ညိုဖွယ်သော ကိုယ်တော်ကို ပြတော်မူလေသည်။

ထိုအခါမှ နဂါးတို့လည်း ကြောက်လန့်ခြင်း ငြိမ်းကြ၍ မိမိတို့စွဲကိုင်သမျှသော လက်နက်တို့ကို ချထားလျက် ဘုရားရှင်ထံသို့ ဝန်းရံကာပူဇော်လာကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် လျောက် ပတ်သော တရားတို့ဖြင့် ဟောကြားဆုံးမတော်မူပြီးလျှင်တစ်ကုဋေ မျှလောက်သောနဂါးတို့အား သရဏဂုံ ပဉ္စသီလကို ပေးတော်မူ၏။ စစ်ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော ပတ္တမြားပလ္လင်ကိုလည်း အလှူခံတော်မူ၍ ကိုယ်တော်တိုင် ထိုင်ပြီးမှ ငါသုံးဆောင်ပြီးသော ပရိဘောဂစေတီကို သင်တို့ရှိခိုးပူဇော်ရစ်ကုန်၊ ထိုသို့ ပူဇော်ခြင်းသည် သင်တို့၌ အကျိုးစီးပွားများလတ္တံ့ဟု မိန့်တော်မူလေ၏။

နဂါးတို့ကိုလည်း အချင်းချင်းမြတ်နိုးစိမ့်သောငှာ ဩဝါဒပေး၍ ယူဆောင်ခဲ့သော လင်းလွန်းပင်ကိုလည်း စိုက်စေပြီးလျှင် သမိဒ္ဓိသုမန နတ်သားအား လင်းလွန်းပင်နှင့်တကွ နေရစ်ရန် ထားခဲ့ပြီးမှ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသတည်း။

(ဤ'မဏိပလ္လင်'ကို ကျွန်း၌လူနေ၍ သာသနာဖြစ်ထွန်းသောကာလ လူတို့က ဌာပနာ၍ စေတီတည်ကြကုန်၏။ ထိုစေတီကား 'ရာဇာယတနစေတီ'မည်၏။)

## အခန်း–၄၅

## မြတ်စွာဘုရား သီဟိုဠ်ကျွန်းသို့ တတိယအကြိမ်ကြွခြင်း

ဘုရားဖြစ်တော်မူသည်မှနောက် (၈–ကြိမ်မြောက်) ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ လင်္ကာဒီပ(သီဟိုဠ်ကျွန်း)၌ နေသော မဏိအက္ခိကနဂါးမင်းသည် ဘုရားသခင်နှင့်တကွသော သံဃာတော်တို့အား ဆွမ်းဒါန်းပူဇော်လိုသည်ဖြစ်၍ (ကဆုန်လဆန်း ၁၄–ရက်နေ့)တွင် ပင့်လျှောက်လာ၏။



မြတ်စွာဘုရားလည်း သံဃာတော်ငါးရာနှင့်တကွ (ကဆုန်လပြည့်နေ့) နံနက်၌ ကြွတော်မူပြီးလျှင် လင်္ကာဒီပကျွန်း ကလျာဏီမြစ်အနီး၌ နဂါးတို့ တန်ခိုးဖြင့် အဆန်းတကြယ် ဖန်ဆင်းအပ်သော ရတနာမဏ္ဍာပ်ကြီးတွင် ဆွမ်းဘုဥ်းပေးတော်မူပြီးသော ကာလ စည်းဝေးလာရောက်ကုန်သော နဂါးပရိသတ်အား အကြောင်းအားလျော်စွာ နဂါးတို့နှင့်သင့်တော်မည့် ထွေထူးဆန်းပြား မြတ်တရားတို့ကို ဟောကြားတော်မူပြီးမှ ထိုကလျာဏီမြစ်၌ပင် ရေသပ္ပာယ်တော်မူလေသတည်း။

## အခန်း–၄၆

## သီဟိုဠ်ကျွန်း၌(ပထမ)ခြေတော်ရာ ချထားတော်မူခြင်း

ထိုသို့ ကလျာဏီမြစ်၌ ရေသပ္ပာယ်တော်မူပြီးမှ ကောင်းကင်ခရီးဖြင့်ကြွလေရာ သုမန နတ်မင်းကြီးနေသော တောင်သို့ရောက်လျှင် ထိုတောင်ထိပ်၌ သာသနာငါးထောင်တည်စိမ့်သောငှာ ရှေးဦးစွာ (ပထမခြေတော်ရာ) စေတီပါဒ ခတ်နှိပ်တော်မူလေသည်။

ထို့နောက် 'မဟာမေဃဝန်' ဥယျာဉ်တည်ရှိရာသို့ ကြွတော်မူ၍ 'ဗောဓိပင်'တည်အံ့သောဌာန၌ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ထိုမှတစ်ဖန် ကြွတော်မူပြန်သည်မှာ မဟာစေတီ တည်ရာဌာန သေလစေတီတည်ရာဌာနတို့၌ ဖလသမာပတ် [illegible]မူခဲ့ပြီးမှ ဇမ္ဗူဒိပ်ကျွန်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်၍ကြွတော်မူလေသည်။

ထိုစေတီပါဒသည် သီဟိုဠ်ကျွန်း သုမနကုဋတောင် တောင်နှာမောင်းပေါ်၌ စိမ်းညိုသော ကျောက်ဖျာကြီးထက်တွင် အနောက်ဘက်သို့ စက်တော်ဦးပြု၍ ဝဲဘက်(ဘယ်)ခြေတော်ရာ ချတော်မူသည်ဟူ၍ သီဟိုဠ်ရောက် စာစောင်ငယ်များတွင် ရေးသားဖော်ပြကြလေသည်။

ဝိနည်းအဋ္ဌကထာ၌ လာသည်ကား မြတ်စွာဘုရားသည် ရှစ်ဝါမြောက်တွင် မဏိအက္ခိကနဂါးမင်း တောင်းပန်ပင့်ဖိတ်၍ ရဟန်းငါးရာနှင့်တကွ လင်္ကာဒီပသို့ကြွလျက် ရတနာမဏ္ဍပ်၌ ဆွမ်းဘုဉ်းပေးပြီးသော် သမန္တကုဋတောင်သို့တက်၍ ခြေတော်ရာချပြီးမှ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူသည်။ မည်သူတောင်းပန်၍ ခြေတော်ရာချတော်မူသည်ဟု မဆိုပါ။

၎င်းအဖွင့်ဖြစ်သော သာရတ္ထဒီပနီဋီကာ၌လည်း အထူးဖွင့်ဆိုရေးသားခြင်းမလာရှိချေ။ သို့ရာတွင် (မဟာဝင်ဋီကာ၌ကား သုမနနတ်မင်းနေသော တောင်ဖြစ်၍ သုမနနတ်မင်းပင် တောင်းပန်ကြောင်းဟုလာသောကြောင့် (သုမနနတ် တောင်းပန်လတ်၊ စက်မြတ်နှံခဲ့ပေသတည်း)ဟု စွယ်စုံကျော်ထင်ကျမ်း ဆရာတော်က ဖြေဆိုထားလေသည်။



**မှတ်ချက်။** ။ဤစကားသင့်သည်ဟု ထင်၏။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသခင်သည် မြန်မာရဋ္ဌ သုနာပရန္တတိုင်းသို့ ကြွတော်မူလာခြင်းအကြောင်းရင်းသည် စန္ဒကူးနံ့သာကျောင်းကို အလှူခံရန် မဟာပုဏ္ဏမထေရ် တောင်းပန်ပင့်ဖိတ်၍ ကြွတော်မူလာခြင်းဖြစ်၏။ အပြန်တွင်မှ နမ္မဒါ(မန်း)မြစ်ကမ်းစပ်၌ နမ္မဒါနဂါးမင်း တောင်းပန်သောကြောင့် ဒုတိယခြေတော်ရာတစ်ဆူ၊ ထိုမှတစ်ဖန် သစ္စဗန္ဓတောင်တွင် သစ္စဗန္ဓရဟန္တာတောင်းပန်သောကြောင့် တတိယခြေတော်ရာတစ်ဆူ ချထားတော်မူသည်ကို ထောက်ချင့်၍ သီဟိုဠ်ကျွန်းသို့လည်း မဏိအက္ခိကနဂါးမင်း ပင့်ဖိတ်၍ ကလျာဏီမြစ်အနီးသို့ ကြွလာရသော်လည်း ခြေတော်ရာမှာ သုမနတောင်ထိပ်တွင် ချသောကြောင့် သုမနနတ်မင်းတောင်းပန်သည်ဟု ပြောဆိုခြင်းသည် များစွာလျော်ကန်သည်ဟု ထင်မြင်ပါကြောင်း။

## အခန်း-၆၇

## မဟာပုဏ္ဏသူကြွယ်အကြောင်း

ဤဘဒ္ဒကမ္ဘာမှုပြန်၍ ရေသည်ရှိသော် ၉၁-ကမ္ဘာမြောက်ရောက်လတ်သောအခါက ပုဏ္ဏားအမျိုးသား တစ်ယောက်သည် အိမ်ရာ

ထောင်ခြင်း၏အပြစ်ကိုမြင်သဖြင့် ရသေ့ပြုပြီးလျှင် ဟိမဝန္တာတောတွင် တစ်ခုသော ကျောင်းသင်္ခမ်းနှင့် နေတော်မူ၏။

ထိုကျောင်း၏ မနီးမဝေးသော တောင်ဂူလှိုဏ်၌ အနှင်ပစ္စေက ဗုဒ္ဓါ(ဘုရားငယ်တစ်ဆူ)သည် ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ဟိမဝန္တာ တောအလုံး၌ ထွန်းလင်းတောက်ပသော အရောင်အဝါတို့ ဖြစ်ထွန်းပေါ်ပေါက်သည်ကို ရသေ့ပုဏ္ဏားမြင်လေငြား၊ ကြိုးစား ရှာဖွေ စူးစမ်းလေရာ အရှင်ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို တွေ့ရှိရ၍ ထိုနေရာမှာပင် စန္ဒကူးနံ့သာထင်းတို့ဖြင့် သင်္ဂြိုဟ်ခြင်း အမှုပြုလေသည်။

ထိုအခါ နတ်သားတစ်ယောက်သည် ကောင်းကင်မှ ကိုယ်ထင်ပြ လျက် အို–ရှင်ရသေ့၊ အရှင်ပစ္စေကဗုဒ္ဓါ၏အလောင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ရသော ကောင်းမှုကြောင့် ဖြစ်လေရာတိုင်းသော ဘဝတို့၌ အပွာယ်လေးပါးတံခါး ပိတ်ပြီးလျှင် ပုဏ္ဏဟူသော အမည်ဖြင့်သာ လူ့ပြည်နတ်ပြည် ကျင်လည်ရလတံ့ဟု ကောင်းချီးစကားပြောကြား လျက် ကွယ်လေ၏။ ရသေ့သည်လည်း နတ်သားဆိုတိုင်း ဇာ– ကမ္ဘာ ကာလပတ်လုံး ပုဏ္ဏဟူသောအမည်ဖြင့်သာ လူ့ပြည်နတ်ပြည် အထပ်ထပ်ခံစားပြီးမှ ဤဘဒ္ဒကမ္ဘာတွင် ပစ္စန္တ ရစ်အရပ်ဖြစ်သော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာတွင် တစ်ဦးသောကုန်သည် သူကြွယ်၏ သားဖြစ်လာ၍'မဟာပုဏ္ဏ'ဟူသော အမည်ကိုရ၏။ နောက်မှဖွားသော ညီငယ်ကိုကား 'စူဠပုဏ္ဏ'ဟူသောအမည်ကို မှည့်ပြန်၏။



ထိုအမျိုးသားညီနောင်တို့သည် အရွယ်သို့ရောက်သော်ကာလ ထိုထိုမြို့ရွာ ဂါမဒေသသို့ လှည့်လည်ရောင်းဝယ်ခြင်းအမှု ပြုကြ လေတော့သည်။ တစ်ခါသော် မဟာပုဏ္ဏသည် ညီငယ်စူဠပုဏ္ဏကို အိမ်၌ထားခဲ့၍ လှည်းငါးရာနှင့်တကွ ကုန်သွယ်သွားလေရာ မဇ္ဈိမ ဒေသ ကောသလတိုင်း သာဝတ္ထိပြည်သို့ ရောက်လေ၏။

## အခန်း–၄၈

## မဟာပုဏ္ဏမြတ်စွာဘုရားထံ ရဟန်းခံခြင်း

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောကြောင့် သာဝတ္ထိ ပြည်သူပြည်သားတို့လည်း ပန်းနံ့သာစသော လှူဖွယ်တို့ကို ယူဆောင် လျက် တရားတော်နာအံ့သောငှာ ကျောင်းတော်သို့ သွားကြသည်ကို မဟာပုဏ္ဏမြင်လျှင် အို–လူအပေါင်းတို့၊ အဘယ်သို့သောအကြောင်း ဖြင့် အဘယ်အရပ်သို့ သွားကြအံ့နည်းဟု မေးမြန်းစုံးစမ်းခြင်းအမှု ပြုလေရာ အို–အမောင်ယောက်ျား အဘယ်တိုင်း၌ာန ဘယ်ဒေသက ဖြစ်၍ မသိလေသနည်း။ ငါတို့သာဝတ္ထိပြည်တွင် ကမ္ဘာသချေ ကုန်ဆုံးပါလည်း တစ်ခါတစ်ရံမျှ ကြုံကြိုက်ခဲလှသည့် ဗုဒ္ဓမြတ်စွာ





ရတနာသုံးပါး ထင်အရှားဖြစ်လာ၍ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ကို သံသရာရေပြင်မှ ဖောင်မဂ္ဂင်လှေယာဉ်ဖြင့် ကယ်တင်ပို့ဆောင်နေသည်ကို အမောင်၏နား မကြားလေရော့သလား ငါတို့ကား ယခုမြတ်စွာဘုရား၏ တရားတော်ကို နာယူမှုပြုရန် ကျောင်းတော်သို့ သွားမည်ဟု သာဝတ္ထိပြည်သူအများက ကြည်ဖြူစွာ စကားပြောကြလေတော့သတည်း။

မဟာပုဏ္ဏလည်း ဘုရား၊ တရား၊ သံဃာဟူသော စကားကြားရရုံနှင့်ပင်လျှင် ရှေးကမ္ဘာ အဆက်ဆက်က ပန္နက်စိုက်ထူ ဖြည့်ကျင့်တော်မူခဲ့သော ပါရမီဉာဏ် ရင့်သန်စဝေး အကျိုးပေးလေသောကြောင့် ဝမ်းမြောက်သောစိတ်အစဉ်သည် ရှိတွင်းချဉ်ဆီ၌ တည်သဖြင့် သာဝတ္ထိပြည်သူတို့နှင့် ကျောင်းတော်သို့သွား၍ တရားတော်နာလေ၏။

ထို့နောက်မြတ်စွာဘုရားအား ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရှိသေစွာရှိခိုးပြီးသော် ဘုန်းတော်ကြီးမြတ်တော် မူလှပါသော မြတ်စွာဘုရား ခရီးမြေတာလွန်းဝေးကွာသည့် သုနာပရန္တ တိုင်းသား အာဂန္တုဒုက္ခိတသတ္တဝါအား သနားတော်မူသဖြင့် တပည့်သံဃာငါးရာနှင့်တကွ တပည့်တော်၏ လှည်းဝိုင်းနားသို့ နက်ဖြန်နံနက်ဆွမ်းအလှူခံ ကြွတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လေလျှင် မြတ်ဗုဒ္ဓရွှေဉာဏ်ရှင်က မဟာပုဏ္ဏ၏ ဥပနိဿယနှင့် နောက်နောင်ကာလ သာသနာသည် သုနာပရန္တတိုင်း၌ နေလပမာထွန်းလင်းဖြာ၍ သတ္တဝါဗိုလ်လူတို့ ကျွတ်ပွဲယူလတ္တံ့သည်ကို မြင်တော်မူသောကြောင့် ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မဟာပုဏ္ဏသည် မိမိလှည်းဝိုင်းသို့ပြန်၍ ကောင်းမြတ်သော ဆွမ်းဘောဇဉ်ချက်မှု လုံ့လပြုလျက်နေလေရာ ညဥ့်အချိန်လွန်မြောက် နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်မြတ်တို့အား ဆွမ်းကပ်လှူဒါန်းခြင်း အမှုပြုအပြီးတွင် မြတ်စွာဘုရားကြွသွားပြီးနောက် မိမိဘဏ္ဍာစိုးအားခေါ်၍ အချင်းဘဏ္ဍာစိုး၊ ဤလှည်းငါးဂုနှင့်တကွသော ဘဏ္ဍာများကို သင်ယူဆောင်ပြန်သွား၍ ငါ့ညီအားပေးအပ်လေ၊ ငါကားရဟန်းပြုတော့အံ့ဟု မှာထားပေးအပ်ပြီးလျှင်, မြတ်စွာဘုရားကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအထံတော်၌ပင် ရဟန်းပြုလေသတည်း။

**အခန်း-၄၉**

## • မဟာပုဏ္ဏမထေရ် ဝါဏိဇ္ဇဂါမရွာသို့ပြန်ရန် မြတ်စွာဘုရားထံ ခွင့်ပန်ခြင်း

ရဟန်းပြုပြီးနောက် များမကြာမီ မဟာပုဏ္ဏ မထေရ်သည် သုနာပရန္တ ဝါဏိဇ္ဇဂါမသို့ ပြန်လိုသော စိတ်အကြံ ဖြစ်ပေါ်လာ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ကြီးမြတ်တော်မူလှပါသော မြတ်စွာဘုရား...တပည့်တော်အား အကျဉ်းအမြွက်မျှသာ တရားစကားကို ဟောကြားတော်မူပါဘုရား၊ ထိုတရားကို



နှာခံမှတ်ထား၍ သတိ၊ ပညာ ဝီရိယနှင့် တကွ ခြိုးခြံသောအကျင့်ကို ကျင့်လျက် နိဗ္ဗာန်သို့ မျက်မှောက်ပြုသော စိတ်ကို အစဉ်ဖြစ်စေ၍ ကောင်းမွန်စွာ နေချေပါတော့အံ့ဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက (သန္တိဓေါပုဏ္ဏ၊ စက္ခုဝိညေယျ) အစရှိသည်ဖြင့် ကာမဂုဏ်ငါးပါး၏ အပြစ်ကို အကျဉ်းအားမျှဟောတော်မူ၏။ ထို့နောက် တစ်ဖန်-

**မြတ်စွာဘုရား။** ။ချစ်သား မဟာပုဏ္ဏ၊ သင်သည် အဘယ်တိုင်း အဘယ်ဒေသ၌ နေအံ့နည်း။

**မဟာပုဏ္ဏမထေရ်။** ။ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် သုနာဂရန္တတိုင်း ဝါဏိဇ္ဇဂါမ ဇနပုဒ်၌ နေလိုပါသည်ဘုရား။

**မြတ်စွာဘုရား။** ။ချစ်သား မဟာပုဏ္ဏ၊ သုနာပရန္တတိုင်းသားလူအများတို့သည် ကြမ်းတမ်းခက်ထန် မျက်မာန်ကြီး၏။ သင့်အား ဆဲရေးရှုတ်ကုန်သော် သင့်စိတ်ထဲတွင် မည်သို့ ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုထိုတိုင်းသားတို့သည် တပည့်တော်အား ဆဲရေးရှုတ်ကုန်သည်ရှိသော် ဤသုနာပရန္တတိုင်းသားတို့သည် လွန်စွာ ကောင်းပေစွ၊ ငါ့အား ဆဲရေးရှုတ်ခြင်းကိုသာပြု၏။ ဘေးကိုပြု၍ ခြိမ်းခြောက်ခြင်းကို မပြုပေဟူသော စိတ်အကြံကို ဖြစ်ပါမည် အရှင်ဘုရား။

**မြတ်စွာဘုရား။** ။ ချစ်သား မဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား ဘေးကိုပြု၍ ခြိမ်းခြောက်ခဲ့ပြန်သော် သင့်စိတ်အကြံ ဘယ်သို့ ဖြစ်လိမ့်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တပည့်တော်အား ဘေးကိုပြု၍ ခြိမ်းခြောက်ပြန်ခဲ့သော ဤသုနာပရန္တ တိုင်းသားတို့သည် လွန်စွာ ကောင်းပေစွ၊ ငါ့အား ဘေးကိုပြု၍သာ ခြိမ်းခြောက်ပေသည်။ လက်ဖြင့် ပုတ်ခတ် ထိုးကြိတ်ခြင်းကို မပြုပေကုန်ဟူသော စိတ်အကြံကို ဖြစ်စေပါမည် အရှင်ဘုရား။

**မြတ်စွာဘုရား။** ။ ချစ်သား မဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားလူများတို့သည် သင့်အား လက်ဖြင့်ပုတ်ခတ် ထိုးကြိတ်ပြန်ခဲ့သော် သင့်စိတ်အကြံသည် အဘယ်သို့ ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တပည့်တော်အား လက်ဖြင့်ပုတ်ခတ် ထိုးကြိတ်ခဲ့ပြန်သော် သြော်– သုနာပရန္တ တိုင်းသားတို့သည် လွန်စွာ ကောင်းပေစွ။ ငါ့အား လက်ဖြင့် ပုတ်ခတ် ထိုးကြိတ်ခြင်းကိုသာ ပြုပေသည်၊ အုတ်ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်းကို မပြုပေကုန်ဟူသော စိတ်အကြံကို ဖြစ်စေပါမည်ဘုရား။

**မြတ်စွာဘုရား။** ။ ချစ်သား မဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားလူအများတို့သည် သင့်အား အုတ်၊ ကျောက်ခဲတို့ဖြင့် ပစ်ခတ်ပြန်ခဲ့သော် သင့်စိတ်အကြံ အဘယ် ို ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တပည့်တော်အား အုတ်၊ ကျောက်ခဲတို့ဖြင့် ပစ်



ခတ်ပြန်သော် သြော်–သုနပရန္တ တိုင်းသားတို့သည် လွန်စွာ ကောင်းပေစွ၊ ငါ့အား အုတ်၊ ကျောက်ခဲတို့ဖြင့်သာ ပစ်ခတ်ပေသည် တုတ်၊ လှံတို့ဖြင့် ရိုက်ပုတ်ခြင်းကို မပြုပေကုန်ဟူသော စိတ်အကြံကို ဖြစ်စေပါမည် အရှင်ဘုရား။

**မြတ်စွာဘုရား။** ။ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားလူအများတို့သည် သင့်အား တုတ်၊ လှံတို့ဖြင့် ရိုက်ပုတ်ခြင်းပြုပြန်ခဲ့သော် သင့်စိတ်အကြံ အဘယ်သို့ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တုတ်၊ လှံတို့ဖြင့် တပည့်တော်အား ရိုက်ပုတ်ငြားသော် သြော်–ဤသုနာပရန္တ တိုင်းသားတို့သည် လွန်စွာ ကောင်းပေစွ၊ ငါ့အား တုတ်၊ လှံတို့ဖြင့်သာ ရိုက်ပုတ်ပေ၏။ ဓားလက်နက်ဖြင့် မထိုးခုတ်ပေဟူသော စိတ်အကြံကို ဖြစ်ပါစေမည် အရှင်ဘုရား။

**မြတ်စွာဘုရား။** ။ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားလူအများတို့သည် သင့်အား ဓားလက်နက်ဖြင့် ထိုးခုတ်ပြန်ခဲ့သော် သင့်စိတ်အကြံ ဘယ်သို့ ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တပည့်တော်အား ဓားလက်နက်ဖြင့် ထိုးခုတ်ပြန်ခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် မလွန်စွာ ကောင်းပေစွ၊ ငါ့အား ဓားလက်နက်ဖြင့်သာ ထိုးခုတ်ပေသည်။ ထက်စွာသော သန်လျက်ဖြင့် ဇီဝိတိန္ဒြေကို မချပေကုန်ဟူသော စိတ်အကြံကိုဖြစ်စေပါမည် အရှင်ဘုရား။

**မြတ်စွာဘုရား။** ။ချစ်သား မဟာပုဏ္ဏ၊ သုနာပရန္တတိုင်းသား လူအများတို့သည် သင့်အား ထက်စွာသော သန်လျက်ဖြင့် ဇီဝိတိန္ဒြေ ချုပြန်ခဲ့သော် စိတ်အကြံ အဘယ်သို့ ဖြစ်မည်နည်း။

**မဟာပုဏ္ဏမထေရ်။** ။ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုတိုင်းသားတို့သည် တပည့်တော်အား ထက်စွာသော သန်လျက်ဖြင့် ဇီဝိတိန္ဒြေကို ချုပြန်ခဲ့သော် အရှင်မြတ်ဘုရား သာဝကတော်တို့သည် ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း လွန်စွာ စက်ဆုပ်ရွံရှာသည်ဖြစ်၍ အသက်ကို သေစေနိုင်သော ဓားလက်နက်ကို ရှာယူလျက် သူတစ်ပါးအား ပစ္စည်းပရိက္ခရာ စသည်ကိုပေး၍ ဇီဝိတိန္ဒြေကို ချစေရသေးသည်။ ငါမှာမူကား ဓားလက်နက်ကိုလည်း မရှာမယူရ၊ ပစ္စည်းပရိက္ခရာကိုလည်း မပေးရပေ။ သက်သက်ပင် ဇီဝိတိန္ဒြေကို ချလာပေးသည်။ဤသုနာပရန္တတိုင်းသားတို့သည် လွန်စွာကောင်းပေစွ ဟူသော အကြံကို ဖြစ်ပါစေမည် အရှင်ဘုရား။

ဤသို့ မဟာပုဏ္ဏမထေရ်သည် မြတ်စွာဘုရား မေးတော်မူသမျှသောအရာတို့၌ သည်းခံခြင်းဟု ဆိုအပ်သော ခန္တီဂုဏ်ကို တည်စေ၍ ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ လျှောက်ထားဖြေဆိုလာလျှင် မြတ်စွာဘုရားက သာဓု သာဓု စသည်ဖြင့် ကောင်းချီးပြု၍ ချစ်သား မဟာပုဏ္ဏ၊ ဤသို့ စိတ်နှလုံးကို ထိန်းသိမ်းစောင့်စည်းခြင်းနှင့် ပြည့်စုံသော သင်သည် သုနာပရန္တ တိုင်းဇနပုဒ်၌ နေခြင်းငှာ တတ်စွမ်းနိုင်လတ္တံ့။ သွားလေတော့ဟု ခွင့်ပြုတော်မူ



လျှင် မဟာပုဏ္ဏမထေရ်သည် နေရာမှထပြီးသော် မြတ်စွာဘုရားအား လက်ယာရစ် သုံးပတ်လှည့်၍ ရိုသေစွာရှိခိုးပြီးမှ ကျောင်းအိပ်ရာနေရာစသည်တို့၌ ခရီးသွားရဟန်းတို့ပြုရသော ဂမိကဝတ် (သိမ်းဆည်းခြင်း) တို့ကို ပြုပြီးလျှင် သာဝတ္ထိပြည်မှ ယူဇနာ သုံးရာကွာသော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသို့ လာခဲ့လေသည်။

* * *

## အခန်း–၅၀

## သုနာပရန္တတိုင်း၌ မဟာပုဏ္ဏမထေရ်၏ နေရာဌာနများကိုပြဆိုခြင်း

မဟာပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်း၌ သီတင်းသုံးနေထိုင်သော နေရာကား လေးနေရာရှိပါသည်။ ၎င်းတို့မှာ–

**ပထမနေရာ။** ။ရှေးအခေါ် 'အပ္ပဟတ္ထတောင်' ၌နေတော်မူ၏။ ထိုဌာန၌ နေ့စဉ် နံနက်မိုးသောက်လျှင် ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းခံတော်မူရာ စူဠပုဏ္ဏသူကြွယ်က မိမိအိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် အရှင်မြတ်သည် အရပ်တစ်ပါးသို့ ကြွသွားတော်မမူပါလင့်၊ ဤအရပ်၌ပင် သီတင်းသုံးနေတော်မူပါ ဘုရားဟု လျှောက်ထားတောင်းပန်လေသည်။

ထိုနေရာမှာ စကုမြို့ အရှေ့ ၄–မိုင်ခန့်ကွာ ရေပုပ်ရွာ တောင်ဘက်ရှိ 'ရွှေမြင်တင်တောင်' ဖြစ်ပါသည်။

**ဒုတိယနေရာ**။ ။ထိုအပ္ပဟတ္တတောင်မှ 'သမုဒ္ဒဂိရိ' အမည်ရှိသော ကျောင်းအရပ်သို့ကြွ၍ နေတော်မူ၏။

ထိုကျောင်းအရပ်၌ကား သံဆူးကဲ့သို့ ထက်သော သုံးမြှောင့်လေးမြှောင့် အဆူးရှိသော သံလိုက်ကျောက်တို့ဖြင့် ပြွမ်းသောကြောင့် တစ်စုံတစ်ယောက်မျှသွားခြင်းငှာ မစွမ်းနိုင်သော စကြံသည် ရှိ၏။ သမုဒ္ဒရာ လှိုင်းတံပိုးတို့သည် လာလတ်၍ ထိုကျောက်တို့ကို တိုက်သဖြင့် သည်းစွာသော အသံဖြစ်သည်ကို အသံမဖြစ်စိမ့်သောငှာ မဟာပုဏ္ဏမထေရ်သည် မိဋ္ဌာန်တော်မူ၏။

ထိုနေရာမှာ မင်းဘူးမြို့ အနောက်မြောက် ၃–မိုင်ခန့်ကွာလောက်တွင်ရှိသော ယခု 'အောက်ကျောင်းဘုရား' တည်ထားရာ ကုန်းမြေအရပ်ဖြစ်သည်။

**တတိယနေရာ**။ ။ထိုသမုဒ္ဒဂိရိမှ 'မာတုလာဂိရိ' အရပ်သို့ကြွတော်မူပြန်၏။

ထိုမာတုလာဂိရိအရပ်၌လည်း ကျေးငှက်တို့သည် လွန်စွာပေါများ၍ နေ့ည အသံမဆိတ်သောကြောင့် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏ အန္တရာယ်သည် ဖြစ်ကုန်၏။

ထိုအရပ်မှာ စကုမြို့တည်ရာအရပ်တည်း။ ဤအရပ်၌ ငှက်တို့နေရာဖြစ်သောကြောင့် ရှေးအခါက (သကုန) သကုမြို့ဟု ခေါ်ရာ ကာလကြာမြင့်သော် (သ–ကို–စပြု) စကုမြို့ဟု တွင်သည်။ စကုမြို့ အရှေ့ဘက်ကပ်လျက်တည်ရှိသော ဘုရားကြီးသည် မဟာပုဏ္ဏမထေရ်ကြီး သီတင်းသုံး ကိုးကွယ်သောဘုရားဖြစ်၍ 'ထေရ်ကြီးဘုရား'ဟု ခေါ်တွင်ရာမှ ယခု ထီးကြီးဘုရားဟု ခေါ်ဆိုခြင်းဖြစ်ကြောင်းကိုလည်းကောင်း။



ထိုမာတုလာဂိရိအရပ်မှ ယခု စကုမြို့၏ အနောက်မြောက်ထောင့်အရပ် (ပန်းလွှာရွာမြောက်ဘက်) ခရီးမိုင် ၂–တိုင်ခွဲ ဝေးကွာသော အရပ်၊ ယခုအခါ 'ရှင်ပင်ကူနီ' ဘုရားကြီး တည်ရှိရာအရပ်ဟူ၍လည်းကောင်း ရှေးကျမ်းဟောင်းအသီးသီး၌ ဖော်ပြကြသည်ကို တွေ့ရှိရပါသည်။

**စတုတ္ထနေရာ**။ ။မာတုလာဂိရိမှ 'မာကုလာရာမ' ကျောင်းအရပ်သို့ ရွှေ့ပြောင်း၍ နေတော်မူသည်။

ထိုမာကုလာရာမကျောင်း အရပ်သည်ကား ဝါဏိဇ္ဇဂါမနှင့်မနီးလွန်း မဝေးလွန်းသောအရပ်ဖြစ်၍ မပင်ပန်း၊ ဆွမ်းခံရာအသွားအလာလွယ်ကူမှုရှိခြင်း၊ ဆိတ်ငြိမ်ရာအရပ်ဖြစ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ရာ၌ စိတ်၏ တည်ငြိမ်ရာ ချမ်းသာမှုနှင့် ပြည့်စုံ၏ဟု ထိုအရပ်၌ပင်လျှင် ညဥ့်သန့်ရာ၊ နေ့သန့်ရာကျောင်း၊ စင်္ကြံတို့ကိုပါ ပြုစေလျက် ထိုနေရာ၌ ဝါကပ်တော်မူသည်။ ထိုအရပ် ထိုဝါတွင်း၌ပင် ရဟန္တာဖြစ်လေ၏။

ထိုမာကုလာရာမ ကျောင်းအရပ်သည်ကား ယခုအခါ ကျောင်းတော်ရာစေတီတော်၏ တောင်နားတွင် စေတီတော်နှင့်တကွသော ရေသနုတ်ကန် (ငါးသားလည်းကြည့်ကန်) တည်ရှိသည့် တောရကျောင်းကုန်းမြေအရပ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ရှေးအမည် နောက်အမည်နှစ်ပါးကိုစပ်၍ နောင်လာနောက်သား လူအများတို့ မှတ်သားစိမ့်သောငှာ–

(၁) စကုရေ့တွင်၊ ရွှေမြင်တင်၊ ရှေးပင်အပွတ္တ။
(၂) မင်းဘူးမြောက်မှ၊ ငါးရာကျွာ၊ ဝေါဟာသမုဒ္ဒ။
(၃) ပန်းလှူမြောက်ထဲ၊ နှစ်တိုင်ခွဲ၊ ခေါ်မြဲမာတုလ။
(၄) တောင်ကျောင်းတော်ရာ၊ ငါးရာကျွာ၊ ရှေးခါမာကုလ။
(၅) ရှေ့ကျောင်းတော်ရာ၊ သစ်တော်ရွာ၊ ဆိပ်သင်သုပ္ပါဒ။
(၆) ကုန်သည်ရွာသော်၊ ရှေးခါခေါ်၊ သစ်တော် ယခုမှ–ဟူ၍အမည်နှစ်မျိုးကိုစပ်၍ သိတော်မူသော ရှေးပညာရှိ မထေရ်မြတ်ကြီး အသီးသီးတို့ စီကုံးရေးသားတော်မူခဲ့ကြောင်း ကျမ်းဟောင်းများ၌ တွေ့ရှိပါသည်။

* * *

## အခန်း–၅၁

## စူဠပုဏ္ဏသူကြွယ်အကြောင်း

ထိုမာဇကုလာရာမကျောင်းအရပ်၌ မဟာပုဏ္ဏမထေရ် ဝါကပ်တော်မူသော ဝါတွင်း၌ပင်လျှင် စူဠပုဏ္ဏသူကြွယ်နှင့်တကွ ဝါဏိဇ္ဇဂါမ ရွာသားငါးရာသော ကုန်သည်တို့သည် သမုဒ္ဒရာခရီးမှ ထိုထိုမြို့ရွာကြီးတို့ကို ကုန်ရောင်းသွားလိုသည်ဖြစ်၍ ကုန်ဘဏ္ဍာတို့ကို သင်္ဘောသို့ တင်ကြပြီးမှ ခရီးမထွက်ခင် နောင်တော် အရှင်မဟာပုဏ္ဏမထေရ်အား ဆွမ်းလုပ်ကျွေးခြင်း၊ သရဏဂုံ ပဉ္စသီလခံယူဆောက်တည်ခြင်းတို့ကို ပြုပြီးလျှင် ဤသို့ နားတော်လျှောက်၏။



အရှင်မြတ်ဘုရား တပည့်တော်တို့သည် သမုဒ္ဒရာခရီးဖြင့် ယနေ့ပင်လျှင် ကုန်ကူး သွားလိုပါသည်။ သမုဒ္ဒရာဟူသည်ကား များပြားလှစွာသော ဘေးရန်ရှိသည်ဖြစ်၍ အကြောင်းရှိလျှင် ကြည့်ရှု စောင်မတော်မူပါဘုရား"ဟု လျှောက်ထားခဲ့၍ ထိုနေ့ပင် သပ္ပါဒဆိပ်မှ သင်္ဘောလွှင့်ကြကုန်စေသတည်း။

(သုပ္ပါဒဆိပ်မှာ ယခုအခါ ကျောင်းတော်ရာအရှေ့ သစ်တော်ရွာပင်တည်း။ ထိုရွာနှင့်တကွ အနီးအနားရှိ ရွာများပင် လှေကုန်သည်၊ လှည်းကုန်သည်တို့နေရာဖြစ်၍ ဝါဏိဇ္ဇဂါမဟု ရှေးအမည်တွင်၏။)

ထိုကုန်သည်တို့၏ သင်္ဘောလှေသည် ထူးထူးခြားခြား အလွန်လျင်မြန်စွာသွားသဖြင့် မကြာမီ သမုဒ္ဒရာတို့၏ အလယ် စန္ဒကူးနီပင်တို့ ပေါက်ရောက်ရာဖြစ်သော မာလာယုကျွန်းသို့ ဆိုက်ကပ်မိလေသတည်း။

ကုန်သည်တို့လည်း သင်္ဘောမှသက်၍ ကျွန်းသို့တက်ပြီးလျှင် ထိုမှဤမှ လှည့်လည်ကြည့်ရှုကြသော် တစ်ကျွန်းလုံး၌ အခြားသော သစ်ပင်မရှိ၊ လက်လေးသစ်မျှပင်လျှင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနီပင်များသာလျှင် ပြည့်နှက်စွာပေါက်နေသည်ကို တွေ့မြင်ကြလေရာ ဝမ်းသာအားရ သင်္ဘောတွင် ပါသမျှကုန်တို့ကို ထိုကျွန်း၌ချပြီးမှ စန္ဒကူးနှစ်တို့ကိုသာ ခုတ်ဖြတ်၍ သင်္ဘောပြည့်အောင် တင်ကြလေကုန်၏။


ထိုအခါ ကျွန်း၌ စန္ဒကူးတောကို စိုးမိုးကြကုန်သော နတ်ဘီလူးတို့သည် ဒေါသအမျက် ပြင်းစွာထွက်၍ ဤလူများကို

တစ်ယောက်မကျန် သတ်ကြကုန်အံ့။ သို့သော်လည်း ဤကျွန်းထက်၌ သတ်သည်ရှိသော် လူခေါင်း၊ လူရိုး၊ ပုပ်သိုးသော အနံ့တို့ကြောင့် ကျွန်း၏ မသန့်ရှင်းခြင်းသည် ဖြစ်ရာ၏။ ယင်းသို့ပြင်[illegible]သမုဒ္ဒရာ၏ အလယ်သို့ရောက်မှ သင်္ဘော လှေတို့ကို နစ်စေ၍ သတ်ကြမည်ဟု တိုင်ပင်ကြံစည်မှု ပြုကြကုန်သည်။

ကုန်သည်တို့လည်း သင်္ဘော လှေတို့ကို ကျွန်းမှဆုတ်ခွာ၍ သမုဒ္ဒရာသို့သွားရာ အနည်းငယ်ကွာသော အရပ်သို့ရောက်လျှင် နတ်ဘီလူးတို့သည် ကောင်းကင်ခရီးဖြင့် လိုက်ကုန်၍ ကြီးစွာသော သမုဒ္ဒရာလှိုင်းတံပိုးတို့ကို ထစေခြင်း၊ ကြောက်မက်ဖွယ်ကောင်းသော ကိုယ်အဆင်းသဏ္ဌာန် အသံ အနံ့တို့ကို ဖြစ်စေခြင်းအားဖြင့် ဝိုင်းဝန်း ခြောက်လှန့်ကုန်၏။


ကုန်သည်တို့လည်း သေအံ့သောဘေးမှ လွန်စွာ ကြောက်ရွံ့ ထိတ်လန့်ခြင်းဖြစ်၍ အမိအဖတို့ကို တသခြင်း၊ မိရိုးဖလာ ကိုးကွယ် ပူဇော်သော နတ်တို့ကို တောင်းပန်ထွာ ပတ္ထနာခြင်း စသည်တို့ကို ပြုလုပ်လျက် သည်းစွာ ငိုကြွေးမြည်တမ်းကြကုန်၏။

စူဠပုဏ္ဏသူကြွယ်မှာကား သင်္ဘောဦး တင့်သင့်ရာ၌ ရပ်ပြီးလျှင် နောင်တော်ရှိရာ အရပ်တူရှုသို့ မျက်နှာမူ၍ ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးပြီးသော် တပည့်တော်၏ ကိုးကွယ်ရာဖြစ်သော နောင်တော် သခင် အရှင်သုမြတ်ဘုရား၊ သင်္ဘောထွက်အံ့သောနေ့တွင် နောင်တော် သုမြတ်၌ ခြေတော်ရင်း၌ ဝပ်စင်းယုံကြည် သရဏဂုံတည်၍ ပဥ္စသီလကို ဆောက်တည်ပြီးလျှင် သမုဒ္ဒရာဟူသည်ကား များသော ဘေးရန်ရှိပါသည်။ အကြောင်းရှိလျှင် တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါဟု ပန်ကြားလျှောက်ထားခဲ့မိပါသည်။ ယခု တပည့်




အောက်စက်တော်ရာတန်ဆောင်းသစ်





စောင်းတန်းဦးဘုရား







ပွက်တောင်တော်









တော်တို့မှာ ဘေးအန္တရာယ်ရှိသည်ဖြစ်ပါ၍ နောင်တော်ဘုရားသည် ကိုးကွယ်အားထားရာဖြစ်တော်မူပါဘုရားဟု လျှောက်ထား တိုင်တန်းလေသည်။

ထိုခဏ၌ပင်လျှင် မဟာပုဏ္ဏမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် သင်္ဘော၏ ရှေ့တူရူ၌ ရပ်တော်မူ၏။ နတ်ဘီလူးတို့လည်း အရှင်ပုဏ္ဏမထေရ်ကို မြင်လျှင် အဆင်းသဏ္ဌာန်တို့ ကွယ်ပျောက်လျက် မိမိတို့ကျွန်းသို့ ပြန်ကြကုန်၏။

သမုဒ္ဒရာလှိုင်းတံပိုးသည်လည်း မထေရ်မြတ်၏ တန်ခိုးအာနုဘော်ကြောင့် လေမတွေ့သော အိုင်ကြီး ရေကဲ့သို့ တခဏချင်း ငြိမ်သက်လေ၏။ မထေရ်မြတ်လည်း လူအပေါင်းတို့အား သင်တို့သည် မကြောက်ကြကုန်လင့်။ အလိုရှိသော ရောက်လိုရာအရပ်ကိုသာ ဆိုကြလေကုန်တော့ဟု မိန့်တော်မူ၏။

ကုန်သည်တို့လည်း အရှင်ဘုရား၊ တပည့်တော်တို့၏ နေရင်းဒေသ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ရောက်လိုပါ၏ဟု လျှောက်ကြကုန်၏။ မထေရ်မြတ်လည်း သင်္ဘောထက်၌ ခြေတော်ကို နင်းပြီးလျှင် ဤသင်္ဘောလှေသည် ကုန်သည်တို့အလိုရှိရာ ဝါဏိဇ္ဇဂါမသို့ ဘေးအန္တရာယ်မရှိ လျင်စွာ ရောက်စေသတည်းဟု မိဋ္ဌာန်တော်မူခဲ့ပြီးမှ မိမိနေရာကျောင်းသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသတည်း။

## အခန်း-၅၂

## စန္ဒကူး(ဂန္ဓရုံ)ကျောင်းတော် ဆောက်လုပ်ခြင်း

ကုန်သည်တို့၏ သင်္ဘောလှေမှာလည်း မဟာပုဏ္ဏမထေရ်ကြီး မိန့်ဩာန်တော်မူသည့်အတိုင်း ဆုတ်ဆိုင်းခြင်းမရှိ မိမိတို့နေရာ ဝါဏိဇ္ဇဂါမရွာသို့ ရောက်လေသော် အသီးသီး မိဘ၊ မယား၊ သားသမီးအား သမုဒ္ဒရာတွင် ဘေးကြီးဆိုက်ရောက်ခြင်းနှင့်တကွ ဝါဏိဇ္ဇဂါမသို့ ပြန်လည် ဆိုက်ရောက်ရပုံ အလုံးစုံတို့အား ပြောကြားခြင်း၊ မဟာပုဏ္ဏမထေရ်၏ တန်ခိုးအာနုဘော်ကျေးဇူးတော်တွေကိုပါ ထုတ်ဖော်မြွက်ကြားလျက် ငါးရာသော မယားတို့နှင့်တကွ မထေရ်မြတ်ကျောင်းသို့လာ၍ သရဏဂုံသီလကို ခံယူဆောက်တည်ကြသဖြင့် ရတနာပုံးပါးသာလျှင် ကိုးကွယ်ရာရှိသော ဥပသကာ၊ ဥပါသိကာ အဖြစ်သို့ ရောက်ကြကုန်လေကုန်၏။

ကုန်သည်တို့လည်း တစ်နေ့သ၌ သင်္ဘောတွင် ပါရှိသည့် စန္ဒကူးနှစ်တို့ကို အသီးသီးဝေမျှကြရာ အရှင်ပုဏ္ဏအား တစ်ဖို့တစ်စုပြု၍ လှူဒါန်းကြကုန်၏။

မဟာပုဏ္ဏမထေရ်မြတ်လည်း ဥပါသကာတို့ ငါ့အား စန္ဒကူးနှစ်ဖြင့် ပြုဖွယ်ကိစ္စမရှိ၊ သင်တို့သည် ငါ့၏ဆရာ မြတ်စွာဘုရားကို မြင်ဖူးကြ၏လောဟု မေးတော်မူလျှင် ကုန်သည်တို့က အရှင်ဘုရား မြတ်စွာဘုရားကို မမြင်ဖူးပါဟု လျှောက်ကုန်၏။

ထိုအခါ မထေရ်မြတ်က ဥပသကာတို့၊ ယခု ငါ၏အဖို့အစု ပြု၍ရသော စန္ဒကူးနှစ်ဖြင့် မြတ်စွာဘုရားကို ရည်မှတ်လျက် တန်



ဆောင်းဝန်ကျောင်းတော်ကို ဆောက်လုပ်လျှင် မြတ်စွာဘုရားရှင်ကို သင်တို့ ဖူးမြင်ရလတ္တံ့ဟု မိန့်တော်မူပြန်၏။

ထိုစကားကို ကြားလျှင်ပင် ကုန်သည်များစွာ ငါးရာတို့က ကောင်းလှပါပြီ အရှင်ဘုရားဟု ဝမ်းမြောက်ဝမ်းသာ ဝန်ခံစကား ပြောကြားပြီးနောက် မထေရ်မြတ်၏ အဖို့အစုဖြစ်သော စန္ဒကူးဖြင့်လည်းကောင်း၊ မိမိတို့၏ အဖို့ဖြစ်သော စန္ဒကူးဖြင့်လည်းကောင်း၊ မြတ်သန့်စင်သော မြေအဖို့ရှိသော မကုလာရာမ တန်ဆောင်းဝန်းကျောင်းတော်ကို စီမံဆောက်လုပ်ကြလေ၏။

ထိုသို့ ဆောက်လုပ်ရာ၌ ကျောင်းတော်သည် အဆောင်ပေါင်း ၁၀၈-ဆောင်ရှိသည်ဟု ကျောင်းတော်ရာ ဘုရားရှိခိုး၌ 'ဂန္ဓာရုံကြိုင်လှောင်း၊ ဆောက်သည့်ကျောင်း၌၊ ဆောင်ပေါင်း တစ်ရာ၊ ရှစ်ဆောင်သာလျက်၊ တင့်စွာစီမံ၊ ကိုးမြတ်လှျံကို၊ လှူခံအံ့ဝှာ'စသည်ဖြင့် စပ်ဆို ထုတ်ဖော်ခဲ့ကြလေသည်။

(ကျောင်း၏တန်ဖိုးကား လက်လေးသစ်မျှသော စန္ဒကူးနှစ်ပင်လျှင် အဖိုးတစ်သိန်းထိုက်သည်ကိုသောကြောင့် ဇေတဝန်ပုဗ္ဗာရုံစသော ကျောင်းများထက် အောက်မကျ၊ အဖိုးအနဂ္ဃ ထိုက်တန်သည်ဟု မှတ်ယူရန်ရှိပါသည်။)

* * *

## အခန်း-၅၃
## ကျောင်းတော်ရာစေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း

ထိုကျောင်းတော်ကြီးကား မြတ်စွာဘုရားသခင်သည် ခုနစ်ရက်မျှသာ သီတင်းသုံးနေထိုင်ရန် ဖြစ်သည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့မြတ်စွာဘုရား ကြွတော်မူသော နောက်ကာလများ၌ကား မဟာပုဏ္ဏမထေရ်သည် ထိုကျောင်းတော်၌ နေခဲ့ရလျှင် ဘုရားရှင်အား အစဉ်ထာဝရ သတိရ လေးစားကြည်ညိုမှု ပွားများရန် ရည်သန်တော်မူ၍ မြတ်စွာဘုရား သီတင်းသုံးစဉ်က ဤနေရာ၊ ဤဌာန၊ ဤပလ္လင်သည်ကား ရှစ်သောင်းလေးထောင် ခုနစ်လီသော ပရိသတ်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော နေရာဌာနဖြစ်သည်ကို ရည်မှတ်တော်မူကာ ရတနာရောင်တင် ပလ္လင်ပြင်၌ (မြတ်စွာဘုရား ကိန်းဝပ်တော်မူသော သရက္ခန်ဂ န္တာရုံ ကျောင်းတော်ရာ) ဟု ကျောက်စာကမ္ပည်း ဖွဲ့စည်းရေးမှတ်တော်မူခဲ့လေသည်။


ထိုကာလမှ နောက်ပုဂံပြည် အလောင်းစည်သူမင်းကြီး လက်ထက်သို့ ရောက်သောအခါ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အသစ်အဟောင်း စုစုပေါင်း ပြုပြင်တိုင်းခွင် လှည့်လည်အခိုက်ကြုံသည်နှင့် ဤမည်သောဌာနရှိ မပင်စရ ဆည်ကိုလည်း သမာဒေဝနတ်များ နှိုးဆော်ချက်အရ ပြန်လည်ဆည်ဖို တော်မူလေ၏။



ဤကဲ့သို့ ဆည်တော်ကို ပြုပြင်၍ ကောင်းစွာ ဖြစ်လေသော မြောင်းတာအသစ်ကိုလည်း တူးဖော်မူ ဆက်လက်၍ ပြုကြရာ မြောင်းတာတော် (၁၀၀၀၀) တစ်သောင်းအဆုံး၌ ကျောက်ထပ် မြက်နွယ်တို့ ဖုံးလွှမ်းနေသည်ကို ရှင်းလင်းလေလျှင် ညီညွတ်သော ဤမြေပြင်ကုန်းမှ စိတ်နှလုံး ကြည်နူးဖွယ်ရာ ယခင် မဟာပုဏ္ဏမထေရ် ရေးစီကာထားခဲ့သော ကမ္ပည်းကျောက်စာကို အလောင်းစည်သူမင်းမြတ် တွေ့ရှိလျှင် ဘုရားသခင် သက်တော် ထင်ရှားကို တွေ့မြင်ရပြီးသကဲ့သို့ များစွာ ဝမ်းမြောက်တော်မူလှ၏။ ထိုကမ္ပည်းကျောက်စာနေရာ၌ မုခ်ထွက်လေးမျက်နှာရှိသော စေတီတော်ကျောင်း၊ သိမ် စကြံ စသည် လေးဌာနကို စီရင်တော်မူပြီးမှ အတွင်းကျောင်းရဲ ၅၅-ကျောင်း၊ အပြင်ကျောင်းရဲ ၉၉-ကျောင်း ကောင်းမှုတော်များကို တည်ထား ဆောက်လုပ်တော်မူပြီးလျှင် ကျွန်ထီးအကြီး ရှစ်ယောက်၊ တစ်မုခ်လျှင် နှစ်ယောက်ကျနှင့်တကွ ကျွန်မိန်းမ၊ ကျွန်ယောက်ျား၊ စေတီပယ်မြေ၊ ဆီမီးတိုင်၊ ဆီမီးဇာ၊ သင်ပုတ်ဝတ်များကို လှူတော်မူသည်။ ဤကား ကျောင်းတော်ရာ ပထမဆုံး စေတီတည်ထားခြင်းတည်း။

**ဒုတိယအကြိမ် မွမ်းမံခြင်း။** ။ ထိုနောက် ရှည်ကြာကာလ ပျက်စီးချိန်ကျ၍ ပျက်စီးရလေလျှင် ဝိဇယပူရ 'ပင်းယ' ဘုရင်တစ်စီးရှင် 'သီဟသူ'က ရှေးဘေးအလောင်းတော် အလောင်းစည်သူမင်းကြီး လှူသည့်အတိုင်း မဆိုင်း မွမ်းမံ လှူပြန်တော်မူလေသည်။

**တတိယအကြိမ် မွမ်းမံခြင်း။** ။ ထိုနောက် ရှည်ကြာ ကာလ ပျက်စီးချိန်ကျ၍ ပျက်စီးရလေလျှင် အင်းဝဘုရင် သတိုးမင်းဖျား၏



ယခင် ကျောင်းတော်ရာ စေတီတော်ပုံ



ယောက်ဖတော် သီဟပတေ့ ဘုရင်နှင့် လယ်ကိုင်းမြို့သူကြီး ရာဇဝတ္တနတို့ ညှိနှိုင်းတိုင်ပင် ပြုပြင် မွမ်းမံတော်မူပြန်သည်။

**စတုတ္ထအကြိမ် မွမ်းမံခြင်း။** ။ ထိုနောက် ရတနာသိခ်ကုန်းဘောင်မင်း (ဦးအောင်ဇေယျ) အမိန့်တော်နှင့် သီရိနန္ဒစည်သူအမတ်တို့ကို စေလွှတ်၍ ဘီလူးပန်းဆွဲများကို ပြင်ဆင်စေသည်။ နောက်မှ ကိုယ်တော်တိုင် ချီတက်ဖူးမြော်၍ ရွှေသင်္ကန်း ကပ်လှူတော်မူသည်။

**ပဉ္စမအကြိမ် မွမ်းမံခြင်း။** ။ ထိုနောက် အမရပူရ မြို့တည်နန်းတည် (ဘိုးတော်မင်းတရား) ဆင့်ဖြူများသခင့်သည် ဟောင်းနွမ်း ပျက်စီးသည်မှန်သမျှကို ထပ်မံပြင်ဆင် လှူဒါန်းခြင်းအမှုပြုလေသည်။

## ဆဌမအကြိမ် မွမ်းမံပြင်ဆင်တော်မူခြင်းအကြောင်း

ကောဇာသက္ကရာဇ် ၁၂၃၈–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆–ရက်နေ့ ညအချိန်တွင် မိုးကြီးလေကြီး ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်ခြင်းကြောင့် စေတီတော်ကြီး ကွဲအက်ပျက်စီးသည်ကို 'လယ်ကိုင်းမြို့ ဇေယျာဘုမ္မိဂိုဏ်းထောက်ကြီး' ဦးဘယာသာမိ ေသရာဒတော်က မေတ္တာစာရေးသွင်းချက်အရ မန္တလေးမြို့တည် နန်းဘည် (မင်းတုန်းမင်း) မင်းတရားကြီးအမိန့်တော်နှင့် အဂ္ဂမဟာသေနာပတိဘွဲ့ခံ (လယ်ကိုင်းမြို့စား) ကင်းဝန်မင်းကြီး 'ဦးကောင်း' ကို

စေလွှတ်၍ မူလရှိရင်း စေတီတော်ကို ထပ်ဆင့်မွမ်းမံ ပြင်ဆင်တော်မူစေရာ ကျောင်းတော်ရာ ဆရာတော် ဦးသုမန (ငယ်မည်မှာ ဦးရွှေတောင်ဖြစ်၍ စာတော်တောင်ဟုလည်းခေါ်၏။)နှင့် ညှိနှိုင်းဘိုင်ပင်ပြင်ဆင် မွမ်းမံခြင်းအမှုကို ပြုလုပ်ပါသော်လည်း ဖောင်းရစ်တော်(၁၈)လုံးမျှ အပြီး ထီးတော်မတင်ရသေးမီ မင်းတုန်းမင်းတရားကြီး နတ်ရွာစံရလေ၏။

**သတ္တမအကြိမ် မွမ်းမံခြင်း။** ။သက္ကရာဇ် ၁၂၄၂–ခုနှစ်တွင် ရတနာပုံ(မန္တလေး)နေပြည်တော် ဒုတိယနန်းစံ သားတော် သီပေါမင်းတရားသည် (ကင်းဝန်မင်းကြီး) ဦးကောင်းကိုပင် ထပ်မံစေလွှတ်၍ စေတီတော်ကို အပြီးသတ်စေပြီး ထီးတော်တင်ရလေ၏။

**ဘိုစေတီအချိုးအစားမှာ–**

| | |
|---|---|
| **အမြင့်ဉာဏ်တော်** | ... ၉၂–တောင့်ထွာ။ |
| **သပိတ်မှောက်အဝ(လုံးပတ်)** | ... ၈၈ တောင် ၂–မိုက်။ |
| **ဖိနပ်အောက်ခြေတော်** | ... |
| **အနားတဘက်** | ... ၇၅–တောင့်ထွာ။ |
| **ဖောင်းရစ်လုံးရေ** | ... ၂၇–လုံး။ |
| **ကြာမှောက်ကြာလံ** | ... ၁၂–တောင့်ထွာ |
| **ချယားသီးလုံးပတ်** | ... ၁၀–တောင် ၃–လက်မ။ |
| **ချယားသီးအရပ်** | ... ၇–တောင်။ |
| **ထီးတော်အဝ** | ... ၆–တောင်။ |
| **ထီးတော်အရပ်** | ... ၁၅–တောင်။ |



| | | |
|---|---|---|
| **စေတီရံ** | **၁၀၄–ဆူ** | ပေါင်း ၁၀၈–ဆူ |
| **မုခ်ဘုရား** | **၄–ဆူ** | |

ထီးတော်သုံးဆင့်အနက် 'အထက်ဆုံးထီးတော်' (အဆင့်)မှာ ငွေသားအစစ် ဖြစ်ပါသည်။

ထိုသို့ စေတီအချိုးအစား အောက်ခြေကြား၍ အဖျားသွယ်နေသည်ကို ပြုပြင်ရန်ဆန္ဒနှင့် ဆေးဝက်ဘာဆရာတော်ဦးစီး၍ (၁၃၂၄ ခုနှစ်မှ ၁၃၂၉–ခုနှစ်အထိ) ၅–နှစ်ခန့် စေတီတော်လုံးပတ်ကို ကြီးထွားအောင် ပြုပြင်ရာတွင် ပြည်သူအများ သဒ္ဓါမွှား၍ ထပ်မံလှူဒါန်းကြသဖြင့် များပြားလှသော ဌာပနာ ပစ္စည်းများနှင့် တကွ တစ်သောင်းကျော်တန် ထီးတော်ကြီးတွင် တစ်သိန်းကျော်တန်စိန်ဖူးတော်ကြီးကို တပ်ဆင်လျက် ပြုပြင်မွမ်းမံထားသည်များကို ဖူးမြင်ကြရပါသည်။

ထိုကျောင်းတော်ရာစေတီတော်မြတ်ကြီးကို လူပုဂ္ဂိုလ် ၅–ဦးနှင့် ရဟန်းတစ်ပါး အမြဲတည်တံ့ ပါဝင်စေသော ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့တစ်ခု စီမံခန့်ထား၍ ရှေးအင်္ဂလိပ်အစိုးရလက်ထက်ကပင် တစ်နှစ်လျှင် ပွဲတော်(တန်ဆောင်မုန်းလတစ်ကြိမ်၊ တပေါင်းလပြည့်နေ့ကစ၍ တပေါင်းလပြည့်ကျော် ၈–ရက်နေ့အထိ တစ်နှစ်လျှင် တစ်ကြိမ်သာ ပွဲတော်ခင်းကျင်းပြုလုပ်ပါသည်။

* * *

## အခန်း–၅၄

### ကူးဆန်းထွေလာ ငါးသတ္တဝါ



ကျောင်းတော်ရာရှေ့၊မုန်းမြစ်ကွေ့၌၊ တွေ့ရှိရကြား၊ ထိုငါးများကို ဘုရားငါးဟု ခေါ်လေ့ပြု၏။ စာရှုအဆွေ သိပါစေဟု စေတနာ ထား ကြောင်းရာများတွင် မှတ်သားစရာ စာလက်ာဖြင့် သာယာမှု ဖွေ ရေးစီပေအံ့။

ငထွေ(ငါးထွေ) ခေါ်ကြား၊ ငါးအများတို့၊ များပြားပေရှာ ရေတွက်သာဟု၊ ငါးရာတစ်ထောင်၊ ကောင်ရဖွဲ့စည်း၊ အုပ်လိုက်



ကြီးဖြင့်၊ သီးသီးပျော်ရွှင်၊ ဝါတော်ဝင်၍ (ဝါ) ဝါဆိုလပြည့်*၊ ကျသောနေ့၌၊ မမေ့ရက်မှန်၊ အချိန်တန်လျှင်၊ ဗုဒ္ဓံပူဇေမိ၊ ပူဇော်ဘိသို့၊ အတိအကျ၊ ရောက်လာရ၏။ ထိုမှတဖြစ်၊ ဝါထပ်နှစ်၌၊ စင်စစ်လူများ၊ သိသောလားသို့၊ ငါးများထိုထို၊ ဒုဝါဆိုမှ၊ ဖူးမြော်ကြ၏။ မှတ်ပါ့မယွင်း၊ ဝါတွင်းသုံးလ၊ ခါသမယမှာ၊ ဗုဒ္ဓစံသော် မြတ်ကျောင်းတော်ကို၊ ကော်ရော်သောအား၊ ဘယ်မသွားဘု၊ ဘုရားဖူးလာ၊ များသူငါတို့၊ သဒ္ဓါလို့ကျွေး၊ အစာပေးက၊ စုဝေးပေါ်လာ၊ စားသောက်ရှာ၏။

တဖြာထူးခြင်း၊ ငါးတသင်းတို့။ သီတင်းကျွတ်သော်၊ တရက်ကျော်က၊ ခေါ်သော်မရ၊ ကြည့်ကမမြင်၊ မြစ်စဉ်မြစ်တွင်း၊ ငုပ်ကာဆင်း၍ နေရင်းဒေသ ပြန်သတည်း။

ထိုဖန်ထိုငါး၊ ဖမ်းယူစားက၊ များပြာထွေလာ၊ ဝမ်းရောဂါနှင့် သွေးပါသွေးအန်၊ အဖြစ်မှန်ပြီး၊ အမှန်မသွေ၊ သေရလေ၏။ ပြောဆိုရှိ၍၊ သတိနှင့်သာ။ ရှောင်ကြဉ်ပါလော့။

ထိုနှစ်သောအခါ၊ ရွာတရွာမှ၊ ယုတ်မာလူတစ်စု၊ တိုင်ပင်ပြု၍၊ ယခုငါးများ၊ ပြန်အသွားတွင်၊ မြစ်ဝဝင်၌၊ ပိုက်စင်ကာချ၊ ရသမျှ ငါး၊ တို့ဝေစားမည်၊ ကြံအစည်ကို။ သိသည်သောလား၊ ပြန်မသွားဘဲ ဘုရား(ဆရာတော်)**ကျိန်းစက်ပျော်ခိုက်၊ ငါးဘသိုက်တို့၊ လိုက်လို့ပို့ပါ၊ ပြောရှာသည့်အင်၊ အိပ်မက်မြင်၍၊ မြစ်စဉ်ရေ

---

* ဝါဆိုလပြေ့ဟု ဖတ်ပါ။

** ဘုရားစတော်ဟု ဖတ်ပါ။

ခကြောင်း၊ လေ့လော့်လောင်းနှင့်၊ ၊ ဗုံမောင်းအိုးစည်၊ ကခုန်သီလျက်၊ အတည်တကျ၊ လိုက်ပို့ရသည်၊ မှတ်ကြအပေါင်း၊ သူတော်ကောင်းတို့၊

(ကူးယူပုံနှိပ်ခွင့်မပြုပါ။)

### ဘုရားငါးများအကြောင်းအကျဉ်းချုပ်

၁။ ဘုရားငါးများအားလုံး (ငါးထွေ) တစ်မျိုးတည်းဖြစ်ခြင်း။

၂။ နှစ်စဉ် ဝါဆိုလပြည့်နေ့တိုင်း ရောက်ရှိလာခြင်း။

၃။ ဝါထပ်သောနှစ်တွင် ဒုတိယ ဝါဆိုလပြည့်နေ့မှ ရောက်ခြင်း။

၄။ ဝါတွင်း သုံးလတိတိ၊ ဘုရားအနီး မုန့်မြစ်ကြီးထဲ၌ စုဝေးနေခြင်း။

၅။ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့တွင် မှန်မှန်ပြန်ခြင်း။

၆။ ထိုငါးများကို စားသောက်သူမှာ ဝမ်းသွား သွေးအန် အသေမြန်ခြင်း။

၇။ မိမိတို့(ဘုရားငါး)အား ဖမ်းဆီးသတ်ဖြတ်မည်ကြံလျှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့အား အိပ်မက်ပေး၍ သေဘေးမှလွတ်ကင်းအောင် ကြံဆောင်နိုင်ကြခြင်းများ ဖြစ်ပါသည်။

ထို့ကြောင့်ရှေးက လူများဆိုရိုးထားကြသည်မှာ စန္ဒကူးသစ်သယ်သူစဉ်က နှောင့်ယှက်ကန့်ကွက်မိကြသော အကုသိုလ်အထူးများ



သည့် ဘီလူးများပြစ်ချက်ကြောင့် နှစ်မပျက် ယခုလို ငါးအဖြစ် တစ်မျိုးနဲ့ ဘုရားရှိခိုးလာရခြင်း ဟူသတတ်။

## အခန်း–၅၅

### သစ္စဗန္ဓ၏နောက်ဘဝကိုဝေဖန်ရှင်းလင်းပြဆိုခြင်း

အခန်းအမှတ်၅၀–တွင် မဟာပုဏ္ဏရဟန်းအကြောင်းကို ပြဆိုပြီး၍ အခန်းအမှတ် ၅၂–တွင် စူဠပုဏ္ဏအမှူးပြုသော ဝါဏိဇ္ဇရွာသားကုန်သည်များက မြတ်စွာဘုရားအား လှူပြားရန် စိတ်ရည်သန်၍ စန္ဒကူးဂန္ဓာရုံကျောင်းကို ဆောက်လုပ်လှူဒါန်းကြောင်းကိုလည်း ရေးသား ဖော်ပြခဲ့လေပြီ။

ထိုအခါ မဟာပုဏ္ဏမထေရ်၏ လျှောက်ထားပင့်ဆောင်ချက်ကြောင့် မြတ်စွာဘုရားသခင်သည် မြန်မာရဋ္ဌ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ နောက်ပါရဟန်း တစ်ပါးယုတ်ငါးရာ (၄၉၉ပါး) သော ရဟန်းတို့ဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှကြွလာတော်မူသောအခါ ယောနကတိုင်း မကုလတောင်တွင် သစ္စဗန္ဓရသေ့နှင့်တွေ့၍ ဧဟိဘိက္ခုရဟန်းပြုကြောင်း ကျမ်းဂန်တို့တွင် တွေ့မြင်ဖတ်ရှုရပါသည်။

အချို့သောသူတို့က ဤကဲ့သို့ ကျမ်းလာစကားကိုသာ မှတ်သားရာသည်။ သစ္စဗန္ဓနွားလားမုဆိုးအဖြစ်မျိုးကိုကား မရေးသားအပ်ဟု ပြောဆိုကြပါသည်။

**ယခု သမိုင်းရေးသူအမြင်ကား**

၁။ သစ္စဗန္ဓရဟန်းကြီး တောင်းပန်အပ်သဖြင့် မြတ်စွာဘုရား သခင် ချထားတော်မူအပ်သော အထက်စက်တော်ရာ (မကုလ) တောင်၌ ‘မုဆိုးတောင်ဘုရား၊ သိကြားပုန်းတောင်ဘုရား၊ သားရေကြက်ဘုရား၊ ရာဇူတိုင်ဘုရား၊ သစ္စာပြုဘုရားများကို ယနေ့တိုင် မျက်ဝါးထင်ထင် ဖူးတွေ့မြင်ရခြင်း။

၂။ ရှေးကထွက်ပေါ်ပြီး သမိုင်းစာအုပ်အမျိုးမျိုးတို့ကလည်း ဤနွားလား မုဆိုးအမျိုးမျိုးကို မပစ်မပယ် တင့်တယ်ဖွယ်ရာ ရေးသား ထည့်သွင်းလာခဲ့ကြခြင်း။

၃။ “မုဆိုးနဂါး၊ တောင်းပန်ထား၊ ဘုရားရွှေစက်တော်” စသည်ဖြင့် ရှေးပညာရှိကြီးများ သီကုံးတော်မူသည့် စာမူများကို ယခုလူတို့က ယုံကြည်ရွတ်ဆိုမှု ပြုနေကြခြင်း။

၄။ ဤမှတစ်ပါး မြတ်စွာဘုရား၏ ဖြစ်တော်စေါင်းကို ပြန်ပြောင်းကြည့်ရှုပြန်သော် “လူ့ဘဝ၊ ဗြဟ္မာ့ဘဝနှင့် ကြီးကြာဟသ်ာ တစ်ဖြာခိုမင်း၊ ကျေးမင်းကရဝိက်၊ ငှက်မိတ်ကိန္နရာ၊ စာမရီမျောက်၊ ဆင် နွားရောက်ခြင်း၊ ကျွဲ မြင်း ဥဒေါင်း၊ ကြက် ဝက်ပေါင်းပါ၊ သာလိကာနှင့် ခါ ယုန်သမင်၊ ရှဉ့်ပုတ်သင်ကာ၊ ကျီးငင်းတတို့၊ မစ္ဆရေနေ၊ ရှိလေသမျှ၊ ဗုဒ္ဓထင်ရှား၊ ဘုရားလောင်းကိုယ်အပေါင်းသည်၊ ဖြစ်ပေါင်း ၅၅၀၊ အသွယ်သွယ်တည်း”ဟု ဆိုထားပြုသဖြင့်



မုဆိုးတောင်ရောက်၊ အုံလောက်ဖွယ်ရာ၊ မုဆိုးရုပ်ကြီး။ လေးကြီးကိုင်ကာ၊ ချွေးနက်ကြီးက နွားမငွာ၊ ဓာတ်ပုံတွဲ အမြဲရိုက်ကြတာ။



သစ္စာအတွက် အခက်ကြုံသည်၊ သားကောင်ရရေးမတွေးဝံ့ပြီ၊ သတိရလို့ မြားချလေသည်၊ အများက မြားကျခေါ်စေတီ။

ယခု သစ္စဗန္ဓခေါ် အလောင်းတော်လည်း ဖြစ်မြဲတရား နွားလား မှဆိုးအဖြစ်မျိုးကို ဆိုရိုးစဉ်လာ. မပယ်သာဟ ရှုဆတွေးထင် အစီ ရင်တော် ခံရပါကြောင်း။

## အခန်း–၅၆

## သစ္စဗန္ဓ ဘဝဖြစ်စဉ်ကို ဖော်ပြခြင်း

တစ်ခါရံသော် သစ္စဗန္ဓမထေရ်လောင်းသည် ဟိုင်းကြီးကျွန်းတွင် ခွန်အားသတ္တိ အစွမ်းရှိသော နွားလားဥသဘကြီးဘဝ၌ ကြုံကြိုက် ရလေ:တော့သည်။

ထိုနွားလားဥသဘကြီးသည် ရပ်သူရွာသားလူအများ၏ လယ် ယာ ကိုင်းမြေလူနေအိမ်တို့ပါမကျန် တိုးဝှေ့ဖျက်ဆီးပြုလုပ်ခြင်း အားကြီးလှ၍ ရပ်ရွာနေပြည်သူတို့မကြည်ဖြူ စုဝေးဆုံးဖြတ်ချက် ပေးသည်မှာ နွားနှင့်တကွ နွားရှင်ပါ ထိုဒေသမှ ထွက်ခွာရမည် ပြောဆိုသည်တွင် နွားရှင်ယောကျာ်းက ကျွန်ုပ်ထွက်ခွာရမည့် အရေး လွန်တရာဝန်လေး၍ မည်သို့မျှတွေးမရပါ။ နွားကြီးကိုသာ သဘောရှိလုပ်ကြပါဟု ကြည်ဖြူစွာခွင့်အပြုတွင် လူစုအများ တုတ် ဓားကိုင်မြှောက် ခဲအုတ်ကျောက်ဖြင့် ပစ်ဖောက်ထိုးခုတ် ဝိုင်းဝန်း



လှူဒါနကြီး ဖိုရိုးနေသည်၊ မှတ်ထိုးဆွန်စွာ။ ကြီးမားလေလေတော့၊
မှုဆိုးတော်ပေးဟု၊ ယခုအမည်၊ သူတောက်သည့်ရှူ။ အထူးထင်ရှား၊
မြှော်သောက၊ တည်ထားစေတီ၊ စေတီငုံမြူ၊ ယခုအခါ
(အာယာ) ဝန်း ရွှေကခေါ်ခဲ့သည်၊ ဒူးတောက်ဘုရား အများကြည်ညိုပါ။

လုပ်ကြလျှင် ထိုနွားလားမှာ မရှောင်သာဘဲ ဘုံးဘုံးလဲ၍ အမဲသား ဘဝ ခွဲဝေမျှလျက် ဝဝကြီးစားသောက်ကြလေ၏။

ထို့နောက် ဘဝနွားလားဥသဘကြီး၏ အသား ကိုစားသောက် ဟူသမျှ မကုဋတောင်အနီး မြိုင်တော်ကြီးတွင် သမင်၊ ဒရယ်၊ ချေ ငယ်၊ ဖိုင်၊ ဆတ်ဖြစ်ကုန်လတ်၍ နွားလားဥသဘမှာ ဘဝဆုတောင်း ကံအကြောင်းကြောင့် မကုဋတောင်စောင်းတွင် လက်နက်ကောင်း လေးမြားကိုင်ဆောင်ကာ တုတ် ဓားနှင့်လိုက်စား ထိုးခုတ် မုဆိုး လုပ်၍ ရသမျှ အမဲသားတို့ကို ၉၉–ဦးသော ဖောက်သည်တို့အား ရောင်းစားလျက် နေသတည်း။

ထိုသို့အမဲသားကို ၉၉–ဦးသော ဖောက်သည်တို့အား အလေး ချိန် မှတ်သား၍ ရောင်းစားသောနေရာတွင် "ရာဇူတိုင်စေတီ"ဟူ၍ လည်းကောင်း၊

ထို့ပြင်တဝ သမျှသားကောင်တွေ သားရေကိုဖျက် ကား ကြက်၍ လှန်းရာတွင် 'သားရေကြက်စေတီ' ဟူ၍လည်းကောင်း ယခုတိုင် အထင်အရှားရှိပါသည်။

ထို့နောက် မုဆိုး၊ ကျွတ်ချိန်တိုး၍၊ ထက်မိုးအာကာ၊ နတ်တို့ရွာ မှ၊ ဒေဝါသနင်း၊ သိကြားမင်းသည်၊ ဒိဗ္ဗစက္ခု၊ တစ်ထောင်ပြု၍၊ လူ့ ပြည်လူ့ရပ်၊ ကြည့်ရှုလတ်သော်၊ လုဒ္ဒကယောက်ျား၊ မုဆိုးသား သည်၊ သားငါးခုတ်ထစ်၊ ဆိုးညစ်ယုတ်မာ၊ ပြုမိစ္ဆာကို၊ ငါသည် ယခု၊ ပယ်ရှားပြု၍၊ တစ်ခုသစ္စာ၊ ပန်ဆိုရာဖြင့်၊ ဖွဲ့ထားလင့်မှ၊ ဆင် သင့်မိစ္ဆာ၊ ဒိဋ္ဌိကွာမည်၊ စိတ်ကြံစည်၍၊ လူ့ပြည်ဆင်းကာ၊ လုဒ္ဒကာ ဟု၊ ဖန်ဆင်းပြုလျက်၊ မကုလရဂုံတွင်၊ တွေ့ဆုံကာနှစ်ဦး၊ စကားထုး



ပြောကြသည်မှာ၊ သိကြားမာဃ၊ လုဒ္ဒက–က၊ အို–အဆွေလုဒ္ဒက၊ ဤတောတောင်ဝယ်၊ အဘယ်မည်ရာ၊ သားသတ္တဝါအား၊ ရှာဖွေပစ်ခတ်၊ အသက်သတ်၍၊ ရအပ်သော၊ ဟင်းလျာများကို၊ ရောင်းစားအသက်မွေးပါသနည်းဟု မေးလေသော်၊ လုဒ္ဒကမုဆိုး၊ သားသတ်မျိုးက၊ အဆွေလုဒ္ဒက၊ မောင်မာဃ၊ ဇမ္ဗူတစ်ခွင်၊ ငါ့စွမ်းအင်ဘူပင်မရှိ သင်မသိသော၊ ၉၉–ယောက်၊ ဖောက်သည်အများ၊ အမဲသားကို၊ ရောင်းစားလောက်အောင်၊ ငါသွင်းဆောင်၏၊ သားကောင်တွေ့မြင်၊ ငါလေးတင်က၊ ပြေးပင်မလွတ်၊ တစ်ပြွတ်တည်းညီ၊ တံစို့နှင့်သီသလို၊ စီစီရီရီ၊ ငါ့စွမ်းရည်၊ မထီလေးစား၊ ထင်မမှားသင့် ဟုဆိုရာ၊ သိကြားမာဃ၊ လုဒ္ဒက–က၊ ဖြစ်ရပလေ၊ အိုအဆွေရယ်၊ တကယ်လုပ်ငြား၊ ထိုကံအားကြောင့်၊ မမှားဆတ်ဆတ် အပါယ်အိုးသင်ချိုးကပ်လိမ့်၊ မမြတ်အဟုတ်၊ ယုတ်လှချည့်တကား ဟု၊ ဤကဲ့သို့ပြောကြားသော်၊ လုဒ္ဒကမုဆိုး၊ သားသတ်မျိုးက၊ သင်လည်းမုဆိုး၊ ငါမုဆိုးပဲ၊ မကွဲတစ်မူ၊ သက်မွေးဟူလျက်၊ လူတို့ပုံခင်း၊ ဟင်းတစ်အိုးတွင်၊ တစ်ဝက်ချဉ်ချို၊ သင်မဆိုသင့်၊ သင်နှင့်ငါမှာ၊ ဘယ်ဟာကွာသည်၊ ပြောပါယခု၊ အမေးပြုရာ၊ သိကြားမာဃ၊ လုဒ္ဒက–က၊ သင့်မှာရောင်းစား၊ အမဲသားကြောင့်၊ များလှသတ္တဝါ၊ သေရရှာ၏၊ ငါ့မှာမုဆိုး၊ ခေါ်ဆိုစကား၊ ရှိပါငြားလည်း၊ ငါကားသတ်ရာ၊ သည်မြိုင်သောက၊ အာဇာနည်ဇာတ်၊ ဇေါ်ခေါ်သောသားမြတ်ကိုသာ၊ ပစ်ခတ်ပါသည်၊ အာဇာနည်၏၊ မြတ်သည့်အချင်းဂုဏ်သတင်းကား–



(၁) မင်းသားတန်တန်၊ အခွံခံ၊ မြီးဆံကိုယ်လုံး၊ ကျက်သရေဖုံး၏။

(၂) အမြီးကိုဖြတ်၊ သားမြီးယပ်၊ မင်းမြတ်တန်ဆာ၊ ကိုင်ဆောင်ရာ၏။

(၃) ဇေါ်သားရေ၊ နူးညံ့ပေ၍၊ ကျက်သရေတိုးပွား၊ အဖိုးများ၏။

(၄) အသားကိုမူ၊ စားသူဟူသမျှ၊ လောကကျက်သရေ၊ တက်ဖြိုးဝေ၏။

(၅) ခွာဆက်ရိုးမှာ၊ ကိုးခြောက်ဖြာပျောက်၊ တန်ခိုးရောက်၏။

သို့ဖြစ်၍၊ သတိတရား၊ အလွန်ထားကာ၊ လိုက်ပါလာပါလည်း၊ ငါ၏ဇေါ်၊ အာဇာနည်သည်၊ ပစ်မည်အရေး၊ သူထွက်ပြေး၍၊ မနေးလမ်းစ၊ ရှာမရ၊ မုချသင့်နယ်တွေ့တော့တယ်၊ ပြုဖွယ်ဘာန္တု၊ ပုံစံရှုက၊ ဓားပြခိုးဘေး၊ ပုန်းရှောင်ပြေးလျှင်၊ နယ်ရှင်သူကြီး၊ သူဖမ်းဆီး၍ အပ်ရမည်။ တင်လီမယွင်း၊ သင့်နယ်တွင်းသို့၊ အတင်းထွက်သွား၊ ဇေါ်သားကို၊ ငါ့အားထက်ကြပ်၊ ယခုအပ်ရမည်၊ မအပ်ပါသော်၊ သင့်အပေါ်၌၊ အလျော်တောင်းစား၊ အဖိုးများ၍၊ သင်ကားသည်က ပြေးရလိမ့်မည်။

ထိုကဲ့သို့ ပြောဆိုရာတွင် ဇေါ်ကောင်ကား၊ မကြားဖူးပေါင်၊ မြင်တောင်မသိ၊ ဒုက္ခရှိ၏၊ ကတိတည်ရေး၊ ချမ်းသာပေးမှ၊ အရေးလှမည်၊ ဘုပစကား၊ အသင့်အား၊ မပြောကြားလိုပါ၊ ကြောက်လှပါပြီကို၊ မာန်နှိမ့်ကာဆိုလေလျှင်၊ သိကြားမာဃ၊ လုဒ္ဒက–က၊ သင်



ရသေ့တောင်ပြီးစရီးဆက်သော်၊
အံ့ဖွယ်ကျောက်တုံး ချေးဘုန်းမကြောင့်ဝေ၍၊ ရဟန္တာလို့ လူတို့ပူဇော်၊
သုံးရာတစ်–ထွေ့လှစ်ဂူ၊ စက်တော်၊



၏လေးမြား၊ ငါ့အားပေးအပ်၊ ငါတင်လတ်မည်၊ သာဇေဃီသည်၊ သင့်ဆီသို့လာ၊ သင်ပစ်ပါလော့၊ ငါ့ထံလာက၊ ငါပစ်ပါမည်၊ လှစ်ဟပြီးကာ၊ နတ်ဣန္ဒာသည်၊ ကွယ်ကာခေတ္တပုန်းနေရ။

(ဤကဲ့သို့ သိကြားပုန်းတောင်ကို ယခုတိုင် 'သိကြားပုန်းတောင်'ဟု ခေါ်ဆိုထင်ရှားရှိပါသည်။)

လုဒ္ဒကမုဆိုးမှာလည်း သိကြားမင်း တင်ထားသော လေးဖြင့် သားကောင်ကို ပစ်ခတ်ရန် ကြိုးစားလုံ့လ လေးကြိုးကိုချသော်လည်း မရချည်းနှီး၊ ချွေးတီးတီးယို၊ ဟိုက်ဖိုပင်ပန်း၊ အရှင်လန်းပဲ စွမ်းအားလည်းကုန်၊ အခက်ကြုံမှ၊ ခိုလှုံသိကြား၊ ထွက်ပေါ်ငြား၍၊ လူသားလုဒ္ဒက၊ ဇေဃီသားမြတ်၊ ပစ်ခတ်သည်မှာ၊ ရပါ၏လား၊ မေးစကားကို၊ ပစ်ခတ်ဖို့ဝေး၊ သင်တင်သည့်လေးကိုမှ၊ မချတဲ့နိုင်၊ ငေးမှိုင်ကာနေရ၊ အလှသည့်အခင်း၊ ဒုက္ခကိုရှင်းပါဟု၊ ပြောဆိုခြင်း ပြုလျှင်၊ သိကြားမင်းက၊ ဝစီနှုတ်ဟ၊ ဤဒုက္ခမှ၊ မုချလွတ်ရန်မှာ၊ ငါ၏သစ္စာကိုသာ ခံယူရမည်။ သစ္စာပြုငြား၊ ထိုစကားမှာ၊ သားဖိုသားမ၊ ရွေးချယ်ကြရာ၊ ပစ်ခတ်ပါဟု၊ စဉ်လာမရွှေ့၊ ဆောက်တည်လေ့ပါ၊ ငါ့မှာမူကား၊ နတ်အများတို့၊ စံစားနေရာ၊ ၁တိံသာသို့၊ ပြန်ဖို့တော်ပြီး၊ သစ္စာချည်၍၊ ဤသည်စကား၊ သစ္စာအားဖြင့်၊ ပန်ကြားသမှု၊ အကြောင်းပြု၍၊ ခေါ်မှုသစ္စာပန် (ဝါ) သစ္စဗန္ဓဟု၊ မည်နာမတွင်သတည်း။

သစ္စဗန္ဓမုဆိုးကြီးဟု၊ ခေါ်တွင်ပြီးနောက်၊ ကိုးကျိပ်ကိုးယောက်သော ဖောက်သည်အများတို့က၊ အမဲသားရောင်းစရာ၊ တောင်းကြ



ယုံကြည်ကိုးစား၊ အားထားပါမှု၊
လာဘာသိဒ္ဓိ၊ မည်ရှိလိုထင်မူ၊
ထက်စက်တော်နီး၊ ရှားမှီးကြည်ဖြူ၊
မေအား–တိုးပွားသမှန်ယူ။



ရာတွင်၊ လေးကိုတင်၍၊ သို့စဉ်ယနေ့၊ အဖိုတွေ့က၊ ပစ်ခတ်ပါမည်၊ မိဋ္ဌာန်သည့်ကာလ၊ အမတို့သာ၊ လာကုန်ပါ၏။ နောက်ခါတစ်နေ့ အမတွေ့က၊ ပစ်ခတ်ရမည်၊ မိဋ္ဌာန်သည်ကို၊ အဖိုတွေသာ၊ လာကုန်ပါ၍၊ သစ္စာဆိုလှစ်၊ ဤစနစ်ကြောင့်၊ မပစ်လည်းခက်၊ ပစ်လည်းခက်ဟုမြွက်ဟာပြီးကာ၊ စဉ်းစားပါသော်၊ သစ္စာဆိုသည်၊ လွန်တည်ကြည်က၊ တလီရွှေငှုံး၊ ခါမင်းထုံးကို၊ နှလုံးစွဲကာ၊ မြဲမှတ်ရာတည့်၊ သစ္စာမတည်၊ ဖောက်ပြန်သည်မှာ၊ စေတီယမင်း၊ မြေမျိုခြင်းကို၊ မယွင်းမှတ်ကာ၊ စိတ်ပျက်စွာနှင့်၊ သေချာတွေးဆ၊ သတိရ၍၊ ဓမ္မသံဝေ၊ ဖြစ်ပေါ်လာလျှင်၊ ယခင်အားထား၊ လေးနှင့်မြားကို၊ ပယ်ရှားသမှု၊ ရသေ့ပြု၍၊ မကုလတောင်အနီး၌ နေလေသတည်း။

(၁) သစ္စဗန္ဓ မုဆိုးကြီးနေသောတောင်ကို မုဆိုးတောင်ဟူ၍ ခေါ်ဆိုအများ ယခုထင်ရှားရှိပါ၏။

(၂) ထိုမုဆိုးတောင်အောက်နားတွင် သစ္စာပြုကြသောနေရာ၌ သစ္စာပြုဘုရားဟူ၍ လူတို့အများ သိမှတ်ထား၏။

(၃) သစ္စာဗန္ဓ ရသေ့ကြီးနေသောတောင်ကို ရသေ့တောင်ဟူ၍ ခေါ်ဆိုအများ ယခုထင်ရှားရှိပါသည်။

(၄) မုဆိုးကြီး မြားချ၍ ကျသောနေရာတွင် တည်ထားအပ်သော စေတီတော်ကို မြားကျစေတီတော်ဟု ယခု အသိအမှတ် ပြုကြပါသည်။

## အခန်း-၅၇

## မြတ်စွာဘုရား စန္ဒကူးကျောင်းတော်ကို အလှူခံကြွတော်မူခြင်း

သုနာပရန္တတိုင်း ကုလရာမရပ်၌ ကုန်သည်ငါးရာတို့ တန်ဆောင်းဝန်းကျောင်းတော်ကို ပြုပြင်စီရင်သည့်နေ့မှစ၍ မြတ်စွာဘုရားသည် ပစ္စန္တရစ်အရပ်ဖြစ်သော သုနာပရန္တတိုင်း၌ နောက်အခါ သာသနာတော် အနှစ်ငါးထောင် ကာလပတ်လုံး တည်၍ လူနတ် နိဗ္ဗာန်သုံးတန်သော ခရီးကို အပြီးတိုင် ဆိုက်ရောက်ကြရမည်ကို မြင်တော်မူသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ညချမ်း ညချမ်းသောအခါ၌ စန္ဒကူးတန်ဆောင်းဝန်း ကျောင်းတော်ဆောက်ရာသို့ ကြွတော်မူလာပြီးလျှင် ဖလသမာပတ် မြတ်သောချမ်းသာခြင်းဖြင့် သီတင်းသုံးနေတော်မူ၏။

ဤသို့မြတ်စွာဘုရားသခင်သည် နေလဥက္ကာပမာမျှ ဗျာမပ္ပဘာရောင်ခြည်ဖြာတို့ဖြင့် တင့်တယ်စွာ သီတင်းသုံးနေတော်မူသည်ကို တန်ဆောင်းဝန်းကျောင်းတော်၌ နေ့ညဓာင့်ရှောက် ဆောက်လုပ်သူတို့မြင်လျှင် ဤအရပ်၌ တန်ခိုးကြီးသော နတ်မင်းရှိ၏ဟု အမှတ်ပြုကြကုန်၏။

ဝါဏိဇ္ဇရွာသားငါးရာသော ကုန်သည်တို့သည်လည်း ဆိုအပ်ခဲ့သော နည်းအစဉ်ဖြင့် မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ စန္ဒကူး(ဂန္ဓာရုံ)ကျောင်းတော်ကြီးကိုလည်းကောင်း၊ သံဃာတော်မြတ်တို့ သီတင်းသုံးနေရာ တန်ဆောင်းပြသဒ် မဏ္ဍပ်စသည်တို့ကို



လည်းကောင်း၊ ဆွမ်းသက်န်းစသော လှူဒါန်းဖွယ်ရာ အာမိသဒါနဝတ္ထုတို့ကိုလည်းကောင်း ပြုပြင်စီရင်ပြီးလျှင် အရှင်မဟာပုဏ္ဏမထေရ်မြတ်ထံ ချဉ်းကပ်၍ အရှင်ဘုရား၊ တပည့်တော်တို့ ပြုဖွယ်ကိစ္စပြည့်စုံပြီးစီးပါပြီ။ မြတ်စွာဘုရားကြွတော်မူအောင် လျှောက်ထားပင့်ဆောင်တော်မူပါဟု လျှောက်ထားကြကုန်၏။

အရှင်မဟာပုဏ္ဏမထေရ်လည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် မြတ်စွာဘုရားအား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုးလျက် ဤသို့နားတော်လျှောက်၏။ 'ဘုန်းတော်ကြီးမြတ်တော်မူလှပါသော မြတ်စွာဘုရား၊ ဝါဏိဇ္ဇဂါမရွာသား ငါးရာသော ကုန်သည်သူကြွယ်တို့သည် အရှင်ဘုရားတို့၏ ခြေတော်မြတ်အစုံကို ကြည်ယုံရိုကျိုးရှိခိုးပူဇော် လိုသည်ဖြစ်ပါ၍ စန္ဒကူးနှစ်ဖြင့်ပြီးသော ဂန္ဓာရုံကျောင်းတော်ကို ဆောက်လုပ်ပြီးစီးရှိပါသည်။ ထိုကုန်သည်ရွာသား ငါးရာသော ဥပသကာ၊ ဥပါသိကာမတို့အား ဘုရားမြတ်စွာ သနားတော်မူပါသဖြင့် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာ ဂန္ဓာရုံကျောင်းသို့ ကြွတော်မူပါဘုရား'ဟု လျှောက်ထားပင့်ဆောင်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာဂတ်ခေတ် ကြွင်းရစ်များစွာသတ္တဝါဝေနေယျာကို ရာဟုလာရင်သွေးကဲ့သို့ တပြားမခြား ချစ်သနားတော်မူသောကြောင့် ကြွသွားတော်မူအံ့သော အကြောင်းနိမိတ် သည်းခံစိတ်ဖြင့် ဆိတ်ဆိတ်နေတော်မူသည်ကို အရှင်ပု မထေရ် ရိပ်စားမိ၍ သုနာပရန္တတိုင်းဝါဏိဇ္ဇဂါမသို့ ပြန်ကြွပြီး

ကုန်သည်ရွာသားလူအများအား နက်ဖြန်မိုးသောက် ရောက်လတ်သောအခါ မြတ်စွာဘုရားအရှင်ကို သင်တို့ဖူးမြင်လတ္တံ့ဟု မိန့်တော်မူသော ဂါမရွာသားသူကြွယ်များလည်း အားရဝမ်းသာ လှူဒါန်းပူဇော်ဖွယ်ရာတို့ကို ပြင်ဆင်မျှော်လင့်လျက် နေကြကုန်၏။

မြတ်စွာဘုရားလည်း အရှင်အာနန္ဒာကိုခေါ်တော်မူ၍ ချစ်သားအာနန္ဒာ၊ နက်ဖြန်ကာလ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ဘုရားဆွမ်းခံကြွတော်မူမည်။ တပါးယုတ်ငါးရာ (၄၉၉)ပါးသော ရဟန်းတို့အား စာရေးတံအပ်ဘိဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအမိန့်တော်ကို ဦးထိပ်ပန်ရွက်ပြီးလျှင် သံဃာအများရှိရာသွား၍ အရှင်ဘုရားတို့ နက်ဖြန်မြတ်စွာဘုရားသည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ဆွမ်းခံကြွတော်မူလိမ့်မည်။ လိုက်လိုသော ရဟန်းတို့သည် စားရေးတံ ကောက်ယူကြကုန်ဟု ဖိတ်ကြားလေ၏။

ထိုအခါ အရှင်ကုဏ္ဍဓာနမထေရ်သည် ရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန် စသော ငါးရာသောရဟန်းတို့၏ ရှေးဦးစွာ ကောက်ယူတော်မူသည်။ ဤသည်ကိုအကြောင်းပြု၍ စာရေးတံလက်ဦးသောအရာ၌ အရှင်ကုဏ္ဍဓာနမထေရ်အား ဧတဒဂ်အရာ ထားတော်မူသည်။

ထိုအခါ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော (သိကြားမင်း ထက်ဝယ်နေလျှင် ခါတိုင်အောင် နစ်သည်ဖြစ်၍) စင်စစ်နူးညံ့လှစွာ ကမ္ဗလာနီအဆင်းနှင့် တူသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာခြင်းသို့ ရောက်သည်



ဖြစ်၍ သိကြားမင်းကြည့်ရှုဆင်ခြင်ရာ မြတ်စွာဘုရား၏ အလိုတော်ကို သိသဖြင့် ဝိသကြုံနတ်သားအား ခေါ်ပြီးလျှင် အချင်းဝိသကြုံနတ်သား၊ နက်ဖြန် မြတ်စွာဘုရားသည် အခွန့်ယူဇနာ သုံးရာကွာသော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ဆွမ်းခံကြွတော်မူလိမ့်မည်။ ငါးရာသော ပြာသာဒ်ယာဉ်ပျံကို ဖန်ဆင်း၍ ခင်းကျင်းစီမံလေဟု ခိုင်းစေရာ ဝိသကြုံနတ်သားလည်း သိကြားမင်းဆိုတိုင်း မဆိုင်းမတွ အတုလဘဂဝါ သီတင်းသုံးရာ အမှတ်မုခ်လေးဘက်ရှိသော ပြာသာဒ်၊ အဂ္ဂသာဝက ၂-ပါး သီတင်းသုံးတော်မူရာ အမှတ်မုခ်နှစ်ဘက်ရှိသော ပြာသာဒ်၊ ကြွင်းကျန်သော သာဝကတို့ သီတင်းသုံးတော်မူရာ အမှတ် မုခ်တဘက်ရှိသော ပြာသာဒ်၊ အလုံးစုံသော ပြာသာဒ်ငါးရာတို့ကို ရှေ့နောက်အစဉ် ဖန်ဆင်း ဆင်ယင်၍ ဇေတဝန်ဝိဟာရ၏ ထွက်ဝင်ရာ မုခ်တံခါးတွင် ချထားပြီးကာ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

မြတ်စွာဘုရားလည်း နံနက်မိုးသောက် ရောက်လတ်သောအခါ သရဒပုဏ္ဏာမာတွင် ငါးဖြာအန္တရာယ်ရှင်းရှင်းပယ်လျက် ကြယ်တာရာ နက္ခတ်တို့ ဝိုင်းပတ်ခြံရံကာ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူး၍ ထွက်လာသော တန်ဆောင်မုန်းလပြည့်ဝန်းကြီးကဲ့သို့ ရတနာဂန္ဓကုဋီတိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာထေရ်ပျံ ဝဲယာရံရှိလျက် ဇေတဝန်ကျောင်းတော်မှ ဆင်းသက်တော်မူ၍ မုခ်လေးဘက်သော ပြာသာဒ်အတွင်း သီတင်းသုံးတော်မူ၏။ ထိုအခါ အဂ္ဂသာဝက ၂-ပါးတို့သည် မုခ်နှစ်ဘက်ရှိသော ပြာသာဒ်၌ ကြွင်းသောမဟာသာဝကတို့သည် မုခ်တစ်ဘက်ရှိသော ပြာသာဒ်တို့၌ ဤသို့အသီးသီး

တက်စီးတော်မူကြလျှင် နတ်ယာဉ်ပျံငါးရာတို့သည် ကောင်းကင်ခရီးဖြင့် တိုင်းကြီးသုနာပရန္တ ဝါဏိဇ္ဇဂါမသို့ ရှေ့ရှုကာ ပျံသွားလေကုန်၏ နောက်ဆုံးပြသာဒ်တစ်ဆူမှု ကားစီးသူမပါ အလွတ်သာလျှင် လိုက်ပါရလေသတည်း။

မြတ်စွာဘုရားသည် အစဉ်အားဖြင့် ကြွသွားတော်မူရာ သစ္စဗန္ဓတောင်သို့ ရောက်တော်မူလျှင် ပြသာဒ်ယာဉ်တို့ကို ကောင်းကင်၌ရပ်တန့်တော်မူ၍ သစ္စဗန္ဓတောင်ထိပ်သို့ ဆင်းသက်တော်မူပြီးလျှင် သစ္စဗန္ဓရသေ့အား တရားဟောတော်မူရာ အဘိညာဉ်သမာပတ်နှင့်တကွရဟန္တာအဖြစ်သို့ ရောက်သဖြင့် ဧဟိဘိက္ခုရဟန်းပြုတော်မူ၍ နောက်ဆုံးအလွတ်ပါသော ပြသာဒ်၌ တက်စီးစေလျက် အစဉ်အားဖြင့် ကြွတော်မူရာ သုနာပရန္တတိုင်းဝါဏိဇ္ဇဂါမသို့ ရောက်တော်မူလျှင် ပြသာဒ်ငါးရာတို့ကို လူတို့အား မမြင်ရအောင် တန်ခိုးဖြင့်ကွယ်စေ၍ ဝါဏိဇ္ဇဂါမရွာသို့ ဝင်တော်မူလေ၏။


ဤသို့ မြတ်စွာဘုရားသခင်သည် တပည့်သံဃာငါးရာနှင့်တကွ ဝါဏိဇ္ဇဂါမသို့ ဝင်တော်မူသည်ကို ကုန်သည်ရွာသားလူအများကို မြင်ကြသောအခါ ဝမ်းသာရွှင်လန်း ပီတိတွေလျှမ်း၍ ဆန်းပြားမဏ္ဍပ်စီရင်အပ်လျက် ကောင်းမြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးခြင်း၊ အထူးထူးသော လှူဒါန်းဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ သရဏဂုံနှင့် အင်္ဂါဥပေါသထသီလကို ခံယူတည်ဆောက်ခြင်းတို့ကိုပြုပြီး၍ ဂန္ဓာရုံကျောင်းတော်သို့ ပင့်ဆောင်ကြလေကုန်၏။



မြတ်စွာဘုရားသည်လည်း ဂန္ဓရုံကျောင်းတော်၌ ဖလသမာပတ်မြတ်သော ချမ်းသာခြင်းဖြင့် နေသန့်တော်မူ၏။ သံဃာတော်ငါးရာတို့သည်လည်း သင့်တင့်လျောက်ပတ်သော နေရာတွင် ဈာနသုခဖလသုခဖြင့် မွေ့တော်မူကြကုန်၏။ ဥပါသကာတို့လည်း မိမိတို့အိမ်သို့ ပြန်ကြပြီးလျှင် ထမင်းနံနက်စာစားပြီး၍ ညချမ်းအခါ ပန်းနံ့သာ လက်စွဲကုန်လျက် တရားတော်ကို နာအံ့သောငှာ ကျောင်းတော်သို့ လာကြကုန်၏။ မြတ်စွာဘုရားလည်း ဂန္ဓာရုံကျောင်းတော်၌ ၇-ရက်ပတ်လုံး သီတင်းသုံးနေတော်မူလျက် ရောက်လာကြကုန်သော ပရိသတ်တို့အား စရိုက်နှင့်လျော်စွာ ဒေသနာရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူသဖြင့် ရှစ်သောင်းလေးထောင်ခုနစ်လီသော ပရိသတ်တို့သည် အကျွတ်တရား ရကြကုန်၏။

မြတ်စွာဘုရားသည် ဝါဏိဇ္ဇဂါမဂန္ဓာရုံကျောင်းတော်၌ ၇ ရက်သီတင်းသုံးသည်ဟုဆိုသော်လည်း ဝါတွင်းဖြစ်၍ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်၌သာ အာရုံခံတော်မူ၏။

ထိုသို့ အထူးထူးသော အလှူဒါန ပူဇနိတို့ကို သူ့ထက်ငါ ပြုကြပြီးကာလ ဂန္ဓာရုံကျောင်းတော်ကို ရေစက်သွန်းချစေ၍ အလှူခံတော်မူသည်။







## အခန်း–၅၈
## နဂါးမင်းတောင်းပန်၍ ခြေတော်ရာ (အောက်စက်တော်ရာ) ချထားတော်မူခြင်း

ဤသို့ မြတ်စွာဘုရားသည် ဂန္ဓာရုံကျောင်းတော်၌ ၇–ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် အရှင်ပုဏ္ဏကို ခေါ်တော်မူ၍ ချစ်သားပုဏ္ဏ၊ သင်သည် ဤသုနာပရန္တ တိုင်းအရပ်၌ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား အလို့ငှာ နေရစ်တော့ဟု မိန့်တော်မူခဲ့၍ ပြာသာဒ်ငါးရာနှင့်တကွ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွရာ နမ္မဒါမြစ်နားသို့ ရောက်တော်မူလေ၏။

ထိုမြစ်အတွင်း သွားလာနေထိုင်ကျက်စားလျက်ရှိသော နမ္မဒါနဂါးမင်းသည် ဘုန်းခေါင်အတုလ မြတ်ဗုဒ္ဓအား ကြိုးလှအခေါင်ဟေမဝန်တောင်ကို နောက်ဆောင်တန္တ ုပမာပြုလျက် ယခု နာမည် မဟာဂမ္ဘီမြစ်နဒီအတွင်းတွင်ရှိသော နဂါးပြည်သို့ ပင့်ဆောင်လေရာ နဂါးများစွာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပါသည်။ နဂါးပြည်မှပြန်လည်ခဲ့ရာ နမ္မဒါမြစ်သို့ ရောက်တော်မူပြန်လျှင် နမ္မဒါနဂါးမင်းသည် ငါးပါးသောရှိခိုးခြင်းဖြင့် ရှိသေစွာရှိခိုးလျက် "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်အား သနားတော်မူပါသဖြင့် ကိုးကွယ်ဆည်းကပ်မပြတ် ပူဇော်ရာတစ်စုံတစ်ရာကို ကိုယ်တော်မြတ်ကိုယ်စား ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်လျှင် မြတ်စွာဘုရားသခင်သည် အဘိယာစက တောင်းပန်သူ နဂါးရာဇာနှင့်တကွ များလှသတ္တဝါဝေနေယျာတို့ သဒ္ဓါရိုကျိုး လက်စုံမိုးလျက်

မြတ်နိုးရတနာ ကိုးကွယ်ရာ ဖြစ်ပါစေဟု မဟာကရုဏာဉာဏ်ရည်သန်တော်မူသဖြင့် ဤဘဒ္ဒက ဝိဝဋ္ဋသင်္ချေယျ၊ ကမ္ဘာ့တန်ဆာ ဓမ္မတာဖြင့် စက္ကဝါမြင်းမိုရ် ယုဂန္ဓိုရ်သီဟာ၊ မဟာသမုဒ္ဒရာ ပတ်ချုပ်ရံဆီး၊ ကျွန်းကြီးကျွန်းငယ်၊ ငါးသွယ်မြစ်မ ပဥ္စသတာ ငါးရာမြစ်ငယ် ကောင်းကင်လယ်၌ ကြယ်စုံနေလဟူသမျှတို့သည် ဖဂ္ဂုနပုဏ္ဏမီ မိန်ရာသီတွင် မည်သူမပြု တစ်စုတစ်ဝေး မရှေးမနှောင်း တစ်ပေါင်းတစ်စည်းတည်း ပေါ်လာရသော ဥတုဇသမုဋ္ဌာန်တွင် အဝင်အပါ နမ္မဒါမည် လှဲ့လှဲ့ကြည်သည် နဒီကမ်းစကမ္ဘာ့ကျက်သရေ ရွှန်းရွှန်းဝေသော ဃနေသီလာ မြကျောက်ဖြအထက် သမ္မာတော်အလီလီ ပြည့်စုံညီသဖြင့် ချိန်မီခါဆော် ဘုန်းကြောင့်ပေါ်သည် နတ်ကျော်မာဃ တုမရသော တစ်ရာ့ရှစ်ကွက် ပြိုးပြက်သီးသန့် အကန့်တစ်ထောင် ပုံတောင်ပြတ်ကျော် စက်နှစ်ဘော်တို့တွင် ခြေတော်ဝဲမြတ် တံဆိပ်ခတ်၍ (ဒုတိယအကြိမ်) ချတော်မူလေသတည်း။

(ထိုခြေတော်ရာကို အောက်ခြေတော်ရာဟူ၍ လည်းကောင်း၊ အောက်စက်တော်ရာ ဟူ၍ လည်းကောင်း ခေါ်ဝေါ် ပြောဆိုကြည်ညိုပါသည်။)



## အခန်း–၅၉

## နဂါးတို့ပြည် တည်ရာဌာနကို ပြဆိုခြင်း

ဤနဂါးပြည်သို့ မြတ်စွာဘုရားကိုပင့်၍ ကြွတော်မူသည် ဆိုရာ နဂါးပြည်ကား ယမုနာမြစ်အနီး ဟိမဝန္တာတောင်ကြီးကို နောက်ဆောင်ကျောခိုင်းလျက်တည်ကြောင်းကို ဘူရိဒတ် ဇာတ်ပေါင်းခန်းပျို့တွင်–

"သန့်ကြည်ရေမြေ၊ ချမ်းအေးလှသား၊ ပြောဝကျယ်စွာ၊ ဃမုနာဟု၊ မဟာဂင်္ဂါ၊ နဒီမြစ်ခွင်၊ စီးဝင်လေပြီး၊ ထိုနှင့်နီးသား၊ တောကြီးအခေါင်၊ ဟောဝန်တောင်ကို၊ နောက်ဆောင်မှီခု၊ တကပ်ပြုလျက်၊ ရတုသာလွန်း၊ တထွေဆန်းသည်–"

စသည်ဖြင့်စပ်တော်မူ၍ ယမုနာမြစ်၏အနီး ဟိမဝန္တာတောင်ကြီးကို နောက်ဆောင် တကဲပြု၍တည်ကြောင်း သိရ၏။

ဤကားဣန္ဒြီအစိန္တေယျ ဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို တန်ခိုးရှိသော နမ္မဒါ နဂါးမင်းသည် ပင့်သွားသည်ဖြစ်၍ အဘယ်လမ်းက ကြွတော်မူသည်ဟု အထူးအထွေကြံစည်မှု မပြုအပ်ချေ။

## အခန်း–၆၀

## မန်းမြစ်၏ အံ့ဖွယ်ကိုးဖြာ

ခြေတော်ရာချတော်မူသည်၏အနီး 'မန်းချောင်း'ကြီးကို ရမ္မဒါမြစ်၊ နမန္တာမြစ်၊ နမ္မဒါမြစ်ဟူ၍ သမိုင်းတို့၌ သုံးမျိုးစကားကွဲပြား၍ ဆိုကြသည်မှာ ကာလ၊ ဒေသ စသည်အားလျော်စွာ သညာအနုတ္တဝေါဟာရမျှသာဖြစ်သောကြောင့် မည်သည်ကိုကား အမှားဟူ၍ မပယ်နိုင်ပါ။

ထို့ကြောင့် အဘိဓာန်ဋီကာ၏ အလိုကို မြန်မာပြန်ဆိုလျှင် အောက်ပါအတိုင်း ဖြစ်တော့သည်။

### နမ္မဒါမြစ်၏ အံ့ကိုးပါး

(၁) ရှီးမတောင်ကြီး၏ ခြေရင်းကျောက်တွင်းကျောက်အိုးကြီးတို့မှ ထွက်စီးကျဆင်းခြင်း။

(၂) ခုနစ်ဆယ့်ရှစ် ခွေရစ်ပတ်ခြံ တောင်ရံအပေါင်းတို့ကို လည်လျက် ဧရာဝတီမြစ်အရောက် အကောက်အတွန့် နဂါး လွန့်သကဲ့သို့ စီးဆင်းခြင်း။

(၃) ထိုမြစ်အတွင်း ပယင်းပတ္တမြားမြသားလိုလို အညိုအဝါ အပြာမှိန်မှိန် ဝရဇိန်ရောင် ဝင်းဝင်းပြောင်သော ကျောက်ဆောင် ကျောက်လုံးတို့ရှိခြင်း။

(၄) ဘော်ကျူသာစွာ ပမာယိုးမှား၊ ငွေပြားအသွင်သဲသောင်ပြင်တို့ရှိခြင်း။



(၅) ရေ၏အတွင်း၊ ငါးကြင်း ငါးတန်၊ စုန်ဆန်ပျော်ပါး၊ ရွှေသားငွေရောင်၊ ရှစ်စထောင်ယပ်မြီး၊ အကြီးအငယ်၊ အသွယ်သွယ်သော ငါးမျိုးတို့ရှိခြင်း။

(၆) မြစ်ကမ်းတစ်လျှောက်၊ စီစဉ်ပေါက်သည့်၊ ပိတောက်တစ်သင်း၊ အင်ကြင်းဖြူနီ၊ သရဖီရင်ကတ်၊ ဇလတ်ခရား၊ သနပ်ခါးနှင့်၊ စကားကံ့ကော်၊ သော်ကဝတ်မှုန်၊ ပန်းမျိုးစုံတို့သည်၊ ရိုးတံယှဉ်ပြိုင်၊ ပွင့်ချင်းဆိုင်လျက်၊ ဂနိုင်တောလုံး၊ ပျားပိတုန်းတို့၏ စုရုံးပျော်ရွှင်ရာဖြစ်ခြင်း။

(၇) မြစ်တွင်းဇင်ယော်၊ ကြွေးကြော်ယှဉ်တွဲ၊ ဝမ်းဘဲဟင်္သာ၊ ကြိုးကြာဥဒေါင်း၊ ငှက်အပေါင်းတို့သည်၊ ငွေသဲသောင်ပြင်၊ ရေသဘင်ရှုံ၊ ညီလာခံ၍၊ စံရာဖြစ်ခြင်း။

(၈) ဆင်ပြောင်ကြီးတို့နှင့်တကွ မိဂဇာတ်ပါ၊ ဝါဠဝဠ၊ သာခဇာ၊ သားလေးမည်တို့၊ ရေကြည်ချိုးသုံး စုရုံးရွှင်ပျော်ရာ ဖြစ်ခြင်း။

(၉) ခြေတော်ရာတည်၊ တောင်မြတ်ဆီကို၊ သုံးလီသုံးကြိမ်၊ ရှိဦးနှိမ်သို့၊ ကြိမ်ကြိမ်စီးသွား၊ လွန်ထူးခြားခြင်း။

ထို့ကြောင့် ပတ္တမြားငွေရည် ထိုနံဒီ ရမ္မံ သုခံ ဒဒါတိတိ ရမ္မဒါ–ဟု ဋီကာရှင်ဆိုတော်မူပါသည်။





## အခန်း–၆၁

### သစ္စဗန္ဓ ရဟန္တာတောင်းပန်၍ ခြေတော်ရာ(အထက်စက်တော်ရာ)ချထားတော်မူခြင်း

အစိန္တေယျသုံးလောကထွတ်ထားမြတ်ဘုရားသည် နဂါးမင်း တောင်းပန်ချက်အရ မြစ်နဒီကမ်းစတွင် ခြေတော်ရာချထားပြီးကာ နမ္မဒါမြစ် ခွေရစ်ပတ်ဝိုက်သုံးကြိမ်ခိုက်လျက် ဦးတိုက်ကော်ရော် ပူဇော်သောဟန် သစ္စဗန်ဟု မိုးယံသီခေါင် မြင့်သည့်တောင်သို့ ဘုန်းခေါင်ဖိနော် သုံးလူ့ဘော်သည် သားတော်ထေရ်ပျံ ဝဲယာရံလျက် တစ်ဖန်တက်ကြွတော်မူပြီးလျှင် သစ္စန္ဓေ ရသေ့အား ဤသို့ မိန့်ကြားတော်မူ၏။

ချစ်သားသစ္စဗန္ဓ၊ ရှေးရှေးအခါ ဤနေရာတွင် သင်သာ နည်းပြ လွဲမှမ္မကြောင့် သင်ပြသည့်အတိုင်း ဝါဒစိုင်းကာ သတ္တဝါတို့ မိစ္ဆာပေါယယ် နည်းမှန်ကွယ်၍ အပါယ်လေးပါး တံခါးအသင့် ဖွင့်မိချေပြီ။ သို့တွက်သည်ကြောင့် အရှည်ပေါကြား တရားမဟုတ် မိစ္ဆာဒိဋ္ဌိကို သင်နုတ်ယူကာ သတ္တဝါအား နတ်ရွာနိဗ္ဗာန်သုံးတန် ချမ်းသာ လမ်းမဟာကို ကောင်းစွာပြလှစ် သင်နေရစ်ဟု မိန့်တော်မူသတည်း။

ဤသို့ ဘုရားရှင်မိန့်သောအခါ သစ္စဗန္ဓ ရဟန္တာသည် သမ္မာသမ္ဗုဒ္ဓအနုတ္တရဟု ဥက္ကဋ္ဌသနင်း တရားမင်းအား ဝပ်စင်းကော်ရော် ရှိပူဇော်၍ နားတော်လျှောက်သည်မှာ–

ဘုန်းတော်ခြောက်ပါးရှင်သခင်ဘုရား ကြွသွားတော်မူရဲ့
လိုက်ပါတော့မည် စိတ်ကရည်လည်း သည်နေရာ သည်ဌာန

နေရစ်ရမည်ရမည် မိန့်တော်ချည်ငြား တပည့်တော်အား သနား
တော်မူပါသဖြင့် နေ့ညမပြတ် ဆည်းကပ်ကိုးကွယ်ရာတစ်ဆူ
တစ်ရာရိုက်ရာတော်စား သနားတော်မူပါဘုရား-

ဟု လျှောက်ထားတောင်းပန်လေ၏။

မြတ်စွာဘုရားသည် သစ္စဗန္ဓထေရ်တောင်းပန်သမှုအကြောင်း ပြု၍ မကုဋမည်ခေါ် သစ္စဗန္ဓတောင်တော် မြကျောက်ပေါ်၌ ခြေတော် ဝဲဘက်တံဆိပ်တော်နက်ပြီးလျှင် ထေရ်ကြီးအရဟံ သစ္စဗန် အား ပူဇော်ရန် ကိုယ်ကော်စားကို သနားတော်မူခဲ့၍ ယာဉ်ပျံ ငါးရာနှင့်တကွ အာကာသခရီးဖြင့် ကျောင်းကြီးသလွန် ဇေတဝန် ဝိဟာရသို့ပြန်ကြွတော်မူလေသတည်း။

**မှတ်ချက်။** ။မြတ်စွာဘုရားသခင် ဒုတိယအကြိမ် ချထားတော်မူခဲ့သော(အထက်စက်တော်ရာ)တောင်ကို မကုလတောင်၊ မျက်စဉ်းတောင်၊ သစ္စဗန္ဓတောင် ဟု အမည် သုံးမျိုးခေါ်တွင်ပါကြောင်း။

* * *



## အခန်း–၆၂

## ပုဏ္ဏပွတိုင်းမြို့လယ်ကိုင်းဟူသည်ကိုရှင်းပြခြင်း

ယခု ခေါ်ဝေါ်ကြသော လယ်ကိုင်းမြို့ကို ပုဏ္ဏပွတိုင်း ကောသမ္ဗီပြည် ဟူ၍ သမိုင်းစာတမ်းတို့၌ နှစ်မျိုးကွဲပြားရေးသားလျက် ရှိကြပါသည်။

အမှန်စင့်စစ် ပုဏ္ဏတိုင်း ကောသမ္ဗီပြည်သည် အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသ တိုင်းကြီး ၁၆–တိုင်း အပါအဝင်ဖြစ်ကြောင်းကို သင်္ဂါယနာသုံးတန်တွင် ထိုထိုပါဠိအဋ္ဌကထာကျမ်းကြီးကျမ်းခိုင်တို့၌ များစွာပါရှိသည်။ ပစ္စန္တရစ်အရပ်၌ ပုဏ္ဏပွတိုင်း ကောသမ္ဗီရှိကြောင်းကို တစ်ခုသောကျမ်းဂန်တို့၌ မပါရှိပါ။

ယင်းသို့ ကျမ်းဂန်မလာရှိဘဲနှင့် ပုဏ္ဏတိုင်း ကောသမ္ဗီပြည်ဟု အစဉ်စကားဖြစ်ပွားလာရသည်မှာ ရှေးအခါ ပုဏ္ဏပွတိုင်း ကောသမ္ဗီပြည်မှ ကူးပြောင်းရောက်လာ နေထိုင်သူတို့သည် လယ်ကိုင်းမြို့ အရပ်ကို ကောသမ္ဗီပြည်နှင့် မြေပြင်နေထား မြစ်ချောင်းများမှအစ လုံးဝသဏ္ဌာန်တူနေသည်ကိုပင် အစွဲပြု၍ ဤအရပ်ကို ပုဏ္ဏပွတိုင်း ကောသမ္ဗီပြည်ဟူ၍လည်းကောင်း၊ မုန်းမြစ်ကို ယမုံမြစ်ဟူ၍ လည်းကောင်း၊ စန္ဒကူးကျောင်းတော်စစ်နေရာ ထင်ရှားရှိသည်နှင့် ပစ္စည်းကြွယ်ဝသူတို့ကို ဂေါသိတသဋ္ဌေး၊ ကုက္ကုဋသဋ္ဌေး၊ ပါဝါ သဋ္ဌေးတို့အမည်ကိုပေးပြီးလျှင် ကျောင်းဆောက်စေ၏။ ထိုကျောင်းများလည်း ဂေါသိတာရုံကျောင်းတော်၊ ကုက္ကုဋာရုံကျောင်းတော်၊ ပါဝါရုံ ကျောင်းတော်ဟု ကောသမ္ဗီပြည်မှာကဲ့သို့ ဖြစ်အောင်

တင်စား သမုတ်ထားပါကြောင်း။ နောက် ၎င်း ကျောင်းရာတို့၌ တည်သော စေတီတော်ကိုလည်း မြုပ်စဖိုစေတီတော်၊ ရွှေပန်းမြိုင်စေတီတော်၊ ရှာခိုင်ဘုရားကြီးစေတီတော်ဟု ယခုတိုင်တွင်ကြောင်း ရှေးသူဟောင်းတို့ ပြောဆိုကြသည့်စကားကို သမိုင်းစာများ၌ ထည့်သွင်း ရေးသားကြဟန်တူပါသည်။

စင်စစ်မှာပစ္စန္တရရစ်အရပ် ဧရာဝတီမြစ်၏ အနောက်ဘက်ရိုးမတောင်တန်း၏အရှေ့လယ်ကိုင်းမြို့နှင့်တကွ စကု၊ စလင်း၊ ကျပင်း စသော မြို့ကြီးများ၏တည်ရာစည်မျက်နှာကဲ့သို့ သာယာညီညွတ်သောမြေအရပ်ကို–

(က) ကကုသန်မြတ်စွာဘုရားလက်ထက်တော်၌ **အပွဟတ္ထတိုင်း**ဟု တွင်ပါသည်။

(ခ) ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ **ဟတ္ထလုဂ်တိုင်း**ဟုတွင်ပါသည်။

(ဂ) ကဿပမြတ်စွာဘုရား လက်ထက်တော်၌ **သုမင်္ဂလတိုင်း**ဟု တွင်ပါသည်။

(ဃ) ငါတို့မြတ်စွာဘုရား ရွှေလက်ထက်တော်၌ **သုနာပရန္တတိုင်း**ဟု ခေါ်တွင်ကြောင်းကို ကျမ်းကြီး ကျမ်းခိုင်တို့၌လာရှိပါသည်။

တနည်း။ ။ကမ္ဘာဦးမဟာသမ္မတမင်းမှစ၍ ခြောက်ဆယ်မြောက်သော ပန္နတ်စကြာမင်းသည် နတ်ပြည်သို့ တက်လေပြီးနောက် သားကြီးရတနာကို ပြန်လည်စေရာအပြန်တွင် ခြောက်ကျွန်းသားတို့အား ချထားရာ အရပ်ကို ဂုရုတိုင်း၊ အရှေ့ကျွန်းသားတို့အားချထားရာအရပ်ကို ဝိဒေဟတိုင်း၊ အနောက်ကျွန်းသားတို့အားချထားရာအရပ်ကို အပရန္တတိုင်းဟု အင်္ဂုတ္တရအဋ္ဌကထာတို့၌ ဆို၏။ သုနာ–သဒ္ဒါမှာသားကိုဟော၍ ကျွန်း၏သဒ္ဒါသက်သက်ဖြင့် ယူလျှင် အပရန္တတိုင်းဟုလည်း ယူရန်သင့်မြတ်သဖြင့် ဤသုနာပရန္တဟူသောအမည်နှင့် အပရန္တတိုင်းဟူသော အမည်နှစ်ပါးစလုံးပင် သင့်မြတ်သည်ဟု ထင်ပါသည်။



ယောနကတိုင်းဟူသည်ကား မြတ်စွာဘုရားခြေတော်ရာ ၂–ဆူ ချရာ နမ္မဒါမြစ်ကမ်း ထိုစခန်းကို ယောနကဗွေဗွေးဟူ၍ ကျမ်းဂန်၌လာသောကြောင့် သုနာပရန္တတိုင်း၏ အနောက်အရပ် အထပ်ထပ်သောတောင်ငယ်တောင်ကြီးတို့ဖြင့် ပိတ်ဆီးကာရံသောဒေသကို ယောနကတိုင်းဟူ၍ မှတ်အပ်၏။

ထိုမှတစ်ပါး တတိယသံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာတွင် အရှင်မဟာရက္ခိတ မထေရ် ယောနကတိုင်းသို့ ကြွတော်မူကြောင်းနှင့် အဋ္ဌကထာဆရာဆိုသော အရှင်နာဂသိန် မိလိန္ဒမင်းတို့၏နေရာ၊ သံလွင်မြစ်၏အနီး ယခု ရှမ်းယွန်းတို့၏နေရာအရပ်သည်လည်း ယောနကတိုင်းပင် မည်၏။ ထို ၂–ရပ်လုံးပင် ကျမ်းဂန်လာသည်ချည်းဖြစ်၍ ယုံမှားမရှိအပ်၊ စိန့်တိုင်းငါးရပ်ရှိသကဲ့သို့ မှတ်အပ်၏။

* * *

## အခန်း–၆၃

## မန်းစက်တော်ရာ၂–ဆူချတော်မူသောအချိန်အခါကို ဝါတော်နှင့် ဆုံးဖြတ်ခြင်း

မြန်မာတို့၌ာန ယောနကတိုင်းခြေတော်ရာ ၂–ဆူကို ချတော်မူသော ခုနှစ်သက္ကရာဇ် ဝါတော်တို့ကို ကျမ်းဂန်မဆိုသောကြောင့် အချို့သမိုင်းစာတမ်း စသည်တို့၌–

(၁) ဘုရားဖြစ်တော်မူသည်မှ ၉–ဝါမြောက် သက္ကရာဇ် ၁၀၂–ခု တွင် ချတော်မူ၏ ဟူ၍လည်းကောင်း၊

(၂) ဝါတော် ၂၀–မြောက် သက္ကရာဇ် ၁၂၃–ခုနှစ်တွင် ချတော်မူ၏ ဟူ၍လည်းကောင်း၊

(၃) ရတနာပူရစတုတ္ထမြို့တည် မင်းတရားကြီး လက်ထက် ဆောမြို့စား အတွင်းဝန်မင်းကြီး မဟာနန္ဒသင်္ကြံအမိန့်တော်နှင့် တောင်းပန်၍ မောင်းထောင်မင်းတိုင်ပင် ပညာရှိ အမတ် မဟာဓမ္မသင်္ကြံ ရေးသားသော သာသနာ့ဝံသ စာတမ်း၊ ပုဏ္ဏောဝါဒဝတ္ထုစသည်တို့၌ကား ဝါတော် ၂၀–ကျော်လွန်မှ ချတော်မူ၏ ဟူ၍လည်းကောင်းဆိုသည်။

ထိုစကားသုံးရပ်တွင် ဝါ ၂၀–ကျော်ဟူသော စကားသည် မှန်ကန်သော စကားဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်–

အရှင်ပုဏ္ဏအတ္ထုပ္ပတ္တိ၌ ၇–ရပ်သော အမေးတော်ကို ဖြေလျှောက်ရာ နောက်ဆုံးအကြိမ်မြောက်အဖြေ၌အကြင်ဘုရားသားတော်သည်ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း၊ စက်ဆုတ်



ငြီးငွေ့ခြင်း ရှိသည်ဖြစ်၍ အသက်ကိုဆောင်တတ်သော ဓား လက်နက်တို့ကိုရှာပြီးလျှင် သူတပါးတို့အား ပရိက္ခရာပဏ္ဏာပေး၍ ဇီဝိတိန္ဒြေကိုချစေရသေး၏။ ငါ့မှာမူကား အသက်ကိုဆောင်တတ်သော ဓား လက်နက်ကိုလည်းမရှာရ၊ ပရိက္ခရာပဏ္ဏာလည်းမပေးရပေ။ သက်သက်ဇီဝိတိန္ဒြေကို ချလာပေသည်။ ဤသုနာပရန္တတိုင်းသားတို့သည်ကား လွန်စွာ ကောင်းပေစွဟု စိတ်အကြံကို ဖြစ်စေပါမည်–ဟု မြတ်စွာဘုရားအား အရှင်ပုဏ္ဏမထေရ်၏ လျှောက်ထားမှုသည် အကြောင်းဝတ္ထု သက်သေကင်းလျက် လျှောက်ထားဖြေဆိုခြင်း မဟုတ်၊ ဝဂ္ဂမုဒါအရပ်၌နေကုန်သော ရဟန်းတို့သည် မိမိတို့ကိုယ်၌ အသုဘသညာသက်၍ အသက်ကိုဆောင်တတ်သော ဓားလက်နက်ကိုရှာယူပြီးလျှင် ရှင်ယောင်ကြီးအား ပရိက္ခရာပဏ္ဏာပေး၍ ဇီဝိတိန္ဒြေချစေသည်ဟူသော အကြောင်းဝတ္ထုကိုသာကေပြု၍ လျှောက်ထားပြောဆိုခြင်းဖြစ်ကြောင်းနှင့် အဋ္ဌကထာတွင် ဆို၏။

ထိုရဟန်းတို့၏ အတ္ထုပ္ပတ္တိသည်လည်း တတိယပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူရာ၌လာရှိသည်။

ထိုတတိယ ပါရာဇိကသိက္ခာပုဒ်ကိုလည်း မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ဝါတော် ၂၀–ကျော်လွန်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ပညတ်တော်မူကြောင်းနှင့် ပါရာဇိကဏ်အဋ္ဌကထာတွင် လာသည်ဖြစ်၍ အရှင်မဟာပုဏ္ဏမထေရ်၏ ရဟန်းဖြစ်ခြင်းသည် မြတ်စွာဘုရား ဝါတော်

၂၀ ကျော် တတိယပါရာဇိက သိက္ခာပုဒ်ကိုပညတ်တော်မူပြီးနောက်မှ ရဟန်းဖြစ်ကြောင်းကို သိရာ၏။ ထိုသို့ ရဟန်းဖြစ်ပြီးနောက် ဝါဏိဇ္ဇဂါမသို့ပြန်၍ ဝါကပ်သဖြင့် ထိုဝါတွင်းတွင်ပင် စန္ဒကူးကျောင်းတော်သို့ မြတ်စွာဘုရားကိုပင့်ရာ မြတ်စွာဘုရားကြွတော်မူ၍ ခုနစ်ရက်သီတင်းသုံးတော်မူပြီးလျှင် ထိုမှသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့အပြန် နမ္မဒါမြစ်သို့အရောက်တွင် နဂါးမင်း တောင်းပန်၍ ခြေတော်ရာချကြောင်းကို ထိုထိုကျမ်းဂန်စသည်တို့၌ လာရှိခြင်းကြောင့် ဝါတော် ၂၀–ကျော်တွင် ချတော်မူသည်ဆိုသော စကားကိုသာ မှတ်အပ်၏။

တဖန် တုံမြတ်စွာဘုရားသခင်သည် အရှင်သစ္စဗန္ဓအား ဧဟိဘိက္ခု ရဟန်းဖြစ်ကြောင်းဆို၍ ထိုဧဟိဘိက္ခု ရဟန်းပြုခြင်းသည် ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ကဌမဗောဓိ၌ ဝါတော် ၂၀ ဧဟိဘိက္ခု ရှိကြောင်းကိုဆိုသော သမန္တပါသာဒိက အဋ္ဌကထာစကားတို့နှင့် အဘယ်သို့ သင်အံ့နည်းဟူငြားအံ့၊ သင့်၏ဟု ယူဆရမည်။

အဘယ်ကြောင့်ဆိုသော် အဋ္ဌကထာဆံရာစကားတော်သည် ထိုဗောဓိ၌ အခြားသောရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူမီ ရှေးဦးစွာ ပဥ္စဝဂ္ဂီအမှူးရှိသော အရှင်မြတ်တို့အား ခွင့်ပြုတော်မူသောကြောင့် ဆိုကြောင်းကို သာရတ္ထဒီပနီဋီကာ၌ဖွင့်၏။ သရဏဂုံဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပြီးနောက် အရှင်ရာဓကို ရဟန်းပြုမည်ရှိသည်တွင် အရှင်သာရိပုတ္တရာ လျှောက်ထားတောင်းပန်၍ သရဏဂုံရဟန်းအဖြစ်ကိုမြစ်ပယ်တော်မူပြီးလျှင် ဉတ္တိစတုတ္ထကံဖြင့် ရဟန်းကို ခွင့်ပြုတော်မူသည်။



ဤ၌ သရဏဂုံရဟန်းအဖြစ်ကို မြစ်ပယ်သကဲ့သို့ ဧဟိဘိက္ခုရဟန်းအဖြစ်ကို မြစ်ပယ်တော်မမူခြင်း။

စင်စစ်မူကား ရှေးရှေးသော ဘုရားတို့ သာသနာတော်၌ သပိတ်သင်္ကန်း လှူဒါန်းဖူးခြင်း၊ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ပတ္ထနာခြင်း၊ ပစ္ဆိမဘဝိကဖြစ်ခြင်းအကြောင်းထူးတို့နှင့် ပြည့်စုံလျှင် ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခွင့်ပြုတော်မူသည်သာတည်း။

ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းပြည့်စုံညီညွတ်သော ပုဂ္ဂိုလ်နှင့် ကြိမ်မူမရှိမဗောဓိစသည်၌ဖြစ်သော်လည်း ချီးမြှောက်တော်မူသည် ဟုလာသောကြောင့်–

မြတ်စွာဘုရားသည် ဝါတော် ၂၀ ကျော်တွင်သာ ဖော်ပြပါ ခြေတော်ရာ ၂–ဆူ (မန်းစက်တော်ရာ ၂–ဆူ)ကို ချတော်မူကြောင်း ကောင်းစွာ မှတ်သားသင့်ပါသည်။

* * *

## စတုတ္ထပိုင်း

ပါဒစေတီတော်မြတ်အား ကြည်ညိုမှုပြုရန်
တိုက်တွန်းသောအပိုင်း

### အခန်း–၆၄

ရတနာသုံးပါး၌ ပူဇော်ရခြင်းအကျိုးကို
ပြဆိုခြင်း

ဘုရား၊ တရား၊ သံဃာ စသော ရတနာမြတ်သုံးပါးတို့၌ လှူဒါန်းပူဇော်ရသော ကောင်းမှု၏အကျိုးကို ဤနတ်နှင့်တကွသော လူတို့၌ တစ်စုံတစ်ယောက်သောသူမျှလည်း ဤရွေ့ ဤမျှဟု ဂဏန်းချ၍ ရေတွက်ခြင်းငှာ မတတ်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် အကြင်သူသည် ကျွန်းကြီးလေးကျွန်းလုံးကို အစိုးရသော မင်းအဖြစ်သို့ ရောက်၏။ ထိုလေးကျွန်းသနင်းမင်းအဖြစ်ကို ပြုရခြင်းသည် ရတနာသုံးပါးတို့အား တစ်ကြိမ်တစ်ခါ ပူဇော်ရခြင်း၏ အကျိုးကို (၂၅၆) နှစ်ရာငါးဆယ်ခြောက်စိတ် စိတ်လျှင် တစ်စိတ်သောအကျိုးကိုမျှ မမီနိုင်ဟုလည်းကောင်း။



ဤသို့ ရတနာသုံးပါးအား ဖူးမြော်ပူဇော်မည်ဟု ရည်ရော်သွားလာဆဲသော သူ၏ ဖဝါးတစ်လှမ်းတစ်လှမ်း၌ ဖြစ်သော ကုသိုလ်စေတနာတို့၏ အကျိုးသည်ပင် နှိုင်းအင်မမျှ ကြီးမားလှသည်ဟူ၍ လည်းကောင်း၊

စေတီတော်ကိုပူဇော်မည်ဟု လှည့်လည်သွားလာစဉ် စေတီတော်သို့ မရောက်ခင် လမ်းခရီး၌ပင် တစ်စုံတစ်ရာ ကံကြမ္မာကြောင့် ရောဂါငြိတွယ်ခန္ဓာကွယ်လည်းအပါယ်လေးပါးသို့ မလားမငြိ သုဂတိဘုံ၌သာ စံတော်မူသည်ဟူ၍ လည်းကောင်း၊ အင်္ဂုတ္တရ ခန္ဓကစသော ပါဠိတော်နှင့် မဟာပရိနိဗ္ဗာန်သုတ် ပါဠိတော်တို့တွင် ဘုရားရှင်ဟောကြားတော်မူခဲ့လေသည်။

* * *

### အခန်း–၆၅

ခြေတော်ရာ ပူဇော်ရခြင်း၏အကျိုးကိုပြဆိုသော
သတ္တကောရဏ္ဍပုမ္မတာမထေရ်ဝတ္ထု

ရှေးဘုရားတို့ချထားတော်မူသော ပါဒစေတီတော်(ခြေတော်ရာ)မြတ်ကို ပူဇော်ဖူးမြော်ရသော အကျိုးအာနိသင်ကြောင့် လူ့ထံ နတ်ရပ်စည်းစိမ်မြတ်ကို ကြိမ်ဖန်များစွာ ခံစားပြီးမှ ဂေါတမဘုရားလက်ထက်တော်၌ နိဗ္ဗာန်စံ ဝင်တော်မူရသော မထေရ်၏ ဝတ္ထုကို ပုံသက်သေပြု၍ ရေးသားပါဦးအံ့။

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် (၉၂)ကမ္ဘာထက်၌ သတ္တကောရဏ္ဍာပုပ္ပိတ မထေရ်အလောင်းသည် ဂိဘာနုမင်၊ ကွယ်လွန်သွားသော် ဆိတ်၊ ဝက်၊ ကျွဲ၊ နွား၊ သမင်၊ ဒရယ်၊ ချေ[illegible]်၊ ယုန် ဆတ် စသော သတ္တဝါတို့၏ အသက်ကို ရက်စက်ကြမ်းကြုတ်ထိုးခုတ်သတ်ဖြတ် အသက်မွေးအပ်သော သူဖြစ်ရကား တစ်စုံတစ်ရာ ကုသိုလ် ဟူ၍ မရှိချေ။

ထိုအချိန်၌ တိဿအမည်ရှိသော မြတ်စွာဘုရားသည် သတ္တဝါအများအား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူစဉ် ကာလခါသမယနှင့် ကြုံကြိုက်တော်မူ၍ တိဿမြတ်စွာဘုရားသည် ထိုဆင်းရဲနွမ်းပါး အမျိုးသားကို သနားညှာတာကြင်နာတော်မူလှသဖြင့် ထိုအမျိုးသားမြင်၍ ဖူးမြော်နိုင်လောက်သော အနီးအရပ်ဒေသ၌ တစ်ရာ့ရှစ်ကွက်ရှိသော စက်လက္ခဏာတို့နှင့် ပြည့်စုံတော်မူသည့် ခြေတော်ရာသုံးဆူကို ပြတော်မူ၏။

ဆင်းရဲနွမ်းပါး အမျိုးသားလည်း တိဿမြတ်စွာဘုရား ချထားတော်မူသော ခြေတော်ရာသုံးဆူကိုမြင်လျှင် ကြည်လင် ရွှင်လန်းဝမ်းမြောက်သော စိတ်အလိုဖြင့် ရိုသေလှစွာ ရှိခိုးပူဇော်ဖူးမြော်လေ၏။ ထိုမှနောက် အနီးတွင်ပေါက်လျက်ရှိသော လှပတင့်တယ်စွာ ဖူးတံညှာနှင့်တကွပွင့်နေသည့် လိပ်ဆူးရွှေပန်းကိုမြင်၍ ဆွတ်ပြီးလျှင် ခြေတော်ရာကို ပူဇော်ခြင်းအမှုပြု၏။

ထိုသို့ တောလုပ်သမား အမျိုးသားမှာ အခြားကုသိုလ်မရှိ၊ ခြေတော်ရာကို လိပ်ဆူးရွှေပန်းဖြင့် ပူဇော်မိသော ကုသိုလ်ကြောင့် ဤဘဝမှလွန်ရသော် တာဝတိံသာ နတ်ပြည်၌ဖြစ်ရ၏။ လူတို့၏ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်းသုံးကုဋေ ခြောက်သန်းတို့ကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကိုခံစံပြီးမှ လူ့ပြည်၌ တစ်ဖန် ဖြစ်ရပြန်၏။



ဤသို့ ကြိမ်ဖန်များစွာ လူ့ရွာနတ်ထံ စုန်ဆန်ကျင်လည်တိုင်းသောဘဝတို့၌လည်း သူတစ်ထူးနှင့်မတူသော စည်းစိမ် ဘောဂတို့နှင့် ပြည့်စုံခြင်းနှာရကာရွှေလား ကြွားကြွားတစေ လိပ်ဆူးရွှေသို့ ဖိတ်စေရောင်ဝင်း ကိုယ်အဆင်းနှင့်ပြည့်စုံသည်သာ ဖြစ်ရ၏။ ထိုကဲ့သို့သော အကျိုးကိုဖွံ့ဖြိုးစွာ ခံစံ၍ လေးအသပ်ဆင်တွယ် မကပ်ငါတို့ မြတ်စွာဘုရားလက်ထက်တော် အခါမှာ ကီလေသာ စက်သုံးထောင်ဝက်ကို မယ်ဖျက်ခုတ်ထွင်ကာ သုံးပါးသော ဝိဇ္ဇာနှင့် ဘက္ခ ပဋိသမ္ဘိဒါပတ္တ ဆဠဘည ရဟန္တာဖြစ်၍ သတ္တကောရဏ္ဍာပုပ္ပိတမထေရ်ဟု ထင်ရှားလေပြီ နိဗ္ဗာန်ခရီးသို့ အပြီးတိုင်မျက်မှောက်ပြုရသော အကျိုးကိုပေးလေသည်ဟု အပဒါကျမ်း၌ ပြတော်မူပါသည်။ ။

* * *

## အခန်း-၆၆

## ခြေတော်ရာပူဇော်ရခြင်း၏ အကျိုးကိုပြဆိုသော ကောရဏ္ဍာပုပ္ပိတ မထေရ်ဝတ္ထု

ဤဘဒ္ဒကမ္ဘာမှ ပြန်လှန်ရေတွက်သည်ရှိသော် လွန်ခဲ့သော ၁၉-ကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသော

ကာလ၌ ကောရဏ္ဍပုပ္ဖိတမထေရ် အလောင်းတော်သည် ထိုဝိပဿီမြတ်စွာဘုရား၏ ချထားတော်မူအပ်သော ပါဒစေတီခြေတော်ရာကို ပွင့်ဖူးညှာတံတို့နှင့်တကွ ပြည့်စုံသော လိပ်ဆူးရှေပန်းဖြင့် လှူဒါန်းပူဇော်၏။

ထိုဘဝမှစ၍ လေးဝအပါယ်ငြိတွယ်မကပ် လူနတ် ကြိမ်ဖန်စံစားပြီးသော် ငါးဆယ်ခုနစ် ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော ကြီးသော ကိုယ်အား ဗိုလ်ပါအားတို့ရှိသည့် ဝိတဖလ စကြာမင်းဖြစ်ရလေသည်။

ထိုမှနောက် ဂေါတမဘုရားလက်ထက်ရောက်သောအခါ ဝိပဿီမြတ်စွာဘုရား၏ ပါဒ စေတီတော်မြတ်ကို လှူဒါန်းပူဇော်ရသော ကုသိုလ်ပုည-မဟာဖလအကျိုးကြောင့် တေဝိဇ္ဇဆဠဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်ရ၍ ကောရဏ္ဍပုပ္ဖိတ မထေရ်ဟု ထင်ရှားလေသည်။

* * *

**အခန်း-၆၇**

**ခြေတော်ရာပူဇော်ခြင်း၏ အကျိုးကိုပြဆိုသော သကောသကကောရဏ္ဍာယက မထေရ်ဝတ္ထု**

ဤဘဒ္ဒကမ္ဘာနောက် သုံးဆယ်တစ်ကမ္ဘာမြောက်၌ သိခီဝေသဘူ ဘုရားနှစ်ဆူပွင့်တော်မူ၏။



ထိုဘုရားနှစ်ဆူတို့တွင် ပထမပွင့်သော သိခီဘုရားလက်ထက်တော်၌ ထိုမထေရ်၏ အလောင်းတော်သည် သိခီ မြတ်စွာ၏ ခြေတော်ရာကိုမြင်လျှင် မိမိ၌ ဝတ်ဆင်ထားသော သစ်နက်ရေကို လက်ဝဲပုခုံးထက်၌ စမ္ပယ်တင်ခြင်းကိုပြု၍ သဒ္ဓါရိုကျိုး လက်အုပ်မိုးလျက် ရှိခိုးပြီးကာ အဆင်းရွှေဝါပွင့်ဖတ်ညှာတို့နှင့်ပြည့်စုံသော လိပ်ဆူးရှေပွင့်ယူ၍ ပါဒမြတ်ကျောက်စေတီတော်ကို လှူဒါန်းပူဇော်ခဲ့ဖူး၏။

ထိုဘဝမှစ၍ ၃၁-ကမ္ဘာပတ်လုံး လေးဝအပါယ်မငြိတွယ်ဘဲ လူဝယ်လူမင်း၊ နတ်ဖြစ်လျှင်လည်း နတ်စည်းစိမ် ကြီးအရှိန်ကို တင်းတိမ်အောင်ခံစားပြီးမှ **ဂေါတမဘုရားလက်ထက်တော်**တွင် ဆဠဘိညာဉ်ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ **သကောသကောရဏ္ဍဒါယက** မထေရ် ထင်အရှားဖြစ်ရပြားလေသည်။

(ဖော်ပြပါ ဝတ္ထုသုံးမျိုးတွင် လိပ်ဆူးရှေပန်းချင်းတူသော်လည်း ခြေတော်ရာသခင်ဘုရားရှင်နှင့် အလှူရှင်မထေရ်တို့၏ အမည်ချင်းကွာခြားသည်ကို အကြောင်းပြု၍ ဝတ္ထုသုံးခုတင်ပြခြင်း ဖြစ်ပါသည်)

* * *

## အခန်း–၆၈

## ပြည်မြို့သားစာတိ

## စတုရင်္ဂဗလ အမတ်ကြီး၏

## တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော် ဘုရားရှိခိုး

၁။ သတ္တိစ၊ သီရိဝစ္ဆောစ၊ နန္ဒိယာ ဝဋ္ဋမေဝ စ။
သောဝတ္ထိကော ဝဋံသကော၊ ဝဋ္ဋမာနဥ္စပီဌကံ။
၂။ အင်္ကုသဥ္စေဝ ပါသာဒေါ တောရဏံ ဆတ္တမေဝ စ။
ခဂ္ဂေါ စ တာလဝဏ္ဋဥ္စ၊ မောရဟတ္ထကဝီဇနီ။
၃။ ဥဏှိ သံမဏိပတ္တဥ္စ၊ ဒါမံ နီလုပ္ပလံ တထာ။
ရတ္တ သေတုပ္ပ၊ ပဒုမံ ပုဏ္ဍရိကံ တထာ။
၄။ ပုဏ္ဏဃဋော ပုဏ္ဏ၊ သမုဒ္ဒေါ စက္ကဝါဠံ။
ဟိမဝါစ သိနေရုစ၊ သူရိယော စန္ဒိမာ ဟထာ။
၅။ နက္ခတ္တာ စတုရောဒီပါ၊ ဒွိသဟဿ ပရိတ္တကာ။
သက္ကဝတ္တိ သေတသင်္ခေါ၊ မစ္ဆာနံ ယုဂဠတထာ။
၆။ စက္ကံ သတ္တမဟာဂင်္ဂါ၊ မဟာသေလာ မဟာသရာ။
သုပဏ္ဏကော သံသုမာရော၊ ဓဇော ပဋာကမေဝ စ။
၇။ ပဋ္ဋကီ ဟရိဝီဇနီ၊ ကေလာသဗ္ဗတော ထထာ။
သီဟရာဇာ ဗျဂ္ဃရာဇာ၊ ဝလာဟော စ ဥပါထထော။
၈။ ဗာသုကီနာဂရာဇဝယစ၊ ဟံသော စ ဥသဘောတထာ။
ဧရာဝဏော မကရောစ ဟရိနာဝါ စတုမုခါ။



၉။ သဝစ္ဆကာ တထာဝါဝီ၊ ကိန္နရော ကိန္နရီပိ စ။
ကရဝီကော မယူရောစ၊ ကဥ္စရာဇာ တထေဝစ။
၁၀။ စက္ကဝက္က ဒိဇာစေဝ၊ ဇီဝဇီဝက နာမကော။
ဆကာမာဝစ စရဒေဝါ၊ ဗြဟ္မလောကာ စ သောဠသ။
၁၁။ တောနိဋ္ဌုတ္တရသတ–လက္ခဏာနံ မဟေသိနော။
ပါဒေသု တသ္မ ဒိဿန္တေ၊ ဝန္ဒေတံ ပုရိသာသတံ။

ထိုဂါထာကိုမြန်မာပြန်ဆိုသည်ရှိသော်–

၁။ ယဿမဟေသိနော၊ အကြင်မြတ်စွာဘုရား၏၊ ပါဒေသု၊ ခြေတော်ရာတို့၌၊ သတ္တိစ၊ လှံမလည်းကောင်း၊ သီရိဝစ္ဆောစ၊ အိမ်မွန်လည်းကောင်း၊ နန္ဒိယာဝဋ္ဋမေဝစ၊ တောင်ဇလပ်ပန်းလည်းကောင်း၊ သောဝတ္ထိကော၊ လည်ရေးသုံးဆင့်လည်းကောင်း၊ ဝဋ္ဋမာနဥ္စ၊ ထမင်းပွဲလည်းကောင်း၊ ပီဌကံ၊ ရွှေသလွန်လည်းကောင်း။

၂။ သင်္ကုသဥ္စေဝ၊ ချွန်းတောင်းလည်းကောင်း၊ ပါသာဒေါ ပြဿဒ်လည်းကောင်း၊ တောရဏံ၊ တံခါးတိုင် လည်းကောင်း၊ ဆတ္တမေဝစ၊ ထီးဖြူလည်းကောင်း၊ ခဂ္ဂေါစ၊ သန်လျက်လည်းကောင်း၊ တာလဝဏ္ဋဥ္စ၊ ထန်းရွက်ယပ လည်းကောင်း၊ မာရဟတ္ထက ဗီဇနီ၊ ဥဒေါင်းမြီးယပ် လည်းကောင်း။

၃။ ဥဏှီသံ၊ သင်းကျစ်လည်းကောင်း၊ မဏိ၊ ပတ္တမြား လည်းကောင်း၊ ပတ္တဥ္စ၊ သပိတ်လည်းကောင်း၊ ဒါမံ၊

ပန်းဆိုင်းလည်းကောင်း၊ နီလုပ္ပလံ၊ ကြာညိုလည်းကောင်း၊ တထာ၊ ထိုမှတစ်ပါး၊ ရတ္တုပ္ပလံ၊ ကြာနီလည်းကောင်း၊ သေတုပ္ပလဥ္စ၊ ကြာဖြူလည်းကောင်း၊ ပုဒ္ဒုမံ၊ ကြာပဒုမ္မာ လည်းကောင်း။

၄။ ဗုဏ္ဏဃဋော၊ မှန်ညင်းစသည်ဖြင့် ပြည့်သောအိုးလည်းကောင်း၊ ပုဏ္ဏပါတိ၊ မှန်ညင်းစသည်ဖြင့် ပြည့်သောဖလား လည်းကောင်း၊ သမုဒ္ဒေါ၊ သမုဒ္ဒရာလည်းကောင်း၊ စက္က ဝါလကံ၊ စကြာဝဠာလည်းကောင်း၊ ဟိမဝါစ၊ ဟိမဝန္တာ လည်းကောင်း၊ သူရိယောစ၊ နေဗိမာန် လည်းကောင်း၊ တထာ၊ ထိုမှတပါး၊ စန္ဒိမာလ၊ လဗိမာန် လည်းကောင်း။

၅။ နက္ခတ္တာ၊ နက္ခတ်လည်းကောင်း၊ ဒွီသဟ၊ ပရတ္တကာ၊ ကျွန်းငယ်နှစ်ထောင်အရံနှင့်တကွသော၊ စတုရောဒီပါ၊ ကျွန်းကြီးလေးကျွန်းတို့လည်းကောင်း၊ စက္ကဝတ္တိ၊ စကြာ မင်းလည်းကောင်း၊ သေဘာသခေ်ါ၊ ခရုသင်းဖြူ လည်း ကောင်း၊ တထာ၊ မှတပါး၊ မစ္ဆာနံ၊ ငါးတို့၏ ယုဂဠံ၊ အစုံ လည်းကောင်း။

၆။ စက္ကံ၊ စကြာလည်းကောင်း၊ သတ္တမဟာဂင်္ဂါ၊ သီတာ ခုနစ်တန်လည်းကောင်း၊ သတ္တမဟာသေလာ၊ တောင်စဉ် ခုနစ်ထပ်တို့လည်းကောင်း၊ သတ္တမဟာသရာ၊ အိုင်ကြီး ခုနစ်အိုင်တို့လည်းကောင်း၊ သုပဏ္ဏကော၊ ဂဠုန်မင်း လည်းကောင်း၊သံသုမာရော၊ မိချောင်းလည်းကောင်း၊



မဓော၊ တံခွန်လည်းကောင်း။ ပဋာကမေဝ စ၊ ကုက္ကား လည်းကောင်း။

၇။ ပဠကိံ၊ ရွှေသန်လျင်လည်းကောင်း၊ ဟရိဗီဇနီ၊ ရွှေဖြင့် ပြီးသော သားမြီးယပ်လည်းကောင်း၊ ကေလာသပဗ္ဗတော၊ ကေလာသတောင် လည်းကောင်း၊ တထာ၊ ထိုမှတစ်ပါး၊ သီဟရာဇာ၊ခြင်္သေ့မင်းလည်းကောင်း၊ ဗျဂ္ဃရာဇာ၊ ကျားမင်း လည်းကောင်း၊ သလာဟကောစ၊ ဝလာ၍ကမြင်းလည်း ကောင်း၊ဥပေါသထ၊ဥပေါသထ ဆင်မင်းလည်းကောင်း။

၈။ ဗာသုကီနာဂရာဇာ စ၊ ဗာသုကီနဂါးမင်းလည်းကောင်း၊ ဟံသော စ၊ ဟသာမင်းလည်းကောင်း၊တထာ၊ ထိုမှတပါး။ ဥသဘော၊ ဥသဘ နွားမင်းလည်းကောင်း။ ဧရာဝဏော၊ ဧရာဝဏ် ဆင်မင်းလည်းကောင်း။ မကရောစ၊ ရွှေမကန်း လည်းကောင်း။ ဟရိနာဝါ၊ ရွှေလှေလည်းကောင်း။ တုခုခါ၊ မျက်နှာ လေးခု(ပြဟ္မာမင်း)လည်းကောင်း။

၉။ တထာ၊ ထိုမှတစ်ပါး။ သဝစ္ဆကာဂါဝီ၊ သားငယ်ရှိသော နွားမလည်းကောင်း။ ကိန္နရော ကန္နရီပိ စ၊ ကိန္နရာဖိုမ လည်းကောင်း။ ကရဝိကော၊ ကရဝိက်လည်းကောင်း။ မယူရော စ၊ ဥဒေါင်းမင်းလည်းကောင်း။ တထာ၊ ထိုမှ တပါး။ ကုဥ္စရာဇာဝေစ၊ ကြိုးကြာလည်းကောင်း။

၁၀။ စက္ကဝတ္တိဇာဓေဝ၊ စက္ကဝက်ငှက် လည်းကောင်း။

ဓီဝဓီဝကနာမကော၊ ဓီဝဓိုးအမည်ရှိသော ငှက်လည်းကောင်း။ ဆကာမာဝရဝေါ၊ နတ်ပြည် ခြောက်ထပ်တို့လည်းကောင်း။ သောဠသ ဗြဟ္မာလောကာ စ၊ ဗြဟ္မာ့ဘုံ တစ်ဆယ့်ခြောက်ဘုံတို့လည်းကောင်း။

၁၁။ ဣတိ၊ ဤသို့။ ဧတာနိ၊ အဋ္ဌုတ္တရသ တလက္ခဏာနိ၊ ဤတစ်ရာ့ရှစ်ကွက်သောလက္ခဏာတော်တို့သည်။ ယဿ မဟေသိနော၊ အကြင် မြတ်စွာဘုရား၏။ ပါဒေသု ခြေတော်တို့၌။ ဒိဿန္တေ၊ ထင်ကြကုန်၏။ ပုရိသောသတံ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော။ တံမဟေသိံ၊ ထို မြတ်စွာဘုရားကို။ အဟံ၊ ရုပ်နာမ်နှစ်ခုပေါင်းစု ခေါ်ဝေါ် တပည့်တော်သည်။ ဝန္ဒေ–ဝန္ဒာမိ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(ဤသို့သော ပညာရှိကြီးများ ရေးသားထားသည့်ကို နှုတ်ရအာဂုံ ကျက်မှတ်သင့်လှသဖြင့် ပါဠိအနက် နှစ်ဘက်စုံည် ရေးသားပါသည်။)

* * *

**အခန်း–၆၉**

**မန်းစက်တော်ရာ(၂–ဆူ) ဘုရားရှိခိုး**

**အတိုချုပ်**

**ပါဒေသု ယဿဇာတာနိ၊ ဒွေ စက္ကာနိ သကမ္မုတော။**
**နာနာကာရေဟိ ပဏ္ဏာနိ၊ ဝန္ဒေတံ ပုရိသုတ္တမံ။**



**အနက်ကား။** ။ ယဿ ပုရိသုတ္တမဿ၊ အကြင်ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော်တို့၌။ သကမ္မုတော၊ မိမိကောင်းမှုတော်ကြောင့်။ ဇာတာနိ၊ ဖြစ်ကုန်သော နာနာကာရေဟိ၊ အထူးထူးသော အကန့်အကွပ် ပုံတောင်းတို့ဖြင့်။ ပုဏ္ဏာနိ၊ ပြည့်ကုန်သော။ ဒွေ၊နှစ်ပါးကုန်သော။ စက္ကာနိ၊ စက်တော်တို့သည်။ သန္တိ၊ ရှိကုန်၏။ တံပုရိသုတ္တမံ၊ ထိုယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ရုပ်နာမ်နှစ်ခုပေါင်းစု ခေါ်ဝေါ် ဒါယကာ တပည့်တော်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

(ဤကဲ့သို့လည်း အတိုချုပ် ကျက်မှတ်ရှိခိုးနိုင်ပါသည်။)

* * *

**အခန်း–၇၀**

**မြန်မာဘာသာ လင်္ကာသွားဖြင့် ရေးသားအပ်သော**

**တစ်ရာ့ရှစ်ကွက် လက္ခဏာတော် ဘုရားရှိခိုး**

အစိန္တေယျ၊ အစိန္တေယျ၊ သုံးလောကထွတ်ထား၊ မြတ်ဘုရား ဂုဏ်၊အလုံးစုံထွက်ပေါ်၊ပါဒတော်၌၊ထင်သော်မပျက်၊ရာ့ရှစ်ကွက်ကို၊ ရေတွက်ဖော်ပြ၊ ကြည်ညိုကြရန်၊ လုံ့မအိမ်မွှန်၊ အလွန်သင့်မြတ်၊ တောင်ဇလပ်နှင့်၊ မပြတ်ယဉ်ကျေး၊ လည်ရေးသုံးဆင့်၊ အသင့်မျှော်မှန်း၊ ဦးဆောက်ပန်းဟု၊ ထူးဆန်းတန်၊ ထမင်းပွဲတည့်၊ အမြဲရည်မွှန်၊ ရွှေသလွန်နှင့်၊ ချွန်တောင်ဆင့်၍၊ အမြင့်ပြသာဒ်၊ သတ်မှတ်ပိုင်ပိုင်၊ ဘံခါးတိုင်ဟု၊ အပြိုင်ထီးဖြူ၊ ဘရည်တုသန်လျက်၊ ပုံမပျက်ဘဲ၊

ထန်းရွက်ယက်မြီး ဥဒေါင်းမြီးယပ်၊ သင်းကျစ်မြတ်နှင့်၊ မှတ်လော့ပတ္တမြား၊ သပိတ်ထား၍၊ ထူးခြားပန်းဆိုင်၊ တုန္ဒိုင်းစံရှား၊ ငါးပါးကြာမျိုး၊ မုန်ညင်းအိုးနှင့်၊ ပြည့်ဖြိုးဖလား၊ ရေများသမုဒ္ဒရာ၊ တိုက်စကြာတည့်၊ သေလာမြင်စွန်၊ ဟိမဝန်တောင် မြင်းမိုရ်တောင်နှင့်၊ ထွန်းပြောင်နေလ နက္ခတ်ပြ၍၊ ကြီးထလေးကျွန်း၊ ဘုန်းစွန်းအာဏာမင်းစကြာတည့်၊ တစ်ဖြာခရသင်း၊ ရွှေငါးမင်းကွက်၊ လက်နက်စကြာ၊ သီတာခုနစ်တန်၊ အမှန်ပါဝင်၊ တောင်စဉ်ခုနစ်ထပ်၊ အိုင်မြတ်ခုနစ်အိုင်၊ ယှဉ်ပြိုင်မယွင်း၊ ဂဠုန်မင်းပါ၊ ရေခဝင်းမိကျောင်း၊ စုပေါင်းတံခွန်၊ ကုက္ကားမွန်နှင့်၊ ထူးချွန်သန်လျင်း၊ အခဆင်းရွှေမှတ်၊ သားမြီးယပ်တည့်၊ တောင်မြတ်သေလာ၊ ခြသေ့ံပါကျားမင်း၊ ဝလာဟကမြင်းတို့ ဆင်မင်းဥပေါသထ၊ ပြောကြတလီ၊ ဗာသုကီနဂါးမင်း၊ ဟသ်ာမင်းနှင့်၊ နွားမင်းပေါ်လွင်၊ ရောဝဏ်ဆင်မင်း၊ ရွှေမကာန်းသွင်းစေ၊ ရွှေလှေလည်းပါ၊ မျက်နှာလေးခု၊ သားပြုနွားမ၊ ကိန္နရာကိန္နရီ၊ တစ်လီဖော်မိတ်၊ ကရဝိတ်မင်း၊ ဥဒေါင်းမင်းနှင့်၊ မယွင်းကြိုးကြာ၊ စက္ကဝါငှက်မျိုး၊ ဇီဝဇိုးပါ၊ နတ်ရွာခြောက်ထပ်၊ မြင့်မြတ်ဗြဟ္မာ၊ ထည့်ကာစေ့စုံ၊ ၁၉-ဘုံဟု၊ လုံးစုံမယွင်း၊ အဆင်းသန့်ပြန့်၊ အကန့်တစ်ထောင်၊ ဘုန်းခေါင်ဘုမ္မရာဇ်၊ တစ်ရာ့ရှစ်ကွက်၊ ပါဒစက်ကို၊ နှစ်သက်မြတ်နိုး၊ ရိုညွတ်ကျိုးလျက်၊ ရှိခိုးပါရကုသလကြောင့်၊ လေးဝအပါယ်၊ မငြီးတွယ်ဘဲ၊ မလွှဲနိဗ္ဗာန် မြတ်သည့် ဗှာန်သို့၊ အမြန်တုတ်ချောက်၊ ရောက်ရစေသော်-ရောက်စေသော်။

တိုက်တွန်းချက်။ ။ ဤမြန်မာဘာသာလင်္ကာဘုရားရှိခိုးနှင့် တစ်ရာ့ရှစ်ကွက် လက္ခဏာတော် ရေတွက်ပုံကို တိုက်ဆိုင်လေ့လာသဘောပေါက်သောအခါမှ အရကျက်၍ ရွတ်ဖတ်ကြည်ညိုမှုပြုကြပါရန်။



## အခန်း-၇၁

### မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ဆရာတော် (ဦးပညာသီဟ) ကိုယ်တိုင်သီကုံးရေးသားအပ်သော အောက်စက်တော်ရာကို ရှိခိုးပူဇော်မှုရှိခိုးနည်း

နမ္မဒါ နဒီနာမိကာ၊
တီရမှိ နာဂ ရာဇေန၊

ယာစိတောဝ မဟေသိနာ၊
နာဂရာဇဿ အတ္တာယ။

ဿိတံ ပါဒလဉ္ဆနံ၊
တောန် ပါဒဓွာနာနီး

အဟံ ဝန္ဒာမိ ဓုရတော။

**အနက်ကား။** နမာဒါနဒီနာမိယာ၊ နမ္မဒါအမည်ရှိသောမြစ်၏၊ ...ီရမှိ၊ ကမ်းနား၌။ မနာဂရာဇေန၊ နဂါးမင်းသည်၊ ယာစိတော၀၊ ရှိသေလေးမြတ်တောင်းပန်အပ်သည်ဖြစ်၍သာလျှင်။ မဟေသိနာ၊ မြတ်စွာဘုရားသခင်သည်။ နာဂရာဇဿ၊ နဂါးမင်း၏ အတ္တာယ၊ အကျိုးငှာ။ ပါဒလဉ္ဆနံ၊ ခြေတော်ရာမြတ်ကို။ ဒဿတံ၊ နင်းပြတော်မူအပ်လေပြီး။ တောနိ ဒါဒဌာနာနိ၊ ထိုသို့နင်းအပ် ခြေတော်ရာမြတ်တို့ကို၊ အဟံ၊ အကျွန်ုပ်သည်။ ဒူရေတော၀၊ အဝေးကသာလျှင်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

* * *

**မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ဆရာတော်**
**(ဦးပညာသီဟ) ကိုယ်တိုင် သီကုံးရေးသားအပ်သော**
**အထက်စက်တော်ရာကို ရပ်ဝေးမှ ရှိခိုးနည်း**

**သစ္စဗန္ဓေ ထေရေန၊ ယာစိတော၀ မဟေသိနာ။**
**သစ္စဗန္ဓဿ အတ္တာယ၊ ဒဿိတံ ပါဒလဉ္ဆနံ။**
**တောနိ ပါဒဌာနာနိ အဟံဝန္ဒာမိ ဒူရတော။**

**အနက်ကား။** ။ သစ္စဗန္ဓေန၊ သစ္စဗန္ဓအမည်ရသော။ ထေရေန၊ မထေရ်သည် ယာစိတော၀၊ ရှိသေလေးမြတ်တောင်းပန်အပ်သည် ဖြစ်၍သာလျှင်။ မဟေသိနာ၊ မြတ်စွာဘုရားသခင်သည်၊ သစ္စဗန္ဓဿ သစ္စဗန္ဓမထေရ်၏။ အတ္တာယ၊ အကျိုးငှာ။ ပါဒလဉ္ဆနံ၊ ခြေတော်ရာ မြတ်ကို။ ဒဿိတံ၊ နင်းပြတော်မူအပ်လေပြီ။ တောနိ ပါဒဌာနာနိ၊



ထိုသို့နင်းအပ် ခြေတော်ရာမြတ်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဒူရတော၀၊ အဝေးကသာလျှင်။ ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

(တိုတို တုတ်တုက် ကျက်မှတ်လိုသူများအတွက် ပထမမှုကို အနည်းငယ် ပြင်ဆင်၍ ဖော်ပြပါသည်။

* * *



**ရသေ့ကြီးဦးခန္တီ စီမံဖန်တီးတည်ထားကိုးကွယ်တော်မူခဲ့သော**
**(လေးမျက်နှာ) နှစ်ကျိပ်ရှစ်ဆူဘုရားများ ပုံတော်**

## အခန်း-၇၂

## နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

(၁) သက်တုမ်းတစ်သိန်း မှတ်ကိန်းမည့်တွင် စရည်းပင်ဝယ် ငါးမာရ်အောင်မြင် 'တဏှင်္ကရာ' ဘုရားရှင်ကိုလည်း ကောင်း။

(၂) ပေါက်ပင်ဗောဓိ သရီရရှင် 'မေဓင်္ကရာ' ဘုရားသခင်ကို လည်းကောင်း။

(၃) စန္ဒကူးပင် လွှန်ပေါ်ထင်သည့် 'သရဏင်္ကရာ' မြတ်ဗုဒ္ဓါကို လည်းကောင်း။

(၄) ညောင်ကြပ်ဗောဓိတုမရှိသည့် 'ဒီပင်္ကရာ' မြတ်စွာဘုရား ကိုလည်းကောင်း။

(၅) သာလကလျာဏီ ပင်ဗောဓိဝယ် တင့်တယ်ခြင်း ရှိပေသော 'ကောဏ္ဍည' မြတ်စွာဘုရားကို လည်းကောင်း။

(၆) ကံ့ကော်ပင်နန်း လေးခန်းသစ္စာ မြင်သိတော်မူသော 'သုမင်္ဂလ' မြတ်စွာဘုရားကို လည်းကောင်း။

(၇) ကံ့ကော်ဗောဓိ သရီရရှင် 'သုမန' ဘုရားသခင်ကို လည်း ကောင်း။

(၈) ကံ့ကော်ပင်လှ စိန္တေယျဟု ထိန်ဝေပြောင်း 'ရေဝတ' မြတ်စွာ ဘုရားကိုလည်းကောင်း။

(၉) ကံ့ကော်ပင်ရင်း မြက်အခင်း၌ အံ့ခြင်းတုလပြာသာဒ်နန်းပါ ကြွရသော 'သောဘိတ' မြတ်စွာဘုရားကိုလည်းကောင်း။



(၁၀) ဗောဓိထောက်ကြံ့ ထူးအံ့လှဆောင် မာရ်အောင်ဇိန ကိုးဂုဏ် ပမည် "အနောမဒဿီ"မြတ်ဘုရားကို လည်းကောင်း။

(၁၁) ကြောင်လျှာ ဗောဓိ မှန် ပရဝ အနေဗဟု "ပဒုမ"မြတ်ဘုရား ကို လည်းကောင်း

(၁၂) ဗောဓိကြောင်လျှာ ဝတ်တန်ဆာရ ရပ်ဆောင်မျှသည့် "နာရဒ" ဘုရားရှင်ကိုလည်းကောင်း။

(၁၃) ထင်းရှူးပင်နန်း လေးခန်းသစ္စာ ကြာမိုးရွာချ "ပဒုမုတ္တရ" ဘုရားရှင်ကိုလည်းကောင်း။

(၁၄) တမာဗောဓိ အပွဲရာဇိန္ဒ ရရှိသစ္စာ မဟာအတုလ "သုမေဓ" မြတ်ဘုရားရှင်ကိုလည်းကောင်း။

(၁၅) ကြခတ်ဝါးတွင် ဗောဓိပင်၌ လေးအင်သစ္စ ဆုကြီးရသည့် "သုဇာတ" ဘုရားရှင်ကိုလည်းကောင်း။

(၁၆) ထောက်ကြံ့ဗောဓိ ရရှိလေးလီ သစ္စာချီသည့် "ပိယဒဿီ" မြတ်ဘုရားရှင်ကိုလည်းကောင်း။

(၁၇) စကားပင်မော် ဉာဏ်တော်ရှစ်ဆယ် နှိုင်းဖွယ်မမီ ဦးညွှတ် ချီသော "အတ္တဒဿီ"မြတ်စွာဘုရားကိုလည်းကောင်း။

(၁၈) ရေခံတက်ပင် သိမ့်သိမ့်ထင်မျှ အတုလဟု "ဓမ္မဒဿီ" မြတ်စွာဘုရားကိုလည်းကောင်း။

(၁၉) မဟာလေှကား ထင်ရှားဗောဓိ တုမရှိပြား "သိဒ္ဓတ္ထ" မြတ်စွာဘုရားကိုလည်းကောင်း။

(၂၀) ပိတောက်ပင်ဝယ် ဘုန်းရောင်ကြွယ်၍ သုံးသွယ်လောက ဦးနှိမ်ချရသော "တိဿ"မြတ်စွာဘုရားကိုလည်းကောင်း။

(၂၁) သျှိသျှားရက္ခ ဥတ္တမ 'ဖုဿ' မည်တွင် မြတ်ဘုရားရှင်ကို လည်းကောင်း။

(၂၂) ပင်တော်သခွတ် ဗောဓိထွတ်၌ ထုလွတ်အောင်မြင် 'ဝိပဿီ' ဘုရားရှင်ကိုလည်းကောင်း။

(၂၃) သရက်ဖြူဗောဓိ မည်ရှိ ကျော်ကြား 'သိခီ' မြတ်စွာဘုရားကို လည်းကောင်း။

(၂၄) အင်ကြင်းပင်တွင် သုံးခွင် မှန်ကူ ပွင့်တော်မူသော 'ဝေဿဘူ' မြတ်စွာဘုရားကိုလည်းကောင်း။

(၂၅) ကုက္ကိုပင်ရိပ် ခမ္မီသရ လောကထိပ်ပန် 'ကကုသန္ဓ' မြတ်ဗုဒ္ဓကို လည်းကောင်း။

(၂၆) ပွင့်ခက်တင့်ဆန်း ရေသဖန်း၌ ပွင့်လန်းအစုံ 'ကောဏဂုံ' မြတ်စွာဘုရားကို လည်းကောင်း။

(၂၇) ပင်ညောင်ဗောဓိ မည်ရ ထင်ရှား 'ကဿပ' မြတ်စွာ ဘုရားကိုလည်းကောင်း။

(၂၈) သက်တမ်းတစ်ရာ ညောင်ရုက္ခာ၌ ပွင့်ရှာလေပြား 'ဂေါတမ' မြတ်ဘုရားကို လည်းကောင်း။

ဣတိ၊ ဤသို့။ အဋ္ဌဝီသတိသမ္ဗုဒ္ဓေ၊ နှစ်ကျိပ်ရှင်ဆူ ပွင့်တော်မူကြကုန်သော သယမ္ဘူ ထွတ်တင် ဘုရားရှင်တို့ကို။ အဟံ၊ ခန္ဓာအာယတန အစုမှုနှင့် နာမခေါ်ဝေါ် တပည့်တော်သည်၊ နမာမိ၊ ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဖြင့် တုပ်ကွရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။



## အခန်း–၇၃

## ကပ်ကျော်ဖြစ်တော်ပေါင်းအင်း ဘုရားရှိခိုး

အစ ကြိုးကြာ၊ ဒွာယ်ခြောက်ဖြာတည့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကြားခို၊ ကျိုးညိုသုံးခါ၊ သံသာကျူးမိန့်၊ ကရဝိတ်ငါး၊ လေးပါးကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ် ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ကေသီနှစ်ဝ၊ ကျွဲအဋ္ဌနှင့်၊ တွန်ကြသံ ညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာ သတ္တ၊ ဒွါဒသကြက်၊ ဝက်ငယ်၌ အန္တရာယ်မရှိ၊ ဘေးမငြိတဲ့၊ မုနိမြတ်လောင်း၊ ဂုဏ်တော်ပေါင်းကို ညွှတ်ပြောင်းစေတနာ၊ ယုံကြည်စွာဖြင့်၊ အဟံ၊ ရုပ်နာမ်နှစ်ခု ပေါင်းစုခေါ်ဝေါ်၊ တပည့်တော်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်ဒုံ မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

(၎င်းဘုရားရှိခိုးကို ထည့်သွင်းရခြင်းမှာ ယခုခြေတော်ရာပုံများ ထုလုပ်ရေးသားရာတွင် ဆိုခဲ့သော ကြိုးကြာ–ဟင်္သာ စသည်တို့အား ခြေတော်ရာ၏ ပတ်ဝန်းကျင်မှ မပါလျှင် မဖြစ် ထည့်သွင်းကြသော စနစ်ကို ဖွင့်လှစ်အာရုံပြု၍ ရွတ်ဆိုကြရန် ရည်သန်ပါသည်။

၎င်းကို ညအိပ်ရာဝင်တိုင်း ရွတ်ဆိုကြည့်ညိုမှု ပြုကြပါက အန္တရာယ်ကင်းသည်ဟု ပညာရှင် များက မိန့်ကြလေသည်။)

* * *

## အခန်း–၇၄

### မြန်မာရဋ္ဌ ယောနကတိုင်းခွင် မန်းစက်တော်ရာသမိုင်းဝင်ကို အကျဉ်းချုပ် ရေးသားအပ်သော

## ရှစ်လုံးဘွဲ့ကဗျာများ

(၁) အံ့ဖွယ်မှတ်သား စပ်ထားကဗျာ၊
ရှစ်လုံးဘွဲ့ဟု ခေါ်မှုသညာ၊
ရွှတ်ဆိုဖတ်ကြား ညွှတ်တွားပူဆာ၊
အကျိုးရ ဗုဒ္ဓခြေတော်ရာ။
(၂) တိုင်းယောနဂ ခေါ်ကြဌာနီ၊
ပန်းထိမ်းငဖဲ သူလည်းပါသည်၊
ရဂုံမြိုင်ကြော သစ်တောစုံညီ၊
နံ့သာပန်းပွင့်လန်း ဝေဖြာစည်။
(၃) နိုင်ငံတော်တွင်း သတင်းကျော်သည်၊
နမ္မဒါမြစ် တွင်လှစ်နာမည်၊
မန်းမြစ်လို့လဲ ခေါ်မြဲတာရှည်၊
ရေကြည်စမ်း ချမ်းမြသာယာစည်။



(၄) ထိုမြစ်အနီး တသီးပေါ်လွင်၊
သစ္စဗန္ဓ တောင်မျှော်ဘုရင်၊
တူယှဉ်နေငြား မှတ်သားစေချင်၊
နဂါးပတ် မှတ်အပ် တောင်တော်တွင်။
(၅) တောင်တော်ခြေရင်း မြစ်တွင်းသွားလာ၊
နမ္မဒါမင်း ခေါ်ခြားသာမှ၊
ထိုသည်နဂါး တရားရှိစွာ၊
ကျွတ်တရား စောင့်စားမျှော်နေရှာ။
(၆) သစ္စဗန္ဓ နာမအလို၊
မုဆိုးကြီးပဲ မလွဲခေါ်ဆို၊
မုဆိုးတောင်ရပ် ပျော်လက်မှီခို၊
တရားရ မှားပသစ္စာဆို။
(၇) မဟာပုဏ္ဏ မြတ်လှထေရ်ရှင်၊
သဒ္ဒါထက်ပွား လျှောက်ထားပန်ဆင်၊
သုံးလူ့ထွတ်ထား ဘုရားသခင်၊
စန္ဒကူး ကျောင်းထူးလှူခံဝင်။
(၈) သစ္စဗန္ဓ လမ်းပြအမှန်၊
မြတ်စွာဘုရား ဟောကြားခမ့်၊
ရသေ့ထူးဆန်း ကျွတ်တန်းဝင်ဟန်၊
ဟေဟိဟု ဘိက္ခုဖြစ်တော်မူမြန်။
(၉) ကျောင်းတော်ပြန်ငြား ဘုရားမြတ်စွာ၊
ရေမင်းနဂါး လျှောက်ထားပန်ထွာ၊

တပည့်တော်အား သနားရှည်စွာ၊
ဝတ္ထုမြတ် ပေးအပ်ကိုးကွယ်ရာ။
(၁၀) ဉာဏ်တော်မဆုံး ရွှေဘုန်းမြတ်စွာ၊
လူနတ်အများ စီးပွားမျှော်ကာ၊
နဂါး(ပတ်)တောင်ခြေရင်း မြစ်တွင်းကျောက်ဖျာ၊
ပါဒစက် ချလျက်လွန်သေချာ။
(၁၁) သစ္စဗန္ဓ နာမကြည်သာ၊
ထိုမထေရ်လဲ လျှောက်မြဲပန်ထွာ၊
တပည့်တော်အား သနားရှုကာ၊
ဝတ္ထုမြတ် ပေးအပ်ကိုးကွယ်ရာ။
(၁၂) ရှုသော်မဆုံး ရွှေဘုန်းမြတ်စွာ၊
သတ္တဝါများ စီးပွားမျှော်ကာ၊
မုဆိုးတောင်ချက် စွန်းထွက်နေရာ၊
ပါဒစက် ချလျက်ကျောက်ဖျာမှာ။
(၁၃) ခြေရာနှစ်ပါး ချထားရှိရာ၊
နဂါး(ပတ်) တောင်ရင်း မြစ်တွင်းကျောက်ဖျာ၊
ခြေရာတစ်ပါး ချထားမှန်စွာ၊
ပူဇော်မြောက် ခုအောက်စက်တော်ရာ။
(၁၄) မုဆိုးတောင်မြတ် လယ်ရပ်နေရာ၊
ကျောက်ဖျာ ကျောက်နက် အထိက်၌သာ၊
ခြေရာတစ်ပါး ချထားမှန်စွာ၊
ဖူးမြော်မင် အထက်စက်တော်ရာ။



(၁၅) ခြေရာနှစ်ပါး ချထား(ဘယ်)သာ၊
တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ၊
ကျောက်ဖျာမာတောင်း ဖယောင်းပမာ၊
ဇမ္ဗူဒိပ် ခတ်နှိပ်ထင်ရကာ။
(၁၆) လူရော နတ်ရော သောသောညံစွာ၊
ရွှေစက်ဖြန့်ပြူး၊ ညွတ်ဦးပမာ၊
ရှိခိုးရကျိုး တန်ခိုးဝေဆာ၊
နတ်ဘုံနန်း တကီလှမ်းကြမည်သာ။
(၁၇) ရွှေစက်တော်မှ ဌာနရှေ့တောင်၊
သက်သာပန်းတောင်း မြို့ဟောင်းတည်ထောင်၊
ပဒေါင်းဟုလဲ ခေါ်မြဲလူ့ဘောင်၊
ထိုဌာန ပြည်မ ဖြစ်လိမ့်နောင်။
(၁၈) ထိုပြည်မကား ကျော်ကြားနေပြည်၊
သူတော်အများ တရားစုံညီ၊
ဘာသာရောင်ဝင်း ထွန်းလင်းစေရည်၊
ရာဇာလောင်းဖြည့် ကြောင်းပါရမီ။
(၁၉) သာသနာဝင်း ထွန်းလင်းချိန်ခါ၊
ထိုပြည်မက ထင်ရှားဖြစ်လာ၊
ရွှေပြည်နန်းတွင်း ရှုခင်းသာယာ၊
ဘုရင့်ဘုန်း ပြည်လုံးချမ်းသာစွာ။
(၂၀) တည်ကြည်မှ မာဃသစ္စာ၊
ထိန်းသိမ်းမလွဲ အောင်မြဲမှန်စွာ၊

မကြာမနှောင်း ခါကောင်းရောက်မှာ၊
ပြည့်ထောင်စု အေးမှုလွှန်သာယာ။

(၂၁) အလှူဒါန ပြုကြနေ့စဉ်၊
သီလတရား စောင့်ကြဖြူစင်၊
မြတ်ကမ္မဋ္ဌာန်း စီးဖြန်းစေချင်၊
တရားစောင့် လမ်းဖြောင့်နိဗ္ဗာန်ဝင်။

(၂၃) စက်တော်ရာဟု ဇမ္ဗူ့ထင်ပေါ်၊
ဘုန်းတော်နန္တ များလှတေဇော်၊
အကျဉ်းချုပ်အား ပြထားပါသော်၊
ရွတ်ဆိုပြု ကောင်းမှုသာခုခေါ်။ ။

ဤရှစ်လုံးဘွဲ့ ကဗျာများမှာ မြတ်စွာဘုရား ခြေတော်ရာကို အာရုံပြုပူဇော်ရာ၌ တစ်ဦးချင်း ဖြစ်စေ၊ ယောဂီအသင်း၊ ဓမ္မစကြာအသင်း၊ ဝတ်အသင်းစသော အမျိုးသမီးအဖွဲ့အစည်းတို့အား ဖတ်ကြားရွတ်ဆိုမှု ပြုလိုပါက ပြုကြပါရန် ရည်သန်၍ ရေးသားထည့်သွင်းရခြင်း ဖြစ်ပါသည်။

* * *



# ပဥ္စမပိုင်း

## ရှေးမြန်မာမင်းတို့၏ ကုသိုလ်တော် စာရင်းကို ဖော်ပြသော အပိုင်း

### အခန်း-၇၅

### မန်းစက်တော်ရာကို ဦးစွာဖူးမြင်ရသော မင်းသုံးပါး

| ဘုရားဖူး သက္ကရာဇ် | တိုင်းပြည်နှင့်မင်း | ကုသိုလ်တော်အလှူဒါန |
|---|---|---|
| ၁၁၃-ခု | သရေခေတ္တရာ ဒွတ္တပေါင်း | ဘုံခုနစ်ဆင့်၊ ရှစ်မြှောင့်ချိုးမုခ်၊ မှန်ကင်းတပ် ပြသာဒ် ၂-ဆောင်နှင့် မင်းခမ်းအစုံကို လှူတော်မူသည်။ |
| ၁၅၂-ခု | ဝေသာလီပြည် ပထမလိစ္ဆဝီမင်း | ရွှေစင်တထောင်ကျပ်ကို ခြူးပန်းခြူးနွယ်တို့ဖြင့် တင့်တယ်စွာ ပြုလုပ်၍ လှူတော်မူသည်။ |
| ၁၅၄-ခု | ပါတလိပုတ်ပြည် ဓနနန္ဒမင်း | ဘုခုနစ်ဆင့်၊ ရှစ်မြှောင့်ချိုးမုခ်၊ မှန်ကင်းတပ်ကြေး ပြသာဒ် ၂-ဆောင် လှူတော်မူ၏။ |

## အခန်း–၇၆
## သီရိဓမ္မာသောကမင်းကြီး ကောင်းမှုတော်များ


သက္ကရာဇ် ၂၁၈–ခုနှစ်တွင် ဘိသိက်ခံ၍ နန်းစံတော်မူသော ပါဋလိပုတ်ပြည့်ရှင် ဘုရင်သီရိ ဓမ္မာသောက မဟာရာဇာသည် သာသနာတော်၌ လွန်စွာ ကြည်ညိုတော်မူသည်ဖြစ်၍ မြတ်စွာဘုရား ပေါ်ကြွားတော်မူသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို တည်ထောင်တော်မူရာ အပါအဝင် ဖြစ်သော စေတီတော်များမှာလည်း မြန်မာတို့ဌာန ယောနကတိုင်း၌

၁။ နမ္မဒါမြစ်၏ အနောက်ဘက်ကမ်းနဖူးတွင် သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်တော်မူခြင်းဟု ရှေးဦးစွာ ရပ်တော်မူရာ၌ တိဋ္ဌမည်သော စေတီတော်တစ်ဆူ ယခု "တန့်တော်ဦး" စေတီ။

၂။ နမ္မဒါနဂါးမင်းသည် အခြံအရံ များစွာနှင့် လာ၍ ရှိသေစွာ ရတနာအစုံတို့ဖြင့် ပူဇော်ရာ၌ ရတနာပုဏ္ဏမည်သော စေတီတော်တစ်ဆူ ယခု "တောင်းပန်ဦး" စေတီ။

၃။ နမ္မဒါနဂါးမင်းက ကိုးကွယ်ပူဇော်ရာကို တောင်းပန်သည်တွင် ပါဒစက်စုံကြာပဒုံကို ချအုံဟု ရပ်တော်မူရာ၌ ဌာနမည်သော စေတီ၊ ယခု "တောင်းပန်ရစေတီ" ဟူ၍ အောက်ခြေတော်ရာ အနီးတွင် (၃)ဆူ။





ရှင်ပင်ဖူးပြီး – ခရီးဆက်သော်၊
ရပ်တော်မူဟု – ယခုပူဇော်၊
(စင်) မြန်ရွာက – အစတည်သော်၊
(စင်) မြန်ဘုရား – အများရှေးအခေါ်၊

၇။ သစ္စာဗန္ဓတောင်၌ သစ္စာဗန္ဓမထေရ်ကို ဟော်ဘိက္ခုခေါ်တော်မူရာ၌ သစ္စာဒီပက စေတီတော် တစ်ဆူ (ယခုအထက်စက်တော်ရာနှင့် ကပ်လျက် အထက်ဘက်ရှိ စေတီတော်။)

၅။ သစ္စာဗန္ဓရဟန်းတော်က ကိုးကွယ်ရာကို တောင်းပန်ရာ၌ အာယစနမည်သော စေတီတော် တစ်ဆူ၊ ယခု 'မုန်းတောင်ဘုရား'၊ ပေါင်း (၅) ဆူသော စေတီတော်တို့တည်ထား ကိုးကွယ်တော် မူပါသည်။ ဤငါးဆူကား ရဟန္တာအရှင်မြတ်တို့၏ အမိန့်တော်အရ သီရိဓမ္မာသောကမင်းကြီး တည်သည်ဟု ကျောက်စာသမိုင်းတို့၌ လာ၏။

အထက်စက်တော်ရာ အနောက်စောင်းတန်း ဦးဝဲဘက်ရှိ ခေါင်းလောင်းကြီးအနီး စေတီတော်မူကား အရှင်သစ္စာဗန္ဓရဟန္တာ အရှင်မြတ် သင်္ဂြိုဟ်တော်မူရာ၌ ဓာတ်တော်တို့ကို ဌာနပနာ၍ ထိုယောနက တိုင်းသားတို့ပင် သီရိဓမ္မာသောကမင်းကြီး မတည်မီ တည်ထားကြသော 'သင်္ချိုင်းတော်ရာ စေတီ'။

ဤစေတီတော် (၆)ဆူအား ရှေးမဆွက တည်ရင်းစေတီ တော်များ ဖြစ်ကြပါသည်။

* * *





## အခန်း–၇၇
## မန်းစက်တော်ရာ ပထမတိမ်မြုပ်သောခေတ်ကို ပြဆိုခြင်း

မြတ်စွာဘုရား ခြေတော်ရာ ၂–ဆူကို ချတော်မူပြီးသည်မှ နှစ်ပေါင်း ၂၂၄၀–တိုင်တိုင် လူတို့မတွေ့မရောက် တန်ခိုးတိမ်မြုပ်နေကြောင်း ဆိုသောစကားမှာ များစွာ မသင့်လျော်သော စကားဖြစ်ပါသည်။

အမှန်ကို စဉ်းစားပေပန်လျှင် ပုဂံပြည်တွင် ၃၇–ဆက်မြောက် နန်းစံသော သိန်းခိုမင်း၏ နန်းစံသက္ကရာဇ် ၂၉၃–ခုကို ပေါင်း၍ ပါရေခေတ္တရာပြည် သမုဒ္ဒရီမင်း ဖြိုသောသက္ကရာဇ် ၆၂၂ နှင့် ပုဂံပြည် ပုပ္ပားစောရဟန်းမင်း ဖြိုသော သက္ကရာဇ် ၅၆၀ တို့ကို တည်၍ ပေါင်းလျှင် (၂၉၃+၆၂၂+၅၆၀) = ၁၄၇၅–နှစ် ရပါသည်။

ထိုနှစ်ပေါင်း ၁၄၇၅–ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက မန်းစက်တော်ရာတောင်တော်၌ စေတီ ၅–ဆူတည်သည်ဟု ဆိုသော သက္ကရာဇ် ၂၂၅–ခုနှစ်ကိုနုတ်လျှင် (၁၄၇၅–၂၂၅=၁၂၅၀နှစ်) ကြွင်းပါသည်။

ထိုနှစ်ပေါင်း ၁၂၅၀–အတွင်း၌သာ တစ်စုံတစ်ယောက်သော မင်း၊ မှူးမတ် ပြည်သူတို့ ဘုရားဖူး လာရောက်သည်ဟု ရာဇဝင် သမိုင်းတို့၌ မတွေ့ရပါ။ ထို့ကြောင့် ပထမအကြိမ် တိမ်မြုပ်ခြင်းသည် နှစ်ပေါင်း ၁၂၅၀–သာ ဖြစ်သည်ဟု ယူဆပါသည်။



## အခန်း–၇၈
## ပုဂံမင်းများ၏ အလှူတော်ငွေစာရင်း

| နန်းတက် သက္ကရာဇ် | တိုင်းပြည်နှင့်မင်း | ကုသိုလ်တော်အလှူဒါန |
|---|---|---|
| ၂၉၁–ခု | တောင်သူကြီးမင်း | ရွှေသင်္ကန်း ပရိက္ခရာ အစုံ လှူတော်မူ၏။ |
| ၃၂၆–ခု | ကွမ်းဆော်မင်း | ရွှေဇရပ် နှစ်ဆောင်နှင့် တကွ ကိုယ်တော်လေး မျက်ပါး ခတ်ပြီး လျှင် မွမ်းမံလှူဒါန်းတော်မူသည်။ |
| ၃၇၉–ခု | အနော်ရထာမင်း | ဘုံ ၉–ဆင့် ရှစ်မြှောင့်ချိုးမုခ် မှန်ကင်းတပ် ပြာသာဒ် ၂–ဆောင် နှင့်တကွ ရွှေချိန် ၁၀၀၀–ကျပ်၊ ခြူးပန်းခြူးနွယ် ဆန်းကြယ်စွာ ပြုလုပ်လှူဒါန်းပါသည်။ |
| ၄၂၆–ခု | ကျန်စစ်မင်း | ရွှေဇရပ် ၂–ဆောင်နှင့်တကွ ကိုယ်တော်လေး ရွှေမျက်ပါး ခတ် ၍ လှူဒါန်းသည့်အပြင် ပန်းထိန်းမြို့၊ ငဖဲမြို့၊ တိုင်တားမြို့၊ စေတုတ္တရာမြို့၊ စကုမြို့၊ လယ်ကိုင်းမြို့၊ ဘောင်းလင်းမြို့၊ ဤ ခုနစ်မြို့တို့တွင် ချင်း၊ ကချင် အင်ကျယ်လူ ၁၀၀–ကို သား မယား မြေးမြစ် ချင်းတို့ပေါင်း |

| | | |
|---|---|---|
| | ကျန်စစ်မင်း | ၅၀–နှင့်တကွအရံတော်စောင့် အဖြစ် ရွှေကရားနှင့် ရေစက် သွန်းချလှူဒါန်းတော်မူသည်။ နှစ်စဉ် ရွှေပန်းခိုင်၊ ငွေပန်းခိုင် တို့ကို ပုဂံမြို့မှ ပို့သလှူဒါန်း၏။ ဆီမီးဝတ်၊ သင်ပုတ်ဝတ် ဖြစ်စိမ့်သောငှာ ပန်းတိန်းမြို့နယ်ရှိ အရှေ့မန်းချောင်းထိ၊ အနောက် ပေါက်ချောင်းကျောရိုး ရွှေသားကုတင်ထိ၊ တောင်ဘုရားချောင်းထိ၊ မြောက်ကြည်းချောင်းထိ၊ နိမိတ် ၄–ရပ်တွင်း လယ်ယာ အခွန်ဘဏ္ဍာ ဆိပ်ပွဲကင်းကူးတို့ နှင့်တကွ လှူတော်မူသည်။ |
| ၅၆၃–ခု | နရပတိစည်သူ | သင်ပုတ်ဝတ် ဆီမီးဝတ် ဖြစ်စိမ့်သောငှာ အရှေ့–ဘီးကမ်း ဘီးလှမ်းဘုရားအထိ အနောက် ငမ တောင်ကောက် ကောက်စင်းစင်းထိ၊ တောင်မန်းချောင်းကောက် ကောက်စင်းစင်းထိ၊ မြောက်ရဝေလိပ်ခေါင်းကုန်းရိုးဤနိမိတ် ၄–ရပ်အတွင်း လယ်ယာအကောက်အခွန်တရားကွမ်းဖိုးနှင့် တကွ လှူတော်မူ၏။ |
| ၅၇၃–ခု | ဓေယျသိခ် | ကိုယ်တော်လေး ရွှေမျက်ပါး ခတ်ပြီးလှူဒါန်း၏။ သက္ကရာဇ် ၅၇၄– |



| | | |
|---|---|---|
| | ဓေယျသိခ် | ခုနှစ်တွင် ပရိယတ္တိ သီဟ မဟာဥပါလိဆရာတော်က တိုက်တွန်း၍ စက်တော်ရာ နှစ်ဆူ ကို အဖူးအမြော်ရောက်သည်။ |
| ၅၉၆–ခု | ကျစွာမင်း | အထက်စက်တော်ရာ၌ နန်းဆောင်လှူတော်မူသည်။ အောက်စက်တော်ရာ၌ ရွှေအိမ်လှူတော်မူသည်။ ပြည်မြို့နေ တပ်မှူးနှစ်ယောက်ကိုလည်း အစောင့် အရှောက်အဖြစ် လှူတော်မူ၍ အရံတော်စောင့် ယောကျ်ား ၇–ယောက် သားမယားအစုံနှင့် တကွ လှူတော်မူသည်။ ပရိယတ္တိ သီဟ မဟာဥပါလိ ဆရာတော်ကိုလည်း စကုမြို့တွင် ကျောင်း ဆောက်၍ လှူတော်မူသည်။ |

* * *

## အခန်း–၇၉

## မြေတော်ရာ ဒုတိယအကြိမ် တိမ်မြုပ်သော ခေတ်ကိုပြဆိုခြင်း

ပုဂံပြည် ကျစွာမင်း၏ သားတော် သက္ကရာဇ် ၆၂၁–ခုနှစ်တွင် နန်းတက်တော်မူသော ဥဇနာမင်းမှစ၍ ရေတွက်လျှင်–

(၁) ဥဇနာမင်း၊(၂) နရသီဟပတေ့မင်း၊ (၃) ကျော်စွာမင်း၊ (၄) စောနစ်မင်း၊ (၅) စောမွန်နစ်မင်းဟူ၍ ကျန်ပဂံမင်း၅-ဆက်။

ထိုနောက် ပုဂံပြည်ပျက်၍ ပင်းယပြည်...

(၁) သီဟသူမင်း၊ (၂) ဥဇနာမင်း၊ (၃) ငါးစီးရှင်ကျော်စွာမင်း (၄) ကျော်စွာငယ်၊ (၅) နရသူမင်း၊ (၆) ဥဇနာပြောင်မင်း ဟူ၍ ပင်းယမင်း ၆-ဆက်။

ထိုနောက် ပင်းယမင်းဆက်ပျက်လျှင် စစ်ကိုင်းတည်ရာ-

(၁) အသင်္ခယာစောယွမ်း၊ (၂) တရဖျားကြီး၊ (၃) ရွှေတောင်တက်မင်း၊ (၄) ကျစွာမင်း၊ (၅) ဆင်ဖြူရှင်နော်ရထာမင်းရဲ (၆) ဆင်ဖြူတရဖျားမင်း၊ (၇) မင်းပြောက် ဟူ၍ စစ်ကိုင်းမင် ၇-ဆက်၊ ထိုနောက် စစ်ကိုးပျက်၍ အင်းဝတည်ပြန်ရာ-

(၁) သတိုးမင်းဖျား၊ (၂) မင်းကြီးစွာစော်ကဲ၊ (၃ ဆင်ဖြူရှင်တရဖျားဟူသော အင်းဝမင်း ၃-ဆက်မြောက်အထ စုစုပေါင်း ၂၁-ဆက်၊ နှစ်ပေါင်း ၁၅၀-တိုင်တိုင် မင်းမျိုးမတ ပြည်သူတို့ ဖူးမြော်ခြင်းမပြုနိုင်ကြသဖြင့် ခြေတော်ရာ တန်ခိုး တိမ်မြုပ်နေပြန်သည်။

ဤကား ဒုတိယမြောက် ခြေတော်ရာ တန်ခိုးတိမ်မြုပ်နေသောခေတ် ဖြစ်ရပါသည်။

* * *



## အခန်း-၈၀

## အင်းဝမင်းသုံးဆက်တို့၏ အလှူတော်စာရင်း

| ဘုရားဖူး သက္ကရာဇ် | တိုင်းပြည်နှင့်မင်း | ကုသိုလ်တော်ဒါန |
|---|---|---|
| ၇၆၇-ခု | ပထမမင်းခေါင် | သင်ပုတ်ဝတ်၊ ဆီမီးဝတ်ဖြစ်စိမ့် သောငှာ ငဖဲမြို့နယ် အတွင်း အရှေ့ ဂူတော်နိမ့်ထိ၊ တောင်-တမာ ရေမြက်ထိ၊ မြောက်-မန်း ချောင်းထိ နယ်လေးရပ်အတွင်း အခွန်အတုပ်များကို လှူတော်မူ သည်။ |
| ၇၉၂-ခု | မိုးညှင်းမင်းတရား | တန်ဆောင်း ပြသာဒ် ၂-ဆောင် နှင့်တကွ မင်းခမ်းအစုံ လှူတော် မူသည်။ |
| ၈၁၄-ခု | ဒုတိယမင်းခေါင် | ဘုံ ၇-ဆင့် ပြသာဒ် ၂-ဆောင် လှူသည့်အပြင် ပန်းထိမ်မင်းကြီး မင်းအင်ပြဲဦ၊ မင်းရွှေမှန်တို့ကို သားမယားစုံ ၂၀ နှင့်တကွ လှူတော်မူသည်။ |

## အခန်း-၈၁

## ခြေတော်ရာ တတိယအကြိမ် တိမ်မြုပ်သော

## ခေတ်ကို ပြဆိုခြင်း

အင်းဝဘုရင် ဒုတိယမင်းခေါင်၏ သားတော် (သက္ကရာဇ် ၈၆၃-ခုနှစ်တွင် နန်းတက်သော) ရွှေနန်းကြော့ရှင် နရပတိ မင်းလက်ထက်မှစ၍ နိုင်ငံတော် မငြိမ်မသက်ပျက်ပြားလျက်ရှိရာ "ဂငယ် သုံးခု ဥသျှစ်ထု" ဟူသော စကားနှင့်အညီ သက္ကရာဇ် ၈၈၈ ခုနှစ်၌ အင်းဝပြည်အလုံးကို သိမ်းကျုံး၍ တိုက်ခိုက်သော သိုဟန်ဘွားမင်းလက်ထက်တွင်ကား သာသနာကို မကြည်ညို၊ ဘုန်းကြီးများကိုသတ်၊ ပိဋကတ်တော်ကို မီးရှို့၊ စေတီတို့မှ ဌာပနာ ဟူသမျှ ဖောက်ယူကာ၊ တိုင်းပြည်ကြီး ကြွက်ကြွက်ဆူနေသဖြင့် ပြည်သူအများ မန်းစက်တော်ဘုရားသို့ သွားလာမှု မပြုနိုင်ခဲ့ရှိရာ အင်းဝ မင်း ၂၁-ဆက်မြောက် အနောက်လွန်မင်းတရားအထိ သက္ကရာဇ် ၉၉၀ ပြည့်နှစ်တိုင် (နှစ်ပေါင်း ၁၂၇-နှစ်ခန့်) မန်းစက်တော်ရာ ၂-ဆူသို့ လူသူအရောက်နည်းပါး တန်ခိုးတိမ်မြုပ်သွားရခြင်း ဖြစ်ပါသည်။

ထိုအနောက်ဘက်လွန်မင်းတရား၏ ညီတော် သာလွန်မင်းတရားကြီး လက်ထက်ရောက်မှ တောင်ဖီလာဆရာတော်အပါအဝင် ဆရာတော်ကြီး ၄-ပါးတို့ ခြေတော်ရာရှာ ထွက်ကြွကြသည်ဟု



ဆိုသောကြောင့် ဤအကြိမ်သည် တတိအကြိမ် ခြေတော်ရာ တိမ်မြုပ်နေရခြင်း ဖြစ်ကြောင်း ကောင်းစွာ မှတ်သားသင့်ပါသည်။

* * *

## အခန်း-၈၂

## တောင်ဖီလာ ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ

တောင်ဖီလာ ဆရာတော်ဟူသော ကျော် ၄-ပါး အပါအဝင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သက္ကရာဇ် ၉၄၀-ပြည့်နှစ်တွင် စလင်းမြို့၌ ဖွားမြင်တော်မူသည်။

သက်တော် ၁၄-နှစ်ကပင် ဝေဿန္တရာပျို့ဟောင်းကို စပ်ဆိုတော်မူသည်။

ပြည်မြို့ ဘုရင်ရန်နိုင်မှူးက ပဥ္စင်းဒါယကာခံတော်မူသည်။ ရဟန်းဘွဲ့မှာ ရှင်မုနိန္ဒဃောသ ဖြစ်သည်။

အနောက်ဘက်လွန်မင်း ပြည်မြို့ကို ၉၇၀-ခုနှစ်တွင် တိုက်ရာ ပြည်မြို့ ပျက်သော်လည်း ၁၃-နှစ်သား ငထောင်ငယ်ဆိုသူက မိမိအရှင် ပြည်မင်းရန်နိုင်စားအနီးတွင် ဓားလက်နက်နှင့် ခုခံ နေလေသည်။ ငထောင်ငယ်၏ ဦးရီးတော် ဘယဂါမဏိက "ဟယ်-ငထောင်ငယ်၊ လူပျိုလူရွယ် ပီသလှသည်။ သို့ရာတွင် တို့ပြည်မြို့ ပျက်လေပြီ၊ အညံ့ခံတော့" ဟု အော်ဟစ်ပြောဆိုမှ "သူ့ဆန်စား၍ ရဲရတော့ သည်"ဟုဆိုကာ လက်နက်ချလေသည်။

အနောက်ဘက်လွန်မင်း ပြည်မြို့ကို ငါတိုက်သည်မှာ ရှင်တစ်ဆူ၊ လူတစ်ယောက်သာ ရသည်ဟုဆိုတော်မူ၏။ လူတစ်ယောက်မှာ ငထေင်ငယ်ကို ဆို၍ ရှင်တစ်ဆူဆိုသည်မှာ 'တောင်ဖီလာ အကျော်ဆရာတော်သည်တည်း' ဟု ရာဇဝင်များ၌ တွေ့ရှိရသောကြောင့် သရေခေတ္တရာပြည် (ယခု ပြည်မြို့) မှ အင်းဝသို့ ပင့်ဆောင်လာခြောင်း ထင်ရှားလေသည်။

အနောက်ဘက်လွန်မင်းတရား၏ ညီတော် သာလွန်မင်းတရားသည် သက္ကရာဇ် ၉၉၁–ခုနှစ်တွင် အင်းဝထီးနန်းကို သိမ်းမြန်းစိုးအုပ်မင်းလုပ်တော်မူပြီးနောက် စစ်ကိုင်းတွင် ဗိမာန်ရတနာ မည်သောလေးထပ်ကျောင်းကြီး၌ ဆောက်လုပ် ပူဇော်တော်မူသည်။ ထိုပူဇော်သောနေ့၌ပင် 'တိပိဋကာ လင်္ကာရဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူခြင်း ခံရသည်။

သက္ကရာဇ် ၁၀၀၀–ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် မြစ်ကြောင်းမှ စုန်တော်မူ၍ ခြေရာတော် (စက်တော်ရာ) ရှာထွက်တော်မူသည်။ ၎င်းမှအပြန် ထိုနှစ်တည်းမှာပင် ဗိမာန်ရတနာကျောင်းကြီးအသီးသီးတို့ကို စွန့်ခဲ့ပြီးလျှင် မင်းဝံတောင်ကြားချောက်ကြီးတောင်ဖီလာ ကာဆီးသောနေရာသို့ အရညဝါသီဇကစာရီ တောမှီခိုပြောင်း အောင်းတော်မူသောကြောင့် သီတင်းသုံးသည့် နေရာကိုအစွဲပြု၍ တောင်ဖီလာဆရာတော်ဟူ၍ ကျော်ကြားတော်မူသည်။

ထို့နောက် သက္ကရာဇ် ၁၁၀၃–ခုနှစ် သက်တော် ၇၃–နှစ်တွင် ကဝနတ်ထံ ပျံလွန်တော် မူလေသည်။



မြန်မာနိုင်ငံ ကျမ်းတတ်အကျော်

ဆရာတော် ၄–ပါးမှာ

၁။ ပုဂံသဒ္ဒနီတိ ဆရာတော် ရှင်အဂ္ဂဝံသ

၂။ စစ်ကိုင်းဆရာတော် ရှင်အရိယာဝံသ

၃။ အင်းဝဆရာတော် ဝရာဘိသံဂ်နာထ

၄။ တောင်ဖီလာဆရာတော် ရှင်မုနိန္ဒဃောသတို့ ဖြစ်ကြသည်ဟု အရာအစဉ်အဆက် ပြောဆို မှတ်သားခဲ့ကြပါသည်။

## အခန်း–၈၃

## တောင်ဖီလာဆရာတော်အဖွဲ့ ခြေတော်ရာရှာထွက်ခြင်း

အနောက်ဘက်လွန်မင်းတရား၏ညီတော် သာလွန်မင်းတရားကြီး လက်ထက်ရောက်မှ အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကာလင်္ကာရဆရာတော်တို့နှင့် (သီရိသုဓမ္မရာဇဂုရုဘွဲ့တော်ရ) *တောင်ဖီလာဆရာတော်၊ ဤဆရာတော်လေးပါးတို့က* မြတ်စွာဘုရား ချထားတော်မူသော ပါဒစက်တော်ရာ ၂–ဆူသည် သမိုင်းကြီး–၁၆ (၁၄–ကြိမ်)



မြတ်စွာဘုရား–ချထားခြေရာ။ များမြောင်ချိန်ငုပ်–တိမ်မြုပ်နေတာ။
သာလွန်လက်ထက်–ထွက်လျက်ဖွေရှာ။ အတွေ့ထူး–ကျေးဇူး တောင်ဖီလာ။



ရှေးမင်းအဆက်ဆက်တို့၌ အထင်အရှား သွားလာလှူဒါန်း ပူဇော်ကြရလျက် ဒုတိယမင်း ခေါင်း၏ သားတော် ရွှေနန်းကြော့ရှင် လက်ထက်မှစ၍ မင်း ၉–ဆက်မြောက် နှစ်ပေါင်း ၁၂၇–နှစ်ကျော် ကွယ်ပတိမ်မြုပ်နေသည်ကို ရှာဖွေလိုကြောင်းနှင့် သာလွန်မင်းထံ မေတ္တာရပ်ခံစာ တင်သွင်းရာ ဆရာတော်ကြီး လေးပါးကို နောက်ပါ သံဃာ ၁၂–ပါးနှင့်တကွ စားနပ်ရိက္ခာ အပြည့်အစုံ စီးနင်းစုံဆင်း သွားလာရန် လှေတက် လှူသူနှင့်တကွ ပေးအပ်လှူဒါန်းတော်မူ၍ သက္ကရာဇ် ၁၀၀၀–ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ မြစ်စဉ်တစ်လျှောက် စုံတော်မူရာ ယခု မင်းဘူးဆိပ်ကမ်း၌ လှေကို ဆိုက်ပြီးမှ ကုန်လမ်း ခရီးဖြင့် အစဉ်လိုက်သွားရာ စက်တော်ရာအနီး ယခုရွာတည်ရာ အရပ်တွင် သစ်ပင်ကြီးတစ်ပင်၌ စခန်းချတော်မူကြ၏ဟု ရှေးဟောင်း ပဒဒေတိယ ဒီပနီကျမ်းတွင်ဆို၏။

**မှတ်ချက်။** ။ ဤကဲ့သို့ ဆရာတော်ကြီးများ (ခြေတော်ရာ ရှာအဖွဲ့)စခန်းချသောအရပ်သည် ယခု စကုမြို့ အနောက် ၆–မိုင် အကွာတွင်ရှိသော မရှက်ရွာအနီး သစ်ပင်ကြီးတစ်ခု၌ စခန်းချ တော်မူ၏ဟု နောက်သမိုင်းဆရာတို့က ယူဆတော်မူကြပြန်၏။ အလိုရှိရာ ယူဆတော်မူကြပါကုန်။

ထိုစခန်းချရာအရပ်၌ ညဉ့်အခါတွင် ပရိတ်ရွတ်ခြင်း၊ ကျမ်းဂန် ကို သရဇ္ဈာယ်ခြင်းတို့ဖြင့် ညဉ့်နှစ်ယံကို လွန်စေ၍ ခေတ္တကျိန်းတော် မူကြရာ ညဉ့်သုံးချက်တီးကျော် ငါးမောင်းခန့် အချိန်တွင် တောင်ဖီလာ ဆရာတော် အိပ်မက်မြင်မက်သည်ကား လူတစ်ယောက်သည် လုံး

ကိုဆွဲကိုင်လျက် ခွေးနက်ကြီးနှင့် ဆရာတော်ရှေ့သို့ လာကြပြီးလျှင် ဘုန်းကြီးတို့လာကြသည်မှာ တော်အုပ်ကြီးမားလှ၍ ခြသေ့်၊ သစ်ကျား၊ သားရဲ၊ မြွေကင်း စသော ဘေးအန္တရာယ် အလွန်များခြင်းဖြစ်မည်ကို မသိ၍ လာကြသလောဟု မေး၏။

ထိုအခါ ဆရာတော်က ဒါယကာ၊ ငါတို့သည် မြတ်စွာဘုရား ခဏ္ဍာသိမ်တော်အတွင်း၌ ဥပသမ္ပဒ ရဟန်းအဖြစ်ကို ရသော ဘုရားသားတော်စစ်များဖြစ်သည်။ ငါတို့အဘ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဤဒေသ၌ ချထားတော်မူခဲ့သော ခြေရာနှစ်ဆူရှိကြောင်း၊ ရှေးမင်းအဆက်ဆက် သွားလာရောက်ပေါက် ပူဇော်ကြရလျက် ယခုနှစ်ပေါင်း ၁၂၇–နှစ်ကျော် ကွယ်ပတိမ်မြုပ်လျက်ရှိကြောင်းကို စာပေါင်း စကားစဉ် ရှိထားသည်ဖြစ်၍ ရှာဖွေပူဇော်ရန် ငါတို့လာကြ သည်ဟု ပြောဆိုလျှင် မနက်လင်းသည့်ကာလ ခွေးနက်ကြီးဝင်ရာ တောသို့လိုက်လျှင် တွေ့လိမ့် မည်ဟု ပြောစဉ် အိပ်ရာမှ နိုးလေ၏။

တောင်ဖီလာဆရာတော်က ထိုသို့ မြင်မက်သော အိပ်မက်ကို ဆရာတော် ၃–ပါးအား ပြန်ကြားတော်မူရာ ဆရာတော် ၃–ပါးက–

ဗာရာဏသီပြည် ဥသိနကမင်းလက်ထက် ကဿပမြတ်စွာဘုရား သာသနာတော်ကို ညှိုးနွမ်းသည်ဆိုကြောင်း၊ ထိုအခါ သိကြားမင်းက မုဆိုးအယောင်၊ ဝိသကြုံနက်သားက ခွေးနက်ကြီး အယောင်ဆောင်၍ သာသနာကို ထောက်ပံ့လာကြောင်းနှင့် မဟာကဏှဇာတ်



တွင်လာသည်။ ယခုလည်း ငါတို့မြတ်စွာဘုရားခြေတော်ရာ ၂–ဆူ ကွယ်၍ သာသနာတော်ညှိုးနွမ်းသည်ကို သိကြားမင်းသည် ကိုယ်ထင် မဆောင် အရိပ်အယောင်ဖြင့် စောင်မချီးမြှောက်လာသည်ဟု ယူဆရမည်။ လင်းသည့်ကာလ ခွေးကြီးကို တွေ့ခဲ့ပါသော် စင်စစ် ငါတို့ အကျိုးပြီးလိမ့်မည်ဟု နိမိတ်ဖတ်တော်မူကြ၏။

ဆရာတော်များသည် မိုးလင်းသည့် ကာလ နံနက် ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရာမှ ကြွသွားရာလေသော် ခွေးနက်ကြီးတစ်ကောင် ရှေ့ဆောင်ညွှန်ကြား အသွားမပျက် ခရီးဆက်ခဲ့ကြလျှင် နမ္မဒါမြစ်ကမ်းသို့ အကူးခွေးထူးကြီး ကွယ်လေရာ ဆရာတော်တို့လည်း အစဉ်တစိုက် ကူး၍လိုက်လာကြသဖြင့် မြစ်တစ်ဘက်သို့ ရောက်လျှင် ကမ်းထိပ်တွင် ဘီလူးတစ်ယောက် ထိုနေလျက် ဘုန်းတော်ကြီးတို့ ဘာကို ရှာဖွေကြသနည်းဟု မေး၏။ ဆရာတော်တို့ကလည်း အကြောင်းကို ပြောဆိုပြီးလျှင် ဘီလူးက ပထမခြေတော်ရာတည်းဟု အောက်ခြေတော်ရာကို ပြလေ၏။

ဆရာတော်တို့လည်း ဘုရားသခင်ကို ကိုယ်ထင်ဖူးတွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိခိုးပူဇော်ကြလျှင် စေတီတော်မှ ရောင်ခြည်တော် ခြောက်ဆိုင်တို့သည် တစ်ပြိုင်နက်ထွက်၍ လွှတ်လေ၏။ ရောင်ခြည်တော် စဲလျှင် ဘီလူးက ဤကား ပထမခြေတော်ရာ၊ အထက်တောင် ပေါ်မှာ ဒုတိယခြေတော်ရာ ရှိသေးသည်။ တောင်ထိပ်သို့ တက်လော့ဟု တိုက်တွန်း၏။

ဆရာတော်တို့လည်း တောင်ထိပ်သို့တက်လျှင် အထက်စက်တော်ရာမှ ထန်းလုံးပမာဏရှိသော ရောင်ခြည်တော်သည် ကောင်းကင်သို့ တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သကဲ့သို့ ဝင်၏။

ဆရာတော်တို့လည်း ပူဇော်သက္ကာရပြုကြပြီးလျှင် ညဥ့်အခါ တောင်ဖီလာဆရာတော် ဘုရားသည် ပဋ္ဌာန်းကျမ်းကြီးကို သရဇ္ဈာယ် ရွတ်ဖတ်ရာ တောင်စောင့်နတ်တို့သည် လာ၍နာကြကုန်၏။ နောက် သောတာပန်သည် နတ်တို့ လာကုန်၏။ ထိုအခါ ဆရာတော်က အသူနည်းဟု မေးလျှင် ငါ သောတာပန်နတ်ဟု ပြော၏။ သင် သောတာပန်ဖြစ်လျှင် ငါတို့ ဆရာမြတ်စွာ ဘုရားကို မီလိုက်၏ လောဟု မေးပြန်၏။ နတ်ကလည်း မီလိုက်၏ဟု ပြန်ဆို၏။ သင်မီလိုက်လျှင် ယခု ငါဟောသော ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရား ဟောတော်မူသည်နှင့် ပုဒ်အက္ခရာ ညီညွတ်ပါ၏ လောဟု မေးတော်မူပြန်၏။

ထိုအခါ နတ်က ဘုရားသခင် ဟောတော်မူသည်နှင့် ထောက် သော် ပုပ်နံ့လှစွာသော ငါးပိကို ပေါက်ဖက်နှင့် အထပ်ထပ် လုပ်လျှင် အပေါ်ဆုံးဖက်နံ့နှင့်တူ၏ ဟုဆို၏။

ထိုအခါ ဆရာတော်က အချင်းနတ်သား၊ သင့်သည် သောတာပန်ဟူ၍ကား ဝန်ခံ၏။ ယခု သင်ဆိုသော စကားသည် သောတာပန်စကား မထွက်၊ ပျက်ချော် ချွတ်ယွင်းစွတကား၊ ငါရွတ် သော ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရား ဟောတော်မူသည်နှင့် ပုဒ်အက္ခရာ မပျက်မစီး ကျနညီညွတ်မှန်ကန်၏။ ငါဆိုတိုင်း မမှန်လျှင် ငါ့ဦးခေါင်းထက် စက်သွားရောက်သည်ဖြစ်စေ သောဟု မိန့်တော်မူ၏။

ထိုအခါ နတ်ကလည်း ဘုန်းကြီး၊ သင်ဆိုတိုင်း မှန်ပေ၏။ သို့သော်လည်း ဘုန်းကြီးကို မဆုတ်မနစ် အားထုတ်စိမ့်သော်ငှာ



နှိမ်၍ ဆိုပေသည်။ ကြိုးစား၍ ဘုရားဆုကိုတောင်းပါဟု တိုက်တွန်း၍ ကွယ်လေ၏။

ထိုနေ့ မိုးသောက်လျှင် နတ်တို့လှူသော ဆွမ်းကွမ်းလက်ဖက် များကို သုံးဆောင်ရာ၏။ ထိုမှတစ်ဖန် သက်ဆင်းပြန်၍ အောက် စက်တော်ရာကို ပူဇော်ပြီးလေလျှင် ပုံသက္ကဒုက္ကဋ် သက်န်းဖြင့် လွှမ်းအုပ်လျက် ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤသင်္ကန်း၌ ၁၀၈- ကွက်သော စက်လက္ခဏာ တော်သည် ထင်သည်ဖြစ်စေသတည်းဟု မိန့်တော်မူလျှင် သင်္ကန်းသည် ကြိုးကြာရုပ်ကဲ့သို့ ကုန်း၍ထ၏။ ထိုသို့ ထသည်ကို ဆရာတော်မြင်လေလျှင် ကြိုးလည်းကြိုးစား ကြာလည်း ကြာလေဦးမည်ဟု နိမိတ်ဖတ်တော်မူပြီးလျှင် စက်တော်ရာ ၂-ဆူကို ချည်မျှင်ဖြင့် ကွင်း၍ အင်းဝ နေပြည်တော်သို့ ပြန်သည်ကြွတော်မူလေသည်။

*   *   *



ဖြဟ္မာနတ်ရုပ်၊ ဆယ့်ခြောက်ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံအာကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်မိုးဖျား၊ သိကြားဖြဟ္မာ၊ တုရေးရှာလည်း၊ ဘယ်မှာအမျှ၊ အတုရလိမ့်၊ အသမအသမာ၊ သုံးလူ့ချာ၏၊ ရတနာထွန်းလည်းနီ၊ ဆင်းသန့်သန့်၊ အနာန့်တစ်ထောင်၊ ရွှေရောင်ခြယ်ကာ၊ တစ်ရာ့ရှစ်ကွက်၊ ခြေတော် စက်ကို၊ ဖွဲ့မက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျင်ဆော ရောက်စေသောဝ်။

## အခန်း–၈၄
## သာလွန်မင်းတရား၏ ကြည်ညိုမှုကို အတုယူသင့်ကြောင်း

တောင်ဖီလာဆရာတော် အမှူးပြုသော ခြေတော်ရာရှာအဖွဲ့သည် အင်းဝမြို့ပေါ်သို့ ပြန်လည် ရောက်ရှိလေလျှင် သာလွန်မင်းတရားကြီးအား ချည်ကွင်းကို ပေးဆက်၍ ထွက်ကြွတော်မူကြသော နေ့မှစ၍ မကုလ၊ နမ္မဒါတို့၌ စက်တော်ရာ ၂–ဆူတွေ့ရှိပုံအကြောင်းများကို စေ့စုံစွာ ပြန်ကြားပြောဆိုတော်မူကြလေသည်။

မင်းကြီးသည်လည်း ဆရာတော်တို့ ယူဆောင်လာသော စက်တော်ရာ ၂–ဆူ၏ ချည်မျှင် ချည်ကွင်းကို ရွှေနန်းတွင်းပရိတ်တော်ဆောင်၌ နဝရက်ကိုးဖြာ ရတနာတို့ဖြင့်ပြီးသော မဟာဗိတာန် (မျက်နှာကြက်) အောက်တွင်ထား၍ ညအခါ ဆီမီးရောင်စုံ အုံ့ဖုံ့ထွန်းညှိပူဇော်ခြင်း၊ ဆရာတော် တို့ကလည်း မဟာနမက္ကာရ ရွတ်ဖတ်၍ ဝတ်တက် ဝတ်ကပ်ပြုကြရာ ချည်မျှင်တော်မှ ညိုသောရောင်ခြည်တော်ထွက်ပေါ်၍ တစ်နန်းတော်လုံး မှောင်ဖြင့်ဖုံး၏။ ထို့နောက်ဖြူသောရောင် ခြည်တော်လွှတ်မှ ပရိတ်ဆောင်ဇုင်အလင်းရောင် တောက်ရပြန်သည်။ ဤသို့လျှင် အစဉ်အတိုင်းခြောက်သွယ်သော ရောင်ခြည်တော်တို့ ထွက်ပေါ်လာသည်ကို တွေ့မြင်ရသော သာလွန်မင်းတရားကြီးသည် သက်တော်ထင်ရှား



မြတ်စွာဘုရားအား ဖူးတွေ့ရသကဲ့သို့ များစွာသောပီတိဝမ်းမြောက်ခြင်းရှိလှလေလျှင် ရွှေစင်နှာရံကာဖြင့် ပြီးသော ရတနာရွှေကြုတ်တွင်းသို့ ချည်မျှင်ချည်ကွင်းကို ထည့်သွင်းပြီး ကိုးကွယ်ပူဇော်ခြင်းပြုလေသည်။

၎င်းအပြင် အရပ်ရပ်သော စော်ဘွားမြို့စားတို့ နေထိုင်ရာ ထိုထိုမြို့ရွာများသို့လည်း ချည်မျှင်နှင့် တကွ ရွှေကြုတ်ကို များစွာသော ပြည်သူတို့ ကြည်ဖြူစွာ ဖူးမြော်ကြရန် ပို့လေသည်။ ထို့နောက်ကား သာလွန်မင်းတရားကြီးသည် မန်းစက်တော်ရာ ၂–ဆူ၌ တန်ဆောင်းပြသာဒ်နှင့်တကွ ဇရပ်များကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူသည်။

**မှတ်ချက်။** ။ ဤသည်ကို ထောက်ရှု၍ ယခုအခါ မန်းစက်တော်ရာ ဘုရားကြီးသို့ ဘုရားဖူး လာကြသော ရဟန်းရှင်လူ ပြည်သူအများတို့ဆိုလျှင် မြတ်စွာဘုရား ခြေတော်ရာအစစ်ကို ဖူးမြော်ကြရာ၌ (ခြေတော်ရာတိုင်းသော ချည်မျှင်ကွင်းကိုပင် ရိုသေလေးစား ပူဇော်ခြားသော အင်းဝဘုရင် သာလွန်မင်းတရားထက်) ဆတက်ထမ်းပိုးတိုး၍ ယုံကြည်မှု၊ ပူဇော်မှု၊ ရိုသေမှု ပြုသင့်လှပါကြောင်း စိတ်ရင်းကောင်းဖြင့် သတိပေးနှိုးဆော်ရပါကြောင်း။

* * *

## အခန်း–၈၅
## အင်းဝမင်းဆက်၏ အလှူတော်စာရင်း

| ဘုရားဖူး သက္ကရာဇ် | တိုင်းပြည်နှင့်မင်း | ကုသိုလ်...[illegible]...ဒါန |
|---|---|---|
| ၁၀၁၄–ခု | ပင်းတလဲမင်း (ငါးထပ်ကြီးကာ) | ယွန်းဆက် မုခ်ဦးနှင့် တကွ ပြသာဒ် ၂–ဆောင် လှူတော်မူသည်။ |
| ၁၀၂၀–ခု | ၎င်း၏ဦးရီးတော် မင်းရဲသီဟ | ကြေးပြသာဒ် ၂–ဆောင်လှူတော်မူသည်။ |
| ၁၀၄၄–ခု | | တပို့တွဲလဆုတ် ၆–ရက် အင်္ဂါနေ့တွင် အထက်စက်တော်ရာ တန်ဆောင်းကို မီးအန္တရာယ်ပြုလေသည်။ |
| ၁၀၄၉–ခု | ရွှေကျမ်းဘုန်းကြီး | ပသာဒနိယပြု၍ ဆောက်လုပ်လှူဒါန်းသည်။ |
| ၁၀၅၇–ခု | ဗိုလ်မှူးမင်းရဲသီဟ | ကောင်းမှု စက်တော်ရာ တန်ဆောင်းကို ရေအန္တရာယ်ပြု၏။ |
| ၁၀၅၇–ခု | ကျွှာမင်းကြီး ဆရာတော်မဟာ ဥပါလီတပည့်စကု မြို့ပြသာဒ်ကျောင်း ဆရာတော်ကြီးမှူး၍ | ပြသာဒ် တန်ဆောင်းကြီးဆောက်လုပ်ပူဇော်သည်။ |

* * *



## အခန်း–၈၆
## အရာမ်စောင့်များဖြစ်ပုံကို ပြဆိုခြင်း

ရှေးမင်းတို့ လက်ထက်က အရာမ်စောင့်တို့ကို စစ်မေးသော[illegible]ခါ ထွက်ဆိုသော ထွက်ချက် မှတ်တမ်းများကို ရှာဖွေကြည့်ရှု[illegible]င်းဖြင့်–

**အထက်စက်တော်ရာတွင်**

[illegible]ဘက်မျက်နှာ အနောက်စောင်းတန်းမှာ–

**ဘို့မယ်စောင်းတန်း**

[illegible]ဘက်မျက်နှာ အရှေ့ အလယ်စောင်းတန်း–

**မင်းငယ်ကျော်စောင်းတန်း**

[illegible]ဘက်မျက်နှာ အရှေ့စွန်စောင်းတန်း။

**ဆင်များရှင်စောင်းတန်း**

[illegible]ရှ့မျက်နှာမြောက်ဘက်စောင်းတန်းမှာ–

**ဖအိုင်းမြို့သူကြီးစောင်းတန်း**

[illegible]နောက်မျက်နှာ တောင်ဘက်စောင်းတန်းမှာ–

**ပန်းထိမ်း မြို့သူကြီး ဓေယျသမန္တသူ စောင်းတန်းများ** ကြောင်းကို တွေ့ရှိရပါသည်။

**မှတ်ချက်။** ။၎င်းစောင်းတန်းတို့မှာ ရှေးမင်းများလက်ထက် လှူဒါန်းခဲ့သော စောင်းတန်းနှင့် အမည်များဖြစ်၍ ယခုအခါ [illegible]စောင်းတန်းများအစား ပြုပြင်ပြောင်းလဲထားသော သံတန်ဆောင်[illegible]င်းတန်းကြီးများသာ တွေ့မြင်ရပါတော့သည်။

ယခုရှိသော အရာမ်စောင့်တို့မှာ ဒုတိယအင်းဝမြို့တည် နန်းတည် ညောင်ရမ်းမင်းတရားလက်ထက် လီတော်သတိုးမင်းရဲဇေယျရာဇ်ကို ဟံသာဝတီသို့ စေတော်မူရာ စ[illegible]နှစ်ဆူကို အဖူးအမြော် ဝင်တော်မူ၍ မင်းမှုတော် လစ်လပ်သည်နှင့် အမျက်တော်ရှိသဖြင့် သနားတော်မူရင်း သတိုးဘွဲ့နှင့် ဆင်၊ မြင်း၊ ရဲမက်၊ လက်နက်တို့ကို နုတ်သိမ်းပြီးလျှင် မင်းရဲဇေယျရာဇ်ဘွဲ့နှင့် စက်တော်ရာ ဘုရားတွင် အစောင့်အကြီး ထားတော်မူသည်။

မင်းရဲဇေယျရာဇ် အနိစ္စရောက်သော် ၎င်း၏သားငထွေး၊ ၎င်းသား ငအောင်၊ ၎င်းသားငကြင်၊ ၎င်းသား ငကျွဲသို့တိုင် မင်းရဲဇေယျရာဇ် ဘွဲ့နှင့်ပင် အရံစောင့် လူတို့တွင် အကြီးအအုပ် ပြုလုပ်စောင့် ရှောက်ရပါကြောင်း။

## မင်းရဲဘွဲ့ကိုနုတ်ခြင်း

ငကျွဲသား ငကုလား ဆက်လက် အုပ်စိုးလျက်ရှိနေစဉ် အလောင်းမင်းတရားကြီး (ဦးအောင် ဇေယျ) တလိုင်း(မွန်)နိုင်ငံကို သိမ်းယူပြီးနောက်မှ အရာမ်စောင့်အား မင်းရဲဘွဲ့ကိုနုတ်၍ ဇေယျရာဇ်ဘွဲ့နှင့် ငကျွဲသား ငကုလား၊ ၎င်းသားငပေါစ၊ ၎င်း၏သားငကေး၊ ၎င်း၏သားငထွန်းစံ၊ ၎င်းသား ငရွှေဘိုးသို့တိုင်အောင် မန္တလေးမြို့ ပထမမြို့တည် နန်းတည်(မင်းတုန်း) မင်းတရားကြီးလက်ထက် အရောက် စောင့်ရှောက်အုပ်ထိန်းရကြောင်းနှင့် ဆိုထားသည်။

**မှတ်ချက်**။ ။မင်းတုန်းမင်းကြီး ဘဝနတ်ထံစံလွန်တော်မူပြီးသည့်နောက် •ဆက်ခံသော သားတော် သီပေါမှာလည်း ခမည်းတော်၏ ကုသိုလ်တော် ဒါနများဖြစ်သော အောက်စက်တော်ရာမှ တန်ဆောင်းပြသာဒ်များ မြစ်ရေအားကြီး၍ ပျက်စီးသည်ကို အသစ်အားထုတ်ပြုလုပ် လှူဒါန်းတော်မူ သည်ဟု အလှူတော်စာရင်းများ ဖော်ပြသည့် ကျမ်းစာဟောင်းများတွင် တွေ့ရှိရသဖြင့် အရာမ်စောင့်များကိုလည်း သီပေါမင်းအထိ ဆက်လက်စောင့်ရှောက် အုပ်ထိန်းကြရကြောင်း မှတ်ယူသင့်၏။



မင်းအဆက်ဆက် လှူဒါန်းသော လယ်ယာများမှ ဒသမဘာဂ ဆယ်ဖို့တစ်ဖို့ ကောက်ခံပြီးလျှင် စက်တော်ရာ ၂–ဆူတွင် ပျက်ပြားယိုယွင်းသည်ကို ပြည်ဆင်လုပ်ဆောင်၍ ကြွင်းကျန်သည်ကိုမှ အရာမ်စောင့်အကြီးတို့ စားသုံးရကြောင်းနှင့် ရှေးမင်းတို့ လက်ထက် အရာမ်စောင့်ကြီးတို့ စစ်ပေးထွက်ချက်များတွင် တွေ့ရှိရပါသည်။

* * *

## အခန်း–၈၇

## ရှင်သုဓမ္မစာရီ(အထက်) စက်တော်ရာသို့ ရွှေ့ပြောင်းခြင်းအကြောင်း

အဝမြို့ မာန်အောင်ရတနာမင်းလက်ထက် သက္ကရာဇ် ၁၀၅၀–ခု သာသနာတော် ၂၂၄၀–ပြည့်နှစ်တွင် လယ်ကိုင်းမြို့ဒေသမှ ရှင်သုဓမ္မစာရီပုဂ္ဂိုလ်သည် ဒုတိယစက်တော်ရာ (အထက်ခြေတော်ရာ) ကို ကျောက်စွန်းတောင်မြိတ်ကျသည်နှင့် နောင် ရေဆိုးမိုးပြင်းတို့ အန္တရာယ်ပြုရာသည်တရပ် ဆည်းကပ်ဖူးမြော်လာသူ ရှင်လူရဟန်း

တို့ နေရာထိုင်ခင်း ကျဉ်းကျပ်လှသဖြင့် ကျပေါက် သပျောက်ပျက်စီး ရာသည်တရပ်၊ ဤအကြောင်းနှစ်ရပ်ကြောင့် ခြေတော်ကို ကျယ်ဝန်း ညီညွတ်ရာ တောင်လယ်သို့ ရွှေ့မည်ဟု ကျောက်ကို ဆစ်ဖြတ်ပြီးလျှင် ခြောက်ပေါက်စက်ဆင်၍ လူ ၄၀၀-ခန့်နှင့် အပြင်းဆွဲငင်ရာ ခြေတော်ရာသည် တထွာနှင့်ရှစ်သစ်ခန့် ပဲ့ပြတ်၍ တောင်လယ်သို့ ပါလာလျှင် ရှင်သုဓမ္မစာရီသည် စက္ခုနှစ်ဘက် ကွယ်လေ၏။

ထိုအခါ မဏိပဗ္ဗတ သေလာဒေဝမည်သော တောင်စောင့်နတ် လာ၍ စက္ခုတဖန် ပြန်မြင် လိုလျှင် ချထားတော်မူရင်း ကွဲပြတ်သည့် ခြေတော်ရာအစိတ်ကို မြဲမြံစွာ စပ်၍ထားပြီးမှ ချထားတော်မူရင်း နေရာတွင် အပေါ်က အလျားရှစ်တောင်၊ အနံ လေးတောင် ခြောက်သစ်ရှိသော စေတီကို ဖုံးအုပ်၍တည်၊ အနံလေးတောင် ခြောက်သစ်ရှိသော စေတီကို ဖုံးအုပ်၍တည်၊ သန့်စင်ကောင်း မြတ်သော ကျောက်ကို ခြေတော်ရာ အသစ်ထု၍ တောင်းလယ်တွင် အထက်ထားလျှင် မျက်စိတဖန် ပြန်မြင်လတ္တံ့ဟု ပြောကြား၏။

ရှင်သုဓမ္မစာရီလည်း လယ်ကိုင်းမြို့ ဒေသရှိ နှမရင်း မယ်ဝထံ အကြောင်းကြားပြီးလျှင် နတ်ဆိုတိုင်း စေတီတော် ဘုရားတည်ထား ပူဇော်၏။

ဤစေတီတော်ကို ယခု ပထမစေတီဟူ၍ ခေါ်ကြ၏။ ထိုသို့ ရွှေစေတီတည်ပြီးလျှင် ရေစက်သွန်းချ အမျှပေးဝေသော ခဏ၌ ရှေးကအသွင် မျက်စိတော် အကြည်လင်၍ မြင်တော်မူ၏။

**မှတ်ချက်။** ။ ဤအကြောင်းအရာသည် သက္ကရာဇ် ၁၀၂၈-ခု မာန်အောင်ရတနာမင်း လက်ထက်ဟုဆိုရာ ရာဇဝင်၌ မာရ်အောင်

1



ရတနာမင်း နန်းတက်သက္ကရာဇ်မှာ ၁၀၆၀-ပြည့်၊ နန်းစံ ၁၃-နှစ်ဟူ၍ ဆိုထားသဖြင့် သက္ကရာဇ်ကွဲကြောင်း သိရပါသည်။

* * *

## အခန်း-၈၈
## မီးလောင်ရေစား ဖြစ်ပုံများကို ပြဆိုခြင်း

**အထက်တန်ဆောင်းဝယ် မီးအန္တရာယ်။** ။ သက္ကရာဇ် ၁၀၇၁-ခု၊ ပြာသိုလပြည့်ကျော် ၂-ရက်နေ့တွင် အထက်စက်တော်ရာ တန်ဆောင်းကြီးအား မီးအန္တရာယ် စွဲလောင်မှုပြုသည်ကို ၁၀၉၇-ခုနှစ်တွင် စကုမြို့သူကြီး၊ ပန်းထိမ်းမြို့သူကြီးတို့က ကြပ်မတ် နှိုးဆော်၍ လုပ်ဆောင် လှူဒါန်းကြလေသည်။

**အောက် တန်ဆောင်းဝယ် ရေအန္တရာယ်။** ။သက္ကရာဇ် ၁၀၉၇-ခုနှစ်၊ တန်ဆောင်မုန်းရေသည် အောက်စက်တော်ရာ တန်ဆောင်းတော်ကြီးကို တိုက်စား ပင့်ဆောင်သွားသဖြင့် စကုမြို့ ခဲတောင်ကျောင်း ဘုန်းတော်ကြီးက ကြပ်မတ်နှိုးဆော်၍ တန်ဆောင်း တော်ပြသာဒ် ဆောက်လုပ်လှူဒါန်း ကြလေသည်။

**ဝေဖန်ချက်။** ။ အထက်စက်တော်ရာ တန်ဆောင်းတော်ကြီး ကို မီးလောင်သော ခုနှစ်မှာ အင်းဝဘုရင် (စနေမင်း) လက်ထက်

ဖြစ်၍ အောက်စက်တော်ရာ တန်ဆောင်း ရေမျောသော ခုနှစ်မှာ (မဟာ ဓမ္မရာဇဘွဲ့ခံ) ဟံသာဝတီပါမင်း လက်ထက်ဖြစ်လေသည်။

ထိုမင်းများသည် အင်းဝဘုံရင် နောက်ဆုံးမင်းများ ဖြစ်ကြရာ တရုတ်၊ ယိုးဒယား ကသည်းများက မြန်မာနိုင်ငံတော်ကို ထိပါးနှောင့်ယှက် ဘုန်းတန်ခိုးအာဏာ ပျက်နေသောအချိန်ဖြစ်၍ ဒေသဘိုင်ရာသူကြီးများ၊ ဘုန်းတော်ကြီးများက ကြံ့ပံ့မတ်ပြင်ဆင်ရသည်ဟု မှတ်ယူရန်ရှိပါသည်။

* * *

## အခန်း–၈၉

## မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ အလှူတော်စာရင်း

သက္ကရာဇ် ၁၂၁၄–ခုနှစ်၊ နန်းတက်တော်မူသော မန္တလေးရတနာပုံ ပထမမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးသည် သက္ကရာဇ် ၁၁၃၈–ခုနှစ်က စဥ့်ကူမင်း လှူတော်မူသည့် ပြာသာဒ် တန်ဆောင်းဟောင်းနွမ်းပျက်ပြား ရှိသည်ကို သုတ်သင်သန့်ရှင်းပေးလျှင် အသစ်ထပ်မံပြီး ကြီးကျယ်စွာ ဘုံခုနစ်ဆင့်ဆောက်လုပ်ပြီးလျှင် ရွှေစင်ချိန် ၁၀၀၀–ကျပ်ကို မျက်ပါးခတ်၍ စေတီတော်မြ●နှင့်တကွ ပြာသာဒ်တော်ကြီး ထီး၊ စမုတ်ပျံ၊ ဝေယံပန်းကုံး၊ မုခ်လုံး မုခ်တွဲတို့၌ ရိုးရဲတောက်လောင် ရွှေတောင်ကြီး



အလျားချထား မွမ်းမံပြီးလျှင် ကရဝိက်ကျူးဟန် နတ်စောင်းသံကဲ့သို့ ညံတသဲသဲ တွဲရရွဲလျှင် ဆွဲကာဆွဲကာရတနာ ဆည်းလည်းလုံးကြီးလုံးငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ပြာသာဒ်တော်ကြီး ၂–ဆောင်ကို လုပ်ဆောင်လှူဒါန်းခြင်း၊ ပြာသာဒ်တော်အောက်ခြေ (ဖိနပ်ခြေ)ပတ်လည်၌ အရှည်ကြွခိုင် မြဲမြံအောင်ကျောက်အုတ်သမံတလင်း စီးခင်း ပြုလုပ်ခြင်း၊ အဝေးမြေတာမြို့ကျေးရွာက လာရောက်ဖူးမြော် သံဃာတော်တို့ ဥပုသ်ပဝါရဏာစသော ကံကြီးကံငယ်ကို လွယ်လင့်တကူ ဆောင်ယူ သုတ်သင်တော်မူကြရန် သစ္စဗန်တောင်ခြေ ညီညွတ်သောမြေ၌ ခန္ဓသိမ်ကြီးသမုတ်ပြီးလျှင် မိုးရေနှောင့်ယှက် မပျက်စေနိုင်သော အုတ်မိုးဇရပ်မဏ္ဍပ်တော်ကြီးနှင့်တကွ ပြုလုပ်ခြင်း၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော ထာဝရ အလှူတော်ကြီးတို့ကို လှူဒါန်းတော်မူသည်။

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်တွင် နန်းတက်တော်မူသော သားတော် သီပေါမင်းသည် ခမည်း တော် မင်းတုန်းမင်းတရားကြီး တည်ထား လှူဒါန်းတော်မူသည့် အောက်စက်တော်ရာ တန်ဆောင်း ပြာသာဒ်တော်ကြီးအား ၁၂၄၅–ခုနှစ်တွင် မြစ်ရေအားကြီး ပျက်စီးမျောဆောင်သည်ကို အသစ် အားထုတ် ပြုလုပ်လှူဒါန်းတော်မူသည်။

* * *

## အခန်း–၉၀
## မုဆိုးဆက် ၁၁–ပါး ဘုရင်များကိုပြဆိုခြင်း

အလောင်းဘုရား ဦးအောင်ဇေယျသည် မုဆိုးဘိုရွာမှစ၍ လက်ရုံးကောင်း ရဲဘက်တော် ၆၈–ယောက်တို့ဖြင့် ကွေ့ရှမ်းတို့၏ ရန်နှင့် မွန်တို့၏ ရန်ကို တွန်းလှန်ရုံမက အင်းဝမှ မွန်မင်းသား တလပန်းကို နှင်ထုတ်ပြီးသော် သားတော်အား အုပ်ချုပ်စေ၏။ မိမိမှာမူကား မုဆိုးဘိုရွာကို ရွှေဘိုဟု သမုတ်ကာ မြို့နန်းတည်၍ မင်းပြုတော်မူသည်။

ထို့ကြောင့် ဦးအောင်ဇေယျကို မုဆိုးမင်းဟု ဝေါဟာရသညာ ခေါ်စရာဖြစ်ပေါ်လာ၍ ၎င်းမှ ဆင်းသက်လာသော မင်းဆက်ကို မုဆိုးမင်းဆက်ဟု ခေါ်ပါသည်။ ၎င်းမှ မုဆိုးမင်းဆက် ၁၁–ပါးမှာ–

၁။ အလောင်းဘုရားဟုခေါ်သော ဦးအောင်ဇေယျ။
၂။ ဆင်များရှင်ခေါ် နောင်တော်ကြီး။
၃။ ဆင်ဖြူရှင်ခေါ် အင်းဝမြို့တည်နန်းတည်မင်း။
၄။ ဆင်ဖြူရှင်သား စဉ့်ကူမင်း။
၅။ နောင်တော်ကြီးသား ဖောင်းကားစားမောင်မောင်။
၆။ ဘိုးတော်ဘုရား
၇။ ဘကြီးတော်ဘုရားခေါ် ပံမင်း။
၈။ ကုန်းဘောင်မင်းခေါ် သာယာဝတီမင်း။
၉။ ကုန်းဘောင်မင်း၏သား ပုဂံမင်း။
ပဉ္စမသံဃာယနာတင် ဘဝရှင်မင်းတရားခေါ်
၁၀။ မင်းတုန်းမင်း။
၁၁။ မင်းတုန်းမင်း၏သားတော် သီပေါမင်း။ ။
များဖြစ်ကြပါသည်။



## အခန်း–၉၁
## ကုန်းဘောင်ခေတ် (မုဆိုး)မင်းများ၏ အလှူတော်စာရင်း

| ဘုရားဖူး သက္ကရာဇ် | တိုင်းပြည်နှင့်မင်း | ကုသိုလ်တော်အလှူဒါန |
|---|---|---|
| ၁၁၁၄–ခု | ဦးအောင်ဇေယျ | ဘုရားအဖူးအမြော် လာရောက်၍ များစွာသော ရတနာအထူးထူး တို့ကို လှူတော်မူသည်။ |
| ၁၁၂၂–ခု | နောင်တော်ကြီး | အထက်စက်တော်ရာ တောင် တွင် စောင်းတန်းလုပ်ဆောင် လှူဒါန်းတော်မူသည်။ |
| ၁၁၂၅–ခု | ဆင်ဖြူရှင် | ရွှေတံခွန် ငွေတံခွန်စသော များ စွာသော အလှူဝတ္ထု တို့ဖြင့် လှူဒါန်း ပူဇော်သည်။ |
| ၁၈၃၈–ခု | စဉ့်ကူမင်း | တန်ဆောင်းပြာသာဒ် ၂–ဆောင် လှူဒါန်းတော်မူသည်။ |
| ၁၁၄၄–ခု | ဘိုးတော်မင်း | ရွှေငွေရတနာ ပူဇော်သက္ကာတို့ ဖြင့် စေလွှတ်၍ လှူဒါန်းတော် မူသည်။ |
| ၁၁၈၁–ခု | ဘကြီးတော်မင်း | ၎င်း။ |
| ၁၁၉၉–ခု | ကုန်းဘောင်မင်း | ၎င်း။ |
| ၁၂၀၈–ခု | ပုဂံမင်း | ၎င်း။ |

## အခန်း–၉၂

## ဘုရားဖူးလာသည့် မုဆိုးမင်းဆက် ဘုရင်တစ်ဦးအကြောင်း

ဤသို့ဖြင့် မင်း ၁၁–ပါး ဆင်းသက်ခဲ့ရာ သမိုင်းဟောင်း ကျမ်းဂန်စာတမ်းမှန်တို့၌ လူရန်စာရင်း ၁၀–ဆက်စာသွင်း၍ မင်း ၁–ပါးစာရင်း ပျောက်နေပါသည်။

သို့အတွက် ရာဇဝင် အစောင်စောင်တို့က ဖော်ပြသော အကြောင်းခြင်းရာကို စဉ်းစားပါ သော်–

မုဆိုးမင်းဆက် ၄–ဆက်မြောက် စဥ့်ကူမင်းသည် အညာ သီဟတောဘုရားသို့ မိဖုရားနှင့် တကွ သွားရောက်ဖူးမြော်နေကြစဉ် နှောင်တော်ကြီး၏သား ဖောင်းကားစားမောင်မောင်သည် အချိန်မဲ့၌ စဥ့်ကူမင်းဟန်ဆောင်၍ နန်းတွင်းသို့ဝင်ပြီးလျှင် မင်းပြုစိုးစံ၏။

သို့ရာတွင် အလောင်းမင်းတရား၏ စတုတ္ထသားတော် ဖြစ်သော ဘိုးတော်ဦးဝိုင်းသည် ၇–ရက်သာ နန်းစံရသေးသော ဖောင်းကားစားမောင်မောင်ကို လည်းကောင်း၊ အညာသီဟတော ဘုရားသို့ မိဖုရားနှင့်ဘုရားဖူးသွား၍ နန်းအပြင်တွင် ရှိနေသော စဥ့်ကူမင်းကိုလည်းကောင်း ဖမ်းဆီးသုတ်သင်၍ နန်းတက်ကြောင်း သိရှိရသဖြင့် ဖောင်းကားစားမောင်မောင်မှာ မုဆိုးဆက်မင်းဟု ဆိုရ ငြားလည်း ခံစားရသည်မှာ ၇–ရက်မျှသာ ဖြစ်၍ မန်းစက်တော်ရာ ဘုရားသို့ ဘုရားဖူးမလာရောက်နိုင်ကြောင်း မှတ်ယူသင့်ပါသည်။



## အခန်း–၉၃

## မဘို့မယ်ကို့ သမိုင်းတွင်ထည့်သွင်းရခြင်းအကြောင်း

မန်းစက်တော်ရာ သမိုင်းကျမ်းစာ အဖြာဖြာတို့ကို စုပေါင်း၍ ဂုင်ဘို့မယ်အကြောင်း တွေ့တန်ကောင်း၏ဟု ရှာဖွေပါသော်လည်း တွေ့ရပါ။ သို့မတွေ့သော်ငြားလည်း မန်းစက်တော်ရာဘုရားသို့ ဘုရားဖူး လာရောက်ကြသော မင်းအဆက်ဆက် အသီးသီးတို့ကို ကား သမိုင်းကျမ်းစာများ၌ ထည့်သွင်း ရေးသားဖော်ပြကြသည်ကို တွေ့ရပါသည်။ ဤစာရေးသူ တွေ့မြင်သိရှိရသည်မှာ–

(၁) မြန်မာရာဇဝင်တို့၌ မိဖုရား မဘို့မယ်သည် မန်း စက်တော်ရာ ဘုရားတွင် လာရောက် နေထိုင်သေး ကြောင်း အခိုင်အမာ သိရှိရခြင်း။

(၂) ရှေးမင်းများ၏ စစ်ထွက်တမ်းတွက်ချက်များမှာလည်း စောင့်တန်းထားသွယ်ကို မဘို့မယ် စေအွင်းတန်းဟု ခေါ်တွင်ကြောင်း ကို ဖော်ပြတွေ့ရှိရခြင်း။

(၃) အင်းဝပဌမမင်းခေါင်က ဆီမီးဝတ် ဆင်ပုတ်ဝတ် ဖြစ်စိမ့် သောငှာ နယ်မြေလှူဒါန်း သတ်မှတ်ရာတွင် ငဖဲမြို့နယ်အတွင်း တောင်–တမာရွေမြက်အထိ၊ မြောက်–မန်းချောင်းအထိ၊ အရှေ့–ဂူတောင်နိမ့်အထိ အနောက်–ငကဲကျောက် အဆင့်အထိ ဟု နယ် လေးရပ် သတ်မှတ်ထားသည်ကို တွေ့ရခြင်း။

(၄) အထက်စက်တော်ရာသို့ တက်သောစောင်းတန်း၏ လက်ဝဲဘက်နားတွင်မဘို့မယ်တွင်း(မဘို့မယ်ခိုအောင်းရာ ဂူလိုဏ်)ဟု လူအများပြောကြသော လိုဏ်ပေါက် တစ်ခုကို ယခုတိုင်မျက်ဝါးထင်ထင်တွေ့မြင်နေရခြင်း။

(၅) မြန်မာ့ဇာတ်သဘင် အနုပညာရှင်ကြီးတို့ကလည်း (ဘို့မယ်–ဆင်ကဲ) ဇာတ်ကပြခြင်း။ ထို့ကြောင့် ဤ ပါဒစေတီ ရွှေစက်တော်သမိုင်းကြီးတွင်ကား မဘို့မယ် အကြောင်းကို မကျဉ်းမကျယ် သိသာလွယ်အောင် ရာဇဝင်နှင့်ညှိနှိုင်း၍ ရေးသားဖော်ပြသင့်သည်ဟု ထင်မြင်ပါကြောင်း။

* * *

## အခန်း–၉၄
## ရှင်ဘို့မယ်အကြောင်း သောင်းပြောင်းထွေလာ သိစရာကိုဖော်ပြခြင်း

ရှင်ဘို့မယ်သည် သက္ကရာဇ် ၇၂၉–ခုနှစ်တွင် အင်းဝရွှေနန်းကို သိမ်းမြန်းအုပ်စိုးတော်မူရာ ဘုရင်မင်းကြီးစွာစော်ကဲ၏ သမီးတော် လောကဒေဝီမှ မွေးဖွား၍ ရှင်ဘို့မယ်၏ခမည်းတော်မှာ ပင်းယ တစီးရှင် ဘုရင်သီဟသူ၏ မြေးသခင်ငယ်ဆိုသူဖြစ်ပါသည်။



(ထို့ကြောင့် ရှင်ဘို့မယ်သည် ဘုရင်၏မြေးမြစ်အစစ်ဖြစ်ပါသည်ဟု မှတ်အပ်၏။)

မဘို့မယ်၏ ရုပ်ဆင်းအင်္ဂါလက္ခဏာမှာ များစွာလှပတင့်တယ် ရှုချင်စဖွယ်ဖြစ်၍ သက္ကရာဇ် ၇၆၃–ခုနှစ်တွင် နန်းတက်တော်မူသော အင်းဝဘုရင်(ပဋ္ဌမမင်းခေါင်ကြီးက) မဘို့မယ်ကို ၈–နှစ်အရွယ်ကပင် သိမ်းပိုက်တော်မူ၍ ချီးမြှင့်မြှောက်စား မိဖုရားအရာ၌ ထားလေ၏။

(ရာဇဝင်တစ်စောင်တွင် ၁၁–နှစ်သမီးမှာ မိဖုရားမြှောက်သည် ဟု ဆို၏။)

ဘုရင်မင်းခေါင်နတ်ရွာစံသော သက္ကရာဇ် ၈၇၃–ခုနှစ်တွင် သားတော် သီဟသူ နန်းတက်တော်မူ၏။

သီဟသူတွင် မိဖုရားစောမင်းလှ ရှိသော်လည်း ရုပ်အဆင်း လှပသော မဘို့မယ်ကို မိဖုရားမြှောက်ပြန်၏။

ထို့နောက် ဟံသာဝတီတွင် ဘုရင်ရာဇာဓိရာဇ်၏ သားတော် ဗညားဓမ္မရာဇာ မင်းပြုရာ ညီတော်များ ဖြစ်ကြသော ဗညားရမ်း၊ ဗညားကျန်းတို့နှင့် မသင့်မတင့် ရှိနေကြသည်ဟူသော သတင်း စကားကြောင့် အင်းဝဘုရင် သီဟသူ ဟံသာဝတီသို့ ချီတက်တိုက် ခိုက်ရာ ဒဂုံစားဗညားရမ်းက နှမတော် ရှင်စောပုကို သီ ဟသူအား ဆက်သလေသည်။

ထို့ကြောင့် အင်းဝဘုရင် သီဟသူတွင် (၁) စောမင်းလှ (၂) ရှင်ဘို့မယ်၊ (၃) ရှင်စောပု ဟူ၍ မိဖုရားသုံးပါးရှိသည်။

ရှင်စောပု အင်းဝသို့ မရောက်မီ ရှင်ဘို့မယ်ကိုသာ ဘုရင် သီဟသူက မြတ်နိုးနေသဖြင့် မိဖုရား စောမင်းလှက မကျေနပ်

စိတ်ကောက်၍ နန်းတော်မှ ထွက်သွားပြီး တန်ဆောင်းကြီးတစ်ခု ဆောက်၍ နေလေသည်။

ရှင်စောပုရောက်လာသောအခါ ဘုရင်သီဟသူက ရှင်ဘို့မယ်ကို မေ့လျော့ပြီး ရှင်စောပုကိုသာ မြတ်နိုးနေပြန်သောကြောင့် ရှင်ဘို့မယ်က စိတ်နာ၍ (ရှမ်း)အုန်းဘောင်စော်ဘွားနှင့် စကားသွင်းပြီးလျှင် ဘုရင်သီဟသူ အောင်ပင်လယ်အရပ်၌ လယ်ချောင်း ရှုစားရင်း မိန်းမများနှင့် ပျော်ပါးနေစဉ် သတိမေ့လျော့ခိုက် အုန်းဘောင်စော်ဘွားက ဆင်နှင့်တိုက်၍ အနိစ္စရောက်လေသည်။

သို့ရာတွင် ထိုကဲ့သို့ ဘုရင်သီဟသူ အနိစ္စရောက်သော်လည်း မှူးမတ်တို့က (ရှမ်း)ကို မတင်လိုဟုဆို၍ စစ်သည်ဗိုလ်ပါများနှင့် တကွ အုန်းဘောင်စော်ဘွားကို ခုခံတိုက်ခိုက်ရာ အုန်းဘောင်စော်ဘွား ထွက်ပြေးရလေသည်။

ထို့နောက်မှ မိဖုရားစော်မင်းလှ၏သားတော် အသက်၉-နှစ် မျှသာရှိသေးသော (မင်းလှငယ်)ကို နန်းတင်ကြ၏။ ထိုအခါတွင်လည်း ထုံးတမ်းစဉ်လာမပျက်တာဆိုသလို အဆင်းလှသော ရှင်ဘို့မယ်ကိုပင် မိဖုရားမြှောက်ရပြန်လေ၏။

မဘို့မယ်ကို ဤကဲ့သို့ မိဖုရားမြှောက်သော်လည်း မဘို့မယ်က မင်းလှငယ်အပေါ်တွင် လုံးဝမကျေနပ်သည်နှင့် မိမိ (ဘို့မယ်)နှင့် ချစ်ကြိုက်ခဲ့ဖူးသော ကလေးကျေးတောင်ညိုစားကို ချီးတက်လာစေရန် မှာကြားပြီးလျှင် မင်းလှငယ်ကို ရှင်ဘို့မယ်က (ကလေးကျေးတောင်ညို) အင်းဝသို့တက်လာသည့်နေ့ပင် အဆိပ်ကျွေး၍ သတ်ပြီးသော် (ကလေးကျေးတောင်ညို)ကို နန်းတင်လေသည်။



(ကလေးကျေးတောင်ညို) မှာ ၃-ဆက်မြောက် တရဖျား၏ ားတော်ဖြစ်သည်။ ၎င်း(ကလေးကျေးတောင်ညို) အင်းဝ၌နန်းတက် ည်ဟုကြားသိရလျှင် ပုဂံပြည် နရပတိသည် သူ၏သားမြေးမြစ် ဆက်အနွယ်များဖြစ်သော မိုးညှင်းစား သတိုးက စစ်သည်ဗိုလ်ပါ ရုံးကာဖြင့် အင်းဝမြို့ကို ချီတက်တိုက်ခိုက်တော့သည်။

ထိုအခါ ကလေ.ကျေးတောင်ညိုက ပခန်းစား တရဖျားအား ဖုရား ရှင်စောပုကိုပေး၍ (အင်းဝ) ဘက်မှ ကူညီစေသည်။

အတန်ကြာ၍ စစ်ရေးမလှသော အင်းဝမှထွက်ခွာ၍ ရခိုင်ကို ဒိမ်းမည်။ ရခိုင်မှ ခုခံစည်းရုံး၍ တစ်ဆင့် နိုင်ငံတော်(အင်းဝ)ကို ှန်လည်တိုက်ခိုက်မည်ဟု အကြံအစည်ပြုပြီးလျှင် ကလေးကျေး တာင်ညိုမင်းနှင့် မိဖုရားရှင်ဘို့မယ်တို့ ရခိုင်ဘက်သို့ ထွက်ခွာပြေး ွားကြရာ ရခိုင်သို့မရောက်မီပင် ပဲလွန်းတောင် အရပ်၌ ရုတ်တရက် ာမကျန်းဖြစ်၍ နန်းစံ ၇-လမျှသာရသေးသော ကလေးကျေးတောင် ိုမင်းမှာ နတ်ရွာစံရလေသည်။

ဤတွင် ရှင်ဘို့မယ်မှာလည်း ရခိုင်ဘက်သို့ ဆက်လက် သွားတော့ဘဲ ရွှေစက်တော်တွင် တပ်တည်၍ အလုံးအရင်းနှင့်နေ လသည်။

ကလေးကျေးတောင်ညို အနိစ္စရောက်လျှင် မိုးညှင်းမင်း နန်း ာက်၏။ မိုးညှင်းမင်းမှာ ဤကဲ့သို့ ထီးနန်းကိုစံရသော်လည်း မိဖုရား ကြီးများဖြစ်သော ရှင်စောပု၊ ရှင်ဘို့မယ်တို့နှင့် ဝေးနေရသောကြောင့် ာလေးကျေးတောင်ညိုမင်းက မိဖုရားရှင်စောပုကိုပေး၍ အကူအညီ တောင်းထားသော ပခန်းတရဖျား၏ တပ်များကို နှိမ်နင်းရပြန်သည်။

**ရာဇသင်္ကြိ၏သတ္တိ**။ ။ တရံခါသော် မိုးညှင်းမင်းတရား၏ လက်ရုံး ရာဇသင်္ကြံအမတ်ကြီးကို ပခန်းတရဖုများ [illegible]များက ဝိုင်းဝန်း၍ လိုက်သည်နှင့် ရာဇသင်္ကြံ ရေတွင်းငယ်တစ်ခု[illegible] ခုန်ဆင်း ပုန်းအောင်းနေသည်ကို တရဖုများ၏ လူသုံးယောက်တို့ တွေ့ကြလျှင် ရေတွင်းပေါ်မှနေ၍ ရေတွင်းထဲရှိသော ရာဇသင်္ကြံ၏ ဦးခေါင်းကို သူဖြတ်မည်၊ ငါဖြတ်မည် ငြင်းနေစဉ် ရာဇသင်္ကြံက ငါ တွင်းပေါ်သို့ တက်လာမည်၊ ရောက်မှ ငါ့ဦးခေါင်းကို ဖြတ်ကြပါ၊ ယခု တွင်းပေါ်သို့တက်ရန် လှံရှည်ပေးပါဟု တောင်း၏။ ရေတွင်းပေါ်မှ လူများက အကယ်ထင်မှတ်၍ လှံတံကိုပေးလျှင်ပင် ရာဇသင်္ကြံက ဆောင့်ဆွဲလိုက်ရာ လှံပေးသူမှာ ရေတွင်းထဲသို့ ကျလေ၏။

ရာဇသင်္ကြံလည်း ထိုသူ၏ ဦးခေါင်းကို ဖြတ်ပြီးလျှင် ရာဇသင်္ကြံ၏ ခေါင်းဆို၍ တွင်းပေါ်သို့ပစ်တင်လိုက်ရာ ကုန်းပေါ်မှ ကျန်လူနှစ်ယောက်က လုယက်ကြလေသည်။ ထိုသို့လုနေစဉ် ရာဇသင်္ကြံသည် လှံကိုထောက်၍ ရေတွင်းထဲမှ ခုန်တက်ပြီးလျှင် မိုးညှင်းမင်းထံသို့ ပြေးခဲ့ရာ မိုးညှင်းမင်းက အလွန်အားရ၍ ဆုလာဘ်များစွာ ပေး၏။

ထိုသို့ ရဲရင့်သော ရဇာသင်္ကြံအမတ်ကြီး၏ စွမ်းရည်သတ္တိကြောင့်ပင် မကြာမီ ပခန်းတရဖုများကို ရလေလျှင် ရှင်စောပုကို သိမ်းယူလေသည်။

ထို့နောက် ရွှေစက်တောက်တွင်ရှိနေသော ရှင်ဘို့မယ်ကို အလုံးအရင်းနှင့် သွားရောက်ခေါ်ယူစေရာ၌ မိုးညှင်းမင်းက ဆီးကြို၍ ကျန်းမာပါ၏လော စသည်ဖြင့် နှုတ်ခွန်းဆက်သည်ကိုပင် မာနကြီး



သော ဘို့မယ်က (ကျွန်စော်နံသည်) ဟု ဆိုလိုက်၏။ ထိုသို့ဆိုခြင်းမှာ မဘို့မယ် မိဖုရားကြီးဖြစ်စဉ်က မိုးညှင်းသတိုးမှာ မြို့စားအခြေအနေ၌သာရှိကြောင်းကိုရည်ရွယ်၍ ကျွန်စော်နံသည်ဟု သုံးခြင်းဖြစ်သည်။

မြန်မာဇာတ်သဘင် အနုပညာရှင်ကြီးတို့က ပြကြသည်မှာ မဘို့မယ်တို့ တပ်ပျက်၍ ထွက်အပြေးတွင် ဆင့်ကဲနှင့် ချစ်ကြိုက်နေကြောင်း နောက် မိုးညှင်းမင်းတရားက ရာဇသင်္ကြံအမတ်ကြီး အကြံပေး တိုက်တွန်းချက်အရ မဘို့မယ်အား ပြန်လည်သိမ်းပိုက်ကော်[illegible]ယူရန် ကြော်ငြာ ထုတ်ဆင့်သောအခါ ဆင့်ကဲလုပ်သူက-

"ပြေပေါ်မှာ ရွှေကြော်ငြာ လုဘ်သံကြားပုံကတော့
ဟုတ်မှန်ပါ့မလားနော်၊ ဘဝင်မှာဆို့လှချေရဲ့၊ ရှင်ဘို့မယ်
[illegible]ကြောင်း....ချစ်တဲ့သူရှင်ဘို့မယ်အကြောင်း...." စသော

ကဗျာတေးဖြင့် ငိုကြွေးခြင်းပြုသည်ကို တွေ့မြင်ကြားသိရသူများ လိမ့်မည်ဟု ထင်ပါသည်။

ထို့ပြင်တဝ ယခုကာလတိုင် မန္တလေးစက်တော်ရာ ဘုရားပွဲတော်တွင်း၌ မန်းတောင်တော်သမိုင်း ဟောပြောနေကြသော ပါးစပ်ရာဇဝင် ဆရာများကလည်း မဘို့မယ်မှာ ကိုဆင့်ကဲနှင့် စက်တော်ရာဘုရား ယခုနေရာတွင် နေကြောင်း။

နောက် အင်းဝမင်းတရားက သတင်းစကားကြားသိရ၍ တပ်တောင်တာ ဗိုလ်ထုနှင့် လူစု၍လိုက်သော အခန်းတွင် မဘို့မယ်နှင့် ကိုဆင့်ကဲတို့ ထွက်ပြေးတိမ်းရှောင်ကြရာ၌ မဘို့မယ် မလိုက်နိုင်ခွေယိုင်လဲသည်ကို ကိုဆင့်ကဲက မဘို့မယ်ကို ထမ်း၍ပြေးရကြောင်း၊

တောင်တစ်လုံးသို့ ရောက်သောအခါ နောက်ပါရန်များ ပေးမဝေး ခြေအနေကို သိရန် ဆင့်ကဲက ကျောက်လုံး ၂–လုံးဆင့်၍ ကြည့်၏။ ထိုကဲ့သို့ ဆင့်ကဲ ကျောက်လုံးဆင့်၍ ကြည့်သောတောင်ကို "ငကဲကျောက်ဆင့်တောင်" ဟု ခေါ်ကြောင်း ပြော၏။

**မှတ်ချက်**။ ။ စာရေးသူ ဂျပန်ခေတ်က ငဖဲနယ်သို့ အမှတ် မထင် ရောက်သွားရာတွင် နယ်သူနယ်သားများကပင် ညွှန်ပြကြ သဖြင့် ငကဲကျောက်ဆင့် တောင်တန်းကြီးနှင့်တကွ သူတို့ အကြားအမြင်နှင့် အမှန်ပင်ဖြစ်မည်ဟု ယုံကြည်ယူဆရသော ကျောက်လုံးကြီး ၂–ခုကိုပါ ပြောဆိုညွှန်ပြသဖြင့် သိမ်မြင်ခဲ့ရပါသည်။

သို့သော် မဘို့မယ်၏ အကြောင်းကို ရာဇဝင်ဆရာတို့က မင်းငါးဆက်တိုင် မိဖုရားမြှောက်ရကြောင်းကိုသာ ဆိုသည်။

**ကဝိလက္ခဏာ သတ်ပုံကျမ်းတွင်လည်း–**

ရှင်ဘို့မယ် ထားသက်နှင်း၊ ငါးဆက်မင်းမြှောင်သည့်ပုံလို... ဟူ၍ လည်းကောင်း၊

**အချုပ်တန်းဆရာမေကလည်း–**

ရှင်ဘို့မယ် ယင်းတသက်၊ မင်းဆက်က ငါးသွယ်၊ နှင်းမပျက် စုလျားခြယ်သည်၊ ထားတသွယ်ဥဒါနီး... ဟူ၍ လည်းကောင်း အသီးသီး စပ်ဆိုတော်မူခဲ့ကြသည်။



ငင်းပြင် စာရေးသူ ကျောင်းနေစဉ် အာစရိဋ္ဌါရာဇဝင် ဗဟုသုတရရှိသည်မှာ မိုးညှင်းမင်းတရားက မိဖုရားကြီးမဘို့မယ်အား မန်းစက်တော်ရာဘုရားမှ ပြန်လည်သိမ်းပိုက် မြှောက်စားသိင့် ကြောင်းကို ပညာရှိ ရာဇသင်္ကြံ အမတ်ကြီးကပင် တိုက်တွန်း၍ ခေါ်ရကြောင်းနှင့် မဘို့မယ်နှင့် မိုးညှင်းမင်းတရားတို့ ပြန်လည် တွေ့ဆုံကြပြီးနောက် တစ်နေ့သောအခါဝယ်၊ သလွန်ထက်မင်း၌ မိဖုရား ၂–ပါး ကြည်စယ်သမှုပြုနေကြစဉ် မဘို့မယ်က 'ငကဲလေ' ဟု ယောင်ယမ်းပြောဆိုမိသဖြင့် မင်းကြီး အမျက်တော်ရှိ၍ မဘို့မယ် အား မိဖုရားအရာမှ ချထားခြင်းပြုသည်ကို အမတ်ကြီး ရာဇသင်္ကြံ ကပင် ပုံပြင်မှတ်တမ်း အခန်းခန်းတို့ဖြင့် ပြေလည်အောင် လျှောက် ထားနားချ၍ ကယ်တင်ရဖူးကြောင်းများကိုပါ သင်ကြားခဲ့ရပါ ကြောင်းကို သေင်းပြောင်းထွေလာ မဘို့မယ်၏ အကြောင်းအရာ သည် မန်းစက်တော်ရာသမိုင်းနှင့် မည်သို့မျှ ဆက်စပ်သည်ကို သိရှိကြစေလိုကြောင်း စိတ်ရင်းကောင်းဖြင့် ရေးသားဖော်ပြရပါသည်။

**စကားချပ်**။ ။ အသက်ရှည်စေလို မန်းတောင်ထိပ်နဲ့ စက်ရိပ်ခို ဟူသော စကားနှင့်အညီ မိဖုရားမဘို့မယ်သည် ယခု မန်းစက်တော်ရာ ဘုရားသို့ လာရောက်ခိုဝင် ဆည်းကပ်မိသဖြင့် ရန်သူဖြစ်သော အင်းဝဘုရင် (မိုးညှင်းမင်းတရားက) ရှင်ဘို့မယ်အား အပြစ်တော် မထားဘဲ အချစ်တော်ပွားကာ မိဖုရားကြီးအရာသို့ပင် တင်မြှောက် ခြင်း ခံရသည်ဟု မှတ်ယူထိုက်ပါသည်။

* * *

# ဆဋ္ဌမပိုင်း

## အထွေထွေ ဗဟုသုတများကို ဖော်ပြသော အပိုင်း

## အခန်း–၉၅

### ခြေတော်ရာ၏ သင်္ခါရသဘောတရားကို ပြဆိုခြင်း

သက္ကရာဇ် ၁၂၄၈–ခု၊ ပြာသိုလဆန်း ၈–ရက်နေ့တွင် အင်္ဂလိပ် အစိုးရစစ်သည်တော် ကုလား ၂၀–ကျော်တို့သည် သစ္စာဗန်တောင် ပေါ်၌ ချတော်မူရင်း စက်တော်ရာအထက်တွင် ရှင်သုဓမ္မစာရီနှမ မယ်ဝတို့ တည်ထားခဲ့သော ပထမစေတီနှင့်တောင်အလယ်၌ ၎င်း တို့ပင် ထုလုပ်တည်ထားသည့် ဒုတိယခြေတော်ရာစေတီများကို ဖြိုဖျက် ထိုးဖောက်၍ စုံထောက်ကြည့်ရှုရာ ပြုပြင်ခြင်းဟူသမျှ သင်္ခါရ တို့သည် ခယဝယအနိစ္စနယ် မဖယ်သာ မလွဲသာ ဓမ္မတာသဘော ဖြစ်၍ စင်စစ်ပျက်စီးလေလျှင် ဘာသာအယူ ပညာတူသော ရှင်လူ အများ အမျိုးသားတို့အား မွှားတိုးကုသိုလ် မင်္ဂဖိုလ်ချမ်းသာ နတ်ရွာ ခရီး ပိတ်ဆီးမသင့်ထင်လင်းပွင့်အောင် ချီးမြှင့်စောင်မမာယနတ်ကျော်



လှူဆောင်နှိုးသကဲ့သို့ နှစ်ကြိမ်မြောက်အမိုက်မှောင်ကြီးကျခြင်းအထက် အာကာမိုးတိမ်လွှာတို့သည် အထပ်ထောင်ရာ အခါမဲ့မှိုင်းအုပ်ခြင်း၊ တောင်ကမ်းမြေပြင် ပဲ့တင်ဟည်းဟည်း သိမ့်သိမ့်ကြည်အောင် ရိုက်ချိုး ကြွေးကြော်ခြင်း စသော အကြောင်းနိမိတ် ထိတ်လန့်ဖွယ်ရာ ထင်မြင်လာ၍ သဒ္ဓါမြတ်နိုးကိုးကွယ်ပူဇော်ကြကုန်သော သုဂတော ဝါဒ ဆုံးမနယ်ဝင် ရှင်လူအများ အမျိုးသားတို့ ကြားသိရသဖြင့် လူ့ဘမြတ်စွာ ကုသိန္နာဝယ် မဟာအမတ ပြောင်းကြွတော်မူရာ မလ္လာ ပြည်သူ ဆူပူလှိုက်လှဲ ဝမ်းနည်းသကဲ့သို့ ကြေကွဲပူဆွေးကြလေ လျှင် စကု၊ မင်းဘူး၊ နှစ်မြို့ဂိုဏ်းအုပ်ဆရာတော် အမှူးအကြီးဦးစီး ပြုလုပ်ပြီးလျှင် အသစ်တီထွင်ပြင်ဆင် လုပ်ဆောင်ရပါအောင် အထက်သာသနာပိုင် ဆရာတော်ဘုရားကြီးထံ လျှောက်ထားရာ သာသနာပိုင် ဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံတော် အထက် ပိုင်းအောက်ပိုင်း နှစ်ဌာန အစိုးရသော ဝန်ရှင်တော်မဟာမင်းကြီးထံ ခွင့်ပန်ပြောကြားလေလျှင် ဝန်ရှင်တော်မဟာမင်းကြီးက ငွေဒင်္ဂါး ၁၀၀၀ိ–နှင့်တကွ တူပချီးပင့် ဆောင်ခွင့် အမိန့်ပေးသဖြင့် ယခု စကု၊ မင်းဘူး ၂–မြို့ ဂိုဏ်းအုပ် ဖဆရာတော် ဦးစီးချီးမြှောက် ဂိုဏ်းထောက်ဂိုဏ်းသား အများသံဃာ မြို့ကျေးရွာနေ လူဟူသမျှ ဘမရပုံ ပျားနှယ်အုံ၍ လုံးစုံမကြွင်း လစ်ဟင်းပျက်စီးကုသိုလ်ကြီး တို့သည် ပြီးစီးကောင်းမွန်လေသတည်း။

ထို့နောက် အင်္ဂလိပ်အစိုးရလက်ထက်တွင်ကား စက်တော်ရာ ၂–ဆူ၌ ပျက်စီးချွတ်ယွင်းသည်များကို ပြင်ဆင်ဆောက်လုပ်ရန် ဝတ္တကမြေခွန်တော်မှ တစ်နှစ်လျှင် ငွေ ၂၀၀ိ–ကျပ် နှစ်စဉ် ထောက်ပံ့လှူဒါန်းကြောင်း သိရှိရပါသည်။

## အခန်း–၉၆

## စကုမြို့ သက်တော်ရှည်ဆရာတော်ဘုရားကြီးက ဆက်လက် ဆောင်ရွက်တော်မူခြင်း

ထိုစကု မင်းဘူး နှစ်ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးသည် ပျက်စီးသည့် အရာများ ပြင်ဆင်ပြီးသည့်နောက် ကာလ၌လည်း လက်အောက်ခံ ဂေါပက ဘဏ္ဍာတော်ထိန်းလူကြီးများ ရွေးချယ်ခန့်ထား၍ ဆက်လက်စီမံဆောင်ရွက်တော်မူနေစဉ် သက္ကရာဇ် ၁၂၅၉–ခုနှစ်တွင် ပျံလွန်တော်မူလေသည်။

ထိုအခါ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်တော်မူသော (မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ စကုမြို့ သက်တော်ရှည် ဆရာတော်ဘုရားကြီး (ဦးပဏ္ဍဝ)သည် ထိုအချိန်က မဟာဝန်ရှင်တော်မင်းကြီးဖြစ်သူ၏ တောင်းပန် လျှောက်ထားချက်အရ သက္ကရာဇ် ၁၂၆၀–ပြည့်နှစ်ကစ၍ ဂေါပက ဘဏ္ဍာတော်ထိန်းလူကြီးများအပေါ်က ကြီးကြပ်စီမံဆောင်ရွက် အုပ်ချုပ်ရပါသည်။



ထိုခေတ်က ဂေါပကလူကြီးများခန့်ခြင်း၊ ဖြုတ်ခြင်းတို့ကို ဆရာတော်ဘုရားကြီးကပင် ပြုပြင်ပြောင်းလဲပေးရကြောင်းကို ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးများပြောပြ၍ သိရှိရပါသည်။ ၎င်းစကုမြို့ သက်တော်ရှည်ဆရာတော်ဘုရားကြီးမှာ ၁၂၇၄–ခုနှစ်၊ နတ်တော်လဆုတ် ၇–ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူပါကြောင်း။

## အခန်း–၉၇

## ဦးပညာသာမနှင့် မန်းစက်တော်တောင်

စကုမြို့ သက်တော်ရှည်ဆရာတော်ဘုရားကြီးဦးပဏ္ဍဝပျံလွန်တော်မူသောနှစ် (၁၂၇၄–ခုနှစ်)ကစ၍ ဦးပညာသာမခေါ် ဆရာတော်ဘုရားကြီးသည် မန်းစက်တော်ရာဘုရား ၂–ဆူ၌ နောင် မီးဘေးရေဘေးများမှ ကင်းဝေးစိတ်ချစေရန် ရည်သန်တော်မူ၍ သစ်သားအဆောက်အအုံကြီးများအစား သံထည်သံကိရိယာတို့ဖြင့် ပြုပြင်စီမံပြန်လည်တည်ထောင်ရန် ကြံစည်အားထုတ် ပြုလုပ်ပါသော်လည်း ဂေါပကလူကြီးများနှင့် အစိုးရမင်းမှုထမ်းအချို့က တားဆီးနှောင့်ယှက်ကန့်ကွက်ကြသဖြင့် အပြီးမသတ်ဘဲ အရပ်တစ်ပါးသို့ ဆရာတော်ဘုရား ကြွသွားတော်မူရသည်။



အလောင်းတော် ကဿပ။



ဦးပညာ အကြောင်းလို့—
သံတန်ဆောင်း အစေတည်။



ထို့ ဦးပညာသာမဇေဆရာတော်ကြီးသည် ၁၂၇၄–ခုနှစ်၊ တပေါင်းလအတွင်းကစ၍ သံထည်ကိရိယာများဖြင့် တည်ထောင်ပြုလုပ်နေစဉ် အရုပ်တစ်ပါးသို့ကြွသွားသောကြောင့် အဆောက်အအုံတစ်ပိုင်းတစ်စနှင့် သံထည်အစအနများကို ,ယခု သိကြားပုန်းတောင်၏ အောက်ခြေရင်း မြောက်မျက်နှာအလောင်းတော်ကဿပဘုရားတည်ထားရာဌာနတွင် တွေ့မြင်ကြရပါသေးသည်။

**အခန်း–၄၈**

**အထက်စက်တော်ရာ တန်ဆောင်းကြီး**

**နောက်ထပ်တစ်ဖန် မီးလောင်ပြန်ခြင်း**

ဦးပညာသာမဇေ ကိုယ်တော်ကြီး၏ မီးဘေးကာကွယ်ရေးစီမံကိန်းကြီးမှာ အချိန်မီ ပေါ်ပေါက်လာသော်လည်း ဘုရားကြီး၏ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့လူများနှင့် အစိုးရမည်းမှူးထမ်းအချို့၏ ကန့်ကွက်ချက်ကြောင့် စီမံကိန်းကြီး အကောင်အထည် မပေါ်မီ ခမ်းနည်းဖွယ်ရာ ကြုံတွေ့လာရသည်မှာ သက္ကရာဇ် ၁၂၇၇–ခုနှစ်၊ တပို့တွဲလဆုတ် ၈–ရက်နေ့တွင် မီးဘေးအန္တရာယ် ပေါ်ပေါက်

လာပြန်ရာ အထက်စက်တော်ရာရှိ တန်ဆောင်းပြာသာဒ်တို့ပါ မီးလောင်လေတော့သည်။

ထိုသို့ တန်ဆောင်းတော်မီးခသည်ကို သက်တော်ရှည်ဆရာတော်ဘုရား (ဦးပါရမီကြီးသည် ဂေါပကလူကြီးများနှင့် ကြပ်မတ်နှိုးဆော်၍ အသစ်အားထုတ်လှူဒါန်းနေစဉ်မှာပင် ပျံလွန်တော်မူပြန်သဖြင့် ထိုနေရာ ဆက်ခံသူသက်တော်ရှည်ဆရာတော် (ဦးဝိစိတ္တ) က ဆက်လက် စီမံဆောင်ရွက်တော်မူပြန်သည်။

ဦးဝိစိတ္တဆရာတော်ဘုရား လက်ထက်၌ အောက်စက်တော်ရာ၏ မြောက်ဘက်နားတွင် သွပ်မိုး အုတ်တိုက်တစ်ခု တည်ဆောက်ပြီးမြောက်ပါသည်။

(ထိုဦးဝိစိတ္တကိုယ်တော် ပျံလွန်တော်မူသောအခါ ၎င်းသက်တော်ရှည် ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော စကုမြို့ ရွှေပန်းရုံကျောင်း ဂိုဏ်းအုပ်ဆရာတော် (ဦး ကု သလ)က ဘုရားဆရာတော်အဖြစ်ဖြင့် ဆက်လက်အုပ်ချုပ် ဆောင်ရွက်တော်မူသည်။ ထိုဆရာတော်(ဦးကုသလ)လက်ထက်တွင် ရသေ့ကြီး ဦးခန္တီ မန်းစက်တော်ရာသို့ ရောက်ရှိလာပါသည်။)

* * *



# အခန်း–၉၉

## ရသေ့ကြီး (ဦးခန္တီ) ထေရုပ္ပတ္တိ

ရမည်းသင်းမြို့အနောက်တောင် ရွာသာရွာနိဂုံး၌ အမြဲထာဝရနေထိုင်လေ့ရှိကြပါသော အဖ ဦးလှရွှေ၊ အမိ ဒေါ်ကန် (ခေါ်) ဒေါ်ခိုဥတို့မှ သက္ကရာဇ် ၁၂၂၉–ခု၊ ဝါခေါင်လပြည့်ကျော် ၅–ရက် တနင်္လာနေ့တွင် သတို့သားရတနာ ဖွားမြင်ရာ ထိုသားငယ်ကို မောင်ဖိုးမောင်ဟု ခေါ်တွင်ခြင်း ပြုလေသည်။

ထိုမောင်ဖိုးမောင်ကား နောင် အရွယ် ရောက်လာလျှင် သာသနာ့အာဇာနည် ဦးခန္တီကိုယ်တော်ကြီး ဖြစ်မည့်သူပေတည်း။ ဦးခန္တီမှာ အရပ်အမောင်း ခြောက်ပေကျော်ရှိ၍ သေးသွယ်သော မျက်နှာ၊ ဖြောင့်စင်းသောနှာတံ၊ ကျယ်ပြန့်သောနဖူး၊ ရှည်၍ ကားသော နားရွက်၊ ချွန်သောဦးခေါင်း၊ သွယ်ပြောင်းသော ခြေတံလက်တံများရှိ၍ ဥပဓိရုပ်ကောင်း ကြည်ညိုဖွယ်အပေါင်းနှင့် ပြည့်စုံလှလေသည်။

၁၂၄၉–ခုနှစ် ရဟန်းအဖြစ်သို့ ရောက်တော်မူလေသည်။ ရဟန်းဝါ ၁၂–ဝါတိုင် စာပေကျမ်းဂန်များကို သင်ကြားတတ်မြောက်ပြီးနောက် ၁၂၆၁–ခုနှစ်တွင် ရသေ့အသွင်သို့ ကူးပြောင်းကာ မန္တလေးမြို့ သာခိုတောင်၊ ရွှေမြင်တင်တောင်များ၌ ကမ္မဋ္ဌာန်းအားထုတ်၍ နေလေသည်။

ဦးခန္တီအား တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက “သာသနာ့ဟိတဓေနာယက” ဟူသောဘွဲ့ကို ချီးမြှင့်လေသည်။



နှစ်ကျိပ်ရှစ်—ထူးကြံစည်........ဦးခန္တီက ပြုပြင်ထား။



ထိုသို့ ချီးမြှင့်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တန်ခိုးကြီးဘုရား စေတီတော်များတို့တွင် ခေတ်နှင့်အညီ ပြုပြင်ဖန်တီးဆောင်ရွက်တော်မူသည်။ ထိုသို့ ဆောင်ရွက်နေစဉ်မှာပင် သက္ကရာဇ် ၁၃၀၇–ခုနှစ်လောက်က စွဲကပ်သော လေငန်းရောဂါဝေဒနာကြောင့် ကိုယ်တစ်ခြမ်း အနည်းငယ် သေနေရာမှ ၁၃၁၀ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့ညတွင် ပျံလွန်တော်မူလေသည်။


ရသေ့ကြီး၏ ရုပ်ကလာပ်ကို ၂–နှစ်တိုင် ပူဇော်ကန်တော့ကြပြီးမှ နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းသော ငွေ ၅၀၀၀ိ/–(ငါးထောင်ကျပ်)နှင့် အရပ်ရပ် ရှာပနအလှူတော်ရန်ပုံငွေများ စုပေါင်းလျက် ၁၃၁၂ ခုနှစ် တပို့တွဲလဆန်း ၈ ရက်နေ့မှ တပို့တွဲလဆန်း ၁၅ ရက် (လပြည့်နေ့) ထိ ခမ်းနားသိုက်မြိုက်စွာ သံဃာစုကီဠနသဘင်ဆင်ယင် ကျင်းပပြုလုပ် သင်္ဂြိုဟ်ကြလေသည်။

* * *

**အခန်း–၁၀၀**

**ရသေ့ကြီး(ဦးခန္တီ) အဆောက်အအုံ**
**လုပ်ငန်းထူးများကို ပြဆိုခြင်း**

မန္တလေးမြို့ မန္တလေးတောင် ရသေ့ကြီး ဦးခန္တီသည် မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်ကစ၍ ယခု မန်းစက်တော်ရာ ဘုရား



ရှင်မုနိ–ဒုတိယအာရုံခံမှာ ဖူးမြော်ရန် ဆုတောင်းပြည့်များ။



တောင်တော်ကြီးတွင် အလှူဒါနစေတနာသန်သူတို့ထံမှ ငွေအသပြာ အလှူခံပြီးကာ မီးဘေးရေဘေးတို့ကို ကာလရှည်ဝေးစွာ စိတ်ချနိုင်စေခြင်းငှာ သစ်သားအဆောက်အအုံ တံခွန်ဆောင်း ယွန်းဆက်တို့အစား ရှေးဦးစွာ အထက်စက်တော်ရာတွင် အလျား (တောင်–မြောက်) သံတောင် ၉၀၊ အနံ (အရှေ့–အနောက်) သံတောင် ၃၀၊ အကျယ်အမှူ ကျနစိုင်ခိုင် သံတိုင်သံထုတ်သံဒိုင်းချုပ်လျက် အထက်သွပ်မိုး အကွက်ထိုးကာ ပန်းရိုး၊ ပန်းခက်၊ မှန်တက်မှန်ဆင်း၊ မှန်ကင်းဒုရင်၊ မြင်လျှင်ကြည်ညိုဖွယ်အာရုံခံတန်ဆောင်းတော်ကြီးတို့လည်းကောင်း။

ထိုအာရုံခံကြီးနှင့်ဆက်ကာ မောလာပန်းဖြေနားနေခိုခွင့် လွယ်လင့်တကူတက်မှုဆင်းရန် သံစောင်းတန်းတွေ ခန်းရေများစွာတို့ကိုလည်းကောင်း။

ဟောင်းနွမ်းပျက်စီး စေတီကြီးငယ် ကြည်ညိုဖွယ်ရာ ဥပမာ ၂–ကျိပ်ရှစ်ဆူ လေးမျက်နှာ တည်တော်မူသကဲ့သို့လည်းကောင်း၊ ကိုးခန်း တန်ဆောင်း မဟာမြတ်မုနိ အစရှိသည့် များဘိခြင်းရာ မဟာအဆောက်အအုံ အထူးထူးတို့နှင့်တကွ မီးစက် ရေစက် အဘက်ဘက်တို့ပါ ပြည့်ဝစုံလင်အောင် ဆောင်ရွက်တော်မူခဲ့သည်မှာ ယခုနထင်ရှား မြင်ရသည့်အရာများကို ရိုးသားစွာ ဖော်ပြလိုက်ရပါသည်။

ထိုရသေ့ကြီးဦးခန္တီသည် ယခုမန်းစက်တော်ရာဘုရား၂–ဆူတွင်မှုမက အနှစ် ၄၀ ကျော်ကာလအတွင်း မြို့ပေါင်း ၂၀၊ ဌာနပေါင်း ၄၇ ဌာနတို့တွင် အမျိုးမျိုးသော အဆောက်အအုံတို့ကို

တည်ဆောက်ပြုလုပ်ခဲ့ရာ အနည်းဆုံး သန်း ၂၀ကျော်ဖိုးခန့်ရှိသည်ဟု ခန့်မှန်းကြလေသည်။

(စစ်အတွင်းက ပျက်စီးသောအဆောက်အအုံ အချို့ပင် သိန်း ၂၀-ကျော် တန်ဖိုးရှိသည်ဟု ခန့်မှန်းကြပါသည်။)

* * *

## အခန်း--၁၀၁

### ဘုရားဆရာတော် ဦးဝိသုဒ္ဓ ထေရုပ္ပတ္တိ

မြန်မာသက္ကရာဇ် ၁၂၆၂-ခု၊ တပေါင်းလဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့ ဟူသော နေ့ထူးနေ့မြတ် ချိန်ခါသမယသည်ကား စကုမြို့နေ (ခမည်းတော်ဦးဘိုးထွန်း၊မယ်တော်ဒေါ်ပဒိုင်း)တို့မှ ဥပမိရုပ်ရည် တည်ကြည်ခန့်ညား သားယောကျ်ားတစ်ယောက် ဖွားမြောက်သော နေ့ပင်ဖြစ်သည်။

ထိုသားရတနာ ဖွားမြောက်သောကာလ၌ ဒေသအားလျော်စွာ ဖြစ်ပေါ်နေသော ကိစ္စတစ်ခုမှာ ပြည်သူပိုင်အစိုးရက လယ်မြေယာမြေများမှာ အခွန်တော်များ ကောက်ခံရာတွင် ကေအလိုက် အခွန်တော် စည်းကြပ်ကောက်ခံလေသည်။ ယခုအခါ ပြည်တော်သာ စီမံကိန်း၊ လေးနှစ်စီမံကိန်း၊ ပြည်တွင်း ငြိမ်းချမ်းရေး စသည်ဖြင့်





ယခု ဘုရား ဆရာတော်ကြီး ဦးဝိသုဒ္ဓ

ခေတ် အစား ပြောကြားနေကြသကဲ့သို့ ထိုခေတ်ထိုအချိန်ကလည်း ကေခွန် စကားများစွာ ပြောကြား ခေတ်စားနေခဲ့က် ကြုံကြိုက် မွေးဖွားလာသော ပထမအကြိမ်မြောက် မြေးရတနာကို ဘတော် (မယ်တော်၏ဘခင်)ဖြစ်သူ ဦးလူကြီးက မောင်ဧကေ ဟူသော အမည်ကို မှည့်လေသည်။

ထိုမောင်ဧကေ အချိန်တန်အရွယ်ကျလာသောအခါ စကုမြို့ပထမတိုက် လေးထပ်ကျောင်းဆရာတော် ဦးပဏ္ဍိတထံအပ်နှံ၍ ပညာသင်ကြားစေ၏။ တစ်ဖန် ထိုကျောင်း၌ပင် ၁၅နှစ်သားအရွယ်၌ ရှင်သာမဏေပြုရာ ဗုဒ္ဓဟူးသားဖြစ်သည့်အားလျော်စွာ ရှင်ဝိသုဒ္ဓ ဟူသော ဘွဲ့နာမပညတ် သမုတ်ခံရလေသည်။

ထိုရှင်ဝိသုဒ္ဓသည် ရှင်သာမဏေအဖြစ် (၅)ဝါ ချိန်ခါလွန်မြောက်(သက္ကရာဇ် ၁၂၈၁–ခုနှစ်ကဆုန်လပြည့်နေ့) အရောက်တွင် ငယ်ဆရာဦးပဏ္ဍိတကိုပင် ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒကံဆောင်ရဟန်းဘောင်သို့ ဦးဝိသုဒ္ဓဘွဲ့နာမံနှင့်ပင် တက်ရောက်ရလေသည်။

ဦးပဥ္စင်း ဦးဝိသုဒ္ဓ ရဟန်း(၁၅)ဝါအရ ငယ်ဆရာ ပထမတိုက် လေးထပ်ကျောင်းဆရာတော် ဦးပဏ္ဍိတဘဝနတ်ထံ ပျံလွန်တော် မူသဖြင့် လေးထပ်ကျောင်းကြီး၌ ကျောင်းထိုင်ပုဂ္ဂိုလ် (လေးထပ်ကျောင်းဆရာတော်) အဖြစ် သီတင်းသုံးနေထိုင်ရသည်။

ထိုလေးထပ်ကျောင်းကြီးမှာ မြောက်ဘက်၌ ထီးကြီးဘုရား (ဝါ) ထေရ်ကြီးဘုရား၊ တောင်ဘက်နားက ထီးကြီးရွာ၊ အရှေ့ဘက်မှာ ထီးကြီးကန်၊ အနောက်ဘက်က စကုမြို့၊ ဤကဲ့သို့ ဝိုင်းဝရံတည်ရှိနေ၍ ထိုထီးကြီးပွဲတော်ဖြစ်မြောက်ရေး ဗုဒ္ဓဝေယျာဝစ္စ



အဝဝတို့ကို ဂေါပကလူကြီးများနှင့် ကြိုးစားအားထုတ်ပြုလုပ်လေ့ရှိသောကြောင့် ထီးကြီးဆရာတော်ဘုရားများဟု အများက ခေါ်ဝေါ်ခြင်း ပြုကြပြန်လေသည်။

ထို့နောက်တစ်ဖန် မန်းစက်တော်ရာ ဆရာတော် ဖြစ်တော်မူသော (စကုမြို့ ရွှေပန်းရုံကျောင်းတိုက်ဆရာတော်) ဦးကုသလ ပျံလွန်တော်မူရာ ရွှေပန်းရုံကျောင်းတိုက်အရံနှင့်တကွ ဆက်ခံရရှိသည့်အပြင် စကုမြို့ရှိ ထေရ်ကြီးဝါကြီး အရာရှိကြီးငယ်လူပုဂ္ဂိုလ်အသွယ်သွယ်တို့ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ကိစ္စ အဝဝတို့၌ ထကြွလုံ့လဝီရိယနှင့် အာစလျာစပြည့်ဝစုံလင် ဂုဏ်ထင်ပေါ်ပြီးဖြစ်သော အရှင်ဝိသုဒ္ဓကိုယ်တော်အား (ဝါ) လေးထပ်ကျောင်းဆရာတော်အား(ဝါ) ထီးကြီးဘုရားဆရာတော်အား ယခု မန်းစက်တော်ရာဘုရားကြီး၌ ဗုဒ္ဓကိစ္စအဝဝကို ဆောင်ရွက်ရန် (မန်းစက်တော်ရာဘုရား ဆရာတော်)ဘွဲ့ထူးကို ကြည်နူးနှစ်သမ့်လက်ခံစိမ့်သော့ငှာ တိုက်တွန်းပြောဆိုကြသဖြင့် မငြင်းသာမပယ်ကား ဘုရားဆရာတော်အဖြစ်ကို ၁၃၁၁–ခုနှစ်၊ တပေါင်းလပွဲတော်မှအစပြု၍ လက်ခံဆောင်ရွက်ရပါသည်။

* * *

## အခန်း–၁၀၂

### ဘုရားဆရာတော်(ဦးဝိသုဒ္ဓ)၏ ဆောင်ရွက်မှုများ

ထိုကဲ့သို့ ဘုရားဆရာတော်အဖြစ် စတင်ဆောင်ရွက်တော်မူသော အချိန်ကာလမှာ "တပ်ပျက်ဗိုလ်ခန့်" ဝင်လျှင်ဝင်ချင်း

ဆောက်နဲ့ထွင်းဆိုရင် စကားရှိသော်လားသို့ မန်းစက်တော်ရာ ဘုရားကြီးနယ်မြေသည့် သာယာမှုကင်းဝေး ခိုးဘေး ဓားပြ အဝဝတို့နှင့် စုံထွေးရောယှက် အတက်ဘက်မှ စိုးရိမ်မကင်းရှိနေခြင်းများကြောင့် မေတ္တာကို အရဖ်းထား ရှင်းလင်းပြောကြား နားလည်မှုယူ၍ ပြည်သူတို့ ကြည်ဖြူစွာ ဖူးမြော်နိုင်ရန် ကြံဆောင်ခဲ့လေသည်။

ဆရာတော်ဘုရား၏ ပင်ကိုစိတ်ရင်းမှာ မည်သည့် အမှုကိစ္စမျိုး၌မဆို မိမိစွမ်းအင်အလျောက် တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်တော်မူလိုသော သဘောဆန္ဒ ပြည့်ဝလှ၍ ၁၃၁၆–ခု တပေါင်းလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဘုရားဖူးလာရောက်သော ပွဲတော်ရက်ကို ၁၅–ရက်လောက်အတွင်း အာရုံခံတန်ဆောင်းသစ် ကျောက်လှေကား စောင်းတန်းသစ်များကို တစ်နှစ်အတွင်း မဖြစ်မနေ အများပြည်သူတို့ ကောင်းမှုငွေဖြင့် ပြုလုပ်ခဲ့လေသည်။ ထို့ပြင်တဝ ပျက်စီးချို့ယွင်းသည်ဟူသမျှကို အစစ ကျနပြပြင် လှုမြင်လျှင် ကြည်ညိုမှုပြုနိုင်အောင် ဆောင်ရွက်တော်မူရပြန်သည်။

ယခုတစ်ဖန် အင်အားကြိုးကုတ် လုံ့လထုတ်၍ ပြုလုပ်နေသည့်အရာမှာ ရှေးသာသနာ့ဒါယကာများ၏ ကောင်းမှုဖြစ်သော အောက်စက်တော်ရာ သစ်သားတန်ဆောင်းတော်ကြီးများမှာ ကာလရှည်ကြာ များစွာချုတ်ယွင်း ခြပုန်းဆင်၍ ဖူးမြော်ရင်း ဒုက္ခတွေ့



ချိန်မှာ စိုးရိမ်လှသဖြင့် အသစ်ထပ်မံ၍ ဖြစ်လာအောင် ဆောင်ရွက်နေပါသည်။

သို့စီမံဆောင်ရွက်နေဆဲ ယခု (၁၃၁၉–ခု) နှစ်တည်းတွင် တစ်နည်းကြုံရ (ကဆုန်လဆုတ် ၁၀–ရက်နေ့) ဝဿန္တချိန်တွင်း အခါမှာ အရှိန်ပြင်းစွာသော လေကြီးမိုးကြီးတို့ တိုက်ခိုက်ရွာသွန်းပါသဖြင့် အထက်စက်တော်ရာ အာရုံခံတန်ဆောင်းတိုင်များ ယိမ်းယိုင်ကာလှုပ်ရှားပြီး တမံတလင်း(အခင်း)ပါ ကွဲအက်သွားသည့်ပြင် တန်ဆောင်းထီးတော်ပင် မြေသို့ကျ၍ ပျက်စီးရပြန်သည်။

ထိုအခါ ဘုရားဆရာတော် (ဦးဝိသုဒ္ဓ) မှာ မနေသာမထိုင်အား စိတ်သောကပွားများ၍ ကဆုန်လဆုတ် (၁၄)ရက်နေ့မှာပင် မန်းစက်တော်ရာဘုရားသို့ ကိုယ်တော်တိုင်ကြွသွားပြီးလျှင် ပျက်စီးသည့်ဖြစ်အင်ကို မျက်မြင်ဒိဋ္ဌ ကုန်ကျငွေမှန်းဆ၍ ကျနစွာ ဟောကြားပြုပြင်မည့်လူများကို ရှာဖွေဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ သောင်းပြောင်း အကြောင်းကြောင်းကို စုပေါင်းလေ့လာစေတနာနှင့် တို့မြေရွာ တို့အနား၊ တို့ဘုရားနှင့် တို့ဆရာတော်အတော်ပင် အံကိုက် ကတိုက်ကရိုက် စီမံသင့်တာကိုစီမံ၊ ရက်ရှည်ဆွဲတန်သင့်တာဆွဲ၊ အမြဲထာဝရစီမံပါလျှင် ပြည်မြန်မာ သာသနာတောက်မည်မို့၊ ဘာအနှောင့်အယှက်မျှ မတွေ့ရဖို့ ပြကာတော့ရှည်ကြာဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းနေစဉ်မှာပင် ဘိုဆရာတော် ဦးဝိသုဒ္ဓမှာ ၁၃၂၅–ခုနှစ်တွင် ပျံလွန်တော်မူသဖြင့်

ဆရာတော် ဦးကုမာရနှင့် ဦးသုမင်္ဂလတို့နှစ်ပါးက ဆက်လက်ဆောင်ရွက်နေပါသည်။

သို့ရာတွင် ၁၃၄၃–ခုနှစ်၊ တပို့တွဲလ ပွဲတော်ချိန်မှစ၍ မင်းဘူး စကုမြို့နယ်၊ ဩဝါဒစရိယဆရာတော်များအဖွဲ့က ကြီးကြပ်ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါသည်။

❁

## အခန်း–၁၀၃

### ဂေါပကလူကြီးများ ခန့်ထားခြင်းအကြောင်း

မန်းစက်တော်ရာ ဘုရားပွဲတော်ကြီးခင်းကျင်းရာ နယ်နိမိတ်မှာ မင်းဘူးခရိုင် စကုမြို့နယ်အတွင်း၌ တည်ရှိသောကြောင့် အစဉ်အလာအားဖြင့် ရှေးခေတ်က ခန့်ထားသော စကုမြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးများပါဝင်သည့် ဘုရားဂေါပက ဘဏ္ဍာတော်ထိန်းလူကြီးများနှင့် စီမံခင်းကျင်းခဲ့ပါသည်။

နောက်ဘုရားလူကြီးများ အချင်းချင်း သင့်တင့်ညီညွတ်ရေး စာရင်းအင်းများ စစ်ဆေးရှင်းလင်းရေးအတွက် မင်းဘူးမြို့ အရေးပိုင်မင်း ဦးစီးသော ဘုရားကြီးဂေါပက ဘဏ္ဍာတော်ထိန်း ခန့်ထားရေး ကော်မတီအဖွဲ့က ဘုရားလူကြီးများကို ခန့်ထားပါသည်။

ထိုအခါ မင်းဘူးသည် ခရိုင်မြို့ (ဒီစတြိတ်မြို့) ဖြစ်သည့်အားလျော်စွာ မင်းဘူးမှ ဘုရားကြီးဂေါပကလူကြီးများ ခန့်ထားရာတွင် ပါဝင်အရွေးခံသင့်သည်ဟူသော ယူဆချက်ဖြင့် မင်းဘူး၊ စကု



၂–မြို့ ပေါင်း၍ မျှတမှုစနစ်ဖြင့် ဂေါပကလူကြီးများကို ခန့်ထားခဲ့ပါသည်။

ဥပမာ။ ။ ဘုရားကြီး၏ ဂေါပကလူကြီး ၅–ဦးခန့် ထားရန်ရှိပါက ယခုအပတ်တွင် မင်းဘူးမြို့ပေါ်မှ ၂–ဦး၊ စကုမြို့ပေါ်မှ ၃–ဦး ခန့်ထား၍ နှစ်စေ့သောအခါ (၃–နှစ်တစ်ကြိမ်) ပြန်လည်ရွေးကောက်လျှင် မင်းဘူးမြို့ပေါ်မှ ၃–ဦး၊ စကုမြို့မှ ၂–ဦး စသည်ဖြင့် တစ်လှည့်စီခန့်ထား၍ ပွဲတော်များကို စီမံခန့်ခွဲစေပါသည်။

အထူးစီမံကိန်းတစ်ရပ် ဖြစ်လာသည်မှာ ၁၉၅၆–ခုနှစ် ဂေါပကလူကြီး ရွေးကောက်တင်မြှောက်ရာတွင် ဘုရားပွဲတော်ကြီးသည် စကုမြို့နှင့် ငဖဲမြို့ နယ်စပ်အနီးတွင် ဖြစ်သည့်ပြင် ငဖဲမြို့နှင့် ပိုမိုနီးကပ်၍ စောင့်ရှောက်အပ်သော ဂေါပကလူကြီးမင်းတစ်ဦးကို ငဖဲမြို့နယ်မှလည်း ပါဝင်ခန့်ထားသင့်သည်ဟူသော ယူဆချက်ဖြင့် ၁၉၆၅–ခုနှစ်၊ ဘုရားကြီး၏ ဂေါပကလူကြီးသစ် ရွေးကောက်တင်မြှောက်ခြင်းမှစ၍ မင်းဘူးမြို့ပေါ်မှဂေါပကလူကြီး ၂–ဦး၊ ငဖဲမြို့ပေါ်မှ လူကြီး ၁–ဦး၊ ပေါင်း ၅–ဦးခန့်ထား၍ စီမံအုပ်ချုပ်စေပါကြောင်း။

ထိုဘုရားလူကြီးများ၏ အလုပ်တာဝန်မှာ ပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် လုံးဝတာဝန်ရှိ၍ သောင်ခွန်၊ ဈေးခွန်စသော ဝင်ငွေစာရင်းများကိုလည်းကောင်း၊ သန့်ရှင်းရေး၊ အုပ်ချုပ်ရေးစသော ထွက်ငွေစာရင်းများကိုလည်းကောင်း၊ စနစ်တကျစီမံခန့်ခွဲမှုများကို ဘုရားကြီး၏ စည်းမျဉ်းဥပဒေနှင့် လိုက်လျောညီထွေ ပြုလုပ်ကြရလေသည်။

သို့သော် စနစ်ဟောင်းမှ တစ်ခေတ်ပြောင်းလိုက်သော အချိန်မှာမူ ဘုရားလူကြီးအဖွဲ့ကို လေးငါးယောက်ကောင်း ဆောင်ရွက်သည်ထက် စုပေါင်းလုပ်က အကျိုးရ၊ စုပေါင်းလုပ်သော် အကျိုးပေါ် ဆိုသည်နှင့်အညီ များစွာသော ဘုရားပွဲတော်လုပ်ငန်းဟူသမျှလောက်တွင် ခေါင်းပုံဖြတ်မှု နည်းပါးစေရန်ရည်ရွယ်ပြီး ဘုရားလူကြီးအရေအတွက်ကို လေးဆခန့် တိုးတက်ခန့်ထားခြင်း၊ ထိုအထဲတွင် ဘုရားကြီး၏ ပတ်ဝန်းကျင်ကျေးရွာများမှ လူကြီးများကိုပါ ထည့်သွင်းခန့်ထား ဆောင်ရွက်စေခြင်းတို့ကို ပြုပြင်စီမံထားပါသည်။

* * *



# သတ္တမပိုင်း


## မန်းစက်တော်ရာ ခရီးလမ်းစဉ်ကို ဖော်ပြသောအပိုင်း

### အခန်း–၁၀၅

### ခရီးလမ်းပြမြေပုံကို ရှင်းလင်းပြဆိုခြင်း

မန်းစက်တော်ရာ (ပါဒစေတီ) တည်ရှိရာ စကုမြို့နယ်မြေသည် ပုံတွင်ပြထားသည့်အတိုင်း မင်းဘူး၊ မကွေး၊ ရေနံချောင်း၊ ဆင်ဖြူကျွန်းဟူသောမြို့နယ်များနှင့် ဆက်သွယ်လျက်ရှိသောကြောင့်-

၁။ မြန်မာနိုင်ငံအထက်ပိုင်းမှ လှေသင်္ဘောများဖြင့် သွားလာကြသော ဘုရားဖူးတို့မှာ ဆင်ဖြူကျွန်းသင်္ဘောဆိပ် (ကျွန်းညို) တွင် ဆင်း၍ ၎င်းတို့မှတစ်ဆင့် ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူလယ်ကိုင်း၊ စကုမြို့များကိုဖြတ်ပြီး မန်းစက်တော်ရာသို့ ကားစီး၍ လာနိုင်ကြပါသည်။




မန်းစက်တော်ရာ ခရီးလမ်းပြ မြေပုံ



ဤလမ်းခရီးတွင် ဆင်ဖြူကျွန်းမှ ငါးမျက်နှာ ဖောင်တော်ဦး စေတီများ၊ စလင်းမြို့မှ ကုသိန္နာရုံ၊ ရွှေမုဋ္ဌောစေတီများ၊ ပွင့်ဖြူ မြို့မှ ရွှေဘုံသာ၊ ရွှေပန်းမြိုင်စေတီများ၊ လယ်ကိုင်းမြို့မှ စန္ဒကူးနီ ရုပ်ပွားတော်နှင့် ကျောင်းတော်ရာစေတီကိုပါ သွားရောက်ဖူးမြော် ရန်နှင့် စကုမြို့ စေတီပုထိုးများကိုပါ ဝင်ရောက်ဖူးမြော်နိုင်ပါသည်။

၂။ မြန်မာနိုင်ငံ အလယ်ပိုင်း ရေနံချောင်းမြို့မှ အနောက် ဘက်ရှိ သံကိုင်းနန်းတော်ကျွန်း စသည့်ဆိပ်ကမ်းများသို့ ကူးလာသူ များမှာ ရေနံချောင်းမြို့ရှိ စနေနံနှင့် ကျောက်စာရုံစေတီများ၊ ကုန်း ဖောင်းမြို့ရှိ စနေနံနှင့် မုန်းချောင်းတောင်ဘက်ရှိ ကျောင်းတော်ရာ စေတီများတို့ပါ ဖူးမြော်၍ လယ်ကိုင်းမြို့ရှိ စန္ဒကူးနီရုပ်ပွားတော်၊ စကုမြို့ပေါ်ရှိ စေတီပုထိုးများပါ ဖူးမြော်ပြီး မန်းစက်တော်ရာ ဘုရား ကြီးသို့အရောက် မော်တော်ကားစီး၍ လာနိုင်ကြပါသည်။

၃။ ယနေ့တိုင် အထက်အောက် မြန်မာနိုင်ငံမှ ဘုရားဖူး လာကြသူအများစုမှာ မကွေးမှ မင်းဘူးမြစ်ကိုကူး၍ သမိုင်းဝင် မြသလွန်စေတီ၊ စက္ကိန်းတဲစေတီ၊ နဂါးပွက်တောင်၊ အောက်ကျောင်း ဘုရား၊ ရွှေမြင်တင်ဘုရား၊ ထီးကြီးဘုရား စသည်များကို ဖူးမြော် ကြည့်ရှု အာရုံပြုရင်း စကုမြို့တွင်းမှဖြတ်လျက် မန်းစက်တော်ရာသို့ အရောက် ပျော်ပျော်ရွှင်ရွှင် ရွာစဉ်နီးသည့်ခရီးစဉ်အတိုင်း သွားလာမှု ပြုကြပါသည်။

## အရင်လို လမ်းအိုလိုက်သည့်ပုံပမာ

**မင်းဘူး–ဘုရားကားလမ်း**။ ။ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်ကပင် မင်းဘူးမြို့မှ မန်းစက်တော်ရာသို့အရောက် ဆင်ခေါင်းရွာကိုဖြတ်၍ ကားလမ်းဖောက်ခဲ့ဖူးပါသည်။ လွတ်လပ်ရေးရပြီး ၁၃၁၈–ခုနှစ်ကလည်း ထိုကားလမ်းကို ဖောက်လုပ်သည်။ ယခုတစ်ဖန် ထပ်မံ၍ ၁၃၃၃–ခုနှစ် ပွဲတော်အချိန်မီ ကားလမ်းကို ကောင်းအောင် ရာသီမရွေးမောင်းနိုင်ရန် ရည်ရွယ်ချက်နှင့်ဖောက်လုပ်သော်လည်း ထို (မင်းဘူး–ဘုရား) ကားလမ်းမှာ သွားလာမှုနည်းပါးလှပါသည်။ ထိုလမ်းမှာ–

၁။ ရွာစဉ် ရွာဆက် နည်းပါးဝေးကွာလွန်းခြင်း၊

၂။ မတ်စောက်လွန်းသော အဆင်းအတက်များရှိခြင်း၊

၃။ ကားမောင်းရသည့်အချိန် ပိုမိုကြန့်ကြာ၍ ဓာတ်ဆီပိုကုန်ခြင်း စသည်တို့ကြောင့် ကားသမားများကလည်း မမောင်းခြင်း၊ ဘုရားဖူးတို့ကလည်း ရေးသမိုင်းဝင်ဖြစ်သော လေှတင်၊ ကျောက်တန်းလုပ်ဆေး စခန်းတို့မှအစ မန်းဆည်တော်ကြီးနှင့်တကွ တောင်မန်းဆည်တို့ကိုပါ ရောက်လိုသော ဆန္ဒကြောင့် အချိန်တိုတိုနှင့် လိုရာကိုရောက်နိုင်သော ရှေးရှေးက လှည်းလမ်းကြောင်းအတိုင်း ဖောက်လုပ်ထားသည့် (စကု–ဘုရား) ကားလမ်းကိုသာ ကူးသန်းသွားလာမှုပြုကြသဖြင့် ထို (စကု–ဘုရား) ကားလမ်းကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာအောင် သက်ဆိုင်ရာတို့က ကူညီပြင်ဆင်ပေးသင့်ကြောင်း ဝေဖန်စကားများ ကြားသိနေရပါသည်။



(မြေပုံ၌ (ပ)၊ (ဒ)၊ (တ) (စ) ဟု စေတီငယ်ပုံများ ပြထားသည်မှာ မဟာပုဏ္ဏမထေရ် သီတင်းသုံးနေထိုင်ခဲ့ဖူးသော နေရာ (၄)ဌာနကို ရည်ညွှန်းပါသည်။ (တ) စေတီမှာ ၂–နေရာကွဲလွဲ၍ ယခုကဲ့သို့ ၂–ဌာနဖော်ပြခြင်းဖြစ်သည်။)

* * *

## အခန်း–၁၀၆

### ဆည်တော်စခန်းအကြောင်း

မန်းစက်တော်ရာ ဘုရားဖူးအများကလည်း ဆည်တော်စခန်းဟု ပြောဆိုနေကြသော မန်းဆည်တော်ကြီးသည်ကား စကုမြို့နယ်တောင်သူလယ်သမားတိုင်း၏ အားထားမှီခိုရာ အသက်သွေးကြောပမာ အလွန်တရာ အသုံးဝင်သော ဌာနတစ်ခုဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စကုမြို့နယ်သည် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားအရပ်ဒေသများတွင် အပါအဝင်ဖြစ်၍ အမှန်စင်စစ် မိုးရေအားဖြင့် လယ်ယာလုပ်ကိုင်နိုင်ရန် (ဝါ) စပါးအောင်မြင်အောင် စိုက်ပျိုးရန်မှာ များစွာခဲယဉ်းလှပါသည်။

ထိုအကြောင်းကို ကောင်းစွာသိကြသော မြန်မာမင်းအများပင် ဆည်တော်ကြီးစခန်းသို့ လာရောက်ကြ၍ ဆည်တော်ပြုပြင်ခြင်းများ ပြုလုပ်ခဲ့ကြ၏။ ဤသို့ ဆည်တော်ကြီးကို ပြုပြင်ရင်းပင် မြတ်စွာ

ဘုရားသခင် ချထားတော်မူအပ်သော မန်းစက်တော်ရာ (ပါဒစေတီ) ကိုလည်းကောင်း၊ ကျောင်းတော်ရာစေတီတော်တို့ကိုလည်းကောင်း၊ လာရောက်ဖူးမြော် ပူဇော်လှူဒါန်းခြင်းအမှု ပြုကြလေသည်။ မြန်မာမင်းများ မလာမရောက်နိုင်သော အခါမှာလည်း နယ်ပယ်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများသည် တောင်သူလယ်သမားများ လုပ်အားနှင့် ဆည်တော်စခန်းကို တက်ရောက်၍ ဆည်ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရကြောင်းကို ရှေးမှီပုဂ္ဂိုလ်များ ပြောသံကြားသိရ၏။

(ယခုကဲ့သို့ ဆည်ပြုပြင်သည်ကို ရှေးက "ဆည်တက်သည်" ဟု ပြောကြ၏။)

ဤဆည်တော်ကြီးကိုပင် အနုသုခမ အပါအဝင် ရပ်ရှင်သဘင်သည် အပေါင်းတို့က တစ်ချိန်သောအခါတွင် ဆည်တော်ကြီးကို ပြီးစီးအောင်မြင်ရန် "အောင်" ပါသောနာမည်ကို ဆည်စတေးရမည်ဟုအဆိုရှိ၍ "မအောင်ဖြူ" အား ဆည်စတေးရာ မအောင်ဖြူမှာ (ဆည်တော်ရှင်မ) နတ်ဘဝသို့ ရောက်နေရကြောင်း နတ်နန်းနတ်ကွန်း လွမ်းစေတီဘုရားများ စသည်များဖြင့် ထင်ရှားစွာ ရိုက်ကူးပြသကပြခြင်းအမှု ပြုကြလေသည်။

၎င်းအပြင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ဆည်တော်ကိုပြင်၍ မြောင်းတာတစ်သောင်း ဖောက်လုပ်ရာ မြောင်းတာအဆုံးတွင် ကျောက်ထစ်ချိုမြက်ဖုံးအုပ်လျက်ရှိသော မဟာပုဏ္ဏားမထေရ် စီမံခဲ့သည့် ကမ္ဗည်းကျောက်စာ (သေလာမယစေတီ) တွေ့ရှိရလျှင် ဘုရားရှင်ကို ဖူးမြင်ရသောအလား ဝမ်းမြောက်ခြင်းပီတိ



ပွားများ၍ ကျောင်းတောင်ရာစေတီနှင့်တကွ ကျောင်း၊ သိမ်၊ စကြံ စသည့် ကောင်းမှုတော်များကို ပြုစုလှူဒါန်းတော်မူသည်ဟု အဆိုရှိပါသည်။

**တောင်မန်းဆည်။** ။ ထိုဆည်တော်ကြီးကိုပင် ရေတံခါးတိုးချဲ့တပ်ထားပြီး မြောင်းမကြီး၌ ရေဝေတံခါးရှင် တပ်ဆင်လျက် မန်းချောင်းပေါ်မှ မြောင်းတစ်ထပ်တူး၍ မန်းတောင်ဘက်ရှိ ယာမြေများကို ရေသွင်းစိုက်ပျိုးနိုင်အောင် တောင်မန်းဆည်စီမံကိန်း လုပ်ဆောင်ခြင်းမှာ အောင်မြင်ပါသည်။

## အခန်း–၁၀၇

### ဆံည်တော်ရာစခန်းမှ ဘုရားကြီးအရောက် ခရီးစဉ်ကို အကွာအဝေးဖြင့်ပြောဆိုခြင်း

ရှေးလွန်ခဲ့သောနှစ်ပေါင်းများစွာကစ၍ မန်းစက်တော်ရာဘုရားကြီးသို့ ဘုရားဖူးလာကြကုန်သော အများပြည်သူရှင်လူရဟန်းတို့မှာ ဆည်တော်စခန်းအထိ မော်တော်ကားစီး၍ လာကြသော်လည်း ထိုဆည်တော်စခန်းမှစ၍ ရွှေစက်တော်ဘုရားကြီးအရောက် ခရီးစဉ် ၇–မိုင်လောက်မှာ ဝန်စည်အထုပ်အပိုးပါသူအများက လှည်းငှား၍လည်းကောင်း၊ အချို့မှာ ကိုယ်တိုင် စွမ်းအား လွန်ကြိုးစားလျက် ဘုရားအရောက် ခြေကျင်လျှောက်၍သော်လည်းကောင်း၊ မမောနိုင် မပန်းနိုင် မြိုင်မြိုင်ဆိုင်ဆိုင် သီပြိုင်ဟစ်အော် သန်းခေါင်ကျော်သော၊ ညဉ့်နက်သော၊ မွန်းတည့်သော၊ မွန်းတိမ်းသော တပေါ၊ တရစပ် မပြတ်စည်ကား အသွားအလာ များပြားလှသော ခရီးစဉ်ဖြစ်ပါသည်။

သို့ပင်များပြား မရောက်ဖူးသူပါငြားက ဘယ်အနားမှာ ဘယ်စခန်း ဘယ်အလှမ်း ဘယ်လောက်ကွာသည် အတည်တကျ သိမြင်ရအောင် ဖော်ပြရေးသားပါအံ့သတည်း။

### ရှေးခေတ်လှည်းစခန်းများ အကွာအဝေး

| | | |
|---|---|---|
| ၁။ | ဆည်တော်စခန်းမှ သဖြေပင်စခန်းသို့ | ၂–မိုင် |
| ၂။ | သဖြေပင်စခန်းမှ ရိုးကြီးစခန်းသို့ | ၁–မိုင် |



| | | |
|---|---|---|
| ၃။ | ရိုးကြီးစခန်းမှကန်ပေါက်စခန်းသို့ | ၄–ဖာလုံ |
| ၄။ | ကန်ပေါက်စခန်းမှလုပ်ဆေးချောင်းသို့ | ၄–ဖာလုံ |
| ၅။ | လုပ်ဆေးချောင်းမှတည်ပင်ကျောသို့ | ၄–ဖာလုံ |
| ၆။ | တည်ပင်ကျောမှကင်းမိတ်စခန်းသို့ | ၅–ဖာလုံ |
| ၇။ | ကင်းမိတ်စခန်းမှသမုံးကျောသို့ | ၄–ဖာလုံ |
| ၈။ | သမုံးကျောမှကျောက်တန်းသို့ | ၄–ဖာလုံ |
| ၉။ | ကျောက်တန်းမှလှေတင်စခန်းသို့ | ၄–ဖာလုံ |
| ၁၀။ | လှေတင်စခန်းမှမန်းစက်တော်ရာဘုရားသို့ | ၄–ဖာလုံ |

ဤသို့လျှင် စခန်း (၁၀) ခုမှ စုစုပေါင်း ခရီး ၇–မိုင် ၁–ဖာလုံ ဝေးကွာကြောင်း စစ်ဘက်ဆိုင်ရာတို့က တိုင်းတာရေးသား ဖော်ပြထားပါကြောင်း။

**မှတ်ချက်။** ။ အချို့ဘုရားဖူးများမှာ မန်းစက်တော်ရာသို့ အလာတွင် မင်းဘူးမှ ဘုရားကြီးအရောက် မော်တော်ကားဖြင့် လာပြီးလျှင် အပြန်မှာ ဆည်တော်စခန်းမှ ပြန်ကြခြင်းဖြင့် မန်းဆည်တော်ကြီးကို ကြည့်ရှုခွင့်ရ၍ ကျောင်းတောင်ရာစေတီတော်မြတ်ကိုလည်း သွားရောက်ဖူးမြော်ပြီးမှ မိမိဒေသသို့ ပြန်ကြလေသည်။

## အခန်း–၁၀၇

### ရှေးပညာရှိကြီးများ၏ စာမူများကိုဖော်ပြခြင်း
### (သတ်ပုံ သတ်ညွှန်းမှအစ မူရင်းအတိုင်း)
### အရှင်မဟာရဋ္ဌသာရ ရေးသားသော
### ရွှေစက်တော်သွား တောလား ၄–ပိုဒ်

၁။ အောင်ဇေယျတု၊ ကျမ်းဂန်ပြု၍၊ ဂမုဓာ့တ်ရ၊ ဓာတွတ္တပြင့်၊ ဂမနသဒ္ဒါ၊ ကြောင်းခြင်းရာကို၊ လင်္ကာကုံးသီ၊ လမ်းစဉ်စီအံ့၊ ရောင်ညီလေးဦး၊ ဖြစ်ခဲ့ဖူးတွင်၊ တောင်ကူးလက်ယာ၊ ဒက္ခိဏာဟု၊ ဒီပါကျွန်းမြတ်၊ မိုးနတ်ဣန္ဒာ၊ မြောက်မှာကျွန်းသူ၊ မတူကြငြား၊ ဘုရားမြတ်စွာ၊ စကြာစိုးရ၊ သည်ကဖြစ်ပေ၊ သန္ဓေတည်ကြည်၊ ကောင်းညွှန့်စည်သား၊ နတ်ပြည်နိဗ္ဗာန်ကူးဆိတ်မှန်တွင်၊ ဘုန်းသန်သကျ၊ မုနိန္ဒလျှင်၊ ရွှင်ပြကြည်ဖြူ၊ ဟောတော်မူသည်၊ လေးဆူကျွန်းမြတ်၊ ဘုန်းထွတ်သီရိ၊ တမ္ဗဒီတက်၊ ကျော်သီထင်ရှား၊ ကျေးရှူးများ၏၊ နဂါးမုဆိုး၊ ရိုကျိုးဘောင်းပန်၊ ပူဇော်ရန်ဟု၊ နမ္မဒါနား၊ ရာတစ်ပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနှိပ်ရာတော်နှစ်ဖော် ရွှေစက်၊ ရောင်ပြိုးပျက်သည်၊ ဖိုလ်မဂ်နိဗ္ဗာန် ရူးရူးတည်း။

၂။ ရူးရူးနိဗ္ဗာန်၊ ရောက်မည်မှန်၍၊ ကေန်တခေါ၊ ယာယီကြောကို၊ သဘောစိုက်စိုက်၊ လမ်းရိုးလိုက်သော်၊ တောင်ရိုက်ကမ်း



ဆင်း၊ ကုန်းကျင်းချောင်းမြောင်း၊ မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေတွင်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ချင်းခိုက်ထိ၊ စောင်းကြိုးညှိသို့၊ နမိနမြော၊ လွမ်းဖွယ်မောစွ၊ တောတောင်ဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်တောင်သူ၊ လွမ်းဟူသို့၊ လှုံ့ဆူထွေပြား၊ ငှက်အများလည်း၊ ပျားသို့ချိုအေး၊ ရင့်ရှုကျေးလျက်၊ မောင်ထွေးတို့လော၊ မယ်တို့လောဟု၊ သံဘောနှုတ်ဆက်၊ မင်းနှင့်လျက်တည့်၊ လင်းဝက်တော်လှိုး၊ ဥချိုးငှက်ပြင်း၊ မြေဆင်းငှက်ခါး၊ သစ်ပင်ဖျားက၊ သိမ်းကျားစွန်ရဲ၊ လင်းမြီးဆွဲလည်း၊ ကြဲကြဲစစ်စစ်၊ မြည်ကျစ်ထိုးမွက်၊ မြေဝပ်ဗီလုံး၊ ပြေးတုန်းအနီး၊ တောင်သူဘီးလည်း၊ ပြေကြီးနိမ့်မြစ်၊ ပျံအားတင့်၏၊ တောနှင့်မကွာ၊ နှုတ်လျှာမလျော့၊ သံသော့သော့နှင့်၊ ဆော့သည့်နှုတ်သီး၊ မြိုင်တောကြီးလည်း၊ သံကျီးအာအာ၊ ခါကကုတ်ကုတ်၊ ရှဥ့်စုတ်စုတ်နှင့်၊ ဘုတ်ကအိမ့်အိမ့်၊ တဖိမ့်ဖိမ့်လျှင်၊ သိမ့်သိမ့်တောလုံး၊ သံပေါင်းရုံး၍၊ ပတ်ကုံးမြိုင်နက်၊ အုတ်ကျက်ကျက်သည်၊ တောကြက်တွန်သံမြူးမြူးတည်း။

၃။ တောကြက်တွန်မြူး၊ ကျေးငှက်ကျူး၍၊ သံကျူးမြိုင်စည်၊ စက်ရိုပ်လည်၍၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်၊ သံချေကြွေးကြော်၊ ဖို့မခေါ်၏၊ တောက်ကြော်တွန့်တွား၊ ငှက်ငန်းလည်း၊ တောဖျားမြိုင်ချောက်၊ ပင်ရိပ်အောက်တွင်၊ သေသောက်ကျူးငှက်၊ သေ–တလျက်တည့်။ တောထက်ကျူးမည်၊ ဝန်တင်သည်လည်း၊ ထိုးမည်စောင်စောင်၊ တောကောင်ပျော်မွေ့၊ လေ့ဖိုးခေါင်၊ ခေါင်ယောင်ဖန်များ၊ တောလုံးကြားအောင်၊ ကျားကရုပ်ရုပ်၊ သံကြုတ်ကြုတ်နှင့်၊ သစ်ကျုတ်ပြေးလွှား၊ ကြောင်းဘားပြေးခုန်၊ စေ့ယုန်ပြေးသန်၊ နွယ်တန်းလန်း

ကိုကိုလျှောက်၊ သစ်တောက်ငှက်တော်၊ သံကျော်ဆက်ရက်၊ မြီးဆက်ဖားဖား၊ ချွေးကြားချွေးချွေ၊ ဝံပုလွေနှင့်၊ ချေကလည်းဟောက်၊ တောက်သည့်သမင်၊ တောဝန်းကျင်၌၊ ဆင်ကကြိုးကြည်၊ ပျော်ဖွယ်စည်သည်၊ လေပြည်ပျံ့ပျံ့ပျူးပျူးတည်း။

၄။ ပျံ့ပျံ့လေပြည်၊ အလွမ်းစည်လျက်၊ လမ်းစဉ်ဆက်သော်၊ ချိုးငှက်လည်ပြောက်၊ ကျွမ်းဖွယ်ပျောက်သို့၊ နားထောက်ကွန့်မြူး၊ သံပြိုင်ကျူးလျက်၊ တဦးတိုင်က၊ တဦးချ၏၊ ဖိုမလင်းပြာ၊ တွန်သံသာနှင့်၊ ဆပ်ပြာစမ်းတွင်၊ တွေ့ကြိမ်မြင်သော်၊ စုံလင်ဖိုမ၊ နိမိတ်ပြ၏။ ဉာဏကဝိ၊ ပဏ္ဍိတစစ်၊ ငါတည်းဖြစ်မူ၊ အနှစ်သာရ၊ အုံးပုံမျှရှင့်၊ အစအလယ်၊ အဆုံးဝယ်၌၊ မိပ္ပာယ်ကျမ်းသိ၊ မှတ်သားမိလျက်၊ ဇာတိလိုက်လျော်၊ ချိုးနှစ်ဖော်မှ၊ ရှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍၊ မကွဲတူကွ၊ နေသည်စသော်၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ၊ ညာကြေကျော်စော၊ သဘောစင်စစ်၊ သျှင်၏ဖြစ်မူ၊ တဆစ်လူ့ခွင်၊ ဝင်လာဦးမည်၊ ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်၊ လူငယ်လူကောင်း၊ အကြောင်းရုံးစည်း၊ ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို၊ တိတ်တိတ်မှတ်ယူ၊ နှစ်လိုမူကား၊ မပူမဆာ၊ ရေသီတာသို့၊ မျက်နှာရွှင်လန်း၊ မပန်းမညိုး၊ သာအားကြိုးလျက်၊ အကျိုးရှိမည်၊ မကြည်စိတ်မှုန်း၊ တကုန်းဆင်းသက်၊ တကုန်းတက်၍၊ မြိုင်နက်မြိုင်ကျော်၊ တတောထွက်ဝင်၊ တတောမြင်က၊ တပင်ရိပ်နား၊ တပင်သွား၍၊ တောဖျားမြိုင်နက်၊ လမ်းချက်ရှူးစမ်း၊ ရိပ်ဖမ်းဆွေးနွေး၊ ဘထွေးတစ်ယောက်၊ ရဲခေါင်မြောက်နှင့်၊ ချစ်လောက်လည်သီး၊ ဦးရီးတထည်၊ ချစ်ကြည်မြတ်လေး၊ လုပ်ကျွေးမစ၊ ညွန့်ပြလမ်းရိုး၊ တောင်နှယ်ကိုး၍၊ မိုးချုပ်ရီသ၊ သွားကုန်ကြသည်။ ။ စိတ်ကရောက်ချင် ရှုးရှူးတည်း။



## ဖိုးသူတော်ဦးမင်းရေးသားသော ရွှေစက်တော်ဘွဲ့

## ရှေးလေးချိုးကြီး (မူရင်းအတိုင်း)

ခြိမ့်ခြိမ့်သာမွန်းတော့၊ မြကျွန်းညာငူမှာ၊ စက်တော်နှစ်ဆူတောင်၊ တော်ထူးပေမို့၊ ကြည်နူးစေတနာရွှန်းပါဘိ၊ ကွန်းငြိမ့်သဘင်။

ရှေးယခင်ဝယ်၊ ဘူဇင်မျိုး၊ ရေနယ်စိုးနှင့်၊ သတိုးထေရ်ပျို၊ သစ္စဗန္ဓတို့၊ ရှိပန်ညွှတ်ကာ တောင်းပန်ရှာလွန်းလို့ သုံးရွာလုံးပရမေလှဲ့ စက်နှစ်တွေရာတော်နှင်းခဲ့တယ် မင်းမင့်မျက်ရှင်။

စံမမြင်တယ် ရောရှင်ကွန့်ရွှန်း ခြောက်ရောင်မွှန်းလို့ စုံပန်းမြိုင်ချောင် သည်တောတောင်မှာ ပြောင်တထိန်ထိန်စက်မီးသာ ရှိန်ဝေတဲ့ မာရဇိန်စက်စုံကို ခိုင်ပဒုံလျော်ဦးနှင့်ဖူးဖိုက်ပါငဲ့။

အင္ဘဝယ်ဒီသာ ဇကေသဒါမွှန်း စက်စုံထွန်းလို့ တောင်ဝှန်းဘုမ္မိအောင်ဇေရှိမှာ နဒီရစ်သွဲ့ မီလှိုင်းဘွဲ့လို့ တုမဲ့လွမ်းအောင် ရစ်သန်းသာဆောင်တော့ပ တောင်ထိုထိုဝယ် နပျိုကြိုင်ဝတ်က စုံတသွဲ့။

* * *

## ရှင်မဟာရဋ္ဌသာရ စီကုံးတော်မူသော ပါဒနက်သန် ကေပိဒ် ဘုရားရှိခိုး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒ မြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လျစ်၊ တစ်ရာ့ရှစ်ကို၊ စင်စစ် ကောင်းတွေ၊ လှည့်လည်ရေးခြိမ့်၊ ချိထွေအစ၊ လုံမအိမ်မွန်၊ မကျန်ပွင့် ချပ်၊ ဇလပ်ပျံ့မွေး၊ လည်ရေးသုံးဆင့်၊ လှတင့်ရွှန်းရွှန်း၊ ဦးဆောက် ပန်းဘ၊ စသည်မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရွှေမောင်းပြာသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ နှစ်ဆူသန်လျက်၊ ထန်းရွက်ယပ်ဝန်း၊ တခန်းတကြောင်း၊ ဥဒေါင်း မြီးယပ်၊ သင်းကျစ်တခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်ပန်းဆိုင်း၊ တုန္နိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုးဖလား၊ ထူးခြား သမုဒ္ဒရာ၊ စကြာဝဠာသဏ္ဌာန်၊ ဟိမဝန်မြင်းမိုရ်၊ ထိုထိုနေလ၊ နက္ခ စသား၊ မီပလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဥတ္တရ၊ အရမဂေါယီ၊ တလီအုံ့ဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်စကြာမင်း၊ ခရသင်းဖြူဆွတ် ကြေင်းပွက်စကြာ၊ သီတာခုနစ်တန်၊ သတ္တရဘန်တောင်စဉ်ခုနစ်ထပ် ကြပ်ကြပ်မြဲခိုင်၊ ခုနစ်အိုင်တသုံး၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား ကုက္ကားတံခွန်၊ မင်းတန်သန်လျင်း၊ မကြွင်းတသီး၊ သားမြီးလေသာ ကေသာသဘ၊ သီဟကျားမင်း၊ ဆင်မင်းမြတ်စွာ၊ ရတနာယဉ်မွန် ဆဒ္ဒန်တခြား၊ နဂါးဝမ်းဘဲ၊ မကွဲတူကွ၊ ဥသဘမကျန်၊ ဧရာဝဏ် မကာန်း၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေလှပ၊ မျက်နှာ လေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာကိန္နရီ၊ ထူးပြီကရဝိက် ညိတ်ညိတ်ညှောင်းညှောင်း၊ ဥဒေါင်းကြိုးကြာ၊ သံသာစက္ကဝက် ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကာမာနှင့်



ဗြဟ္မာ့နတ်ရပ်၊ ဆယ့်ခြောက်ထပ်ကား၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရုံအကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်မိုးဖျား၊ သိကြားဗြဟ္မာ၊ တုရေးရှာလည်း၊ ဘယ်မှာအမျှ၊ အတုရလိမ့်၊ အသမိ အသမာ၊ သုံးလူ့ခြာ၏၊ ရတနာထွန်းလင်း၊ နီဆင်းသန့်သန့်၊ အကန့် တစ်ထောင်၊ ရွှေရောင်ခြည်ကာ၊ တစ်ရာ့ရှစ်ကွက်၊ ခြေတော်စက်ကို၊ ဖွဲ့မက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျင်ဆော၊ ရောက်စေ သောဝ်။

* * *

# အခန်း–၁၀၈

## နောက်ဆက်တွဲသမိုင်းများ

## (စေတီယပကာသနီကျမ်းအရ ဖော်ပြပါသည်။)

**စက္ကုတဲစေတီတော်**။ ။ တိလောဘဂ္ဂသကျာဘဂဝါမည်တော်သာသော မြတ်စွာဘုရားသခင်သည် ဝါတော် ၂၀–ကျော်တွင် သာဝတ္ထိ ပြည်မှုန် ဇေတဝန်ကျောင်းတော်မှ မဟာပုဏ္ဏမထေရ် ပင့်လျှောက်ချက်အရ သုပ္ပာဒကသင်္ဘောဆိပ် ဝါဏိဇ္ဇဂါမရွာသားငါးရာသော ဥပါသကာတို့က သဒ္ဒါအားထုတ် ဆောက်လုပ်သော သရက္ခ စန္ဒကူးဂန္ဓာရုံကျောင်းတော်ကို အလှူခံအံ့သောငှာ သက္ကရာဇ် ၁၂၃–ခု နွယ်တာလ (ဝါဆို) လဆုတ် ၈–ရက်နေ့တွင် ပြာသာဒ် ယာဉ်ပျံငါးရာ ရဟန္တာတို့နှင့် အဇ္ဇောလမ်း ကြွချီမြန်း၍ ကျောင်းတော်ကြီးကို အလှူခံပြီးလျှင် ၇–ရက်ပတ်လုံး သီတင်းသုံးနေတော်မူစဉ် တစ်နေ့တစ်နေ့၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့အား ပါရမီသမ္ဘာရအလိုက် ရထိုက်သော မဂ်ဉာဏ်ကို ပန်ဆင်တော်မူစေပြီးလျှင်–

ယခု မင်းဘူးမြို့၏ တောင်ဘက် ဆားပွက်တောင်ညိုတို့ဖြင့် ခြံရံအပ်သော ကေလာသဘ နာမမြွက်မြဲ စက္ကုတဲတောင်ထိပ်သို့ ကြွလာတော်မူလေ၏။ ရှေးရှေးယခေါင် နောင်တော်အများ ဘုရားရှင်တို့သည် ဤတောင်ခွင်သို့ ကြွလာတော်မူလျှင် နတ်သိကြားမင်းတို့သည် သလွန်တော်လှူမြဲဖြစ်၍ သိကြားမင်းသည်လည်း ဂေါတမ ဘုရားရှင်အား မြသားသလွန်တော်ကို ပူဇော်ဆက်ကပ်၏။ ဗြဟ္မာ



မင်းသည်လည်း ထီးဖြူမိုးကာ ပူဇော်လာသည်။ မြတ်စွာဘုရားသခင်သည်လည်း သိကြားမင်း၏ မြသားသလွန်တော်ကို အလှူခံ၍ ခေတ္တကိန်းစက်တော်မူသော ထိုကေလာသဘတောင်တွင် စေတီတစ်ဆူ တည်ထားကိုးကွယ်လာခဲ့ကြရာ ရှင်ပင်စက္ကိန်းတဲဟူသော ဘွဲ့အမည်မှ ယခုအခါ စက္ကုတဲစေတီ ခေါ်ဝေါ်ကြကြောင်း သိရှိရပါသည်။

ထိုစက္ကိန်းတဲဒေသို့ မြတ်စွာဘုရား ကြွရောက်တော်မူကြောင်းကို ယခုမင်းဘူးမြို့ အနောက်ဘက်တွင် ကပ်လျက် တောင်နှင့် မြောက် တန်းနေကြသော တောင်တန်းများတွင် မြတ်စွာဘုရားသခင် ရေသပ္ပာယ်တော်မူစေခြင်းငှာ–

(၁) နတ်တို့ဖန်ဆင်းအပ်သော ရေကန်နေရာ။

(၂) သင်္ကန်းလှန်းသော သင်္ကန်းလှန်းတောင်။

(၃) ထိုသင်္ကန်းကို လိပ်ယူသော သင်္ကန်းလိပ်တောင်(ဝါ) လိပ်တောင်။

(၄) မြတ်စွာဘုရား ကြွလှမ်းတောင်မူသော စကြံတောင်

စသည်ဖြင့် နေရာဌာနနှင့်တကွ ရှေးလူကြီးတို့ ပြောဆိုညွှန်ပြမှု ပြုခဲ့ကြကြောင်း တင်ပြအပ်ပါသည်။

**မြသလွန်စေတီတော်**။ ။ မြသလွန် ဘုရားသခင်၏ ကေလာသဘတောင်၌ သိကြားဗြဟ္မာတို့၏ အပူဇော်ကို ခံနေစဉ် ရောဝတီ ရေကြည်ရစ်ကွေ့ ခြစ်အရှေ့ဘက်တွင် နေသော ဘောကျော်၊ ဘောသော်၊ ဘောသု၊ ဘောသရ ဘီလူးညီအစ်ကို ၄–ဦးသည် ရက္ခသာကီ၊ ရက္ခဒါလီ မည်သော နမ ၂–ဦးအား မပြောကြားဘဲ ကြွစု၊ ဖန်ခါး သစ်သီးများဖြင့် ဘောသဇ္ဇအမှက်



ရှင်ပင်စက္ကိန်းတဲစေတီတော်။



နဂါးပွက်အိုင်။



ကပ်လှူပူဇော်ကြလျှင် မြတ်စွာဘုရားသခင်သည် ပါဏာတိပါတ မာကရမှာ သနက္ကမအစဉ်ဖြင့် သွန်သင်ဆုံးမတော်မူရာတွင် မဇ္ဈိမ သဃမ တရားရ၍ လောကုတ္တရာအကျိုးငှာ ကိုးကွယ်ရာ လျှောက် တောင်းလျှင် လျောင်းစက်တော်မူသော မြသားသလွန်ကို ပေးအပ် တော်မူ၍ ငါဘုရား၏ သလွန်တော်တည်ရာ နောင်အခါဝယ် သာသနာပွင့်လင်း၍ ဟောတော်မူရင်း မာကရဒေသ၌ နာဂရမြို့ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားပြီးမှ ကြွတော်မူလေသတည်း။

ဘီလူးညီနောင် ၄–ယောက်တို့သည် သလွန်တော်ကို ပင့် ဆောင်၍ မိမိတို့နေရင်းအရပ်၌ အမှတ်တမဲ့ ဌာပနာ၍ စေတီတည် ထား ကိုးကွယ်ကြလေသည်။ သိကြားမင်းသည် ဘုရားသခင် ဗျာဒိတ် တော်နှင့်အညီ စေတီတည်ရာအရပ် မဟုတ်သော့ကြောင့် ဘီလူးတို့ တည်ထားအပ်သော စေတီတော်မြတ်ကို ကိုယ်တိုင် ဖြိုဖျက်ပြီးမှ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗဃာန ဟု ခေါ်ကြသော ရသေ့ ၃– ဦးတို့ ကျောင်းသို့ သလွန်တော်ကို ပင့်ဆောင်အပ်ထားလေသည်။

ရသေ့ ၃–ဦးတို့သည် ကဿပမြတ်စွာဘုရား၏ ရွှေသား အတိပြီးသော သလွန်တော်ကို ဌာပနာရာ နဂုံတွင်မတောင်ထိပ်၌ ယခု မြသားသလွန်တော်ကို ဌာပနာ၍ စေတီတည်ထားပူဇော်ရန် စီမံနေစဉ် သိကြားမင်းလာ၍ ရသေ့တို့အား လျှောက်ထားသည်မှာ သလွန်တော်ကို ပင့်ဆောင်ရင်း ဘီလူး၄–ဦးအနက် အစ်ကို ၂–ဦး (ဘောကျော်၊ ဘောသော်) သည် ဘဝပြောင်း၍ လူသားအဖြစ်

ရောက်ကာမှ စေတီတည်ထားရန် သင့်လျော်ပါသည်ဟု လျှောက်ထားပြန်သွားလေသည်။

ထို့နောက် သုဘောဂအမည်ရှိသော ပစ္စန္တရစ်သူဌေးကြီးသည် မိမိဆရာအရင်း ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ရှင်ရသေ့ထံ ချဉ်းကပ်၍ စေတီတည်ရပါမည့်အကြောင်း၊ အကြိမ်ကြိမ်လျှောက်ထားပါသော်လည်း အခွင့်မရ။ သလွန်တော်ကို ပင့်ဆောင်ရင်း ဘောကျော်၊ ဘောသော် ၂-ယောက်တို့သည် ယွင်းဖောက်ခန္ဓာ ဤရုပ်ရွာမှ မနုဿစစ် လူပင်ဖြစ်၍ အနှစ်ရှည်ကြာရှိလေပြီ။ ထိုသူတို့နှင့်သာ မဟာပွလအကျိုးထူးရအောင် စေတီတော်ဒါယကာခံလေတော့ဟု မိန့်တော်မူလေသည်။

ထိုအခါ သူဌေးကြီးမှာ ဘောကျော်၊ ဘောသော် ဘီလူးဘဝမှ ကူးလာရသူများကို ရှာဖွေစုံစမ်းနေစဉ်အခါ ပုဏ္ဏဝတီအမည်သနင်းအဆင်းအရွယ် ချစ်ဖွယ်မူဟန် ကြန်အင်လက္ခဏာ ဉာဏ်ပညာနှင့်ပြည့်စုံသော သူဌေးကြီး၏ သမီးသည်လည်း ထိုမှဤမှ ထောက်လှမ်းမေးမြန်းစုံးစမ်းဆဲ ကရင်စော်ကဲအိမ်မှ တစ်ညအိပ်၍ ပြန်အလာသလွန်တော်ထက် စေတီမြတ်တည်ရာ မြေအရပ်သို့ ချဉ်းကပ်ပူဇော်မိလျှင် သလွန်တော်တို့ ပင့်ဆောင်ရင်းမှန်မူ ဤစာနှင့်ပန်းကုံးကိုတွေ့စေသော်ဟု နောမဏိမိ အဓိဋ္ဌာန်ရှိပြီးမှ စာနှင့်ပန်းကုံးကိုလက်ယာရစ်ခွေ ချထားလေသတည်း။

ဘောကျော်၊ ဘောသော် ဖြစ်ခဲ့ဖူးသော လူညီနောင် ၂-ယောက်တို့လည်း နဂိုတ္တမတောင် သလွန်မြတ်တည်ရာအရပ်သို့ရောက်ကြရာ စာနှင့်ပန်းကုံးကို အစ်ကိုရ၍ ပုဏ္ဏဝတီသူဌေးနှင့်တကွ အဘ သူဌေးကြီးထံသွားကြ၍ အကြောင်းစုံကိုပြောကြားရာ သုဘောဂ





**မကွေးမြို့ မြသလွန်စေတီတော်**

သူဌေးကြီးမှာလည်း ဝမ်းမြောက်ဝမ်းသာ ဆရာရသေ့တို့နှင့် တိုင်ပင်ပြီးလျှင် ညီအငယ်အား ရွှေ-နွားဝန်တတင်၊ ငွေ-နွားဝန်တတင် ပေး၍ လွှတ်ပြီးသော် အစ်ကိုအား ပုဏ္ဏဝတီနှင့်ထိမ်းမြား၍ မကြာမီ မြသလွန်စေတီတော် တည်တော်မူ၏။

ထိုအချိန်၌ နိုင်ငံဖြစ်သော တကောင်းပြည်ဘုရင်မင်းမြတ်မှ နိုင်ငံတော်ဗရုတ်ဗရက် နှောင့်ယှက်ရှုပ်ထွေး ပြည်ရေး မငြိမ်မဝပ်ရှိသောကြောင့် စေတီတည်ရာ၌ ကူညီမှုမပြုနိုင်သော်လည်း သိကြားမင်း၊ စတုလောကပါလ၊ သမ္မာဒေဝ၊ ယက္ခယက္ခိ၊ ဒေဝီဒေဝါ၊ ဆရာတပသီ၊ ဇော်ဂျီရသေ့တို့ ဝိုင်းဝန်းကူညီမှုဖြင့် မဟာသက္ကရာဇ်

၁၅၀–ပြည့်နှစ်တွင် နဂ္ဂိုတ္တမတောင်ထိပ်၌ သံတောင် ၃၅–တောင် (သုံးဆယ့်ငါးတောင်) အမြင့်ဆောင်သော မြသလွန်စေတီတော်ကို သုဘောဂသူဌေးကြီးမှာ သမီးသားတို့နှင့် ရှေးဦးစွာ တည်ထားခြင်း အမှု ပြုပါသည်။

ထို့နောက် ပုဂံပြည် စောလူးမင်းလက်ထက်တွင် ငရမန်ကန်းသည် ဥဿာပဲခူးနယ်မှ ခြားနားသည်ကို ထိုစဉ်က ရဟန္တာ တစ်ဆူဖြစ်တော်မူသော ရှင်အရဟံကို မေးလျှောက်သည်တွင် ကဿပ ဘုရားရှင်၏ ရွှေသားသလွန်တော်နှင့် ငါတို့ ဂေါတမမြတ်စွာဘုရား၏ မြသားသလွန်တော် ကိန်းဝပ်တော်မူသည့် စေတီတော် ပျက်ယွင်းသည်ကို အပြင်အဆင် အလုံးအရင်းနှင့် ထွက်ချီ၍ မာကရအရပ်၌ ခံမြို့တည်ရသည်ရှိသော် သင့်လျော်မည် မိန့်တော်မူသည့်အတိုင်း ရတနာပန်းတောင်းနှင့် များစွာသော သရီရဓာတ်တော်တို့ကို ဆင်တော်တွင် တင်လျက် ထီးဖြူအုပ်မိုးပြီး တပ်ဦးကျန်စစ်သားကို ချီတော်မူ၏။ နောက်မှ တပ်မတော်နှင့် စောလူးမင်း ချီတက်ဆိုက်ရောက်လာသောအခါ အောင်မြေအောင်ရပ်ကိုသိသော ပညာရှင်တို့နှင့် တိုင်ပင်၍ သက္ကရာဇ် ၄၂၅–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅–ရက်နေ့ ကောင်းမြတ်သော မင်္ဂလာအချိန်၌–

၁။ မြသလွန်စေတီကြီးတစ်ဆူ (မွန်းမံခြင်း)
၂။ ပန်းရစ်တောင် စေတီတစ်ဆူ
၃။ ဆုတောင်းပြည့် စေတီတစ်ဆူ
၄။ ကျောင်းသုံးဆောင် စေတီတစ်ဆူ
၅။ လင်လျောမျှော်စေတီတစ်ဆူ



၆။ သိမ်တော်ကြီး တစ်
၇။ သိကြားမင်းနတ်ကွန်း တစ်
၈။ မကွေး (ခံ–မြို့တော်)

ဤရှစ်ဌာနကို တစ်ပြိုင်တည်းနာရီ အမြောက်သံပေး၍ တည်တော်မူသည်။

ထိုရှစ်ဌာနတို့တွင် မြသလွန်စေတီတော်ကြီးကို အသစ်ထပ်မံ ပြင်ဆင်တော်မူရာ ဓာတ်တော်ဆူရေ–၁၂၀၊ ရွှေကိုယ်လေး စက်၍ သွန်းလုသော ရုပ်ပွားတော် ၇–ဆူတို့ကို ဌာပနာတိုက်တွင်သွင်း၍ သံတောင် ၅၅–တောင်မြင့်အောင် တည်တော်မူပြီးလျှင် တောင်ကို ဝွေ့ကျောင်း၊ မြောက်ကို ဥဿရောညောင်ပင်၊ အရှေ့ကို ဘောရသတ် လယ်ကျင်း၊ အနောက်ကို ဧရာဝတီမြစ်ရေကြောထက်ဝယ် နယ်လေးရပ်သတ်မှတ်လျက် သင်ပုတ်ဝတ်၊ ဆီမီးဝတ် အကျိုးငှာ ဝတ်မြေ လှူတော်မူသည်။

ယက္ခဒါလီဆုတောင်းသောနေရာ၌တည်သော ဆုတောင်းပြည့် စေတီတွင် ဓာတ်တော်ဆူရေ(၅၀)၊ ပုဏ္ဏဝတီပန်းကုံး လက်ယာရစ် ချထားသောနေရာ၌ တည်အပ်သော ပန်းရစ်တောင်စေတီတွင် ဓာတ်တော်ဆူရေ (၅၀)၊ ပုဏ္ဏဝတီလင်လျာကို မျှော်သောနေရာ၌ တည်အပ်သော လင်လျာမျှော်စေတီတွင် ဓာတ်တော်ဆူရေ (၅၀)၊ ရသေ့ ၃–ပါးတို့၏ ကျောင်းရာ၌ တည်အပ်သော ကျောင်းသုံးဆောင် စေတီတွင် ဓာတ်တော်ဆူရေ (၅၀) အသီးသီးဌာပနာသွင်း၍ တည်

ထို့နောက် ထီးလှိုင်ရှင် ကျန်စစ်မင်းသည် ရွှေကိုယ်လေးမျက်ပါးခတ်ပြီး ရွှေသင်္ကန်းကပ်လှူတော်မူသည်။ ယင်းပြင် မကွေးမြို့တည် ထောင်စဉ်အခါက စစ်သူကြီးအဖြစ်နှင့် လိုက်ပါရသည်ဖြစ်၍ မိမိစီးသော (နှလုံးခွန်ကောင်း) မြင်းတော်ထားရာ တဲနေရာ၌ မြင်းတဲစေတီတော်ကို ဓာတ်တော်ဆူရေ(၅၀)၊ရွှေသားရုပ်ပွားတော် ၇–ဆူ ဌာပနာ၍ တည်ထားတော်မူသည်။

အလောင်းစည်သူမင်းကြီးသည်ကား သီဟိုဠ်ကျွန်း အနုရာဓမြို့မှအပြန်တွင် မကွေးမြို့ မြသလွန်စေတီတောင်ကြီး ယိုယွင်းသည်ကို ကိုယ်တိုင်ကြည့်ရှု ပြင်ဆင်တော်မူသည့်အပြင် ဘေးလောင်းတော် စောလူးမင်း၊ ဘိုးလောင်းတော် ကျန်စစ်မင်းတို့ လှူတော်မူသည့် အတိုင်း ဝတ်မြေများကို လှူတော်မူသည်။

အမရပူရမြို့ (ဒုတိယ)မြို့တည် ကုန်းဘောင်မင်းလက်ထက် သက္ကရာဇ် ၁၂၀၀–ပြည့်နှစ် မြေငလျင်ကြီး ပုံတင်ဟည်းမျှ ကြီးစွာလှုပ်သောကြောင့် မြသလွန်စေတီတော်ကြီးကို ဖောင်းရစ်အထိ ပြိုပျက်သည်ကို တစ်စုံတစ်ယောက်မျှ ပြင်ဆင်ခြင်းမရှိ၊ ၁၉–နှစ်တိုင်တိုင် ယိုယွင်းနေဘိသည်ကို မန္တလေးမြို့တည် နန်းတည်မင်းတရား (မင်းတုန်းမင်း) လက်ထက် ၁၂၁၉–ခုနှစ်တွင်လည်း ဒုတိယအကြိမ်မြောက် နောက်ထပ်မြေငလျင်ကြီးလှုပ်လျက် ပျက်စီးပြန်ရာ သာသနာတော်စောင့်နတ်တို့ နှိုးဆော်၍ မင်းကုန်းမင်းတရားကြီး အမိန့်တော်နှင့် ကိုယ်စားလှယ်တော် အဂ္ဂမဟာသေနာပတိ မန်ရှင်တော် မကွေးမြို့စားမင်း သတိုးမင်းကြီး မဟာမင်းလှမင်းထင်ဓေယျသူကို စေလွှတ်၍ ပြင်ဆင်တော်မူရာ မကွေးမြို့စားမင်းကြီး၏ သားရင်



တမျှ ဖြစ်တော်မူသော မြို့သူကြီး နေမျိုးသမန္တစည်သူ ကိုယ်တိုင်ကြီးကြပ်၍ ပထမဌာပနာတိုက်ထိအောင် မကောင်းသည်တို့ကို ဖြိုဖျက်ပြီးလျှင် အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် နံ့ဂုဏ္ဍမတောင် အခြေကစ၍ ခိုင်ဖြိုးကြီးကျယ် သေချာစွာ အားထုတ်ကြိုးပမ်း၍ ဌာပနာတိုက်၌ ရတနာပန်းတောင်းနှင့်တကွ ဓာတ်တော်ဆူ–၁၅၀ (တစ်ရာငါးဆယ်) ရွှေကိုယ်လေးစက်၍ သတ္တဌာနရုပ်ပွားတော် ၇–ဆူ၊ ပမာဗောဓိပင်၏သန္တာန် ရတနာတို့ဖြင့် စီမံအပ်သော ပရိဘောဂစေတီတော်တစ်ဆူ၊ သွတ်သွင်းပြီးလျှင် ညီးညီးရတနာ ရွှေတောင်ကြီးကဲ့သို့ အပြီးသတ် တည်လုပ်တော်မူသည်။

ထို့နောက် သက္ကရာဇ် ၁၂၂၈–ခုနှစ်၊ မြင်ကွန်းမြို့စား နယ်သီးခြားလို၍ ထွက်တော်မူလေရာ မကွေးမြို့ကို မင်္ဂလာသာစည်၊ သမုတ်တော်မူ၍ မြေဝဠုနန်းဖြင့် စံမြန်းတော်မူစဉ် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေပျားဖယောင်းတိုင်၊ ငွေပျားဖယောင်းတိုင်၊ ရွှေဖျင်းဘောင်တော်များဖြင့် လှူဒါန်းပူဇော်၏။

သီပေါမင်းတရားလက်ထက်တွင် မကွေးမြို့ ဂိုဏ်းအုပ်ဆရာတော်ကြီး နှိုးဆော်ဟောပြော၍ ဥပါသကာ ဥပါသိကာအပေါင်းတို့ ညီညွတ်ကြပြီးလျှင် သက္ကရာဇ် ၁၂၄၃–ခုနှစ်၌ မြသလွန်စေတီတော်ကြီးကို ရွှေသင်္ကန်းကပ်လှူရာ သပိတ်မှောက်အထက်၌သာ အပြီးတိုင်လေသည်။

မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် သက္ကရာဇ် ၁၂၅၇–ခုနှစ်ရောက်လျှင် မကွေးမြို့ ငွေတိုက်ငန်းကောက်မှူးသည် ဥပါသကာလူကြီးတို့နှင့်တိုင်ပင်၍ အနီးအဝေး မြို့ကျေးရွာနေ လူတို့ကို ဖိတ်ကြားနိုးဆော် ဓမ္မာနဒ၊ လွှလွှဝေလျှမ်း ရွှေသင်္ကန်းကို ကိုယ်လုံးတော်ပြည့် ကပ်လှူပူဇော် ပြီးမြောက်သောနေ့တွင် မြသလွန် စေတီတော်မြတ်က လျှပ်စစ်နွယ်ကဲ့သို့ လက်ယာရစ်ခုနစ်ပတ်လည်၍ ရောင်ခြည်လျှမ်းလျှမ်း ထန်းခုနစ်ဆင့်ခန့် တက်တုံသက်တုံ လူဗိုလ်ပုံ တို့ အာရုံမျက်မြင်ထင်ထင် ဖူးတွေ့ကြရသတည်း။

**မှတ်ချက်။** ။ မြသလွန်စေတီတော်၏ ထီးတော်မှာ အချင်း (၅) တောင် (၂)မိုက်၊ အစောက် (၁၇) တောင်ရှိပါသည်။ ယခုလက်ရှိ စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်မှာ ၁၃၂၀–ခုနှစ်၊ တပေါင်း လပြည့်ကျော် (၂)ရက် ဗုဒ္ဓဟူးနေ့ နေ့လယ်(၂)နာရီအချိန် စိန်၊ ရွှေ၊ ငွေ၊ ရတနာ ကျောက်မျိုးစုံနှင့် စိန်ဖူးပါအလေး (၇)ပိဿာ (၅၀)ကျပ်သား ရှိသည်တို့ကို အများပြည်သူကောင်းမှုဖြင့် တင်လှူတော် မူပါသည်။

* * *

## နိဂုံးချုပ် အလင်္ကာ

ဤသို့မှတ်သား၊ မြတ်ဘုရားမှ၊ ချထားထင်ပေါ်၊ ပါဒတော်ကို၊ ကောရော်ညွတ်တွား၊ ပြုသောအားဖြင့်၊ အများခေါ်ဝေါ်၊ ရွှေစက်တော် တည့်၊ ထုတ်ဖော်မြွက်ကုန်၊ သမိုင်းပုံတွင်၊ အစုံမှန်စွ၊ စိတ်တော်ကပင်၊ တောင်းဆုဆင်သည့်၊ ဖြစ်အင်သတ္တ၊ သံချေ့ယျက၊ ကျနသေချာ၊



ရှင်းလင်းပါလျက်၊ တစ်ရာ့ရှစ်ကွက်(တစ်ရာ့ရှစ်)ကို ရေတွက်ပိုင်းခြား၊ ပြသထား၏။ တပါးထို့ပြင်၊ ဒီပင်္ကရာ၊ သုမေဓာကို၊ ရွှေဗျာဒိတ်နှက်၊ အကြောင်းဆက်၍၊ ကွက်ကွက်ကွင်းကွင်း၊ သိဒ္ဓတ်မင်း၏၊ ဖြစ်ခြင်းတရား၊ ကြောင်းရာများကို၊ မှတ်သားကြည်ညို၊ သိစေလို၏၊ အပိုထူးခြား၊ မြတ်ဘုရားသည်၊ ထင်ရှားရှိစဉ်၊ ခြေတော်ထင်၍၊ သုံးခွင်သာသနာ၊ စည်ပင်သာသို့၊ မှန်စွာခတ်နှိပ်၊ ဇမ္ဗူဒိပ်နှင့်၊ ကျွန်းထိပ်သီဟိုဠ်၊ သုံးဆူကိုပြ၊ ထိုထိုမျှနှင့်၊ အကြောင်းသင့်၍၊ ထပ်ဆင့်ပြန်သော်၊ မန်းစက်တော်၏၊ ထူးသော်ခြားနား၊ ဂုဏ်တော် များကို၊ ထပ်ပွားပါဝင်၊ အခန်းစဉ်မှာ၊ ရေလျှင်တရာ၊ ရှစ်ခန်းသာ သည်၊ (၁၀၈)ကြောင်းရာစုံလှ၊ ပဓာနကြောင့် (တြိပါဒစေတီယ)ဟု နာမထိပ်သီး၊ ရွှေစက်တော်သမိုင်းကြီးကို၊ ပြီးစီးအောင်မြင်၊ ရေစီးရင်ရ၊ ကုသလကြောင့်၊ ဘဝနောင်ခါ၊ သံသရာမှ၊ မြန်စွာထွက်လို၊ ဆုပန် ဆို၏၊ ဤကိုယ်ဘဝ၊ ပစ္စက္ခဉ်၊ မှားစွာအယူ၊ ကျင့်အမူကို၊ ဆံမြူ မရှိ၊ သန့်ရှင်းဘိလျက်၊ မြင်သည့်ဘုရား။ မြတ်တရားနှင့်၊ မြတ်ဗြာ သံဃာ၊ ရတနာကို၊ ပညာမျက်စိ၊ မြော်မြင်သိ၍၊ သတိပဋ္ဌာန်၊ အကျင့်မှန်နှင့်၊ လျင်မြန်စောစွာ၊ ဘဝနာတို့၊ ခါခါပွားများ၊ မဂ် တရားကို၊ ရငြားဧကန်၊ တောင်းဆုပန်သည်၊ နိဗ္ဗာန်ထုတ်ချောက်၊ ရောက်စေသော၀်။

* * * * * * * * *



ထွမ်းကြီးလောင်းပွဲ၊ ဆင်နွဲ့ နှစ်စဉ် အလှူငွေ တိုမှား ကြိုးစားစီစဉ်။
တောင်းပန်နဂါး၊ ဘုရားပုံသွင် ထုလုပ်ထား အများကုသိုလ်ပင်။



# မန်းစက်တော်ရာ ဘုရားပွဲတော်ကြီးတွင်

စစ်မှန်သော ဗဟုသုတများ စုံစုံလင်လင် ရရှိကြစေရန်
ရည်သန်၍ စကုမြို့ ကျောင်းဆရာကြီး ဦးတင်ရှိန်
ကိုယ်တိုင် ရေးသား ပြုစုထုတ်
ရောင်းချလျက်ရှိသော သမိုင်းစုံ ပုံတော်စုံ
ပင်ရင်း ဆိုင်ကြီးတွင်–

၁။ တြိပါဒစေတီယ. ရွှေစက်တော်သမိုင်းကြီး။
၂။ မန်းစက်တော်ရာ သမိုင်းပေါင်းစုံ။
၃။ မန်းစက်တော်ရာ စေတီစုံပုံတော်သမိုင်းများ။
၄။ သုတေသနစာတမ်း၊ (ဤစာအုပ်(၄)မျိုးနှင့်အတူ)
၅။ (တကယ်စုံတဲ့) မန်းစက်တော် စေတီပုံ၊ ပုံတော်သစ် (ဆေးရောင်စုံ)
၆။ မန်းစက်တော်ရာ သမိုင်းဝင်ပုံတော်၊ (ဆေးရောင်စုံ)
၇။ စေတီပုံ (၃၇)ပုံပါ–ခေါက်လက်ဆောင်ကပ်။ (ဆေးရောင်စုံ)
၈။ ပန်းချီ ဆေးရောင်စုံ ခြေတော်ရာပုံများ။
၉။ ရောင်စုံ (ပို့စကတ်) ဓာတ်ပုံများ။
၁၀။ ခိုင်ခံ့ လှပသော မှန်ပန်းချီ၊ မှန်ဘောင်သွင်း အမျိုးမျိုးတို့ကို ကြွရောက် ကြည့်ရှု ဝယ်ယူအားပေးမှုပြုကြပါရန်။

အမြဲဆက်သွယ်ရန်–

ဦးတင်ရှိန်၊ ဒေါ်ဖြူ
မန်းစက်တော်ရာသမိုင်းစာတိုက်
ဈေးအရှေ့ဘက် စကုမြို့။ (မကွေးတိုင်း)

ဤစာအုပ်သည်-

- သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)တွင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ချထားခဲ့သော ခြေတော်ရာ တစ်ဆူ။
- ဇမ္ဗူဒိပ်ကျွန်း(မြန်မာနိုင်ငံ)တွင် ချထားသော ခြေတော်ရာ (အထက်+အောက်)နှစ်ဆူ။
- ပေါင်းခြေတော်ရာသုံးဆူတို့၏ သမိုင်း၊
- ပုဏ္ဏောဝါဒသုတ်တော်လာ ကျောင်းတော်ရာသမိုင်း၊
- မင်းဘူးမြို့ စက်ကိန်းတဲစေတီသမိုင်း၊
- မကွေးမြို့ မြသလွန်စေတီသမိုင်းစသည်တို့ကို ပြည့်ဝ အစုံအလင်ဆုံးသော စာအုပ်ဖြစ်သောကြောင့် တြိပါဒ စေတီယ ရွှေစက်တော် သမိုင်းကြီးအမည်ကို ခံယူထား ပါကြောင်း။

ဦးတင်ရှိန်
အငြိမ်းစားဆရာကြီး
စကုမြို့။